
www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com


### ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

### ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများ အား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး


### စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး


Quality Publishing House




www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ▸ ၅၀၀၇၂၀၆၀၇

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ▸ ၅၀၁၂၈၃၀၆၁၁

◆

**ပုံနှိပ်ခြင်း**

တတိယအကြိမ် ▸ (၂၀၀၆၊ ဒီဇင်ဘာလ)

အုပ်ရေ ▸ (၅၀၀)

◆

မျက်နှာဖုံး ▸ နီပိုဦး

ကွန်ပျူတာစာစီ ▸ *Quality*

အတွင်းဖလင် ▸ *Quality*

◆

**ပုံနှိပ်သူ**

ဦးမန်းနေဘ်တင်(ပိုးကရင်ပုံနှိပ်တိုက်) (၀၂၈၀၁)

အမှတ် ၁၂၀၊ မင်းရဲကျော်စွာလမ်း၊ အလုံမြို့နယ်။

◆

**ထုတ်ဝေသူ**

ဦးမြင့်ထွန်း(မြ) (၀၃၉၀၆)၊

၁၅၃၊ ၅(က)လွှာ၊ ဆိပ်ကမ်းသာလမ်း၊

ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

တန်ဖိုး ▸ ၁၀၀၀ - ကျပ်

BURMESE CLASSIC .com

## ၁

ဤဝတ္ထုဇာတ်လမ်းသည်ကား 'မိရီ' ၏ သားဖြစ်သူ ကျွန်ုပ်ကျမ်းပြုဆရာ 'အာနာ'၏ အဖြစ်အပျက်များပင် ဖြစ်ပေသည်။ ဤအကြောင်းအရာများကို ပြန်လည်ရေးသားသည့်အခါ၌ ကျွန်ုပ်၏ အသက်အရွယ်သည် အတော်ပင်အိုမင်းရင့်ရော်လှပြီဖြစ်၍ အီဂျစ်ပြည်ကြီးမှာလည်း တတိယမြောက် 'ရာမီ' ဘုရင်မင်းမြတ်၏ လက်အောက်တွင် ရှေးအခါကဲ့သို့ ပြန်လည်ဝပြောသာယာလျက်ရှိသည်။ သို့ဖြင့် ကျွန်ုပ်သည် သေမင်းခေါ်ဆောင်ရာသို့ လိုက်ပါမသွားရမီ ကျွန်ုပ်တွေ့ကြုံခဲ့ရသည့် ဗဟုသုတများကို နောင်လာနောက်သားများ သိရှိမှတ်သား နိုင်စိမ့်သောငှာ လုံးဝဥဿုံ ဖော်ထုတ်ရေးသားပါအံ့။

ဤကဲ့သို့ ရေးသားရာ၌ ကျွန်ုပ်သည် ကျွန်ုပ်၏ အသက်နှင့်အမျှ ချစ်မြတ်နိုးလှ၍ ကျွန်ုပ်နှင့်တစ်နေ့တည်း ဖွားမြင်တော်မူလျက် ကျွန်ုပ်အရင် နတ်ရွာသို့ ကြွမြန်းသွားတော်မူသော ဒုတိယမြောက် ဆက်တီမိနက်တာ ဘုရင်မင်းမြတ်၏ အကြောင်းကိုလည်းကောင်း၊ ရာဇဂုဏ်မောက်မာလှ၍ နောင်အခါတွင်ဘုရင် 'ဆတ်တား'နှင့် လက်ဆတ်တော်မူပြီးမှ သီးဗီးမြို့သင်္ချိုင်းတော်၌ စံပျော်တော်မူသွားရသည့် သူ၏ မိဖုရားခေါင်ကြီး 'ယူဆားတီး' အကြောင်းကိုကိုလည်းကောင်း၊ စန္ဒာဒေဝီဟူ၍အမည်တွင်ခဲ့သည့် 'မာရမီ'နှင့် သူ၏ 'ဟီဗရူး'ခေါ် ရဟူဒီလူမျိုးများအကြောင်းကိုလည်းကောင်း၊ အီဂျစ်နတ်ဘုရားများနှင့် ရဟူဒီ ဘုရင်တို့ ယှဉ်ပြိုင်တိုက်ခိုက်ကျသည့် စစ်ပွဲများအကြောင်းကိုလည်းကောင်း၊ ဖော်ထုတ်ရေးသားခြင်း ပြုရပေလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



မင်းသားကလေး ဆက်တီနှင့် ကျွန်ုပ်တို့သည် ကံအားလျော်စွာ တစ်နေ့တစ်ရက်တည်း ဖွားမြင်လာခဲ့ကြ၏။ ထို့ကြောင့်ပင် ကျွန်ုပ်၏ မိခင်သည် ဆိုခဲ့သည့်နေ့၌ သားသမီး မျက်နှာမြင်ခဲ့ကြသည့် အခြားမိခင်များကဲ့သို့ ဖာရိုးဘုရင်ထံမှ လက်ဆောင်ဘဏ္ဍာတော်ကိုလည်းကောင်း၊ ကျွန်ုပ်သည် 'ဖွားဘက်တော်' ဟူသော ဘွဲ့ကိုလည်းကောင်း၊ ရရှိခဲ့ကြသော်လည်း အသက် ၃၀ ပြည့်သည့်တိုင်အောင်ပင် ကျွန်ုပ်သည် အိမ်ရှေ့ဥပရာဇာ မင်းသားကလေး ဆက်တီအား တစ်ကြိမ် တစ်ခါမျှ မတွေ့မြင်ခဲ့ရဖူးသေးပေ။ ဖြစ်ပျက်ပုံကား အောက်ပါအတိုင်းပေတည်း။

ထိုအချိန်က ဘုန်းတော်ကြီးလှသော ဒုတိယမြောက် 'ရာမီး' ဘုရင်ကြီးသည် သက်တော်တစ်ရာပြည့်ပြီးသည့်နောက် အရွယ်တော်ရင့်လှပြီ ဖြစ်သောကြောင့် နတ်ရွာစံသွားသည့်အခါ ထီးနန်းကို ဆက်ခံစိုးစံတော်မူသော သားတော် 'မီနက်တာ' ဘုရင်သည် များသောအားဖြင့် သဲကန္တာရအလယ်ရှိ 'တာနစ်မြို့တော်' ၌သာ နေထိုင် စံမြန်းလေ့ရှိပေရာ ကျွန်ုပ်မှာ ထိုအချိန်၌ မိဘများနှင့်အတူ ကျောက်ဖြူမြို့ရိုးကြီးများ ကာရံထားသည့် ရှေးဟောင်း မြို့ကြီးဖြစ်သော 'နိုင်း' မြစ်ပေါ်မှ 'မမ်းဖစ်' မြို့ကြီးတွင် နေထိုင်လျက် ရှိပေ၏။ ရံဖန်ရံခါ မီနက်တာဘုရင်သည် 'သီးဗီးမြို့ကြီး' သို့ သွားရောက်သည့်နည်းတူ ကြွရောက်လာလေ့ရှိ၏။ သို့ရာတွင် အီဂျစ်ပြည်နန်းလျာ မင်းသားကလေး ဆက်တီမူကား တစ်ကြိမ်မျှသာ လာရောက်ခဲ့ဖူး၏။ သူ၏မယ်တော် 'အက်စနီဖတ်' သည် ငယ်ရွယ်သူတို့ သဘာဝ အတွင်းရေး အချစ်ကိစ္စနှင့်ပတ်သက်၍ မမ်းဖစ်မြို့တွင် သူ၏ ချစ်သူ အသက်ဆုံးရှုံးခဲ့ရခြင်း၊ သူကိုယ်တိုင် အသည်းကို ဓားဖြင့် မွှန်းခြင်းခံရသကဲ့သို့ ပူဆွေးဒုက္ခရောက်ခဲ့ရခြင်းတို့ကြောင့် မမ်းဖစ်မြို့ကို စိတ်နာကာ မလာရောက်ခဲ့ရကား သားတော်ကလေးမှာလည်း မရောက်ခဲ့ချေ။

သို့သော် မင်းသားကလေး ၁၅ နှစ်မြောက်သည့်အခါကမူ နောင်အခါတွင် သရဖူနှစ်ဆင့်ကို ဆောင်းရအံ့သော အိမ်ရှေ့ ဥပရာဇာအဖြစ် ကြေငြာရန် ရောက်ရှိလာ၏။ ထိုအခါ သူ့အား ဖူးမျှော်တွေ့ဆုံရန် ကျွန်ုပ် အပါအဝင် ဖွားဘက်တော် ၁၉ ဦးအား ဖိတ်ခေါ်ခြင်းခံခဲ့ရ၏။ သို့သော် ကံဆိုးလိုက်ပုံမှာ ထိုနေ့ ထိုအခါ ကျွန်ုပ်မှာ မျက်နှာတွင် အဖုအပိန့်များ ထွက်လာသော ရောဂါတစ်မျိုး ရုတ်တရက် စွဲကပ်ကျရောက်သဖြင့် မင်းပွဲသို့ မသွားရောက်နိုင်ဘဲ မင်းသားကလေးနှင့် တွေ့ဆုံရမည့် အခွင့်အရေးနှင့် လွဲခဲ့ ရလေသည်။

ကျွန်ုပ်တို့၏ ဖခင်မှာ 'ဖတာ' ကျောင်းတော်ကြီးမှ ကျမ်းပြုဆရာ တစ်ဦးဖြစ်၍ သူ၏ ခြေရာကို နင်းနိုင်ရန် ကျွန်ုပ်အား စာပေသင်ကြားပေးခဲ့ရာ ကျွန်ုပ်မှာ စာပေ ရေးကူးရန်သာမက ပန်းချီကားများပါသည့် ကွယ်လွန်သူများ၏





အတ္ထုပ္ပတ္တိကိုလည်း ရေးသားခဲ့၏။ ဖခင်ကြီးမှာ မသေဆုံးမီ မျက်စိကွယ်သွားသဖြင့် အိမ်ထောင်၏ တာဝန်ကို ကျွန်ုပ်ကသာ ထမ်းဆောင်ခဲ့ရ၏။ သို့ဖြင့် တစ်နှစ်ပြီးတစ်နှစ် အချိန်ကုန်ခဲ့ရာ ထိုအလုပ်ကို တဖြည်းဖြည်း ရွံရှာမုန်းတီးလာလျက် အခြားသူများ ရေးခဲ့သည့် စာများကို ကူးရမည့်အစား အခြားသူများက တစ်ဆင့်ကူးယူရမည့် စာများကို ရေးသားလိုသည့် ဆန္ဒ ပြင်းစွာ ဖြစ်ပေါ်လာခဲ့ပြီးလျှင် ထိုအချိန်မှစ၍ ကျွန်ုပ်မှာ စိတ်ကူးယဉ်သမား တစ်ယောက် ဖြစ်လာခဲ့သည်။ ညဥ့်အချိန်များ၌ နိုင်းမြစ်ကမ်းပေါ်၌ စွန်ပလွံပင်များအောက်တွင် လမင်းကြီးအား ကြည့်ရှုငေးမောရင်း ထိုလှပသော ငွေရောင်ခြည်တန်းများထဲမှ လှပထူးဆန်းသော ပုံသဏ္ဌာန်အမျိုးမျိုးကို တွေ့မြင်ရ၏။ ဤသို့လျှင် အားလပ်သော အချိန်များ၌ ယင်းပုံသဏ္ဌာန်များနှင့် ပတ်သက်၍ ပုံပြင်ဝတ္ထုများကို ရေးသားတော့၏။ ထို့နောက် ဖခင်ကြီး 'ရုတ်တရက်' သေဆုံးသွားရာ ယင်းဒီနောက် ကျွန်ုပ်မှာ သီးဗီးမြို့မှ လှပသော မိန်းမချော တစ်ယောက်နှင့်စုံဖက်သင့်မြတ်၏။ ထိုအခါ ကျွန်ုပ်တို့တွင် သမီးကလေးတစ်ယောက် ရရှိခဲ့၍ ထိုသမီးကလေးမှာလည်း ၂ နှစ်သမီးအရွယ်တွင် သေဆုံးသွားရာ ကျွန်ုပ်တို့မှာ အချိန်အတော်ကြာ ပရိဒေဝမီး ညည်းညည်းတောက်လျက် ရှိခဲ့ကြ၏။ ကျွန်ုပ်၏ ဇနီးသည်မှာမူ အချိန်ကာလ၏ ကုစားချက်ကြောင့် ယခင်ကအတိုင်း ပျော်ရွှင်စွာ နေနိုင်သည့်အခြေသို့ ပြန်၍ ရောက်လာသောအခါ နောက်ထပ် သားသမီးလိုချင်စိတ်လည်း မရှိတော့ဘဲ မြို့ထဲသို့ လည်ကာ ပတ်ကာနှင့် အချိန်ဖြုန်း၍ နေပြီးလျှင် ကျွန်ုပ်မသိသော လူများနှင့်လည်း အရောတဝင် မိတ်ဖွဲ့လျက်ရှိတော့၏။ နောက်ဆုံး၌ ကျွန်ုပ်အား စွန့်ပစ်ကာ ကျွန်ုပ်တစ်ကြိမ်မျှ မမြင်ဖူးသော စစ်သားတစ်ယောက်နှင့် သီးဗီးမြို့သို့ ထွက်သွားလေသည်။

ထိုနောက်၌ကား ကျွန်ုပ်၏ ဆံပင်များသည် အသက် ၃၀ မပြည့်မီ ဆွတ်ဆွတ်ဖြူလာကြလေသည်။ ထိုအချိန်၌ ကျွန်ုပ်မှာ အိမ်ထောင်မရှိဘဲ ကိုယ်လွတ် လက်လွတ်ဖြစ်သဖြင့် ဝတ္ထုများရေးသားရန် များစွာ အချိန်ရခဲ့ရာ ကျွန်ုပ်ရေးသားသော ဝတ္ထုတစ်ပုဒ်ကို မိတ်ဆွေတစ်ယောက်က ငှားရမ်း၍ လူတစ်စုအား ဖတ်ပြသည်မှအစ ကျွန်ုပ်၏ နာမည်မှာ တစ်စတစ်စ ကျော်ကြား၍လာခဲ့လေသည်။ သို့နှင့် နောက်ဆုံး၌ မင်းသား ဆက်တီ၏ နားသို့ပင် ပေါက်၍ သွားခဲ့လေရာ ဆက်တီသည် ကျွန်ုပ်အား ရှေ့တော်သို့ လာရောက်ရန် ဆင့်ခေါ်သဖြင့် နောက်ဆုံး၌ တာနစ်မြို့သို့ ထွက်ခွာလာခဲ့လေသည်။

တာနစ်မြို့သို့ ရောက်သောအခါ ကျွန်ုပ်သည် ရှေ့တော်သို့ ဝင်ရောက်ခွင့်ရရန် အကြိမ်ကြိမ် ကြိုးစားသော်လည်း ရုတ်တရက် ဝင်ခွင့်မရနိုင်ဘဲ [illegible] စောင့်များနှင့် ကိုယ်ရံတော်များကို ရှေးဦးစွာ လာဘ်ထိုး၍ [illegible]



www.burmeseclassic.com

www.burmeseclassic.com



အတွင်းသို့ ဝင်ခွင့်ရသောအခါမှ တစ်ဖန် တစ်ဆင့်တက်၍ နောက်ဆုံးတွင် မင်းသား၏ ဘဏ္ဍာစိုးကြီးဖြစ်သော 'ပန်ဘတ်စ'အား ၃ ကြိမ်တိုင်တိုင် လာဘ်ထိုးပြီးမှ မင်းသား၏ ရှေ့တော်သို့ ဝင်ရောက်ခွင့်ရလေသည်။

သို့ဖြင့် 'ပန်ဘတ်စ'သည် ကျွန်ုပ်အား စစ်သားများ စောင့်ကြပ်နေသည့် အခန်းခန်း အဆောင်ဆောင်များကို ဖြတ်သန်း၍ ခေါ်ဆောင်သွားလေရာ ပန်းထိုးကန့်လန့်ကာကြီးများရှိရာသို့ ရောက်လာကြသည်တွင် ထိုနေရာ၌ စောင့်ဆိုင်းနေရန် ကျွန်ုပ်အား မှာကြားခဲ့ပြီးနောက် အတွင်းသို့ ဝင်သွားလေသည်။ ကန့်လန့်ကာမှာ ကောင်းစွာ မစေ့သဖြင့် အခန်းတွင်း၌ ဖြစ်ပျက်သည်ကို တွေ့မြင်ကြားသိ၍ နေရလေသည်။

အခန်းကလေးမှာ ကျမ်းပြုဆရာ တစ်ဦး၏ အခန်းကလေးမျိုးကဲ့သို့ စားပွဲများပေါ်တွင် ပန်းချီဆေးစပ်သည့် ပျဉ်ပြားများ၊ ကျူရိုးကလောင်တံများ၊ ကျောက်ဖြူ မှင်အိုးများနှင့် ပျဉ်ချပ်ကြီးများပေါ်တွင် ချိတ်တွယ်ထားသည့် ကျူစက္ကူချပ်ကြီးများ ရှိနေကြ၏။ နံရံများ၌ ရေးခြယ်ထားပုံမှာလည်း ကျွန်ုပ်စာအုပ်များထဲ၌ ရေးခြယ်သကဲ့သို့ မဟုတ်ပဲ ရေးဟောင်းသချိုင်းဂူများ၌ ကျွန်ုပ်တွေ့မြင်ဖူးသည့် ရေးလက်ရာမျိုးဖြစ်သည်ကို တွေ့ရ၏။ မီးဖိုတစ်ခုပေါ်၌မူ 'ဆီဒါ' ခေါ် ထင်ရှူးသားထင်းများသည် မီးတောက်လျှက် ရှိ၏။

ထိုမီးဖိုန်ဘေး၌ ရပ်ရည်အားဖြင့် မင်းသားဟူ၍ သိရသော အိမ်ရှေ့စံ ကိုယ်တော်ကလေးသည် ရပ်လျက်ရှိလေရာ ကျွန်ုပ်တို့မှာ တစ်နေ့တည်း မွေးဖွားခဲ့သူများ ဖြစ်သော်လည်း သူ၏ အသွင်အပြင်မှာ ကျွန်ုပ်ထက် ငယ်ရွယ် နုပျိုဟန်ပေါက်၍ နေပြီးလျှင် ဆီးရီးယံ သွေးပါသောကြောင့် ပေလောမသိ၊ အရပ်အမောင်းမြင့်မားသေးသွယ်ကာ အလွန်ပင်ချောမော တင့်တယ်လှပေ၏။ သူ၏ ဆံပင်မှာ ဖြောင့်တည်းညိုမှိုင်း၍ မျက်လုံးများသည်လည်း အနက်ထက် အညိုရောင်ဘက်က ပို၍များပြီးလျှင် မျက်နှာမှာ မိန်းမတစ်ယောက်ကဲ့သို့ ချိုသော နူးညံ့သော်လည်း မျက်လုံးထောင့်များမှ နားရွက်များသို့တိုင်အောင် ပြေးနေသော အရေးအကြောင်းများကား အတော်ကလေး ထူးဆန်းလှပေသည်။

မင်းသားသည် အလွန်ရှေးကျသော ပေစာ လိပ်တစ်လိပ်ကို ဖတ်ရှုနေရာမှ သူ့ရှေ့တွင် ရပ်နေသော ဘဏ္ဍာစိုးကြီးအား တွေ့မြင်ရသည်နှင့် ချိုသာနူးညံ့သော အသံဖြင့် ....။

"သင်ရောက်လာတာ အတော်ပဲ။ 'ပန်ဘတ်စ' ... သင်က အသက်ကြီးပြီ ဖြစ်လေတော့ ဉာဏ်ပညာနဲ့ ပြည့်စုံမှာ မလွဲဘူး"

"မှန်ပါတယ်အရှင် ... အရှင့်ဦးရီးတော် မှော်ဆရာကြီး 'ခေါမု'လိုပဲ ကျွန်ုပ်လဲ ဉာဏ်ပညာနဲ့ ပြည့်စုံပါပေတယ်။ ဒါထက် ကျွန်ုပ်ရဲ့ နှောင်တော် ဝမ်းကွဲ





'အာမင်မီ'ဟာ သူ့ခမည်းတော်ဖြစ်တဲ့ ကျွန်ုပ်ရဲ့ ဦးရီးတော်နဲ့ အင်မတန် တူတာပဲနော်။ နို့ပေမယ့် သူ့ကိုတော့ ပညာရှိလို့ မခေါ်ကြဘူး။ ဒီမှာ 'ပန်ဘတ်စ'ရဲ့ နားထောင်စမ်းပါဦး၊ အခု ကျွန်ုပ်တတ်နေတဲ့ ပေစာဟောင်းကြီးဟာ လူတို့ရဲ့ ညည်းငွေ့နွမ်းရိတဲ့ ရောဂါကို ကုသဖို့ နည်းတစ်နည်း ပေးထားတယ်။ နည်းကတော့ စာအုပ်ထဲက အညွှန်းအရဆိုရင် တစ်နှစ်လုံး လအပြည့်ဝန်းဆုံးအချိန်သန်းခေါင်ယံမှာ 'ခူးဖူး'ပိရမစ်ကြီး ထိပ်ပေါ်တက်ရပ်ပြီး ဟောဒီမှာ ရေးထားတဲ့ ဂါထာကို ရွတ်ဖတ်သရဇ္ဈာယ် ရမယ်တဲ့။ သင်ဟာ ဉာဏ်ပညာနှင့် ပြည့်စုံလေတော့ အဓိပ္ပာယ်ကောက်နိုင်ပါလိမ့်မယ်။ ကျွန်ုပ်ဖြင့် ဒီဂါထာကို မဖတ်တတ်အောင် ဖြစ်နေတယ်"

"လူတိုင်း ဖတ်တတ်နေရင်လည်း ဂါထာတွေဟာ ဘယ်တန်ခိုး အာနိသင်ရှိနိုင်ပါတော့မလဲ အရှင်မင်းသားရဲ့ ပြီးတော့လည်း ဒီလောက် ချောမွတ်နေတဲ့ ကျောက်သလင်းတွေ ခင်းထားတဲ့ ဒီပိရမစ်ထိပ်ဖျား ညဥ့်သန်းခေါင် မပြောနဲ့ နေ့လယ်တောင် ဘယ်သူ တတ်နိုင်ပါ့မလဲ"

"ဒီဟာတွေ ထားပါဦးလေ၊ ကျွန်ုပ်တော့ ရှုပ်ထွေးတဲ့ ဟောဒီလောကကြီးကို ညည်းငွေ့လှပြီ 'ပန်ဘတ်စ'ရဲ့။ ဒီတော့ ကျွန်ုပ်ရဲ့ စိတ်ကို ပေါ့ပါး ရွှင်ပျစေနိုင်တဲ့ နည်းကလေးများရှိရင် ညွှန်ပြစမ်းပါဦး'

"အပြင်မှာ မျက်လှည့်ဆရာတွေ ရှိပါတယ်၊ အရှင် ဒီဟာနဲ့မှ စိတ်လက် မပျော်ရွှင်သေးရင် ရုပ်ရည်အင်မတန် လှပတဲ့ ကချေသည်မကလေးတွေရှိပါတယ် အရှင်မင်းသား"

"အို ... ဒီလို မလုံ့တလုံ ဝတ်စားထားတဲ့ မိန်းမတွေကို မကြည့်ချင်တဲ့ ကျွန်ုပ်ရဲ့ စိတ်နှလုံးကို သူတို့ဟာ ပျော်ရွှင်အောင် တတ်နိုင်မယ် မဟုတ်ပါဘူး 'ပန်ဘတ်စ'ရယ်။ တခြားနည်းလမ်း ရှာစမ်းပါဦး"

"ကျွန်ုပ်ဖြင့် ဘယ်နည်းကိုမှ မစဉ်းစားတတ်တော့ပါဘူး အရှင်။ ဩော် ဒါထက် အပြင်ဘက်မှာတော့ အာနာခဆိုတဲ့ ကျမ်းပြု ဆရာတစ်ယောက် ရောက်နေပါတယ်။ ကိုယ်လုံး သေးသေး နှာခေါင်းချွန်ချွန်နဲ့ သူ့ကိုယ်သူ အရှင်မင်းသားရဲ့ မွားဘက်တော်လို့ ပြောတာပဲ"

"အာနာ ... ဟုတ်လား။ မမ်းဖစ်မြို့က ဝတ္ထုပုံပြင် တွေရေးနေတဲ့ လူလား။ ဒီအကြောင်းကို ဘာဖြစ်လို့ သင် အရင်မပြောရတာတဲ့လဲ လူမိုက်ကြီးရဲ့။ သွား ... သွား ... သူ့ကို ချက်ချင်း ဝင်ခဲ့ပစေ"

ထိုစကားကြားရသည်နှင့် ကျွန်ုပ်သည် အခေါ်မစောင့်တော့ဘဲ ကန့်လန့်ကာကို ဖယ်ရှားကာ အတွင်းသို့ ဝင်သွားပြီးနောက် "အို ... နေနတ်မ...



www.burmeseclassic.com

www.burmeseclassic.com



သားတော်အရှင် ... ကျွန်ုပ်ကား ထိုကျမ်းပြုဆရာပင် ဖြစ်ပါတော့သည်" ဟု လျှောက်တင်လိုက်၏။

"အို ... ထပါ ... ကျွန်ုပ်တို့ ဗိုလ်ရှုခံနေတာမှ မဟုတ်ဘဲ။ ဘွဲ့ထူး ဂုဏ်ထူးတွေနဲ့ ကျွန်ုပ်ကို ခေါ်မနေစမ်းပါနဲ့။ ဒါထက် ပြောစမ်းပါဦး၊ တားနစ်မြို့ကို သင်ဘယ်တုန်းက ရောက်နေသလဲ"

"ရက်အတော်ကြာပါပြီ အရှင် ... အရှင်ရဲ့ ရှေ့တော်ကို ဝင်ဖို့ကြိုးစားတာ ပထမ ဝင်ခွင့်မရဘဲ နောက်တော့မှ အဖိုးအခ ပေးပြီး ဝင်ခဲ့ရပါတယ်။ တံခါးစောင့်တွေ ..."

စကားမဆုံးမီ - "ဪ ... တံခါးစောင့်တွေ ကျွန်ုပ်သိပြီ။ ဒီမှာ ပန်ဘတ်စ လာဘ်ယူတဲ့ တံခါးစောင့်တွေ စုံစမ်းပြီး ဟောဒီ ကျမ်းပြုဆရာက လက်ဆောင်ထိုးခဲ့ရတဲ့ အဖိုးအခကို သူတို့က ၂ ဆ ပြန်ပေးပစေ။ ကိုင်း ... ဒီကိစ္စ စီမံချေတော့"

ကျွန်ုပ်တို့ နှစ်ယောက်ချည်း ကျန်ရစ်သောအခါ ဆက်တီမင်းသားက

"သင်က ပညာရှိမို့ ပြောပြစမ်းပါဦး။ နန်းတော်တွေမှာ ဘာကြောင့် ဒီလိုသူခိုးတွေ အမြဲပြည့်နေရတာလဲ"

"ခွေးတစ်ကောင်ရဲ့ ကျောကုန်းမှာ ခွေးသန်းတွေနဲ့ ပြည့်နေသလိုပဲလို့ ကျွန်ုပ်တော့ ထင်မိပါတယ်။ အရှင် ခွေးရှိတဲ့နေရာမှာ ခွေးသန်းတွေလဲ ရှိရမှာပဲ"

"မှန်ပေတယ် ... ဒီနန်းတော် ခွေးသန်းတွေဟာ လုံလုံလောက်လောက် လခ မရကြပေဘူး။ ကျွန်ုပ်သာ အာဏာရှိခဲ့ရင်တော့ ဒီကိစ္စကို ပြုပြင်မှာပဲ။သူတို့ကို နည်းနည်းထားပြီး ဝဝ ကျွေးရမယ်။ ကိုင်း ... 'အာနာ' ထိုင်စမ်းပါဦး၊ သင်က ကျွန်ုပ်ကို မသိပေမယ်လို့ ကျွန်ုပ်ကတော့ သင့်စာတွေကို ဖတ်ပြီး သင့်ကို ခင်မင်နေတာ ကြာပါပြီ။ သင့်အကြောင်းကိုလဲ ပြောပြစမ်းပါဦး"

သို့ဖြင့် မင်းသားသည် ရိုးသားလှသော ကျွန်ုပ်၏ ဇာတ်လမ်းကို ဆုံးအောင် နားထောင်နေပြီးမှ မည်သည့်အကြောင်းကြောင့် သူ့ထံသို့ လာရောက်ကြောင်း မေးမြန်း၏။ ကျွန်ုပ်သည် သူမေ့နေဟန်တူသော ကျွန်ုပ်အား ဆင့်ခေါ်၍ လာရောက်ရကြောင်းနှင့်တကွ သူ့အား ဆက်သရန် ယူဆောင်လာခဲ့သည့် ဝတ္ထုရှည်ကြီး၏ အကြောင်းကိုပါ လျှောက်တင်ပြီးလျှင် စက္ကူလိပ်ကို သူ့ရှေ့စားပွဲပေါ်သို့ တင်လိုက်သည်။

နှစ်သက် ရွှင်လန်းသောအသံဖြင့် -

"ကျွန်ုပ် အထူးပဲ ဂုဏ်ယူပါတယ်။ အာနာ ... သင့်ဝတ္ထုကြီးကို အားရအောင် ဖတ်လိုက်ရဦးမယ်။ ဒါနဲ့ ... သင် ဒီတားနစ်မြို့အကြောင်းကို သိပြီးပြီလား"





ကျွန်ုပ်က မသိသေးကြောင်းနှင့် ပြန်လည်လျှောက်တင်ထားသည်။

"ဒါဖြင့် သင့်ရဲ့ ခွင့်ပြုချက်အရ သင့်ကို ဒီညမြို့ထဲလျှောက်ပြပေးမယ်။ ပြန်လာမှပဲ ညစာ စားသောက်ပြီး စကားစမြည် ပြောကြတာပေါ့"

မင်းသားက လက်ခုပ်တီးလိုက်သည်တွင် အစေခံတစ်ယောက် ပေါ်လာလေသည်။

"ဝတ်လုံကြီးနှစ်ထည်ယူခဲ့။ ကျွန်ုပ် ကျမ်းပြုဆရာ အာနာနဲ့ အပြင်ကို သွားရမယ်။ နောက်ပြီး မနူဗီယံအစောင့်လေးယောက်ကိုလဲ ကျွန်ုပ်တို့ နောက် မလှမ်းမကမ်းက ရပ်ဖျက်ပြီး လိုက်လာကြပစေ။ ဒီထက်မပိုစေနဲ့ ကြားလား၊ လျှို့ဝှက်တဲ့ တံခါးပေါက်က သူတို့ သွားစောင့်နေကြပစေ"

"ထိုသူ ထွက်သွားပြီးနောက် မကြာမီ ကျွန်မည်းတစ်ယောက်သည် ကုလားအုပ်မောင်းသမားများ ဝတ်လေ့ရှိသည့် အင်္ကျီရှည်ကြီး နှစ်ထည်ယူလာပြီးလျှင် ကျွန်ုပ်တို့အား ထိုအင်္ကျီကြီးများကို ကူညီဝတ်ဆင်ပေးလေ၏။ ထို့နောက် ထိုသူသည် မီးအိမ်တစ်ခုဖြင့် ကျွန်ုပ်ဝင်လာခဲ့သည့်နေရာနှင့် မျက်နှာချင်းဆိုင်ရှိသော တံခါးပေါက်မှ အခန်းပြင်သို့ ခေါ်ဆောင်သွားလေရာ လမ်းကူးကလေးများကို ဖြတ်ပြီးလျှင် နောက်ဆုံး နန်းတော်ဥယျာဉ်ထဲတွင် ဆုံးသော လှေကားကျဉ်းကလေးတစ်ခုသို့ ရောက်သွားကြ၏။ ထိုမှတစ်ဆင့်ကျော်၍ အနီးသို့ ကျွန်ုပ်တို့ ကပ်လာသောအခါ ထူးဆန်းစွာ ပွင့်၍သွားကြသော ထုထည်သော နံရံကြီးရှိ ကြေးနီတံခါးကြီး နှစ်ထပ်ရှိရာသို့ ရောက်လာကြပြန်၏။ တံခါးအပြင်၌မူ ဝတ်လုံရှည်ကြီးများကို ခြုံသိုင်းလျှက် ကျွန်ုပ်တို့အား ဂရုမထားဘိသကဲ့သို့ ရှိနေကြသော အရပ်မြင့်သော လူလေးယောက်တို့ကို တွေ့ရ၏။ အတန်ငယ် သွားမိ၍ လှည့်ကြည့်လိုက်သောအခါ ထိုသူများလည်း ကျွန်ုပ်တို့နောက်သို့ အမှတ်မဲ့ လိုက်လာသကဲ့သို့ လိုက်လာကြသည်ကို သတိပြုမိ၏။ မည်သည့် အချိန်၌မဆို လက်ညှိုးကလေး တစ်ချောင်းကို ထောင်လိုက်ရုံမျှနှင့် လိုရာကို အမိန့်ပေးနိုင်သည့် မင်းသားဖြစ်ရခြင်းကို ကျွန်ုပ်စဉ်းစားလျက် ရှိစဉ် မင်းသား 'ဆက်တီ'သည် ကျွန်ုပ်ဘက်သို့ ရတ်တရက် လှည့်လျက် -

"ကြည့်စမ်း ... အာနာ ... မင်းညီ မင်းသားဖြစ်ရတာ ဘယ်လောက် စိတ်မချမ်းသာစရာ ကောင်းသလဲ။ သူ့အိမ်တော်ကို အသိမပေးဘဲ သူ့သက်တော်စောင့်တွေကို သူသွားလေရာ နောက်ကို တိတ်တဆိတ် မလိုက်ခိုင်းဘဲနဲ့ ဘာမှ မလုပ်နိုင်ဘူး။ နောက်ဆုံးမတော့ ဒါတွေအားလုံး ဖာရိုးရဲ့ ပုလိပ်ဘက်ကို အစီရင်ခံဖို့ပဲ"

◈ ◈ ◈

www.burmeseclassic.com

www.burmeseclassic.com

# ၂

ကျွန်ုပ်တို့ လျှောက်လာခဲ့ကြသော လမ်းကျယ်ကြီးမှာ နံဘေးတစ်ဘက်တစ်ချက်တွင် သစ်ပင်များ အစီအရီ စိုက်ထားလျက် နောက်တွင် နေလှမ်းအုတ်များဖြင့်ဆောက်လုပ်ထားသည့် အမိုးပြားနှင့် အိမ်ကလေးများလည်း ပန်းဥယျာဉ်ကလေး ကိုယ်စီနှင့် ရှိနေကြ၏။ နောက်ဆုံး ကျွန်ုပ်တို့သည် ဈေးနေရာသို့ ရောက်လာကြရာ ၎င်းအနီးတွင် နတ်ကွန်းကြီးများသည် ကျောက်တိုင်ရှိ ပျဉ်ကြီးများ၊ မနုဿီဟ ရုပ်ကြီးများနှင့် ခန့်ညားစွာ ရပ်တည်လျက် ရှိကြ၏။ အနောက်တူရူရှိ တောင်ကုန်းတစ်ခုပေါ်၌ကား ခမ်းနားလှသော ဖာရိုးဘုရင်၏ နန်းတော်ကြီး ရှိပေသည်။

ဆက်တီက အဆောက်အဦများကို ငေးကြည့်ရင်း –

"ဒါကြီးတွေဟာ တော်တော် ဟောင်းလှပြီ။ နို့ပေမယ့် 'အာလွန်' နဲ့ 'မတာ' ဘုရားကျောင်းတွေလိုပဲ သူတို့ကိုလဲ ရဟူဒီ ကျွန်တွေနဲ့ ကျွန်ုပ် ဘိုးတော် လက်ထက်က ပြန်ပြုပြင်ထားတယ်"

"ဒါဖြင့် စရိတ်အတော်အကုန်အကျ များမှာပဲနော်"

"အီဂျစ်ဘုရင်တွေဟာ သူတို့ ကျွန်တွေကို အဖိုးအခပေးတာမှ မဟုတ်ဘဲ"

ထို့နောက် ကျွန်ုပ်တို့သည် အနားယူကာ လမ်းလျှောက်လျက် ရှိကြသော လူများနှင့် ရောနေသွားကြ၏။ ထိုနေရာမှ အီဂျစ်နယ်စပ်ဖြစ်သော သဲ





ကန္တာရမှ 'ဘီဒိုရင်း'လူမျိုးများ၊ ပင်လယ်နီဘက်မှ ဆီးရီးယံများ ပင်လယ်ကမ်းခြေမှ ခရီးသည်များနှင့် အမည်မသိသော မြောက်အရပ် တိုင်းပြည်များမှ ကုန်သည်ကြီးများ စသည်ဖြင့် လူမျိုးပေါင်းစုံ ရှိကြ၏။ လူအားလုံးသည် ရယ်ကာမောကာနှင့် ပျော်ရွှင်စွာ သွားလာလျက် ရှိကြလေသည်။

နောက်ဆုံးတွေ့ရသည့် အခြင်းအရာတစ်ခုမှာကား နာခေါင်း ကောက်ကောက် မုတ်ဆိတ်ဗလဗျစ်နှင့် ယောကျာ်းများအလည်တွင် အတူတွဲ၍ ကြိုးလျော့လျော့ ချည်နှောင်ထားသော မိန်းမအချို့ ပါဝင်သည့် လူတန်းရှည်ကြီးသည် လက်နက်ကိုင် အစောင့်များ ခေါင်းဆောင်ကာ နံဘေးလမ်းတစ်လမ်းထဲမှ ထွက်လာခြင်း ဖြစ်လေသည်။

"ဒီလူတွေက ဘယ်က လူတွေပါလဲ"

"ပင်လယ်နီကို ပေါက်မယ့် တူးမြောင်းသစ်ကို ဖောက်နေတဲ့ အလုပ်က ပြန်လာကြတဲ့ ရဟူဒီကျွန်တွေလေ"

ကျွန်ုပ်တို့သည် ထိုသူများ ဖြတ်သွားသည်ကို စောင့်ကြည့်လျက်ရှိရာ သူတို့သည် ရွံ့များ၊ ရေများဖြင့် ပေကျံကာ အားအင်နည်းပါးနေကြသော်လည်း သူတို့၏ မျက်လုံးများထဲတွင်ကား မာနသွေးများဖြင့် လျှမ်းလျှမ်းတောက် ရှိနေကြသည်ကို ကျွန်ုပ်သတိပြုမိ၏။ ထိုခဏ၌ အောက်ပါ အခြင်းအရာတစ်ခုသည် ရုတ်တရက် ဖြစ်ပွားလေတော့၏။

မုတ်ဆိတ်ဖြူနှင့် လူကြီးတစ်ယောက်သည် အခြားသူများကို မီအောင် မလိုက်နိုင်ပဲ နောက်တွင် ဒရွတ်ဆွဲလျက် ရှိနေ၏။ ထိုအခါ အစောင့်တစ်ယောက်သည် ရုတ်တရက် ပြေးလာပြီးလျှင် ထိုသူအား သားရေကြာပွတ်ကြီး တစ်ခုနှင့် ရက်စက်စွာ ရိုက်နှက်လေရာ ကိုင်ဆောင်လာခဲ့သော သစ်သား ဂေါ်ပြားကြီးနှင့် အစောင့်၏ ဦးခေါင်းကို တအားရိုက်ခွဲပစ်လိုက်သဖြင့် အစောင့်မှာ နေရာတွင်ပင် လဲကျသေဆုံးလေတော့၏။ ထိုခဏ၌ အခြားအစောင့်များသည် ရဟူဒီ အဘိုးကြီးရှိရာသို့ ဝိုင်းအုံပြေးလာကြပြီးလျှင် အဘိုးကြီးအား လဲကျသွားသည့်တိုင်အောင် ရိုက်နှက်နေကြလေရာ တစ်နေရာမှ ပေါ်လာသော ဗိုလ်မှူး တစ်ယောက်သည် ထိုအခြင်းအရာကို မြင်ရသည်နှင့် သူ၏ ဓားကို ဆွဲချွတ်ကာ ပြေးလာလေ၏။ ထိုသို့ရှိစဉ် ကြမ်းတမ်းစွာ ဝတ်စားထားသော်လည်း ရုပ်ရည်ချောမော နုနယ်လှသော မိန်းခလေးတစ်ယောက်သည် လူအုပ်ထဲမှ ရုတ်တရက် ခုန်ထွက်လာလေသည်။

မိန်းကလေး၏ ပြူးကျယ်ဝိုင်းစက်သော သူ၏ မျက်လုံးကြီးများထဲတွင် ပြည့်လျှမ်းနေသော မျက်ရည်စများသည် လရောင်ဖြင့် ပြောင်လက်နေ၏။ ရွှေရောင်ဆံပင်ခွေများသည် ဝတ်ရုံကြမ်းကြီးအတွင်းမှ ပြူထွက်နေသော နှုတ်ခမ်းရောင်



www.burmeseclassic.com

www.burmeseclassic.com



အသားဆိုင်များပေါ်တွင် ပျံဝဲကျရောက်နေ၏။ ပျော့ပျောင်းသော သူ့လက်ကလေးများမှာမူ လဲကျနေသော အဘိုးကြီးအပေါ်သို့ ကျရောက်လာသော ထုချက်များကို ကာကွယ်ရန် ကြိုးစားဘိသကဲ့သို့ မြှောက်လျက် ရှိ၏။ မိန်းမဆိုလျှင် မကောင်းဆိုးဝါးသဖွယ် ယူဆခဲ့သည့် ကျွန်ုပ်ကိုယ်တိုင်ပင် အသက်ရှူမှားလု မတတ် ရှိတော့သည်။

မိန်းကလေးသည် ဗိုလ်မှူးထံမှ အကူအညီရရန် မျှော်လင့်ချက်မရှိသဖြင့် နံဘေးပတ်ဝန်းကျင်သို့ ကြည့်ရာတွင် ဆက်တီအား တွေ့မြင်သွားလေ၏။ သို့နှင့် လက်များကိုမြှောက်လျက် –

"အို ... အရှင် ... သင်ကား စိတ်ထားမြင့်မြတ်ပုံ ရပါသည်။ ကျွန်ုပ်၏ ဖခင်အား မတရား သတ်ဖြတ်မည်ကို ဤအတိုင်း ကြည့်ရှုနေတော့ မည်လော့"ဟု ပြောရင်း အဘိုးကြီးပေါ်သို့ ပစ်လှဲလိုက်လေ၏။

စစ်ဗိုလ် ။ ။ "မိန်းကလေးကို ဖယ်လိုက်ကြစမ်းဟေ့ ... သူ့ကိုပါ ငါ ခုတ်မိလိမ့်မယ်"

ဆက်တီ ။ ။ "ရပ်လိုက်စမ်းဟေ့ ... အမဲသတ်ကောင်"

စစ်ဗိုလ်သည် မင်းသား၏ မျက်နှာကို လက်ဖြင့် ပုတ်ခတ်လိုက်ပြီးနောက် –

"သင်က ရာရာစစ ဖာရိုးရဲ့ အရာရှိတစ်ယောက်ရဲ့ အလုပ်ဝတ္တရားထဲ ဝင်စွက်ရအောင် သင်က ဘယ်က ခွေးဝဲစားလဲ"

စစ်ဗိုလ်၏ ဓားသည် ဝင်းခနဲ လက်၍သွားပြီးနောက် ရဟူဒီကြီးသည် ငြိမ်သက်၍ သွားလေ၏။ အဖြစ်အပျက်မှာ လျင်မြန်လွန်းလှသည်ဖြစ်၍ ကျွန်ုပ်သည် ရုတ်တရက် ကြက်သေသေကာ ငေးကြည့်နေမိသည်။ ထို့နောက် စူးရှစွာ အော်ဟစ်လိုက်သော မိန်းမတစ်ယောက်၏ အသံထွက်ပေါ်လာရာ ဆက်တီသည် လွှန်မင်းစွာ ဒေါသထွက်သော အမူအရာဖြင့် "ကိုယ်ရံတော်များ" ဟူ၍ တစ်ခွန်းတည်း အမိန့်ပေးလိုက်လေသည်။

ထိုအခါ ခပ်လှမ်းလှမ်းတွင် ရှိနေကြသော နူဗီယံကြီး ၄ ယောက်တို့သည် လူအုပ်ထဲမှ ဖြတ်၍ ပြေးလာကြ၍ ဗိုလ်မှူးအား ခုန်အုပ်ကာ လည်ပင်းကို ဖြစ်ညှစ်ရန် ကြိုးစားလေ၏။ သူသည် ကျွန်ုပ်အား သွေးများစွန်းပေနေသော သူ၏ ဓားဖြင့် တစ်ချက်လှမ်း၍ ခုတ်သေး၏။ သို့ရာတွင် ဝတ်လုံကြီးခံနေပါသဖြင့် ဓားချက်သည် ကျွန်ုပ်၏ လက်ဝဲဘက်ပေါင်ပေါ်တွင် အသားကျေရုံမျှသာ ကျေ၍သွားစေ၏။ ထို့နောက် ထိုသူနှင့် ကျွန်ုပ်တို့သည် မြေပေါ်၌ နှစ်ယောက်သား လုံးထွေးလျက် ရှိကြလေ၏။





ထိုအခိုက် ရဟူဒီ ကျွန်များသည် အနောင်အဖွဲ့မှ ရုန်းထွက်ကာ စစ်သားများအား ခွေးအကို ခွေးများ ဝိုင်းအုံကိုက်ခဲသည့်အလား လက်ချည်း သက်သက်ဖြင့် ထိုးနှက်လျက် ရှိကြရာ စစ်သားများကလည်း တတ်နိုင်သမျှ မိမိတို့ကိုယ်ကို ကာကွယ်လျက် ရှိ၏။ ကျွန်ုပ်နှင့်သတ်ပုတ်နေသော ဗိုလ်မှူးသည် အနည်းငယ်မျှ အရေးသာလျှက်ရှိစဉ် ဝင်းခနဲ ဖြစ်သွားသော သူ၏ ဓားရောင်ကို မြင်လိုက်ရသည်နှင့် တစ်ခါဖြင့် ကိစ္စချောချောပြီဟု အောက်မေ့လိုက်မိ၏။ သို့သော် ဆက်တီသည် နောက်မှလှမ်း၍ ဆွဲလိုက်ကာ နူဗီယံကိုယ်ရံတော်များ လက်သို့ သူ့အားအပ်လိုက်သောကြောင့် သက်သာရာ ရလေတော့သည်။ ထိုစစ်ဗိုလ်မှူး၏ အမည်မှာ 'ကောတ'ဆိုသူဖြစ်ကြောင်းနှင့် သိရလေသည်။

မင်းသား ။ ။ "ရပ်ကြလော့ ... သင်တို့နှင့် ရင်ဆိုင်နေသူကား တာနစ်မြို့ ဘုရင်ခံ ဖာရိုး၏ သားတော် ဆက်တီမင်းသားပင် ဖြစ်၏။ ကြည့်လော့"

မင်းသားသည် သူ၏ ခေါင်းအုပ်အဝတ်ကြီးကို နောက်သို့ လှန်ချလိုက်ပြီးလျှင် သူ၏မျက်နှာကို လရောင်ဖြင့် လင်း၍ သွားစေ၏။

အသံများ ။ ။ "အို ... အိမ်ရှေ့စံ ကိုယ်တော်လေးပါကလား"

မင်းသား၏ အမိန့်ဖြင့် ကိုယ်ရံတော်များသည် ဗိုလ်မှူးအား အာမွန်ဘုရားရှိခိုးကျောင်းသို့ ယူဆောင်သွားကြလေ၏။ ကျွန်ုပ်မှာ အားအင်လျော့ပါးနေသဖြင့် မင်းသားအား မှီ၍ လိုက်သွားရလေရာ ကျွန်ုပ်တို့နောက်မှ ရာဇဝတ်သားနှင့်တကွ လူထုကြီး လိုက်ပါလာလေသည်။

မင်းသားသည် ဘုရားရှိခိုးကျောင်း ကျောက်ခြေရင်း၌ ရပ်ကာ ခန့်ညားထည်ဝါသော အမူအရာဖြင့် –

"တာနစ်မြို့ ဘုရင်ခံအဖြစ် ... တရားရုံးတော်ကို ကျွန်ုပ် ဖွင့်လှစ်လိုက်ပေပြီ။ အမှုမှာ ကောက ဆိုသူသည် ရဟူဒီအဘိုးကြီးကို သတ်သည့်အပြင် ကျမ်းပြုဆရာ 'အာနာ'ကိုပါ သတ်ရန် ကြိုးစားသော အမှုဖြစ်၏။ သေသူ၏ အလောင်းကို ဤနေရာသို့ယူဆောင်၍ သေသူအား ကာကွယ်ရန် ကြိုးစားသော မိန်းကလေးကိုပါ သက်သေအဖြစ် ထွက်ဆိုရန် ခေါ်ဆောင်ခဲ့ကြလော့"

မိန်းကလေးရောက်လာ၍ ငိုရှိုက်လျက်ရှိရာ မင်းသားက "အသင်မိန်းကလေး ငိုခြင်းကို တန့်၍ မှန်သောစကားကို ပြောရန် ကျိန်ဆိုပါလော့"

"အို ... အရှင့်သား ... ဣသရေလ အမျိုးအနွယ်ဖြစ်သော 'နာသန်'၏သမီးဖြစ်သူ ကျွန်ုပ် 'မာရဖိ'သည် ဣသရေလ ဘုရားသခင် ကျဟိုဗာ၏ နာမတော်ဖြင့် ဟုတ်မှန်သည့်အတိုင်း ပြောဆိုပါမည်။ သေသူကား ဣသရေလ အကြီးအကဲတစ်ဦးဖြစ်၍ ကျွန်ုပ်၏ ဖခင်ဖြစ်ပါသည်။ ကောက်ပင်များ မရင့်မီ အချိန်က 'ကောက'သည် ဖာရိုအတွက် အလုပ်သမားများ ရှာဖွေရန် ရိုရှန်သို့



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာ၍ ကျွန်ုပ်ကိုမြင်လျှင် သိမ်းပိုက်ရန် ဆန္ဒရှိသော်လည်း ကျွန်ုပ်မှာ မျိုးတူတစ်ယောက်နှင့် ငယ်စဉ်ကပင် စေ့စပ်ပြီး ဖြစ်၍ ကျွန်ုပ်ဖခင်က ငြင်းပယ်လိုက်ပါသည်။ ဗိုလ်မှူး ကောကသည် ရန်ငြိုးထားကာ အရွယ်လွန်ပြီးဖြစ်သော ဖခင်ကြီးကို ဖမ်းဆီးသွားပါတော့သည်။ ကာလအတန်ကြာသောအခါ ဖခင်ကြီး နာမကျန်းဖြစ်နေကြောင်း ၃ ကြိမ်တိုင်တိုင် အိပ်မက် မြင်မက်၍ လိုက်လာခဲ့ရာ ယနေ့နံနက်ပင် တွေ့ရှိရပါသည်။ ကျန်အကြောင်းများမှာ အရှင်သိမြင်သည့်အတိုင်း ဖြစ်ပါသည်။ အားအင်နည်းပါး၍ ဖင့်နွဲ့လေးကန်နေသော ကျွန်ုပ်၏ဖခင်အား စစ်သားက ရိုက်နှက်ရာတွင် သူသည် စိတ်ကို မထိန်းသိမ်းနိုင်တော့ဘဲ အစောင့်စစ်သားအား ပြန်၍ရိုက်မိသဖြင့် 'ကောက'က သူ့အား သတ်ပစ်လိုက်ပါသည်။ ယခုအခါတွင် ကျွန်ုပ်အား ကျွန်ုပ်တို့ လူမျိုးများရှိရာသို့ ပြန်ပို့ရန် တောင်းပန်ရပါတော့သည်"

ထို့နောက် ကျွန်ုပ်အား သက်သေဖြစ်ဖြင့် စစ်ဆေးပြန်ရာ အထက်က ဖော်ပြခဲ့သည့်အတိုင်း ကျွန်ုပ်က ကျမ်းကျိန်ထွက်ဆိုရ၏။

"အသင် ကောက ဘာများ လျှောက်တင်ရန် ရှိသေးသလဲ"

"အို ... အရှင့်သား ဝတ်လုံရှည်ကြီးဖြင့် ဖုံးလွှမ်းထားသောကြောင့် အရှင့်သားမှန်းမသိသဖြင့် မတော်တဆရိုက်မိပါသည်။ သေဒဏ်ပေးထိုက်သည် မှန်သော်လဲ မသိ၍ပြုမှားမိသော အပြစ်ကို ချမ်းသာခွင့်ပေးရန် တောင်းပန်ပါသည်"

"ကောက ... သင်သည် မတာဆီ မဟာသွေးတစ်ဦးအား ရိုက်မိသည့်အတွက် မဟုတ်ဘဲ ထိုသူ သေဆုံးရသည့် အမှုအတွက် စစ်ဆေးနေခြင်းမျှသာ ဖြစ်သည်။ တရားဥပဒေအရ ရဟူဒီတစ်ယောက်ကို သင်သတ်နိုင်ခွင့် ရှိသလော"

"ဤကိစ္စမှာ တော်လှန်သော ရဟူဒီ ကျွန်တစ်ယောက်အား စီရင်လိုက်ခြင်းမျှသာ ဖြစ်ပါသည်။ ဥပဒေအကြောင်းကိုတော့ ကျွန်ုပ်မသိပါအရှင်"

"သင်ကိုယ်တိုင်လဲ သူ့ကိုသတ်ကြောင်း ဝန်ခံခဲ့လေပြီ။ သို့ဖြစ်၍ အီဂျစ်ပြည်အားလုံး ယခုမှတ်သား နာယူကြစေလော့ ... ရဟူဒီ တစ်ယောက်ပင် ဖြစ်လင့်ကစား ... လက်နက်ဖြင့် တော်လှန်ခြင်း မရှိပဲလျက် သတ်ဖြတ်ခြင်း မပြုရ။ ယခုလူ၏ သွေးအတွက် သင်၏ သွေးဖြင့် ပေးလျော်ရအံ့။ ကိုယ်ရံတော်များ သူ၏ ခေါင်းကို ခုတ်ဖြတ်ကြလော့"

နျူဗီယံကြီးများသည် သူ့အပေါ်သို့ ခုန်အုပ်လိုက်ကြပြီးနောက် ကျွန်ုပ် လှမ်းကြည့်လိုက်သောအခါတွင် ကောက၏ ခေါင်းမရှိသော ကိုယ်ကြီးသည် ရဟူဒီနာသန်၏ အလောင်းဘေး၌ လဲကျလျက် ရှိပြီးလျှင် သူတို့၏ သွေးများ





သည်လည်း ဘုရားကျောင်းလှေကားထစ်များပေါ်တွင် ရောနှောစီးကျလျက် ရှိလေ၏။

"တရားစီရင်ခြင်း ပြီးဆုံးလေပြီ၊ အရာရှိများ ... ဤမိန်းမငယ်အား သူ့ဖခင်အလောင်းနှင့်တကွ သူ၏ လူမျိုးများရှိရာသို့ အစောင့်အကြပ်များဖြင့် လိုက်ပို့ကြကုန်လော့"

ထို့နောက် မင်းသားသည် နေရာမှထ၍ လှည့်ထွက်သွားမည့်တော့မည် ရှိဆဲတွင် မာရဖီသည် ရှေ့တိုးထွက်လာကာ ဒူးထောက်လျှက် "အို ... တရားနှင့် လျော်ညီလှသော အရှင်မင်းသား။ ကျွန်ုပ်သည် ယနေ့မှစ၍ အရှင့်ကျွန်အဖြစ်သို့ ရောက်ပါပြီ" ဟု ပြောဆိုလိုက်လေသည်။

သို့ဖြင့် ကျွန်ုပ်တို့သည် ဈေးနေရာမှ ဖြတ်ကာ မင်းသား၏ နန်းတော်သို့ ထွက်ခွာလာခဲ့ကြစဉ် လမင်းကြီးသည် ရုတ်တရက် တိမ်တိုက်တစ်ခု၏ နောက်သို့ ဝင်သွားသဖြင့် လောကဓာတ်ကြီးတစ်ခုလုံး မှောင်အတိကျသွားလေတော့၏။ ထို့နောက် တိမ်တိုက်စွန်းမှ ဖြောင့်တန်းသေးသွယ်သော ရောင်ခြည်တန်းကလေး တစ်တန်း ထွက်ပေါ်လာသည်ကို ဆက်တိုက်သည် အတန်ကြာ ကြည့်ရှုနေပြီးမှ–

"ဟောဟို ... ငွေလရောင်တန်းကလေးကို ကြည့်ပြီး သင့်စိတ်ထဲမှာ ဘယ်လိုအတွေးများ ပေါ်လာသလဲဆိုတာ ပြောပြစမ်းပါဦး အာနာ"

"ကျွန်ုပ်စိတ်ထဲမှာတော့ တန်ခိုးကြီးမားတဲ့ နတ်ကြီးတစ်ပါးရဲ့ လက်မကြီးထဲမှာ ကိုင်ထားတဲ့ ဓားကြီးဟာ အီဂျစ်ပြည်ပေါ်မှာ လွှမ်းမိုးနေတယ်လို့ ထင်မိပါတယ်။ ကြည့်တော်မူပါအရှင် ... ဟောဟို ဓားသွားကြီးက ကျနေတဲ့ တိမ်ကလေးတွေဟာ သွေးစက်သွေးပေါက်တွေနဲ့ မတူဘူးလား။ ဟိုဟာကတော့ ရွှေရောင်ဓားရိုးကြီးလေ။ ကျွန်ုပ်ဖြင့် စိမ့်ပြီးကြောက်တောင် လာပြီ"

"သင်ကတော့ ကဗျာဆရာတစ်ယောက်ရဲ့ စိတ်ကူးနဲ့ ပြည့်စုံပါပေတယ်။ အာနာ ... သင်မြင်တဲ့အတိုင်း ကျွန်ုပ်လဲ မြင်ပါတယ်။ မကောင်းမှု ဒုစရိုက်တွေများတဲ့ အီဂျစ်ပြည်ကြီးပေါ်ကို လက်စားချေတဲ့ ဓားကြီးတစ်ခုခုတော့ လွှမ်းမိုးမှာ အမှန်ပဲလို့ ကျွန်ုပ်လဲ ယုံကြည်တယ်။ ကိုင်း ... လာ ... လာ ... ကျွန်ုပ် ခန်းမဆောင်ထဲ သွားပြီး အစားအသောက်ကလေးများ စားကြ သောက်ကြဦးစို့ရဲ့ ကျွန်ုပ်ဖြင့် ညည်းစီစီကြီးတောင် ဖြစ်နေပြီ"

ကျွန်ုပ်တို့သည် မင်းသား၏ ခန်းဆောင်များရှိရာသို့ တက်ခဲ့ကြ၏။ ကျွန်ုပ်ပေါင်မှ ဒဏ်ရာကို သမားတော် တစ်ဦးက ဆေးထည့်ပေး၍ ကျွန်များက ကျွန်ုပ်အား လှပသော အဝတ်များ ဝတ်ဆင်ပေး၏။ ထို့နောက် ထမင်းစားဆောင် ကလေးတစ်ခုသို့ ခေါ်ဆောင်သွားပြီးလျှင် ရသာမျိုးစုံဖြင့် ပြည့်စုံသော စားဖွယ် သောက်ဖွယ် အဖျော်ရသာတို့ဖြင့် တည်ခင်းကျွေးမွေး၏။ မင်းသား၏ ရှေ့နှင့်ရှာ



www.burmeseclassic.com

www.burmeseclassic.com



ဆက်ဆံပုံမှာ ကျွန်ုပ်အား သာမန် ဆင်းရဲသား ကျမ်းပြုဆရာ တစ်ယောက်အနေဖြင့် မဟုတ်ဘဲ၊ ဂုဏ်သရေရှိ ခည်းသည်တော်တစ်ဦးကဲ့သို့ ဆက်ဆံခြင်းဖြစ်ရကား ကျွန်ုပ်မှာ သူ့အား အားတောင့်အားနာပင် ဖြစ်မိပါ၏။

စားသောက်ရင်း ကျွန်ုပ်၏ စာပေလုပ်ငန်းများ အကြောင်းကို ပြောဆိုလျက်ရှိရာ သူသည်ထိုအကြောင်းများကို များစွာ စိတ်ဝင်စားပုံရ၏။ နောက်ဆုံး၌ ကြက်ဥခွံတစ်မျှ ပါးလှပ်သော ကျောက်ဖြူခွက်အတွင်းမှ ဝိုင်အရက်၏ လှုပ်ရှားနေပုံကိုကြည့်ရင်း –

"အဆွေတော် အာနာရဲ့ သင်က ကျွန်ုပ်ကို ဘယ်လို သဘောထားတယ်ဆိုတာ မသိရပေမယ့် ကျွန်ုပ်ကတော့ သင့်ကိုမြင်မြင်ချင်းပဲ ခင်မင်နှစ်သက်မိတယ်။ နောက်ပြီး သင်နဲ့ နေရတာ ကျွန်ုပ်စိတ်ထဲမှာ နှစ်သိမ့် ကြည်နူးခြင်းဖြစ်မိတယ်။ တခြား ဘယ်သူနဲ့မှ ဒီလိုမဖြစ်ဘူးဘဲနဲ့ ခုလိုဖြစ်ရတာဟာ ထူးတော့ အတော်ထူးဆန်းတာပဲ။ ဒါနဲ့ ပြောရဦးမယ်။ လွန်ခဲ့တဲ့ နှစ်ပေါင်း ၁၀၀၀ လောက်တုန်းက အီဂျစ်ပြည်မှာ ထီးနန်းအရိပ်အရာခံမယ့်လူဟာ သီးသန့်ပိဋကတ်တိုက်မှူး တစ်ယောက်ကို တိုင်းပြည်ရဲ့ ငွေနဲ့ ခန့်ထားနိုင်တဲ့ အခွင့်အရေး ရှိတယ်ဆိုတဲ့အကြောင်း ဒီကနေ့မနက်ပဲ ပေစာပေါင်းထဲမှာ သွားတွေ့မိတယ်။ ဒီအကြောင်းကို ကျွန်ုပ်သုံးစွဲသမျှ ပဲနီဇေ့မကျန် လိုက်စစ် နေတဲ့ သက်တော်ရှည်အမတ်ကြီး 'နီဟောစီ'ကို တစ်ခါက တိုင်ပင်ကြည့်တော့ ကျွန်ုပ်စိတ်ကြိုက်နဲ့ တစ်လခံမယ့် ကျမ်းပြုဆရာတောင် ရှိမယ် မဟုတ်ဘူးလို့ ပြောလိုက်တယ်။ ဒါကြောင့် ဒီရာထူးကို အဆွေတော် အာနာကို တစ်လခန့် အပ်ပါမယ်။ လစာငွေ ဘယ်လောက်ဆိုတာတော့ ကျွန်ုပ်မေ့သွားပြီ"

"ကျေးဇူးတင်ပါတယ် အရှင်"

"ကျွန်ုပ်ကို ကျေးဇူးမတင်လေနဲ့။ သင်သာ ပညာရှိတဲ့ လူဆိုရင်တော့ အမှန်ငြင်းလိမ့်မယ်။ သင် ပန်ဘာတ်စနဲ့တွေ့ခဲ့တယ် မဟုတ်လား။ အင်း ... 'နီဟောစီ' ဆိုတာက ပန်ဘာတ်စထက် ဆယ်ဆလောက်ဆိုးတဲ့ လူယုတ်မာ သူခိုးအကြီးစားတစ်ယောက်ပဲ။ ပြီးတော့လဲ သူက ဖာရိုရဲ့ 'ရွှေနား'လေ။ သူက သင့်တစ်ကိုယ်လုံး အရေပါခွာပစ် လိုက်လိမ့်မယ်။ နောက်ပြီး ဒီနေရာဟာ အင်မတန် ညည်းငွေ့စရာ ကောင်းလွန်းလို့ နေနေကျတဲ့ ကျွန်ုပ်တောင်မှ စိတ်ကုန်ခမ်းနေပြီ။ ဒါကြောင့် ကျေးဇူးတင်မနေနဲ့ အဆွေတော် ... ငြင်းသာငြင်းလိုက်။ မမ်းဖစ်ကို ပြန်သွားပြီး ပုံပြင်ဝတ္ထုတွေ အေးအေးရေးချေပါ။ နန်းတွင်းက ကလိမ်ခြိုတွေထဲမှာ မပါချင်စမ်းပါနဲ့။ နောက်ဆုံး ပြောရရင် ဖာရိုကိုယ်တိုင်ဟာ သူများကြိုးဆွဲရာက နေရတဲ့ ရုပ်သေးရုပ် တစ်ရုပ်ပဲ။ ဖာရိုကိုယ်တိုင်တောင် ဒီလိုဖြစ်နေမယ်ဆိုရင် သူ့သား တောက ဘယ်လိုနေမတဲ့လဲ။ ပြီးတော့ မိန်းမတွေကလဲ တစ်မျောက်ပဲ။





အာနာ ကျွန်ုပ်ကို လုပ်သလိုပဲ သင့်ကိုလဲ ချစ်ရေးငင်ကြ၊ မြူကြ ဆွယ်ကြလိမ့်မယ်။ ဩော် ... ဒါနဲ့ သင့်မှာ မိန်းမနဲ့ ပတ်သက်တဲ့ ကိုယ်တွေ့ ဗဟုသုတကလေးတွေရှိတယ်လို့ ကျွန်ုပ်ကိုတောင် ပြောမိသေး ထင်ပါရဲ့။ အဲလေ ... လက်မခံဘဲ ပြန်သာ သွားပါ။ သင့်ထံကို ကူးယူဖို့ ပေစာထုပ်ပေါင်းတွေ ကျွန်ုပ်ပို့လိုက်ပါ့မယ်။ နောက်ပြီး ပိဋကတ်တိုက်မှူးတစ်ယောက်အတွက် 'နီဟောစီ' ပေးနိုင်သလောက် ကျွန်ုပ်ကလဲ သင့်ကို ပေးပါ့မယ်"

"ဘယ်လိုပဲဖြစ်ဖြစ် ကျွန်ုပ်လက်ခံပါတယ် အရှင်။ 'နီဟောစီ'အတွက်လဲ ကျွန်ုပ် မကြောက်ပါဘူး"

ကျွန်ုပ်၏ မျက်နှာကိုစေ့စေ့ကြည့်လျက် –

"နေပါဦး၊ သင်က ဘာကြောင့် လက်ခံရတာလဲ နန်းတော်ရဲ့ အရှိန်အဝါနဲ့ ကြွားဝါဖို့ ... အို ... ဒီလိုလဲ ဟုတ်မယ် မထင်ပါဘူး။ သင်လို အနုပညာသမား စစ်စစ်တစ်ယောက်က ဒီလိုအပေါ်လွှာတွေကို မမက်မောဘူးဆိုတာ ကျွန်ုပ်သိပါတယ်။ သင်လို လွတ်လွတ်လပ်လပ် ကိုယ့်ဝမ်းကိုယ်ကျောင်းနိုင်တဲ့ လူတစ်ယောက်က မင်းမြှောင် စိုးကပ်တွေရဲ့ ခြေအောက်မှာ ဘာကြောင့် ကိုယ့်လည်ပင်းကိုယ် ဝင်စင်းချင် ရတာလဲ"

"ဒီလိုပါ အရှင်။ ပထမအချက်က ရာဇဝင်က ထီးနန်းကို တည်ဆောက်သလို ထီးနန်းက ရာဇဝင်ကို တည်ဆောက်လေတော့ ခန့်မှန်းချက်အရ ယခု အီဂျစ်ပြည်ကြီးမှာလဲ ကြီးကြီးကျယ်ကျယ် ကိစ္စတွေကို လက်ငင်းရင်ဆိုင်စရာ ရှိနေပါတယ်။ ဒီအထဲမှာ ကျွန်ုပ်လဲ ကိုယ့်တာဝန်နဲ့ကိုယ်ပါ ရပါလိမ့်မယ်။ ဒုတိယအချက်က စုတ်လာဘ်ဆိုတာ လူတို့တစ်သက်မှာ တစ်နှစ်တစ်ခါသာ ဆိုက်ရောက်တတ်ပါတယ် တတိယက ..."

"တတိယ အချက်က ဆိုစမ်းပါဦး"

"တခြားတော့ မဟုတ်ပါဘူးအရှင်၊ ပြောရမယ်ဆိုရင် အရှင့်ကို ကျွန်ုပ် ချစ်ခင် ကြည်ညိုလို့ပါပဲ။ အရှင့်မျက်နှာကို မြင်လိုက်ကတည်းက ဘယ်သူ့ကိုမှ မချစ်ခင်ဖူးတဲ့ အချစ်မျိုးနဲ့ ချစ်ခင်ခဲ့ပါတယ်"

"ကျွန်ုပ်မှာ မိတ်ဆွေကောင်းဆိုလို့ တစ်ယောက်မှ မရှိခဲ့တာ အမှန်ပဲ။ ဒါပေမယ့် အခုတော့ တစ်ယောက်တွေ့ထားပြီး ထင်တာပဲ"

မင်းသားသည် ဝိုင်အရက်ကို အနည်းငယ် သောက်လိုက်ပြီးနောက် ကျွန်ုပ်အား လှမ်းပေးလျက် –

"ကျွန်ုပ်တို့ဟာ အဆိုးတွေ့တွေ့၊ အကောင်းတွေ့တွေ့၊ အနိုင်တွေ့တွေ့၊ အရှုံးတွေ့တွေ့ တစ်စုံတည်းသော အသည်းနှလုံးကဲ့သို့ သဘောထားပါမယ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ ဘုရားမှာ တိုင်တည်ပြီး သောက်လိုက်စမ်းပါ။ 'အာနာ' ဒီကနေ့ကစပြီး ကျွန်ုပ်ရဲ့ အသည်းနှလုံးထဲ ရှိတာကို သင်မသိအောင် သိုဝှက်မထားတော့ပါဘူး"

ကျွန်ုပ်သည် အရက်ကို အနည်းငယ်သောက်လိုက်ပြီးလျှင် သူ့အား ဦးညွှတ်လိုက်ရာ သူကလည်း ပြန်၍ ဦးညွှတ်လေသည်။

"ဒီသစ္စာခွက်ကို ကျွန်ုပ်တို့ ဘယ်နဲ့လုပ်ကြမလဲ၊ အာနာ ... ကျွန်ုပ် သိမ်းထားရမလား ... မဖြစ်သေးပါဘူးလေ။ ကျွန်ုပ်တစ်ယောက်တည်း ဆိုင်တော့တာမှ မဟုတ်တာ။ သင့်ကို ပေးလိုက်ရကောင်းမလား။ ဒီလိုဆိုတော့လဲ သင်တစ်ယောက်တည်း ပိုင်တာ မဟုတ်တော့ မဖြစ်နိုင်ဘူး။ ဪ ... သတိရပြီ။ ဒီခွက်ကို ကျွန်ုပ်တို့ ခွဲပစ်လိုက်ကြမယ်"

ပြောပြောဆိုဆိုနှင့်သူသည် ခွက်ကို ခါးလယ်မှ ဆုပ်ကိုင်ကာ အားရှိသမျှနှင့် စားပွဲပေါ်သို့ ဆောင့်ခွဲချလိုက်လေ၏။ တွေ့မြင်ရပုံကား ကျွန်ုပ်တို့အဖို့ အံ့ဖွယ်သရဲပင်တည်း။ အကြောင်းမှာ ကျောက်ဖြူခွက်သည် ကျွန်ုပ် ကြိုတင်တွေးထားသကဲ့သို့ အစိတ်စိတ် အမြွှာမြွှာကွဲသွားမည့်အစား အောက်ခြေမှ နှုတ်ခမ်းတိုင်အောင် ထက်ခြမ်းကွဲသွားသောကြောင့် ဖြစ်ပေ၏။ အကြောင်းအားလျော်စွာပင် ဖြစ်လေသလော၊ လိမ္မာကျွမ်းကျင်သော ပညာသည်က အခြမ်းနှစ်ခြမ်းကို အရာမထင်အောင် ဆက်စပ်ထားခြင်းကြောင့်ပေလောဟူ၍ကား ယနေ့ထိအောင် ကျွန်ုပ်မသိရှိခဲ့ရပေ။

ရယ်မောလျက် –

"ကဲကောင်းလိုက်လေ အာနာရယ်၊ ကိုင်း ... သင့်ဘက်ကအပိုင်း သင်သိမ်းထားပေတော့။ ကျွန်ုပ်ဘက်က အပိုင်းကို ကျွန်ုပ် ယူမယ်။ ဒီအပိုင်းတွေကို ကျွန်ုပ်တို့ သင်္ချိုင်းအထိ ယူဆောင်သွားကြစတမ်းပေါ့။ ဒါထက် အာနာ တကယ်လို့များ ကျောက်ဖြူခွက်ဟာ အစိတ်စိတ်အမြွှာမြွှာ ကွဲသွားရင် ဘယ်လိုများ တိတ်နိမိတ် ကောက်ကြမလဲ"

"ဒီလိုမှ ဖြစ်မသွားဘဲနဲ့ ဘာကြောင့်မေးချင်ရတာလဲ အရှင်"

ဤသို့ ထူးဆန်းသော နည်းဖြင့် ကျွန်ုပ်နှင့် အိမ်ရှေ့စံတို့သည် ခိုင်မြဲသော အဆွေခင်ပွန်းဘဝကို အမှတ်တံဆိပ် ခတ်နှိပ်လိုက်ကြလေသည်။

◈ ◈ ◈

# ၃

မင်းသား အိပ်ရာဝင်တော့မည်ပြုစဉ် ဘဏ္ဍာစိုးကြီး ပန်ဘတ်စသည် ရွှေကွပ်သော တုတ်ကလေးကို ဟန်ပါပါ ကိုင်ရင်း ဝင်ရောက်လာပြီးနောက် "သခင်မ ကြွလာပြီ" ဟု သုံးကြိမ် ဟစ်အော်လိုက်လေ၏။

"နေပါဦး ... ဘယ်သူ လာတယ်"

"ဖာရိုးရဲ့ သမီးတော် အီဂျစ်ပြည်ရဲ့ နန်းညွန့် နန်းလျာ ပင်တိုင်စံ ထိပ်ထား သခင်မလေးဖြစ်တဲ့ 'လေဒီယုဆာတီ'ပါ အရှင်"

မင်းသားသည် ကျွန်ုပ်အား သူ့နောက်မှ ရပ်နေရန် ပြောပြီးနောက် ပန်ဘတ်စ ထွက်သွားသည်နှင့် တစ်ပြိုင်နက် ခန့်ငြား၍ နန်းဆန်လှသော မိန်းမပျိုတစ်ယောက်သည် နောက်ပါ အခြွေအရံ ၄ ယောက်နှင့်အတူ ဝင်ရောက်လာရာ အခြွေအရံများကား တံခါးနောက်ကွယ်တွင် ပျောက်သွားကြကုန်၏။ မင်းသားသည် ရှေ့သို့တိုးကာ မိမိလက်နှစ်ဖက်ဖြင့် မင်းသမီး၏ လက်များကို သိမ်းကြုံးဆွဲယူပြီးလျှင် သူ၏ နဖူးပြင်တွင် နမ်းရှုံ့လိုက်ပြီးမှ နောက်သို့ ပြန်၍ ဆုတ်ခဲ့၏။ ထို့နောက် သူတို့သည် အတန်ကြာမျှ တစ်ဦးကိုတစ်ဦး ငေးကြည့်ရင်း ရပ်တန့်နေကြစဉ် ကျွန်ုပ်သည် အောင်းခြင်းငါးဖြာနှင့် ပြည့်စုံချောမောလှသည့် ဘုရင့်သမီးတော်" ဟူ၍ တစ်နိုင်ငံလုံး ကျော်ကြားလှသည့် မင်းသမီးအား ကြည့်ရှုအားခတ်မိ၏။ ရုပ်ရည်လှပခြင်းအတွက် မျက်နှာမှ ခက်ထန်တင်းမာပြီးလျှင် မှည့်နက်သော မျက်လုံးများကလည်း ဂရုဏာ စိတ်ကင်းမဲ့ဟန်ရှိ၍ ကျဉ်းမြောင်းလွန်း



www.burmeseclassic.com

www.burmeseclassic.com



လှ၏။ နှာခေါင်းမှာ ချွန်ထက်သလောက် နှုတ်ခမ်းများကလည်း ပါးလွှန်းလှသည်။ သူမ၏ မောင်တော် ဝမ်းကွဲ ဆက်တီနှင့် ကား ရုပ်ရည်ချင်း အတော်ပင် တူလှပေ၏။

ဆက်တီက ပြက်ရယ်ပြုဟန် ပါသည့်အပြုံးဖြင့် –

"ကျွန်းမာတော်မူပါစ အစ်မတော် ... ခရမ်းရောင်ဝတ်ရုံနဲ့၊ မြလည်ဆွဲနဲ့၊ ရွှေသရဖူနဲ့၊ လက်ဝတ်ရတနာတွေအပြည့်နဲ့ ရာဇလုံတံတစ်ခုပဲ ကျန်တော့တယ်။ ချစ်ခင်မြတ်နိုးတဲ့အခါမှာ ဘာကြောင့်များ ဒီလောက် ဝတ်စားတန်ဆာတွေကို ဆင်မြန်းလာရတာပါလိမ့်"

အောင်မြင်သော အသံဖြင့် –

"ကျွန်ုပ်တို့ ခမည်းတော်နဲ့ ညစာ စားလာရ လေတော့ ဖာရိုးရဲ့ စားပွဲမှာ ထိုင်တဲ့ လူဟာ အထိုက်အလိုက်တော့ ဝတ်ရ စားရပေလိမ့်မယ်"

သား ။ ။ "သင် စောစော ထွက်လာပုံထောက်တော့ ခမည်းတော်ကြီး နေထိုင်ကောင်းလိမ့်မယ်လို့ ယုံကြည်ပါတယ်"

သမီး ။ ။ "သူ့ဆီကလာတာ သင့်အတွက် အမိန့်တော်တစ်ခုနဲ့ စေလွှတ်လိုက်လို့ပဲ။ ဟိုလူက ဘယ်သူလဲ ကျွန်ုပ်မသိပါကလား"

သား ။ ။ "မမ်းဖစ်မြို့က ကျမ်းပြုဆရာကြီး အာနာတဲ့။ သူ့အဖေ နာမည်ကတော့ ဘယ်သူတဲ့လေ 'အာနာ' သင့်အဖေနာမည် ဘယ်သူ"

ကျွန်ုပ် ။ ။ "မဟာနွယ်ဘွားများအတွက် နိမ့်ကျတဲ့ အမည်တရပါ။ ကျွန်ုပ်ရဲ့အဘိုးကတော့ ရာမီ ဘုရင်ကြီးရဲ့ ကုသိုလ်ကောင်းမှုတော်တွေအကြောင်း ဖွဲ့နွဲ့စပ်ဆိုခဲ့တဲ့ ကဗျာဆရာကြီး 'ပန်တော်' ဖြစ်ပါတယ်"

သား ။ ။ "အို ... ဒီအကြောင်းသင်အစက ဘာကြောင့် မပြောသလဲ၊ ဒီလိုဆိုရင် သင်ဟာ 'နီပေါစီ' ထဲမှာ ပင်စင်လစာငွေ ထုတ်ယူနိုင်ခွင့် ရှိတာပေါ့"

ထို့နောက် မင်းသားသည် မင်းသမီးအား ကျွန်ုပ်နှင့် မိတ်ဆက်ပေးလေသည်။

"အာနာ ... ဟောဒါက အီဂျစ်ပြည်ကြီးရဲ့ ထီးညွှန့်နန်းလျာ ထိပ်ထားသခင်မ ... ပင်တိုင်စံ အာမွန်ရဲ့ ဂိုဏ်းချုပ်ရဟန်းမ အိမ်ရှေ့စံရဲ့ အစ်မတော် အဂ္ဂမဟေသီလောင်း ... နေပါဦး။ ယူဆာတီ သင်ဘယ်သူ့မဟေသီဟောင်း ဖြစ်မှာလဲ။ သင့်စိတ်ကို ပိုင်းဖြတ်ပြီးပြီလား။ ကျွန်ုပ်သိသမျှတော့ ဒီလို အလှထိပ်ခေါင်တင် တစ်ဦးနဲ့ ထိုက်တန်တဲ့သူရယ်လို့ မတွေ့သေးပါဘူး။ နို့ပြီးတော့ ချိုသာနူးညံ့တဲ့ ... အဲ ... ဟုတ်ပြီ ... ချိုသာ ..."

ခြေကိုဆောင့်လျက် –





"ဆက်တီ ... လူစိမ်းတစ်ယောက်ရဲ့ ရှေ့မှာ ကျွန်ုပ်ကို ပြောင်လှောင်ရတဲ့အတွက် သင့်အဖို့ နှစ်သိမ့်ကြည်နူးခြင်း၊ ရှိတယ်ဆိုရင်လဲ ကျွန်ုပ်က ဖံ့ရှုံ့တာပေါ့။ ကဲပါ ... ဟိုလူကို တခြားကို လွှတ်လိုက်စမ်းပါ။ သင်နဲ့ ကျွန်ုပ် စကားပြောစရာ ရှိပါတယ်"

အို ... ကံများနယ် ခေလိုက်ပါဘိနော်။ မှန်တာကို ပြောတော့ ပြောင်တယ်လို့ အပြောခံရတယ်။ ပြောင်လှောင်တဲ့ စကားကျပြန်တော့လဲ အမှန်ကို ပြောတာတဲ့။ ကိုင်းလေ ... ထိုင်ပြုပြီး လွှတ်လွှတ်လပ်လပ် ပြောစမ်းပါဦး၊ အစ်မတော်။ ဒီအာနာဆိုတာကတော့ သစ္စာဆိုထားတဲ့ ကျွန်ုပ်ရဲ့ မိတ်ဆွေတစ်ယောက်ဖြစ်တဲ့ပြင် မကြာခင်ကလေးကပဲ ကျွန်ုပ်ရဲ့ အသက်ကို ကယ်ခဲ့တဲ့သူ ဖြစ်ပါတယ်။ ဒီတော့ သင့်ကို အခွင့်တောင်းပြီး သူ့ကို ဒီနားမှာ နေခိုင်းရမှာပဲ"

ကျွန်ုပ်က ကြားဖြတ်လျက် –

"အရှင် ... ကျွန်ုပ်ကို သွားခွင့် ပေးဖို့ တောင်းပန်ပါတယ်"

အမိန့်ပေးသော အသံဖြင့် –

"ကျွန်ုပ်၏ အတွင်းရေးမှူး ... သင် ဒီနေရာက ဘယ်ကိုမှ မသွားပါနဲ့"

သို့ဖြင့် ကျွန်ုပ်သည် ကျမ်းပြုဆရာတစ်ယောက်၏ ဟန်ပန်အတိုင်း ကြမ်းပေါ်၌ ထိုင်လျက်နေရ၏။ ထို့နောက် မင်းသမီးက ကျွန်ုပ်အား မနှစ်သက်ဟန်ဖြင့် ကြည့်လျက် –

"လျှို့ဝှက်တဲ့ စကားတွေကို မောင်တော်သာမကပဲနဲ့ တခြား နားတွေ ပေါက်အောင် ကျွန်ုပ်ပြောရမှာဟာ မောင်တော်ရဲ့ အလိုအတိုင်းနော်။ ဒီစကားတွေအပြင် မပေါက်ဖို့ အဲဒီ လျှာကိုတော့ သတိထားပါစေ။ ဒီလို မောင်တော် ကျွန်ုပ်တို့ ညစာ အတူစားသောက် နေတုန်းမှာ ဖာရိုးဆီကို သတင်းရောက်တယ်။ မြို့ထဲမှာ ရဟူဒီ တချို့နဲ့ ပတ်သက်ပြီး ဆူဆူပူပူဖြစ်တဲ့ အရေးကိစ္စတစ်ခုမှာ သူ့အရာရှိတစ်ယောက်ကို သင်က ခေါင်းဖြတ်ပစ်လိုက်ခိုင်းတယ်တဲ့။ အဲဒီနောက် ကတည်းက ဆက်ပြီး အဓိကရုဏ်းတွေ ဖြစ်နေတာ ... အခုထက်ထိ မအေးသေးဘူးတဲ့"

"ဖာရိုး နားကို ဒီသတင်း ရောက်ပုံကလဲ မြန်လှချေကလား"

"ဒါဖြင့် အရာရှိကို သင်ခေါင်းဖြတ် ပစ်လိုက်တယ်ဆိုတာ အမှန်ပဲပေါ့"

"မှန်တယ် ... ဒီလူကို ကျွန်ုပ်ခေါင်းဖြတ်ပစ်လိုက်တာ နှစ်နာရီလောက်ပဲ ရှိသေးတယ်"

"ဒီကိစ္စနဲ့ ပတ်သက်ပြီး ဖာရိုးက အရေးယူလိမ့်မယ်"

မျက်ခုံးချီလျက် – "ဖာရိုးဟာ တားနစ်မြို့တော် ဘုရင်ခံရဲ့ တရားစီရင်ချက်ကို မေးခွန်းထုတ်ဖို့ တန်ခိုးအာဏာ မရှိပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"သင်မှားနေပြီ ... ဆက်တီ၊ ဖာရိုးမှာ တန်ခိုးအာဏာ အားလုံး ရှိတယ်။ ကိုင်း ... ဆက်တီ ... ဖာရိုးရဲ့ အမိန့်တော်ကိုသာ နာခံပေတော့။ အမိန့်တော်ကတော့ သင်သတ်ပစ်လိုက်တဲ့ အရာရှိ ကိစ္စနဲ့ ပတ်သက်ပြီး သင့်ကို မေးမြန်းဖို့ နက်ဖြန် မွန်းမတည့်ခင် ညီလာခံ စုံညီတဲ့အခါမှာ ရှေ့တော်ကို ဝင်ရောက်ရမယ် ဆိုတာပဲ။ သင့်ကို ကျွန်ုပ်ပြောစရာ တခြားစကားတွေလဲ ရှိသေးတယ်။ ဒါပေမယ့် ဒီစကားတွေတော့ သင့်လျော်တဲ့အခါရောက်မှ ပြောရတော့မှာပဲ။ ကိုင်း ... သွားဦးမယ် မောင်တော်ရေ"

"ဘယ်နှယ့် ... ပြန်မှာကလဲ မြန်လှချေကလား အစ်မတော်ရဲ့။ သင့်ကို အဲဟို ရဟူဒီတွေရဲ့အကြောင်း ပြောပြချင်နေတာ။ အထူးသဖြင့် ဟိုမိန်းကလေး နာမည်က ဘယ်သူတဲ့လေ၊ 'အာနာ' သူ့နာမည်က ဘယ်သူ ..."

ကျွန်ုပ် ။ ။ "စန္ဒာဒေဝီ မာရဖိပါတဲ့ အရှင်"

"အဲဒီ စန္ဒာဒေဝီ မာရဖိဆိုတဲ့ မိန်းကလေးရဲ့ အကြောင်းပဲ။ ကျွန်ုပ်တွေ့ဖူးသမျှထဲမှာတော့ ချစ်အကောင်းဆုံးပဲလို့ ထင်မိတာပဲ။ စစ်ဗိုလ် သတ်ပစ်လိုက်တဲ့ အဘိုးကြီးဟာ သူ့ဖခင်ပေါ့"

"ဒါဖြင့် ဒီကိစ္စမှာ မိန်းကလေးတစ်ယောက်ပါတာပေါ့။ အင်း ... ကျွန်ုပ် အထင်သားပဲ"

"ဘယ်ကိစ္စမှာများ ... မိန်းမ မပါတာ ရှိသေးသလဲ၊ ယူဆာတီ။ ကိုင်း 'ပန်ဘတ်စ' ဟောဒီက ထိပ်ထားသခင်မလေးကို လမ်းပြလိုက်စမ်း"

မင်းသမီးထွက်သွားသောအခါ ကျွန်ုပ်က –

"အင်း ... ထိပ်ထား သခင်မလေးတော့ သူ့တစ်သက်မှာ ကျွန်ုပ်ကို မုန်းတီးသွားတော့မှာပဲ"

"ဒီလိုဆိုရင် ချစ်ယောင်ဆောင်တာ ထက်တော့ ကောင်းသေးတာပေါ့ 'အာနာ'ရယ်၊ မိန်းမဆိုတာမျိုးဟာ အခက်သားပဲလား၊ မိန်းမဆိုတာမျိုးက မုန်းတဲ့လူပေမယ့်လဲ ပရိယာယ်မာယာနဲ့ မြှောက်စားချင် မြှောက်စားတတ်တယ်။ ဒါပေမယ့် သူတို့တစ်တွေက ချစ်ယောင်ဆောင်ရင်တော့ သတိသာထားပေရော့ ဆိုတာပဲ"

သူသည် နောင်အခါ ဖာရိဆက်တား၏ မိဖုရားကြီး ဖြစ်လာသည့်အခါ၌ ကျွန်ုပ်သည် အကြောင်းအားလျော်စွာပင် သူ၏ အတိုင်ပင်ခံ အမတ်ကြီး ဖြစ်လာခဲ့၏။

"သခင်မကလေး ပြောကတည်းက ကျွန်ုပ်ကို ဘာကြောင့် အရှင်က သွားခွင့်မပြုခဲ့ရတာလဲ။ ဒီညအတွက် အနေးနဲ့အမြန် ကျွန်ုပ်ခေါင်းကို ပေးရတော့မှာပဲ"





"ဒီလိုဆိုရင် ကျွန်ုပ်ခေါင်းကိုပါ သူယူရမှာပေါ့ ... နားထောင်စမ်း သင့်ကို ဒီမှာနေခိုင်းတာဟာ ထိပ်ထားကလေးကိုရော သင့်ကိုရော မဟုတ်ဘူး။ အချက်ကောင်း တစ်ခုရှိလို့သာ ... ဘုရင် ဧကရာဇ်ဖြစ်ကြမယ့် 'အီဂျစ်' ပြည်ရဲ့ မင်းနွယ်တွေဟာ အနွယ်တော် မပျက်ရအောင် ဆွေတော်–မျိုးတော် အချင်းချင်း လက်ဆက် ထုံးတမ်းစဉ်လာရှိတယ်ဆိုတာ သင် သိတတ်ပြီလား"

"သိပါတယ်အရှင် ဒီဟာကိုတော့ ဆိုးရွားတဲ့ ထုံးစံတစ်ခုလို့ သဘောရပါတယ်။ ပြီးတော့ နှမချစ်နဲ့ မယားအချစ်ကို ရောနှောပစ်လိုက်ဖို့ဟာလဲ အလွန်ခဲယဉ်းပါတယ် အရှင်"

"ခဲယဉ်းပြီလား 'အာနာ' ခဲယဉ်းတာမှ ကြာတော့ ဒီလိုဖြစ်အောင် ကြိုးစားရင်းနဲ့ နောက်ဆုံးမှာ နှစ်မျိုးစလုံး ပျောက်သွားတတ်တယ်။ ခုလဲ ခမည်းတော် 'ဖာရိုး'က ကျွန်ုပ်နဲ့ အစ်မတော် ဝမ်းကွဲ 'ယူဆားတီး'ကို လက်ထပ်စေချင်တယ်။ ခက်နေတာက သူကပါ ရောပြီး သဘောတူနေတယ်။ နောက်ပြီး မဟာသွေးစစ်စစ် မိဖုရားကြီးက ပေါက်ဖွားခဲ့တာဆိုလို့ ကျွန်ုပ်တို့ နှစ်ယောက်ပဲ ကျန်ခဲ့လေတော့ လူတွေကလဲ 'အီဂျစ်' ပြည်ရဲ့ နောင်ရေးကို တွေးပြီး ဒီကိစ္စအောင်မြင်ဖို့ လိုလားနေကြတယ်"

"ထိပ်ထားကလေးကလဲ ဘာကြောင့်များ အလိုတူနေရပါလိမ့်။ မိဖုရားဖြစ်ချင်လို့များလား"

"ဒါပေါ့ အာနာ။ တကယ်လို့ ကျွန်ုပ်က ရှောင်ပေးလိုက်ပြီး ကျွန်ုပ်ရဲ့ နောင်တော်ဝမ်းကွဲ 'အာမင်းမီး' နဲ့ လက်ဆက်ရင်လဲ သူမိဖုရား ဖြစ်မြဲ ဖြစ်မှာပါပဲ"

"ဒီလိုဆို တိုင်းပြည်က ကြည့်နေပါ့မလားအရှင်"

"ဒါတော့ မသိဘူး။ နောက်ပြီး 'အာမင်မီး' ကို ထိပ်ထားက မုန်းတယ်။ ပြီးတော့လဲ သူက လက်ထပ်ပြီးသား ဖြစ်နေတယ်။ နောက်တစ်ချက်က ကျွန်ုပ်တစ်ယောက်ကိုပဲ အလိုရှိနေတယ်"

"ဘာကြောင့်လဲ ... အရှင်"

"ရှေးထုံးတမ်းစဉ်လာကြောင့်လဲ တစ်ကြောင်း၊ ကျွန်ုပ်က စိတ်သဘောထား နူးညံ့တော့ သူကြိုးကိုင်နိုင်လိမ့်မယ် ထင်လို့လဲ တစ်ကြောင်း ကျွန်ုပ်က ထီးနန်းကို တရားနည်းလမ်းအရ ဆက်ခံထိုက်သူ ဖြစ်လေတော့ ကျွန်ုပ်မပါဘဲနဲ့ သူဘယ်နည်းနဲ့မှ ရာဇပလ္လင်ပေါ်မှာ စိတ်အေးရမယ် မထင်လို့ဘဲ။ အထူးသဖြင့်ကတော့ ကျွန်ုပ်သာ တခြားမိန်းမတစ်ယောက်ကို ယူလိုက်မယ်ဆိုရင် အမုန်မုချ သူမနာလို ဝန်တိုရှိပြီးသားပဲ။ သူလက်ထပ်မှာက မင်းသား 'ဆက်တီ'ကို မဟုတ်ဘူး။ ရာဇပလ္လင်ကိုသာ လက်ထပ်မှာ။ ဒီတော့ 'ဖာရိုး' ဆိုပေမယ့် 'လင်'ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



နာမည်လောက်သာ ခံစေမှာပဲ 'ယူဆားတီး'ရဲ့ အသည်းနှလုံးထဲမှာ 'အချစ်'ဆိုတာ မရှိဘူး အာနာ"

"ဒီလိုဆိုတော့ အရှင့်အတွက် ရွှေတွေ ဝင်းနေတဲ့ လှောင်အိမ်ကြီးတစ်ခု ဆောင်ထားတာနဲ့ တူနေပြီ"

"မှန်ပေတယ် အာနာ။ အခုတော့ ကျွန်ုပ်အဖို့ ရွေးချယ်ခွင့် မရဘူးလိုလို ဖြစ်နေပြီ"

"ရာခွင့်ရရင်တော့ တံငါသည် မိန်းခလေးဖြစ်ပစေ၊ ကျွန်ုပ် စိတ်ကြိုက်နဲ့သာ တွေ့ရင် ယူမှာပဲ"

'အီဂျစ်' ဘုရင်တွေဟာ မောင်းမ မိသံတွေ အများကြီးထားနိုင်သားပဲ အရှင်"

"ကျွန်ုပ်လဲ ဒါကိုသိပါတယ်။ 'ဖာရိုး'ဖြစ်လို့ မိဖုရားတွေ၊ မောင်းမမိသံတွေ ထားနိုင်ပေမယ့် ကျွန်ုပ်ကတော့ ရာဇပလ္လင်ပေါ်မှာ စိုးမိုးနိုင်သလို ကျွန်ုပ်ရဲ့ အသည်းနှလုံးကိုလဲ စိုးမိုးနိုင်တဲ့ မိဖုရားတစ်ပါးကိုသာ ရှာနေမိတယ် အာနာ။ အို ... ကျွန်ုပ်လဲ ငြီးငွေ့နွမ်းနယ်လှပါပြီ။ 'ပန်ဘတ်စ'ဟောဒီမှာ ကျွန်ုပ်ရဲ့ အတွင်းရေးမှူး 'အာနာ'ကို ကျွန်ုပ်အခန်းနဲ့ ကပ်ရက် အခန်းလွတ်ကို လိုက်ပို့လိုက်စမ်း။ ကျေးကျွန် တွေကိုလည်း ကျွန်ုပ်ကို ပြုစုသလို သူ့ကိုလဲ ပြုစုပစေ"

'ပန်ဘတ်စ'သည် အခန်းရှိရာသို့ ကျွန်ုပ်အား ခေါ်ဆောင်သွားစဉ် ကျွန်ုပ်မှာ မှော်ဆရာတစ်ယောက်ဖြစ်၍ ယင်းကဲ့သို့ တစ်နာရီမျှလောက်သော အချိန်အတွင်းတွင် မင်းသား ချစ်မြတ်နိုးအောင် လုပ်နိုင်ကြောင်းဖြင့် ချီးကျူးကာ ကျွန်ုပ်အပေါ်၌ မလေးမခန့် ပြုလုပ်မိသည်များကိုလည်း ခွင့်လွှတ်ရန် တောင်းပန်လျက် ရှိလေ၏။

*

နောက်တစ်နေ့ နေထွက်ပြီးနောက် ၄ နာရီမျှ ကြာသောအခါ ကျွန်ုပ်သည် 'ဆက်တီ'၏ အခြွေအရံသင်းပင်းများနှင့်အတူ 'ဖာရိုး'၏ ညီလာခံခန်းမဆောင်ကြီးတွင် ရပ်လျက်ရှိ၏။ ခန်းမဆောင်ကြီးမှာ ရုပ်လုံးရုပ်ထုများ၊ တိုင်လုံးကြီးများဖြင့် လွန်စွာခမ်းနားလျက် ဗိုလ်ပါပရိသတ်ဖြင့် ပြည့်လျက်ရှိရာ ဦးပြည်းဘုန်းတော်ကြီးများလည်း ပါရှိကြသည်။ ကန္တာရအတွင်းမှ အာရပ် ခေါင်းဆောင်ကြီးများ စိန်၊ ရွှေ ကုန်သည်များ၊ ဆင်းရဲသား လယ်သမားနှင့် အမှုသည် ရှေ့နေရှေ့ရပ် စသည်တို့လည်း ပါဝင်ကြသည်။

ကျွန်ုပ်တို့သည် ကျောက်တိုင်ကြီး ၂ တိုင် အလယ်ကြားမှ စောင့်ဆိုင်းနေကြရာ ခရမ်းရောင် အနားသတ်သော ဝတ်လုံကို ဆင်မြန်းကာ မင်းမျိုးမင်း





နွယ်များသာ ဆောင်းအပ်သော မြွေရုပ်ပါသည့် ရွှေသရဖူ ဆောင်းထားသော မင်းသား 'ဆက်တီ'သည် အတန်ကြာ ငြိမ်သက်လျက် ရှိနေရာမှ ကျွန်ုပ်ဘက်သို့ လှည့်၍ -

"အတော်ပျင်းရိ ညည်းငွေ့စရာကောင်းတဲ့ အလုပ်ပဲ။ ဟော ... ကြည့်လိုက်စမ်း ... ကြည့်လိုက်စမ်း"

နက်မှောင်သော မျက်ခုံး၊ မီးထွက်မတတ်သော မျက်လုံးများနှင့် ကျွန်ုပ်တို့အား အလျဉ်းမမြင်ဘိသကဲ့သို့ အနီးမှဖြတ်၍ လျှောက်သွားသော လူရွယ်တစ်ယောက်ကို 'ဆက်တီ'က ညွှန်ပြလျက် -

"ဟိုဟာ ကျွန်ုပ် နောင်တော် 'အာမင်မီး' မင်းသားပဲ့။ သူ့ကြည့်ရတာ သင်ဘယ်လို သဘောရသလဲ"

"ကြည့်လို့တော့ အတော်ခံ့ညားတဲ့ မင်းသားတစ်ပါးပဲ၊ စိတ်ရော ကိုယ်ရော ထက်မြတ်ပုံရတယ်"

"ဒီပြင်ကော"

"ဒီပြင်တော့ သူ့အသည်းနှလုံးဟာ သူ့မျက်ခုံးလို မည်းနက်နေလိမ့်မယ် ထင်တယ်။ ဝန်တိုမစ္ဆရိယများပြီး အရှင့်သားကို တစ်နေ့နေ့ မကောင်းကြံစည်ပ[illegible]မ့်မယ်"

"ဒီတော့ နောက်ဆုံးမှာ ကျွန်ုပ်တို့ နှစ်ယောက်ထဲက ဘယ်သူဟာ အောင်ပွဲခံရမှာတုန်း"

ကျွန်ုပ်မှာ မည်ကဲ့သို့ အဖြေပေးရမည်ကို မသိပဲရှိစဉ် ကျွန်ုပ်တို့ အထံသို့ အဘိုးကြီးတစ်ယောက် ဝင်လာသည်ကို သတိပြုလိုက်မိ၏။ ကြီးမားသော မျက်နှာနှင့် ဦးခေါင်းမှာ ပြောင်လျက်ရှိပြီးလျှင် မျက်လုံးကလေး ၂ လုံးမှာ ပြာပုံထဲမှ မီးခဲကလေးများ နှစ်ခဲနှင့် တူလှ၏။ လက်ချောင်းကလေးများမှာ အရိုးစုကဲ့သို့ ပိန်ခြောက်လျက်ရှိ၏။

ကျွန်ုပ်တို့အား အကဲခတ်သကဲ့သို့ ကြည့်ပြီးနောက် ရွှင်ပျသောအသံဖြင့် -

"ကျန်းမာပါစေ အရှင်"

"ဪ ... ဘိုးဘိုးကြီး 'ဘာကင်ခွန်းစု' ပါကလား။ ကျန်းမာပါတယ်။ အခုထက်ထိ ဘိုးဘိုးလဲ အသက်ရှင်နေကုန်းကို ..."

"သင့်ဘိုးတော်နဲ့ ကျွန်ုပ်ဟာ ကစားဖက်ပဲ။ အခုမှ ကျွန်ုပ်မှာ ၁၀၇ နှစ် ရှိပါသေးတယ်။ သင့်မြေးကို ယိမ်းရသည်အထိ ဘာကြောင့် မနေနိုင်ရမှာလဲ"

"ဘုရားသခင်က သင့်ကို နေခွင့်ပေးမှာ မဟုတ်လို့ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အိဂျစ်မှာ ပညာရှိ ပုရောဟိတ်ကြီး တစ်ယောက်ရှိနေဖို့ သင့်သေးတယ် ဆိုတဲ့ ဘုရားသခင်ရဲ့ အလိုတော်ကြောင့်ပေါ့။ ဒါက ဘုရားသခင်ရဲ့ ဆန္ဒပဲ။ မှော်ဆရာ 'ကီ'ကတောင် ဒီကနေ့မနက် ဒီအတိုင်း ပြောလိုက်သေးတယ်"

"သင်က ဘာကိစ္စနဲ့ 'ကီ'ဆီကို ရောက်ခဲ့ရတာလဲ။ သင်တို့ နှစ်ယောက်ဟာ အကြံတူရန်သူတွေ မဟုတ်လား"

"မဟုတ်ပါဘူး အရှင် ... တစ်ယောက်ကိုတစ်ယောက် ကူညီနေကြတာပါ။ ဒါထက် ဟိုသူငယ်က 'မမ်းဖစ်'က ကျမ်းပြုဆရာကလေး ဆိုတာလား"

ကျွန်ုပ်က ဟုတ်ပါကြောင်းဖြင့် အဖြေပေးရာ အဘိုးကြီးက ဆက်၍ သူသည် ကျွန်ုပ်အဘိုး 'ပန်တော်'ကိုသိကြောင်း၊ ကျွန်ုပ်မှာ မင်းသား 'ဆက်တီ'နှင့် ရုတ်တရက် အဆွေခင်ပွန်းဖြစ်လာသည့်အကြောင်းကို 'ကီ'ကပင် သိနေကြောင်း။ ထိုစကားထဲတွင် ကျောက်ဖြူခွက် တစ်ခွက်ခွဲပစ်လိုက်သည့် အကြောင်းပါဝင်ကြောင်း။ သို့သော် မိမိကိုယ်တိုင် စိတ်မဝင်စားကြောင်းဖြင့် ပြောပြလေသည်။ 'ဆက်တီ'သည် ဖျတ်ခနဲ လန့်သကဲ့သို့ ဖြစ်သွားလေရာ ကျွန်ုပ်မှာ ဒေါသထွက်လာလျက် –

"ဒီခွက် အကြောင်းသိရအောင်၊ သင် ဒီတုန်းက ဘယ်နေရာမှာ ပုန်းနေခဲ့လို့လဲ"

"သင်တို့ရဲ့ ဝိညာဉ်တွေထဲမှာ ထင်ပါရဲ့။ ကဲပါလေ ... အောင်ဘိသိက်ကို နောက်ဆုံး ဘယ်သူခံမယ်ဆိုတဲ့ မေးခွန်းသာ သင်ဖြေဖို့ ကြိုးစားပါဦး"

ကျွန်ုပ်မှာ ပို၍ ဒေါသထွက်လျက် –

"ရှေ့ရေးကို ကြိုတင်ပြီး ဟောနိုင်ရအောင် ကျွန်ုပ်က အကြားအမြင်ရတဲ့ လူမို့လား"

သူသည် ကျွန်ုပ်ထံသို့ လျှောက်လာပြီးနောက် အရိုးနှင့်တူလှသော လက်ချောင်းကြီးများကို ကျွန်ုပ်၏ လက်မောင်းပေါ်သို့ တင်ကာ အမိန့်ပေးသော အသံမျိုးဖြင့် –

"ဟောဟို ရာဇပလ္လင်ပေါ်ကြည့်ပြီး သင်မြင်ရတာ ပြန်ပြောစမ်းပါ"

သူပြောသည့်အတိုင်း ကျွန်ုပ်သည် ရာဇပလ္လင်အလွတ်ပေါ်သို့ စိုက်၍ ကြည့်ရှုရာ ပထမတွင် မည်သည့်အရာကိုမျှ မမြင်ဘဲ ရှိနေ၏။ သို့သော် နောက်တစ်ခဏမျှကြာသောအခါ ဘေးပတ်လည်တွင် ဝိုးတိုးဝါးတား ပုံသဏ္ဍာန်များ စုရုံးလာပြီးလျှင် ထိုအထဲမှ 'ကောင့်–အာမင်မီ' ၏သဏ္ဍာန်သည် 'ဖာရို' ၏ အဝတ်အစားများကို ဝတ်ဆင်ကာ ရာဇပလ္လင်ပေါ်၌ ထိုင်လေ၏။ ထိုခဏ၌ နှာယောင် ကောက်ကောက်နှင့် လူများ ရုတ်တရက် ထွက်ပေါ်လာပြီးလျှင် သူ့အား ရာဇပလ္လင်ထက်မှ ဆွဲချကြလေသည်။ နံဘေးသို့ကျသွားရာ၌ ဖွေးခနဲ မြင်လိုက်





ရသဖြင့် ရေထဲသို့ ကျသွားသည်ဟု ထင်လိုက်ရ၏။ နောက်တစ်ခဏ၌ နောက်ကျောကိုသာ ကျွန်ုပ်မြင့်တွေ့ရသော မိန်းမတစ်ယောက် ခေါင်းဆောင်ကာ မင်းသား 'ဆက်တီ'သည် ရာဇပလ္လင်ပေါ်သို့ တက်လေရာ သူ၏ ဦးခေါင်းထက်တွင် နှစ်ထပ်သရဖူကို ဆောင်းလျက် လက်တွင်လည်း ရာဇလှံတံကို ကိုင်ထား၏။ ထို့နောက် သူလည်း ထိုနေရာမှ ပျောက်ကွယ်သွားပြီးလျှင် ကျွန်ုပ်မသိသော အခြားသူများ ရောက်ရှိလာကြ၏။ ထိုသူများထဲတွင် တစ်ယောက်ကား မင်းသမီး 'ယူဆာတီ'နှင့် တူသည်ဟု ကျွန်ုပ်ထင်မိသည်။

ထိုအရာများအားလုံး ကွယ်ပျောက်သွားသောအခါ ကျွန်ုပ်မှာ အိပ်မွေ့ချထားခြင်းခံရသူတစ်ယောက်ကဲ့သို့ ဖြစ်ကာ၊ ယင်းတို့ကို ဘိုးဘိုးကြီး 'ဘာကင်ခွန်းစု'အား ပြန်ပြောလျက် ရှိလေ၏။ ထိုအခါ အဘိုးကြီးက .–

"သင်ဟာ အနာဂတ်ကို ကြိုတင်သိမြင်နိုင်တဲ့ လူတစ်ယောက်ရဲ့ ပါရမီမျိုးပါတယ်လို့ ထင်မိတာပဲ၊ 'ကီ'ကလဲ ထင်တယ်ဆိုပါတော့။ မင်းသားရဲ့ အသည်းနှလုံးနဲ့ ထပ်တူ ချစ်တဲ့လူကို ဒီကနေ့မနက်ပဲ ဒီမှာတွေ့ရလိမ့်မယ်လို့ 'ကီ'က ပြောလိုက်တာ၊ ကျွန်ုပ်အစက မယုံခဲ့ဘူး။ ဟော ... 'ဖာရိုး' ဘုရင် ကြွတော်မူလာပြီ"

ထိုခဏ၌ အဝေးမှ "အသက် – သွေး – အင်အား ဖာရိုး ... ဖာရိုး ... ဖာရိုး" ဟု လူအုပ်ကြီး အော်သံကို ကြားရလေ၏။

◈ ◈ ◈

www.burmeseclassic.com

www.burmeseclassic.com

## ၄

တိုင်းပြည် လူထုကြီးကား ကောင်းချီးသြဘာပေးလျက် ရှိကြရာ ခန်းမဆောင် ထိပ်ဘက်နေရောင်ထဲတွင် မင်းမြောက်တန်ဆာငါးပါးကို ဝတ်ဆင်လျက် ဖြက်သန်းသွားသော 'ဖာရိမိနက်တာ' မှာ နတ်ဘုရင် တစ်ပါးကဲ့သို့ ခံ့ညားတင့်တယ်လှပေ၏။

သူ့နောက်မှ သက်တော်ရှည်အမတ်ကြီး 'နီဟောစီ'၊ ထို့နောက်မှ ဂိုဏ်းချုပ် ဘုန်းကြီး 'ရိုင်' ရွှေတိုက်ဝန် 'ဟောရေး' ဘုရင့်လက်တော်ဆေး 'မီရနူ' နှင့် လာကြရာ ဘိုးဘိုးကြီးသည် 'ယှိုင်' တို့အသီးသီးလိုက်ပါလာကြရာ ဘိုးဘိုးကြီးသည် သူတို့တစ်ယောက်စီ၏ အမည်များကို ကျွန်ုပ်အား ပြောပြလျက် ရှိသည်။ ထို့နောက်မှ အဆောင်ကိုင်များ၊ ရွှေရောင်တောက်နေသည့် မောက်တိုများ ဆောင်းထားသော လုံကိုင် ကိုယ်ရံတော်တပ်များ၊ ထို့နောက်မှ အသားမည်း စားသမားများ အစီအရီ လိုက်ပါလာကြသည်။ မိန်းမဟူ၍ သမီးတော် 'ယူဆာတီ' တစ်ယောက်တည်းသာ ဂိုဏ်းချုပ်နှင့် သက်တော်ရှည် အမတ်ကြီးကြားမှ လိုက်ပါလာ၏။

ရာဇပလ္လင် လှေကားထစ်များရှိရာသို့ ရောက်၍ အမတ်ကြီးနှင့် ဂိုဏ်းချုပ်ကြီးက ကူညီတွဲဆောင်မည်ပြုသောအခါ သူတို့အား လက်ပြတားမြစ်လိုက်၍ သမီးတော်၏ အကူအညီဖြင့်သာ တက်ရောက်လေရာ ယင်းအပြုအမူမှာ အမိပွာယ်ရှိ၍ သမီးတော်တစ်ပါးသာ ထီးညွန့်နန်းလျာ ဖြစ်ကြောင်း ဗိုလ်ပါပရိသတ်တို့အား ထင်ရှားစွာ ပြသလို သကဲ့သို့ ရှိဘိ၏။





ထို့နောက် 'ဖာရိုး'သည် ရာဇလှံတံကို မြှောက်လိုက်သဖြင့် အားလုံးသော သူတို့သည် နေရာမှထကြလေရာ၊ သူတို့၏ အဝတ်အစားချင်း ထိခိုက်မိကြသံများမှာ ရုတ်တရက် သဲသဲရုတ်ရုတ်ဖြစ်သွား၏။ ပလ္လင်ပေါ်၌ ထိုင်မိသောအခါ အိမ်ရှေ့စံ 'ဆက်တီ' မည်သည့်နေရာ၌ ရှိနေကြောင်း သမီးတော်အား မေးမြန်းလိုက်လေသည်။

"မထင်ရှားတဲ့ တစ်နေရာရာမှာ ရောက်ရှိနေပါလိမ့်မယ်"

"မောင်တော် 'ဆက်တီ' က မင်းခမ်းမင်းနားတွေဆိုရင် တယ်ပြီး နှစ်သက်လှ မရှိပေဘူး ခမည်းတော် ..."

ထိုအခါ 'ဆက်တီ'သည် ပင့်သက်ရှူရင်း ရှေ့သို့ တိုးသွားလေရာ ဘိုးဘိုးကြီးနှင့် ကျွန်ုပ်က နောက်မှကပ်၍ လိုက်ပါသွားကြ၏။ သူလျှောက်သွားစဉ် ပရိသတ်များသည် နံဘေးသို့ ရှဲပေးကြရင်း ဦးခေါင်းများကို ညွှတ်ကာ အရိုအသေ ပေးကြလေသည်။ ရာဇပလ္လင်ရှေ့သို့ ရောက်ရှိသောအခါ သူသည် ဒူးညွှတ်လျက် –

"ကျွန်ုပ် နှုတ်ခွန်းဆက်သပါသည်။ အို ... ခမည်းတော် အရှင်မင်းမြတ်"

"ကျွန်ုပ်ကလဲ နှုတ်ခွန်းဆက်ပါသည် သားတော်၊ သားတော် နေရာယူ၍ ထိုင်ပါလော့"

'ဆက်တီ'သည် ရာဇပလ္လင် အရှေ့ဘက် ခြေရင်းတွင်ထိုင်၍ လက်ဝဲဘက်၌ 'အာမင်မီ' တိုင်နေသည်ကို မြင်ရ၏။ ကျွန်ုပ်ကား 'ဆက်တီ' နောက်မှ မတ်တပ်ရပ်လျက် ရှိ၏။

ညီလာခံကား ဖွင့်လာပြီ။ မင်းလုလင်တစ်ယောက်၏ ဆော်သြချက်အရ လူများသည် ကျူလိပ်များတွင် ရေးသားထားသော အသနားခံစာများကို တင်ဆက်ကြရာ အမတ်ကြီး 'နီဟောစီ' က လက်ခံ၏။ ၄င်းတို့အထဲတွင် သဲကန္တာရအကြီးအမှူးများ နယ်ခြားစစ်ဗိုလ်များ၊ ကုန်သည်များ ပါရှိ၍ မိမိတို့ လိုလားချက်များကို အသီးသီးလျှောက်ထားကြရာ စာရေးတော်များက ရေးမှတ်ကြသည်။ 'ဖာရို' ကိုယ်တိုင်မှာမူ စကားတစ်ခွန်းမျှ မပြောကြားဘဲ တိတ်ဆိတ်ငြိမ်သက်စွာ ရှိနေလေသည်။

မင်းသားသည် ဦးခေါင်းကို မလှည့်ပဲ လေသံဖြင့် –

"ညီလာခံတွေ ဘာတွေဟာ အင်မတန် ငြီးငွေ့စရာ ကောင်းတယ်လို့ သင့်ကို ကျွန်ုပ်ပြောဖူးတယ် မဟုတ်လား အာနာ။ 'မမ်းဖစ်' မြို့ကို ပြန်ပြီး ဝတ္ထုရေးချင်စိတ် ပေါက်မလာဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်က စကားပြန်၍ မပြောနိုင်မီ ခန်းမဆောင် အဆုံးဆီမှ လှုပ်ရှားသံကြားရသဖြင့် ကြည့်လိုက်မိရာ ရာဇပလ္လင်ရှိရာသို့ လာနေသော မုတ်ဆိတ်ရှည်နှင့် လူအိုကြီးတစ်ယောက်ကို မြင်ရ၏။ ထိုသူသည် ဝတ်လုံဖြူကြီးပေါ်မှထပ်၍ သိုးမွေးအင်္ကျီကြီးကို ဝတ်ထားလေသည်။ သူ့နောက်မှ အခြား အဘိုးကြီးတစ်ယောက်မှာ နှင်းပွင့်ကဲ့သို့ ဖြူဆွတ်သော မုတ်ဆိတ်နှင့် ပို၍ အိုမင်းရင့်ရော်သော မျက်နှာရှိ၏။ 'ရဟူဒီတွေဆီက ပရော်ဖက်တွေ' ဟု ပရိသတ်များက တီးတိုးစကား ပြောလိုက်လေ၏။ လူများသည် သူတို့အား လမ်းဖယ်၍ပေးကြသည်။ ရာဇပလ္လင်ရှေ့သို့ရောက်သောအခါ ရပ်၍ 'ဖာရိုး'အား အရိုအသေမပြုဘဲ ရပ်ကြည့်နေကြလေသည်။ 'ဖာရိုး'ကလည်း တစ်စုံတစ်ရာ မိန့်မြွက်ခြင်းမရှိသဖြင့် နန်းရင်ပြင်တစ်ခုလုံး တိတ်ဆိတ်၍ နေလေသည်။ ထို့နောက် ရှေ့ဆုံးမှ ရပ်နေသော ပရော်ဖက်က –

"ကျွန်ုပ်နှင့်တကွ ကျွန်ုပ်ယူဆောင်လာသော အမိန့်ကို သင်သိပါသည် ဖာရို"

အေးဆေးစွာဖြင့် –

"ငယ်စဉ်က အတူကစားခဲ့ဖူးသဖြင့် သင့်ကို ကျွန်ုပ်သိပါသည်။ နတ်ရွာစံလွန်ပြီးသော ကျွန်ုပ်၏ အစ်မတော်က ကျူပင်များ ကြားမှ ကောက်ယူမွေးစားခဲ့ရသဖြင့် 'ကောက်ရ' ဟူသော အမည်ကိုပင် ပေးထားသော 'ရဟူဒီ' မဟုတ်ပါလော၊ သင့် အစ်ကိုကိုပါ သိ၏။ သို့သော် သင် ယူဆောင်လာသော အမိန့်ကိုကား ကျွန်ုပ် မသိပါ"

ထိုသူ 'ရဟူဒီတို့၏ ဘုရားသခင် 'ကျဟိုဗာ' ၏ အမိန့်ကား သူ၏ လူများကို တောတောင်ကန္တာရထဲသို့ သူ့အား ပူဇော်သက္ကာရပြုဖို့ ပြန်လွှတ်ရန်ဖြစ်၏"

"ကျဟိုဗါကို ကျွန်ုပ် မကြားဖူးပါ"

"သူကား ဘုရားတကာတို့ ခေါင်ချုပ်ဖြစ်သော ဘုရားသခင်ဖြစ်၏။ သူ၏ တန်ခိုး အာနုဘော်ကို မကြာမီပဲရအုံ့။ သူ၏ လူများအား အဘယ်ကြောင့် လွှတ်ထိုက်သည်ကို ရှေ့တွင် ထိုင်နေသော သင်၏ သားတော်အား မေးမြန်းပါလော။ အကယ်၍ သူမပြောခဲ့သော် 'နာသန်'၏ သမီးက 'ရဟူဒီ' တို့၏ လဝီမာန်သဖွယ် တင့်တယ်သော 'မာရဖိ'ဆိုသူ မိန်းကလေးက ပြောကြားပေလိမ့်မည် 'မာရဖိ' ရှေ့သို့ တိုးခဲ့လော့"

ထိုအခါ ဝတ်ရုံဖြူကို ဝတ်ကာ ဝမ်းနည်းခြင်း အထိမ်းအမှတ် အဖြစ်ဖြင့် အဝတ်နက်တစ်ခုကို ဦးခေါင်းပေါ်၌ လွှမ်းခြုံထားသော မိန်းမပျို တစ်ယောက်





ရှေ့သို့ထွက်လာပြီးလျှင် 'ဆက်တီ' ရှိရာသို့ တစ်ချက်မျှ လှမ်းကြည့်လိုက်ပြီးနောက် 'ဖာရိုး'အား အရိုအသေပြုလေသည်။

"မိန်းကလေး ... အကျိုးအကြောင်းကို ပြောဆိုလော့"

မိန်းကလေးသည် ဖြစ်ပျက်သမျှ အကြောင်းစုံကို ဖာရိုး အား လျှောက်ထားလေသည်။ စကားဆုံးသောအခါ 'ဖာရိုး'က –

"သားတော် 'ဆက်တီ' ဤစကား မှန်သလော"

"မှန်ပါသည် ခမည်းတော်။ ထို့ကြောင့် ကျွန်ုပ်အာဏာကို သုံးကာ 'ကောက' အား အဆုံးစီရင်လိုက်ခြင်း ဖြစ်ပါသည်"

"သင် ပြုသည်မှာ မှန်လည်း မှန်၏။ မှားလည်း မှား၏။ နောက်ဆုံးသင်ကိုယ်တိုင်ပင် အကောင်းဆုံး တရားသူကြီးဖြစ်၏။ သားတော်အား ကိုယ်ထိလက်ရောက် ကျူးလွန်ဇော်ကားသူသည် သေဒဏ်ကို ခံယူထိုက်၏ ပရောဖက်များ သင်တို့၏ လူတစ်ယောက်ကို သတ်ခဲ့သော ကျွန်ုပ်၏ လူတစ်ယောက်အား ဥပဒေအတိုင်း သေစား သေစေခဲ့ပြီ မဟုတ်လော၊ ထိုကိစ္စကား ပြီးခဲ့လေပြီ။ သင်တို့၌ ပြောဆိုရန် စကားမရှိလျှင် ပြန်ကြကုန်လော့"

အတန်ကြာမှ –

"အို ... ဖာရိုး၊ ကျွန်ုပ်တို့ ဘုရားသခင်၏ အမိန့်ဖြင့် ဤစကားကို ပြောဆိုရန် ရှိသေး၏။ 'ရဟူဒီ' လူမျိုးတို့၏ ပခုံးထက်မှ သင်၏ ထမ်းပိုးကို ရုပ်သိမ်းပါလော့။ သင်၏ မြို့ကြီးများနှင့်တကွ မြို့ရိုးတံတိုင်းများကို ဆောက်လုပ်ရန် အုတ်များ ပြုလုပ်ရသည့် အလုပ်များမှ ထိုသူများအား ရပ်တန့်စေရန် အမိန့်ထုတ်ပြန်ပါလော့"

အကယ်၍ ကျွန်ုပ်က ငြင်းဆိုလျှင် မည်သို့ဖြစ်မည်နည်း။

"ထိုအခါ ကျဟိုဗါး၏ ကျိန်စာသည် သင့်အပေါ်သို့ ကျရောက်လိမ့်မည် 'ဖာရိုး'။ ကပ်ရောဂါများသည် တစ်ခုပြီးတစ်ခု 'အီဂျစ် ပြည်ပေါ်သို့ ဆိုက်ရောက်လိမ့်မည်"

လွန်မင်းစွာ ဒေါသထွက်လျက် –

"အလို ... သင်တို့သည် ကျွန်ုပ်၏ နန်းတော်ထဲ၌ပင်လျှင် ကျွန်ုပ်အား ခြိမ်းခြောက်ဝံ့သလော။ မောင်မင်းများ ... ကျွန်ုပ်၏ အမိန့်တော်ကို ရေးမှတ်ကြကုန်လော့။ 'ပိုရှန်မြို့' သို့သွားကာ ရဟူဒီများအား ကျွန်ုပ်၏ ခမည်းတော် 'ရာမိ' ဘုရင်ကြီး၏ လက်ထက်၌ ပြုလုပ်ခဲ့ကြသော အလုပ်ထက် ဆထက်တန်ပိုးတိုးကာ ပြုလုပ်ကြစေကုန်လော။ အုတ်ဖုတ်ရန် ကောက်ရိုးများကိုပင် ၎င်းတို့ကိုယ်တိုင် ကွင်းပြင်သို့ ထွက်၍ စုကြစေကုန်လော့"



www.burmeseclassic.com

www.burmeseclassic.com



အတန်ကြာ တိတ်ဆိတ်နေပြီးနောက် 'ပရောဖတ်'များသည် တောင်ဝှေးကြီးများဖြင့် 'ဖာရိုး'အား ညွှန်ပြရင်း ပြိုင်တူ ရွတ်ဆိုကြကုန်၏။

"ဘုရားသခင်၏ အမည်တော်ဖြင့် သင့်အား ကျွန်ုပ်တို့ ကျိန်ဆဲပါသည် 'ဖာရိုး'သင်သည် မကြာခမီ ကံကုန်၍ ဤအပြစ်ကို အဖြေပေးရလိမ့်မည်။ 'အီဂျစ်'ပြည်သူ ပြည်သားများကိုလဲ ကျွန်ုပ်တို့ ကျိန်ဆဲပါသည်။ ပျက်စီးခြင်းမလှ ပျက်စီး၍ သေခြင်းသည် ၎င်းတို့၏ အစားအစာ ဖြစ်ကြပါစေ။ သွေးစိမ်းများသည် ၎င်းတို့၏ အဖျော်ယမကာ ဖြစ်ကြပါစေလော့"

ပရောဖတ်များသည် ချက်ချင်းပင် ထွက်သွားလေရာ 'ဖာရိုး'၏ မျက်နှာမှာ ဒေါသဖြင့် နီမြန်းလျက် ရှိရာမှ သွေးမရှိသကဲ့သို့ ဖြူဖတ်ဖြူရော် ဖြစ်သွား၏။ 'ယူဆာတီ'မှာ မကောင်းဆိုးဝါးကို မြင်ရသကဲ့သို့ မျက်နှာကို လက်ဝါးဖြင့် အုပ်ထားလိုက်၏။ ထိုခဏ၌ 'ဖာရိုး'က လက်ပြလိုက်သည်တွင် အမတ်ကြီး 'နီဟောစီ'သည် သူ၏ ကျိုင်းကြီးကို ကြမ်းပြင်ပေါ်၌ သုံးကြိမ်ဆောင့်လိုက်ရာ ညီလာခံ ရုပ်စဲသည့် အထိမ်းအမှတ်ဖြစ်သည့်အတိုင်း လူများသည် အရိုအသေပြုပြီးနောက် ငြိမ်သက်စွာ ထွက်ခွာသွားကြရာ အမတ်ကြီးများနှင့် ကိုယ်ရံတော်များသာ ကျန်ရှိရစ်တော့၏။ ထိုအခါ 'ဆက်တီ'သည် နေရာမှထပြီးလျှင် အရိုအသေပေးလျက် –

"ဖခင် ... နားဆင်တော်မူပါလော့။ ဖခင်နှင့်တကွ နိုင်ငံတော်ကိုပါ ကျရောက်မည့် ရဟူဒီများ ရွတ်ဆိုသွားသည့် ကျိန်စာများကို ကျွန်ုပ်တို့ ကြားရပေပြီ။ သို့ဖြစ်၍ အရှင့်တံဆိပ်တော် ပါရှိသည့် အမိန့်တော်ကို သားတော်အား ပေးအပ်ပါလော့ ကျွန်ုပ်သည် ဂိုရှန်သို့ သွားရောက်ကာ ဤကိစ္စကို စုံစမ်း၍ ခမည်းတော်အား မှန်သည့်အတိုင်း အစီရင်ခံပါမည်။ ရဟူဒီများအား မတရားပြုမူနေသည်ဟု ယူဆပါက သူတို့၏ ကြီးလေးသော တာဝန်ကို ပေါ့လျော့စေခြင်းဖြင့် ပရောဖတ်တို့၏ ကျိန်စာကို ပပျောက်အောင် လုပ်ပါလော့။

'ဖာရိုး'၏အသံမှာ ဝမ်းနည်းအားငယ်နေသူတစ်ယောက်၏ အသံကဲ့သို့ ဖြစ်နေလေသည်။

"သင့်အလိုအတိုင်း ဖြစ်စေမည် ... သားတော်။ သင့်အား နှာယောင်ကောက်နှင့် ခွေးများ မနှောင့်ယှက်စေရန် ကိုယ်ရံတော် စစ်သား အတော်များများ ယူဆောင်သွားပါလေ။ 'အီဂျစ်'ပြည်၏ ထာဝရ ရန်သူများ ဖြစ်ခဲ့ကြသည့် ဟိုက်ဆိုးသွေးပါရှိသော ထိုသူများကို ကျွန်ုပ် ယုံကြည်ခြင်း မရှိပေ။ ယခုပင် စာချွန်တော်ကို ရေးစေလော့။ ကျွန်ုပ် တံဆိပ် ခတ်နှိပ်၍ပေးမည်။ သို့သော် ငုံ့ဦးလော့ 'ဆက်တီ'။ သင်ကား နူးညံ့သိမ်မွေ့သော နှလုံးရှိသည်ဖြစ်၍ ထိုသိုးထိန်းကျွန်များထံသို့ ကျွန်ုပ်သင့်အား တစ်ယောက်တည်းလွှတ်၍ သင့်လျော်မည်မထင်။





သင်၏ နှောင်တော်ဝမ်းကွဲ 'အာမင်မိ'သည် သင်နှင့်အတူ လိုက်ပါရအံ့။ သို့သော် သင်၏ လက်အောက်၌ ဖြစ်စေရမည် အမိန့်တော်"

"အသက် ... သွေး ... အင်အားဟု ရွတ်တိုကာ 'ဆက်တီ'နှင့် 'အာမင်မိ'တို့သည် ဘုရင်၏ အမိန့်တော်ကို အသိအမှတ်ပြုကြလေသည်။

ထို့နောက် အတိုင်ပင်ခံ အမတ်ကြီးများနှင့် အိမ်တော်အရာရှိများသာ ချန်ထားပြီးလျှင် ကိုယ်ရံတော်များနှင့် ကျေးကျွန်များအား ခန်းမဆောင် အဆုံးသို့ ရောက်အောင် ဆုတ်သွားစေရာ ကျွန်ုပ်လည်း ထိုသူများနှင့်အတူ လိုက်သွားမည် အပြုတွင် မင်းသားက နေရစ်ခဲ့ရန် ပြောသဖြင့် နေရစ်ခဲ့ရ၏။ 'ဖာရိုး'ကမေးမြန်းသည်တွင် မင်းသားက ကျွန်ုပ်မှာ သူ၏ လူရုံတော် ပိဋ္ဋတ်တိုက်မှူး 'အာနှာ'ဖြစ်၍ လွန်ခဲ့သည့် ညဉ့်ကပင် သူ့အသက်ကို ကာကွယ်ခဲ့သူဖြစ်ကြောင်းဖြင့် လျှောက်တင်၏။ ထိုအခါ ညီလာခံစကားများ မပေါက်ကြားစေရန် သတိပေးစကားမိန့်ကြားပြီးလျှင် ကျွန်ုပ်အား နေခွင့်ပြုလိုက်သည်။

'ယူဆာတီ'က တစ်စုံတစ်ရာ ပြန်ပြောတော့မည်ကဲ့သို့ မျက်မှောင်ကြုတ်၍ ကြည့်လိုက်သေး၏။ အားလုံးထွက်သွားကြသောအခါ 'ဖာရိုး'က တည်ငြိမ်လေးနက်သော အသံဖြင့် –

"သားတော် သင်သည် နတ်ရွာလွန်ပြီးသော မိဖုရားကြီး အက်စနီဖတ်မှ မွေးဖွားခဲ့သည့် တစ်ပါးတည်းသော သားတော် ဖြစ်ပေသည်။ သို့သော် (သန်မာသော်လည်း ခပ်ထိုင်းထိုင်းဖြစ်နေဟန်တူသော လူတစ်ယောက်အား လက်ညှိုးညွှန်လျက်) ကောင့်ရာမေစုသည် သင့်ထက် ၂ နှစ်ကြီး၏။ သို့သော် သူ၏ မိခင်မှာ ဆီရီယံ လူမျိုးတစ်ယောက်ဖြစ်၍ သူသည် အီဂျစ်ပြည်၏ ရာဇပလ္လင်ကို စံမြန်းခွင့် မရှိပေ။ ဟုတ်ပါ၏လော သားတော် ရာမေစု"

"ကောင့်ရာမေစု ၏စကားကို ဖာတာနှင့်အာမွန်ကျောင်းတော်များ၌ နှောင်အငြင်းမပွားစေရန် ရေးမှတ်ထားကြရမည်။ သားတော် ဆက်တီသာ ထီးညွှန့်နန်းလျာ ဖြစ်၍ ပရောဖတ်များ ပြောသည့်အတိုင်းမှန်က မကြာမီ ကျွန်ုပ်နေရာ၌ ဆက်ခံရပေတော့မည်"

"ဘုရင်မင်းမြတ်ကြီး သက်တော်ရာကျော်ရှည်ပါစေ။ ထီးနန်းကို အလိုမရှိကြောင်း ဘုရင်မင်းမြတ် သိပါစေ"

"ကျွန်ုပ် ကောင်းစွာ သိပေသည် သားတော်။ သို့ဖြစ်၍လဲ သင့်အား ထီးနန်းကို ပိုမို၍ စိတ်ဝင်စားစေလိုသည့်ဆန္ဒ ကျွန်ုပ်၌ ရှိပေသည်။ ဤ ထီးနန်း စည်းစိမ်သည် ဘုရားသခင်၏ အလိုတော်အတိုင်းဆိုလျှင် သင့်ထံသို့ [illegible] ရောက်ရပေမည်။ အကယ်၍ ဘုရားသခင်အလိုတော် မရှိခဲ့ပါမူ ထီးနန်းကို [illegible] ထိုက်သော နောက်လူမှာ မိဘနှစ်ပါးစလုံး မဟာသွေးဖြစ်သည့် သင့်[illegible]တော်



www.burmeseclassic.com

www.burmeseclassic.com



ဝမ်းကွဲ ကောင့်အာမင်မီ ဖြစ်လေသည်။ သူ့နောက် ရထိုက်သည့် သူများမှာ သင့် အစ်မတော် ဝမ်းကွဲ-သမီးတော် ယူဆာတီပင် ဖြစ်ပေသည်"

ထိုအခါ ယူဆာတီသည် စိတ်အားထက်သန်သော အမူအရာဖြင့်-

"အို ... ဖာရီး ... ရေးအစဉ်အလာအရ ကျွန်ုပ်သည် မောင်တော်ဝမ်းကွဲ ကောင့်အာအင်မီထက် ထီးနန်းကို ဦးစွာ ဆက်ခံခွင့် ရှိပါသည်"

"ဤအရေးမှာ ပညာရှိများနှင့်သာလျှင် ဆွေးနွေးထိုက်သည်ဖြစ်၍ ညီလာခံ၍ စဉ်းစားရန် မသင့်လျော်ပါ သမီးတော်။ သို့သော် သမီးတော်၏ စကားများကိုလဲ ရေးမှတ်ထားကြစေလော့"

ဆက်လက်၍ -

"သားတော် ဆက်တီ ... သင်သည် လက်ထပ်မင်္ဂလာမပြုရသေးသည် ဖြစ်သောကြောင့် သင်၌ သားသမီးရှိနေခဲ့ပါလျှင် မဟာဆီ မဟာသွေး မဖြစ်နိုင်ပေ"

"ကျွန်ုပ်တစ်ယောက်မျှ မရှိပါ ခမည်းတော်"

တစ်မျိုးဖြစ်သွားလျက် -

"ဤအတိုင်းပင် ဖြစ်သလော၊ ကောင့်အာမင်းမီးတွင်ကား သားသမီး များ ရှိသည်ကို ကျွန်ုပ်မြင်မိသည်။ သို့သော် မဟာမျိုး မဟာနွယ်ဖြစ်သော သူ၏ ကြင်ယာ 'ယူနူးရီး'တွင်ကား တစ်ယောက်မျှ မရှိပေ။ ထိုမှတစ်ပါး ကျွန်ုပ်၏ သမီးတော် 'ယူဆာတီ'သည်လဲ လက်ထပ်ခြင်း မပြုရသေးပေ။ သို့ဖြစ်၍ အဆက် ဖြစ်သည့် မဟာဆီ မဟာသွေးမှာ ခြောက်ခန်းတော့မည်ကဲ့သို့ ရှိနေပေသည်။

"အင်း ... ကျွန်ုပ်ဘက်တော့ ဦးလှည့်လာပြီကောလေ" ဟု ဆက်တီက ကျွန်ုပ်ကြားရုံမျှ တီးတိုးပြောလိုက်သည်။

ဖာရီးက ဆက်လက်၍ -

"အမှန်ဆိုသော ကျွန်ုပ်၏ ဆန္ဒမှာ ရာမီ မင်းသွေးအစစ်ဖြစ်ကြသော သင်နှင့် သမီးတော်အား လက်ဆက် စေလိုခြင်းပင်ဖြစ်၏ ကျွန်ုပ်၏ ဆန္ဒပင် ဖြစ်သည်။ အမိန့်တော်ကို နာခံလော့"

ဆက်တီ၏ မျက်နှာမှာ ဖြူလျော်သွားလျက် -

"အမိန့်တော်ကို နာခံပါသည်"

"သင်၌ ပြောဆိုရန် ရှိသေးသလော"

"တစ်ခုရှိပါသည်။ နိုင်ငံတော် အရေးကြောင့် ဤလက်ထပ်ခြင်း အမှုကို ကား ပြုရပါမည်။ သို့သော် ကျွန်ုပ်အား မောင်တော် တစ်ယောက်ကဲ့သို့သော ချစ်ခင်နေသော အစ်မတော်၏ ဆန္ဒကိုလဲ သူ၏ နှုတ်ဖျားမှ ကျွန်ုပ် ကြားလိုပါ သေးသည်"





ယူဆာတီက အေးစက်သော အသံဖြင့် -

"ဤကိစ္စတွင်လဲ အခြား ကိစ္စများကဲ့သို့ ခမည်းတော် သဘောအတိုင်း ဖြစ်၍ ကျွန်ုပ်၏ ဆန္ဒဟူ၍ မရှိပါ"

"ကြားပြီ မဟုတ်လား သားတော်။ ဆွေတော်မျိုးတော် အချင်းချင်း လက်ဆက်ခြင်းများမှာ ကျွန်ုပ်တို့၏ အနွယ်တော်၌ ထုံးတမ်း စဉ်လာဖြစ်ခဲ့သည်။ အဘယ်ကြောင့် သဘောမမျှရအံ့နည်း။ အေမင်မီလည်း ထက်ထပ်ပြီးလေပြီ။ အခြားသူ ဟူ၍ ငယ်ရွယ်သော မောင်တော် ဆက်တားသာ ကျန်တော့သည်။

"အို ... ခမည်းတော် ... အင်္ဂါချွတ်ယွင်းသူ တစ်ယောက်ကို မည်သည့် နည်းနှင့်မျှ ကျွန်ုပ် လက်မထပ်နိုင်ပါ".

ထိုခဏ၌ အရပ်ခပ်ပြတ်ပြတ်နှင့် ဆက်တီ၏ ဆံပင်မျိုးရှိသော လူတစ် ယောက်သည် ရာဇပလ္လင်၏ အစွန်းဘက်မှောင်ရိပ်မှ ခုန်ဆွ ခုန်ဆွဖြင့် ထွက်လာ ပြီးနောက် မီးထွက်မတတ်သော မျက်လုံးများဖြင့် ကြည့်လျက် -

"ငယ်စဉ်က နို့ထိန်းလက်မှ လွတ်ကျသဖြင့် ဖြစ်ရသော ကျွန်ုပ် ခြေ ထောက်အတွက် ကျွန်ုပ်အား အစ်မတော်က ပုတ်ခတ်ပြောဆိုနေသည်ကို ဤ အတိုင်း နားထောင်နေရမည်လော ဖခင်"

"သင့်နားကို ပိတ်မထားရင်တော့ ဒီအတိုင်းဖြစ်မှာပဲ ကောင့်ဆက်တား"

"ငယ်စဉ်မှစ၍ သူ့အပေါ်တွင် ကျွန်ခံခဲ့ရသော ကျွန်ုပ်အား လက်မထပ် လို" ဟုလည်း ပြောပါသည်။

"ဒါဟာ ကျွန်ုပ်ရဲ့ ဆန္ဒမဟုတ်ဘူး ဆက်တား။ ဒါကြောင့် သင်နှစ် သက်မယ့် တခြားမိန်းမတစ်ယောက်ဆီ သွားပြီး ကျွန်ခံနေဖို့ ကျွန်ုပ် တောင်းပန်ပါ တယ်"

"ဒါပေမယ့် ပြောလိုက်ပါပေရဲ့၊ အိမ်ရှေ့စံ ဆက်တီဟာ ကြာကြာ အသက်ရှည်မှာ မဟုတ်လေတော့ သင်ဟာ တစ်နေ့ကျရင် ကျွန်ုပ်ကို လက်ထပ်ရ မှာပါ"

ပရိသတ်များက ပြုံးကြ၏။ သို့သော် ဖာရီးသည် ခက်ထန်သော မျက် နှာဖြင့် ပင်တိုင်စံမင်းသမီး၏ လက်ထပ်ရေးကို ဖာရီး ရှေ့တော်၌ ယင်းကဲ့သို့ ကျူးကျော်ပြောဆိုပံ့သူကား မည်သူနည်း။ နောင် ဤစကားမျိုး တစ်ခွန်းထွက် သည်နှင့် တစ်ပြိုင်နက် သင့်အာကို ဟတ်စေမည့် ယူဆာတီသည် အခြားမင်း ညီမင်းသားများထက် ဉာဏ်ပညာ ထက်မြက်သဖြင့် သူ့အား တစ်ဦးတည်းသော နန်းမွေခံအဖြစ်ဖြင့်ပင် ကျွန်ုပ်ကြေညာသင့်၏။

ဆက်တီက နှိမ့်ချစွာဖြင့် -



www.burmeseclassic.com

www.burmeseclassic.com



"ဖာရို အလိုဆန္ဒသည် ဤသို့ ဖြစ်ပါမူ ဤဆန္ဒကို ပြည့်ဝပါစေမည်။ ဤမျှလောက် မြင့်မြတ်သောနေရာနှင့် ကျွန်ုပ်မှာ မထိုက်တန်သည် မှန်သော်လည်း ကျွန်ုပ်၏ ချစ်အစ်မတော်သည် ကျွန်ုပ်ထက် သစ္စာရှိသော ကျေးကျွန်ကို တွေ့လိမ့်မည် မဟုတ်ကြောင်းကိုမူ ကျွန်ုပ်ကျိန်ဆိုရဲပါသည်"

ယူဆာတီက ကြားဖြတ်၍ –

"ကျွန်ုပ်ကို လက်ထပ်မည့်အစား ထီးနန်းကို စွန့်ပစ်မည်ဟူ၍ပင် ဆိုလိုသလော။ ဆက်တီ သင့်စကားအတွက်မူ ကျွန်ုပ်ဂုဏ်ယူပါ၏။ သို့သော် ဆက်တီထီးနန်းကိုပင် အုပ်စိုးသည်ဖြစ်စေ၊ ကျွန်ုပ်အုပ်စိုးသည်ဖြစ်စေ၊ သင့်ကိုကား ကျွန်ုပ် လက်ထပ်မည် မဟုတ်"

ဖာရိုက အော်ဟစ်လျက် –

"အီဂျစ်နိုင်ငံ၌ ဖာရို၏ အမိန့်ကို တော်လှန်ဝံ့သူဟူ၍ ရှိသေးသလော။ ကျွမ်းပြုဆရာများနှင့် အရာရှိများ ... ယခု အမိန့်တော်ကို ရေးမှတ်၍ တစ်နိုင်ငံလုံး ပျံ့နှံ့အောင် ကြေညာကြလော။ ယနေ့မှ ၃ ရက်မြောက်သောနေ့တွင် ဟေသာဘုရားကျောင်းတော်ထဲ၌ အိမ်ရှေ့စံ ဆက်တီမိနက်တားနှင့် သမီးတော် ယူဆာတီအား ထိမ်းမြား မင်္ဂလာပြုတော်မူမည်"

"အသက် ... သွေး ... အင်အား" ဟု ပရိတ်သတ်အားလုံးက အော်ဟစ်ကြပြီးနောက် အရာရှိကြီး အချို့က ခေါ်ဆောင်၍ ဆက်တီအား ရာဇပလ္လင်ရှေ့သို့ ခေါ်ဆောင်သွားကြပြီးလျှင် ယူဆာတီးကိုလည်း သူနှင့် ဘေးချင်းတိုက်နေရာချထားကြလေသည်။

ထို့နောက် မင်္ဂလာပွဲ ဈေးစပ်သည့် အထိမ်းအမှတ်အဖြစ်ဖြင့် ရွှေခွက်ကြီးတစ်ခုထဲမှ အရက်များကို တစ်ဦးကိုတစ်ဦးပေး၍ သောက်ကြရ၏။ တစ်ဖန် ဆက်တီက ဆန့်တန်းပေးသော လက်ကို ယူဆာတီက နှုတ်ခမ်းဖြင့် တို့၍ ဆက်တီက ကိုယ်ကိုငုံ့ကာ မင်းသမီး၏ နဖူးကို ရာဇပလ္လင်ထက်မှ ဆင်း၍ မင်းသားနှင့် မင်းသမီးတို့ ကောင်းချီးပေး၏။ ပြီးသောအခါ မြတ်နိုးတော်မူသော သမီးတော်၏ လက်မောင်းကို အားပြုကာ ပရိသတ်များနှင့်အတူ ထွက်ခွာသွားလေ၏။

သီးသန့်ခန်းဆောင်သို့ ကျွန်ုပ်တို့ ပြန်ရောက်ကြသောအခါ မင်းသားက

"အင်း ... ကိစ္စတော့ ပြီးသွားပေပြီ။ ဒါထက် ဟိုတုန်းက ကျွန်ုပ် ပြုမူခဲ့ပုံကလေးတွေဟာ အတော်ဟန်ရဲ့ မဟုတ်လား"

"တန်ပါတယ် ... ဘိုးဘိုးကြီး။ ပြောပုံကလဲ ဒီလို နန်းတွင်း ဈေးစပ်ရေး အခမ်းအနား တွေ့ကြုံဖူးတာ များလှပြီ။ ဒါလောက် ဟန်ပါတာမျိုး တစ်ခါမှ မတွေ့ဖူးဘူးဆိုပါကလား သည့်လောက် အတိုက်အခံပြောပြီးတဲ့ နောက်မှ ထိပ်





ထားကလေးရဲ့ နဖူးပြင်ကို အရှင်က နမ်းရှုပ်လိုက်ပုံဟာ သိပ် တီတီကျကျ ရှိတာပဲ"

"အဲလေ ... ငယ်စဉ်ကတည်းက ပြုမူလာခဲ့တဲ့ အပြုအမူထက်တော့ ပိုနိုင်တော့မယ် မထင်ပါဘူး။ အာနာလဲ တခြားလူတွေလိုပဲ မှန်ရာကို မပြောနိုင်တဲ့ နန်းတွင်းသားတစ်ယောက် ဖြစ်လာပြီနော်။ ကဲလေ ... စိတ်ပြေလက်ပျောက် ဖြစ်ရအောင် သင်လက်ထပ်ခဲ့တဲ့ အကြောင်းတွေသာ ဘယ်ကစပြီး ဘယ်လို အဆုံးသတ်တယ်ဆိုတာ ပြောပြစမ်းပါဦး

◈ ◈ ◈

www.burmeseclassic.com

www.burmeseclassic.com

# ၅

ကျွန်ုပ်သည် မမ်းဖစ်မြို့သို့ ခေတ္တအနားယူရန် ပြန်နေခိုက်ဖြစ်သဖြင့် မင်းသားလက်ထပ်သည့် အချိန်၌ ကျွန်ုပ်မရှိခဲ့ပေ။ လက်ထပ်ပြီးသည့်နောက် ၂ ပတ်ခန့်အကြာတွင် ကျွန်ုပ်ပြန်၍ ရောက်ခဲ့ရာ ပန်ဘတ်စသည် မုတ်ဆိတ် ဖြူကြီး တဖားဖားဖြင့် ကျွန်ုပ်အား ဆီးကြိုလျက် မင်းသားက ကျွန်ုပ်အား တစ်မေးတည်း မေးနေကြောင်း။ ကျွန်ုပ်အတွက်လည်း 'ဘုရင့်အချစ်တော်'ဟု စာတမ်းပါသည့် သူ ဝတ်ဆင်ထားသော နန်းစဉ်လက်စွပ်ကို ပြသကြောင်း ဝမ်းသာအားရ ပြောရှာ၏။ ကျွန်ုပ်အား အဝတ်အစားကိုမျှ လဲခွင့်မပြုပဲ ခေါ်သွားရာ ထူထဲသော ကန့်လန့်ကာကြီးများ ကာထားသော အခန်းဝသို့ ရောက်လတ်သောအတွင်းမှ မင်းသား၏ ငြိမ့်ငွေ့နွမ်းလျသော အသံကို ကြားရ၏။

"ဘုန်းကြီးတွေလား အမတ်တွေလား မပြောတတ်ဘူး၊ လာကြပြန်ပြီ။ ပြဆင်ထားဦး အစ်မတော်"

"ကျွန်ုပ်ဟာ အစ်မတော် မဟုတ်ပါဘူး။ ထိုက်သင့်တဲ့ နာမည်အတိုင်း ခေါ်ဖို့ ဇောင်းပန်ပါတယ်"

"ဒါဖြင့် ခွင့်လွှတ်တော်မူပါ အိမ်ရှေ့မိဖုရားကြီးရဲ့"

ခရီးကြမ်းလာခဲ့ရသဖြင့် ပေကျံနေသော အဝတ်အစားများကြောင့် ကျွန်ုပ်မှာ ရုတ်တရက် မဝင်သေးဘဲ ခပ်ဆိုင်းဆိုင်း လုပ်နေမိ၏။ အတွင်းသို့ ရောက်သွားသောအခါ ကုလားထိုင် ၂ လုံးအနက် တစ်လုံးပေါ်တွင် အိမ်ရှေ့





မိဖုရားထိုင်လျက် မင်းသားကမူ ဝတ်လုံကို ဒရွတ်ဆွဲကာ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်လျက် ရှိသည်။ ကျွန်ုပ်လည်း မှောင်ရီမှ အလင်းရောင်ထဲသို့ ဝင်ကာ အရိုအသေပြုလိုက်လေသည်။

"အလို ... အာနာ ... မမ်းဖစ်က ပြန်ရောက်လာမှုကို ..."

"အာနာဆိုတာ ဘယ်သူလဲ။ ဩော် ...သတိရပြီ။ ဟို ကျမ်းပြုဆရာကို၊ အင်း ... မမ်းဖစ်က ပြန်လာတယ်ဆိုတာတော့ ထင်ရှားပါတယ်"

ကျွန်ုပ် ။ ။ "ရှေ့တော်ကို အခုအတိုင်း ဝင်ခဲ့မိတဲ့အတွက် အပြစ်မတင်ပါနဲ့ သခင်မ။ ပန်ဘတ်စက အရှင့်ရဲ့ အမိန့်နဲ့ ချက်ခွင်း ခေါ်ခဲ့ရမယ်ဆိုလို့ လိုက်ခဲ့ရတာပါ"

"ဩော် ... ဒီလိုလား ပြောစမ်းပါဦး၊ ဆက်တီရယ်။ ဒီလူကို ဒီလောက်တောင် အရေးတစ်ကြီး ရှေ့တော်သွင်းခဲ့ရအောင် အရေးကြီးတဲ့ သတင်းများ ပါလာလို့လား"

"ဟုတ်တယ် ... ဘယ့်နှယ် အာနာ၊ ပေစာဟောင်းတွေ ရခဲ့ရဲ့လား"

"ရခဲ့ပါတယ် အရှင်"

သို့ပင် ဖြေဖိုလိုက်ရသော်လည်း မည်သည့် ပေစာကို ရည်ရွယ်ပြောကြောင်း ကျွန်ုပ် မသိပေ။

"ပေစာ အကြောင်းတွေ ပြောရစ်ကြရအောင်၊ ကျွန်ုပ်သွားတော့မယ်"

"ကောင်းပါပြီ ... ကောင်းပါပြီ။ ဒီအကြောင်းတွေ ကျွန်ုပ်တို့ ပြောရဦးမယ်။ ပြီးတော့လဲ အာနာနဲ့ အတူသွားမယ့် 'ဂိုရှန်မြို့' ခရီးစဉ်လဲ ပြောရဦးမယ်"

"မနက်က မောင်တော်ပြောတော့ နောက် ၃ ရက်ကြာမှ ထွက်မယ်ဆို၊ ကျမ်းပြုဆရာ တစ်ယောက်ခေါ်သွားမယ့်အစား မောင်တော် အာမင်မီ ခေါ်သွားတာက ကောင်းလိမ့်ဦးမယ်"

"အနှစ်မရှိတဲ့ စကားကို ပြောတတ်သူ မောင်တော်က မုန်းမုန်း အသိ သားနဲ့"

"ကြားရတာ နားမချမ်းသာ လိုက်တာ မောင်တော်ရယ်။ ဒါဖြင့်လဲ ဆက်တား အရှိသားပဲ"

"ခွေးအ တစ်ကောင်နဲ့ ကျွန်ုပ်က အတူသွားရမှာလား"

"ဟင် ... ခွေးအတဲ့၊ ဆက်တားကို ကျွန်ုပ်မချစ်ပါဘူး။ ဒါပေမယ့် အီဂျစ်ပြည်ရဲ့ မဟာသေွးတစ်ပါးကို အခုလို ခေါ်တာ မသင့်လျော်ပါဘူး။ မောင်တော်ရယ်။ ဒါဖြင့်လဲ 'နီဟောစီ' ကော၊ ဒါမှ မဟုတ်ရင် ကိုယ်ရံတော် ဗိုလ်မှူးချုပ်"

"ငွေစားဘီလူးကြီးနဲ့ တိုင်းရေးပြည်ရေးလဲ မဆွေးနွေးချင်ဘူး။ နျူဗီယံ အမတ်သက်ပြားက ကြွားဝါတာတွေလဲ နားမထောင်ချင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဒီဟာတော့ မသိဘူး မောင်တော်။ အာနာ့နဲ့ ဘာတွေများ ပြောစရာရှိလို့ပါလိမ့်။ ကဗျာတွေလား ... ဒါမှမဟုတ်ရင်တော့ မောင်တော်တို့ ၂ ယောက်စလုံးက သိပ်ချော်တယ် ထင်နေတဲ့ မာရဖီအကြောင်းနဲ့ တူတယ်။ လက်စသတ်တော့ မနေ့တစ်နေ့ကမှ တွေ့ရတဲ့ ဖွားဘက်တော် ကျွမ်းပြုဆရာ တစ်ယောက်ကို အစားသွင်းချင်လို့ကို။ ကဲ ... သွားပြီ မောင်တော်ရေ့"

သို့ဖြင့် မင်းသမီးသည် နေရာမှထလျက် သွားရန်ဟန်ပြင်လေရာ ဆက်တီသည် ဒေါသထွက်လာသဖြင့် ကြမ်းပြင်ကို ခြေဖြင့်ဆောင့်လျက် –

"ယူဆာတီ ... သင်ဒီလို စကားမျိုးတွေကို မသုံးသင့်ပါဘူး။ ရဟူဒီတွေကြားထဲမှာ ဘေးအန္တရာယ်များမှာ စိုးရိမ်လို့ မခေါ်တာဆိုတာ သင် သိသားမဟုတ်လား။ ပြီးတော့ ခမည်းတော်ကလဲ သဘောမတူဘူး"

နောက်သို့လှည့်ကာ အေးစက်စက် အမူအရာဖြင့် –

"ကျွန်ုပ်အတွက် စိုးရိမ်ကြောင့်ကြတော်မူတတ်တာကို ကျေးဇူးတင်ပါတယ်လေ။ ဒီခရီးဟာ ဒီလောက်ဘေးအန္တရာယ်များလိမ့်မယ်လို့လဲ မထင်မိဘဲကို။ ဒါနဲ့ အာနာကို ဘေးအန္တရာယ်မငြိအောင်လဲ သတိထားသွားဦးနော် ဆက်တီ"

ထိုသို့ပြောဆိုကာ ဦးခေါင်းကို ညွှတ်ပြီးနောက် ယူဆာတီသည် ကန့်လန့်ကာကြီးများ၏ နောက်ကွယ်သို့ ဝင်ရောက် ပျောက်ကွယ်သွားလေ၏။

ကျွန်ုပ် ။ ။ "အို ... အရှင်မင်းသား ... အရှင်မင်းသား ကျွန်ုပ်ရဲ့ ရာထူးကို ဖြုတ်ပစ်လိုက်ပါတော့။ ထိပ်ထားသခင်မကလေးရဲ့ အာဇောင်း လျှာဇောင်း လွတ်တဲ့နေရာ သွားပါရစေတော့"

မင်းသား။ ။ "သင်သွားစရာ မလိုပါဘူး။ သွားချင်းသွားရင် တခြားသူ သွားရလိမ့်မပေါ့။ ကွဲသွားတဲ့ သောက်တော်ခွက်ကို သတိရစမ်းပါ အာနာ"

သို့စေကာမူ ထိုညဉ့်၌ စိတ်ထားပြောင်းလဲသွားသော မင်းသမီးကလေးထံမှ ချိုသာနူးညံ့သော စကားများကို ကျွန်ုပ်ကြားခဲ့ရသေး၏။ မင်းသားနှင့် ခွဲခွာခဲ့ပြီးနောက် ကျွန်ုပ်အား အခေါ်လွှတ်သဖြင့် ထိပ်ထားကလေးထံ သွားရောက်၍ သူ့အား အခန်းကလေးတစ်ခန်းတွင် နားလေးသော အပျိုတော်ကြီး တစ်ပါးနှင့်တွေ့ရလေသည်။ ယူဆာတီသည် ကျွန်ုပ်အား လောကွတ်ပြုကာ နေရာထိုင်ခင်းပေးပြီးနောက် –

"အာနာ ... ဒီကနေ့ ကျွန်ုပ် ပြောလိုက်မိတဲ့စကားတွေဟာ သင့်ကို ထိခိုက်တယ်ဆိုရင် ကျွန်ုပ် တောင်းပန်ပါတယ်။ အခုပြောမယ့်စကားတွေကိုလဲ အပြင် မပေါက်ကြားစေချင်ပါဘူး"

"ပေါက်ကြားမယ်ဆိုရင် ကျွန်ုပ်လျှာကို အရင်ဖြတ်လိုက်ပါ့မယ် ထိပ်ထား"





"ဒီလို အာနာရဲ့ ... အိမ်ရှေ့စံ ကိုယ်တော်ကလေးဟာ သင့်ကို အင်မတန် ချစ်မြတ်နိုးပုံရနေတယ်။ ဒီတော့ တစ်နေ့သင်ဟာ အရှင်ရဲ့ လူယုံတော်ကြီး တစ်ယောက် တိုင်းပြည်မှာ တန်ခိုးအကြီးဆုံး ပုဂ္ဂိုလ်တစ်ယောက် ဖြစ်လာဖို့ မလွဲဘူး။ အမှန်တော့ ကျွန်ုပ်ကိုယ်တိုင် ဖြစ်ချင်တယ်ဆိုတာ ကျွန်ုပ် ဟန်ဆောင်မနေချင်ပါဘူး။ ဘုရားသခင်ရဲ့ အလိုတော်သာ ကျွန်ုပ်က ခေါင်းငြိမ့်ရုံပဲ။ ဒါကြောင့် နောင်အခါ ဒီအရေးနဲ့ ပတ်သတ်ပြီး ကျွန်ုပ်က ဝန်တို မိစ္ဆာပွားလို့ သင့်ကို ဒီကနေ့ ပြောသလိုများ ပြောမိခဲ့မယ်ဆိုရင် ခွင့်လွှတ်ဖို့ ကြိုတင်ပြီး တောင်းပန်ထားပါတယ်။ ပြီးတော့ အရှင့်သားတော်ဟာ သူချစ်မြတ်နိုးတဲ့ လူရဲ့စကားကို နားထောင်တတ်တာမို့ ကောင်းတဲ့ဘက်ကို သူ့စိတ်ရောက်အောင် ဆွဲဆောင်ပေးပါ။ နောက်တစ်ခုလဲ သင်ဟာ အစဉ်းစား အဆင်နဲ့ ပြည့်စုံသူ ဖြစ်လေတော့ တိုင်းပြည်ရေးရာနဲ့ ကျွန်ုပ်တို့ရဲ့ ဝါဒကို လေ့လာစေလိုတယ်။ ဒါမှသာ သင်က အိမ်ရှေ့စံကို လမ်းမှန်ရောက်အောင် ရှေ့ဆောင်သွားနိုင်ပေလိမ့် မယ်"

"ကျွန်ုပ် ကြိုးစားပါ့မယ် သခင်မ။ ဒါပေမယ့် အိမ်ရှေ့စံဟာ နောက်ဆုံးသူ့လမ်းသူ ရွေးချယ်သွားတတ်တဲ့ လူတစ်ယောက်လို့ ထင်ပါတယ်"

"အဲလေ ... ဘာပဲဖြစ်ဖြစ်၊ သင့်ကိုတော့ ကျွန်ုပ်ကျေးဇူးတင်ရမှာပဲ။ ကျွန်ုပ်က စိတ်မြန်ပေမယ့် ရှေ့အဖို့မှာ ကျွန်ုပ်ကို သင့်ရဲ့ မိတ်ဆွေကောင်း တစ်ယောက်လို့ ယုံကြည်စေချင်တယ်။ ကိုင်း ... ကျွန်ုပ်တို့ နှစ်ဦးတည်း သိအပ်တဲ့ စကားပြောရဦးမယ်။ အရှင့်သားဟာ ကျွန်ုပ်ကို ကြင်ယာတော်အဖြစ်နဲ့ ထားတယ်ဆိုပေမယ့် သူ့ရဲ့ ဘဝခရီးလမ်းမှာ တခြားမိန်းမတွေ ဝင်ပြီးလာကြလိမ့်မယ်။ တိုင်းပြည်ထုံးစံအရ ဒီလိုအငယ်အနှောင်းထားနိုင်တော့ ကျွန်ုပ်က မပြောသာပေဘူး။ ဒါပေမယ့် မိန်းမတစ်ယောက်က ဆက်တီရဲ့ အသည်းနှလုံးကို သူ ပိုင်လုပ်မှာကို ကျွန်ုပ် စိုးရိမ်မိတယ်။ ကျွန်ုပ်ဟာ အီဂျစ်ပြည်ရဲ့ မိဖုရားခေါင်ကြီးအဖြစ်ကို နာမည်သာ မဟုတ်ဘဲနဲ့ နေရာအားလုံးမှာ ဖြစ်ထိုက်လေတော့ ဒီကိစ္စနဲ့ ပတ်သက်ပြီး သင့်အကူအညီကို ကျွန်ုပ် တောင်းလိုပါတယ်"

"သခင်မ ... ကျွန်ုပ်က ဘယ့်နှယ်လုပ်ပြီး အရှင်မင်းသားကို ဒီမိန်းမ သင်ဒီလောက်ပဲ ချစ်ရမယ်။ ဟိုမိန်းမကို ဒီထက်ပိုမချစ်ရဘူး ပြောနိုင်ပါ့မလဲ၊ ပြီးတော့လဲ သခင်မဟာ ဘာကြောင့် မဖြစ်သေးတဲ့ ကိစ္စကိုတွေးပြီး ကြောက်နေရတာလဲ"

"လူတွေရဲ့ သဘာဝကို လေ့လာနေတဲ့သင်ဟာ ကျွန်ုပ်ရဲ့ ကိစ္စကို အကဲမခတ်နိုင်လေရော့သလား၊ အာနာရယ်၊ ကျွန်ုပ်ဟာလေ တခြားမိန်းမတွေကို ဘယ်တော့မှ ချစ်ခွင့်မရနိုင်တဲ့ နေရာမှ လက်ထပ်ခဲ့ရလို့ ဇနီးသည်တစ်ယောက် အဖြစ်ကိုရောက်ခဲ့ပေမယ့် ဇနီးသည်အရာတော့ မမြောက်ခဲ့သေးပါဘူး။ ဒါဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ဘာကြောင့် လက်ထပ်ခဲ့သေးသလဲလို့ မေးရင် သင့်ကို ဒီထိအောင် ပြောခဲ့ပြီးမှတော့ မထူးပါဘူး။ ပထမကတော့ မောင်တော်ဟာ ကျွန်ုပ် လက်ထပ်နိုင်မယ့် ယောကျ်ားတွေထဲက ဘယ်ယောကျ်ားနဲ့မှ မတူတဲ့ အချက်ရယ်၊ ဒုတိယကတော့ အချစ်သံယောဇဉ်နဲ့ ကင်းကွာနေခဲ့ရင် ကျွန်ုပ်မျှော်လင့်တဲ့ ပန်းတိုင်ကို ရောက်မှာရယ်၊ နောက်ဆုံးပြောရမယ်ဆိုရင် ဟတ်ရှိပုဘုရင်မကြီး၊ ကျွန်ုပ်ရဲ့ အမည်ကို ရာဇဝင်တွေထဲမှာ ရေးသားခဲ့ရမယ့် မိဖုရားကြီး တစ်ပါးဖြစ်ချင်တယ်။ ဖာရိုးဘုရင်ရဲ့ နန်းမွေခံကို ကြင်ဘက်တော်အဖြစ်နဲ့ ကျွန်ုပ်လက်ထပ်ပါမှ ဒါတွေအားလုံး ပြုလုပ်နိုင်ပေမှာကိုး။ အင်း ... ကျွန်ုပ်ဝမ်းထဲရှိသမျှတော့ သင့်ကို အံထုတ်ပြောပြီးပြီ"

"ကျွန်ုပ်ကို အခုလို ယုံကြည်တဲ့အတွက် ကျေးဇူးတင်ပါတယ် သခင်မ။ မင်းနှစ်ပါးလုံး ကျွန်ုပ်ကို ယုံကြည်နေတော့ ကျွန်ုပ် ဘယ်လို ရှေ့ဆက်ပြီး ဘယ်လို စခန်းသွားရပါ့မလဲဆိုတာကို အံ့သြနေပါတယ်"

"အို ... ဒါတွေ တွေးပူမနေပါနဲ့လေ၊ သူ့ဟာနဲ့သူ ဖန်တီးလာပါလိမ့်။ သြော် ... ဒါထက် သင့်ကို လက်ဆောင်တစ်ခု ပေးစရာ ရှိနေပါတယ်။ ကလောင်တံအပြင် လက်နက်တစ်ခုခုကော ကိုင်ဘူးသလား"

"ငယ်ရွယ်စဉ်တုန်းကတော့ ဓားရေးမှာ ကျွမ်းကျင်ပြီး 'နိုင်ဘိုး' လူရိုင်းတွေနဲ့ ဖြစ်တဲ့တိုက်ပွဲမှာ ပါဝင်တိုက်ခိုက်ခဲ့ဘူးလို့ ဒဏ်ရာတောင် ရခဲ့ဖူးပါတယ်"

ယင်းသို့ ပြောဆိုပြီးနောက် ကျွန်ုပ်၏ ဖြူကြောင်ကြောင် ဆံပင်များကြားထဲမှ လုံချက်ထိချက်သည့် နီရဲသော အမာရွတ်ကြီးကို ပြလိုက်သည်"

"စက္ကူပေါ်မှာ ဆေးစက်စွန်းအောင် လုပ်တဲ့လူတွေထက် အဲဒီလို စစ်သားမျိုးတွေမှ ကျွန်ုပ်ကပိုပြီး သဘောကျတယ်"

ထို့နောက် သူသည် ဆေးများ ရေးခြယ်ထားသော သေတ္တာကြီးတစ်လုံးထဲမှ ကြေးကွင်းများဖြင့် ပြုလုပ်ထားသည့် ထူးခြားသော သံကိုယ်ကြပ်အင်္ကျီတစ်ထည်နှင့် ဓားရိုး၌ ခြင်္သေ့တစ်ကောင်၏ ဦးခေါင်းကို ရွှေဖြင့် ထုလုပ်ကာကွပ်ထားသည့် ကြေးဓားတို တစ်ချောင်းကို ယူဆောင်လာပြီးလျှင် ကျွန်ုပ်အား ကိုင်တိုင်ပေးအပ်ရင်း –

"ဒီပစ္စည်းတွေဟာ ကျွန်ုပ်ရဲ့ ဘိုးတော် ရာမီးဘုရင်ကြီး ငယ်ရွယ်စဉ်က ဆီးရီးယားစစ်ပွဲမှာ သူ့လက်နဲ့သတ်ပြီး 'စီးတား' မင်းသားတစ်ပါးဆီက ယူခဲ့တဲ့ ပစ္စည်းတွေပဲ။ သင့်ရဲ့အဘိုး ကဗျာစပ်ဆိုခဲ့တဲ့ စစ်ပွဲပေါ့။ ဓားလှံတွေ မထိုးဖောက်နိုင်တဲ့ ဒီကိုယ်ကြပ်အင်္ကျီကို သင်ဝတ်ရုံအောက်က ဝတ်ဆင်ထားပြီး ဒီဓားကိုလဲ ရဟူဒီတွေဆီ သွားတဲ့အခါ သင့်ကိုယ်က မခွာဘဲ ကိုင်စွဲပေတော့။ အိမ်ရှေ့စံကို ဒီဓားနဲ့ ကာကွယ်ပေးဖို့ သင့်တာဝန် ထားရမှာပဲ။ ကိုင်း ... ကိုင်း ... သွားပေတော့"





အံ့သြစွာနှင့် ဤနေရာမှ ထွက်ခွာခဲ့ပြီးနောက် ကျွန်ုပ်မှာ အိပ်လိုလှပြီဖြစ်သော်လည်း မင်းသားက တွေ့လိုကြောင်းနှင့် ပန်ဘတ်စက အပြင်မှ လာ၍ စောင့်နေသဖြင့် ကျွန်ုပ်မှာ လိုက်ပါသွားရလေ၏။ မင်းသားအခန်းသို့ ရောက်သေ့ အခါ ကျွန်ုပ်ပစ္စည်းများကို လှမ်းကြည့်ရင်း မင်းသားက –

"ဘယ့်နှယ်လဲ ထိပ်ထားနဲ့ တွေ့ခဲ့ရပြီ မဟုတ်လား။ သူဘာတွေ လိုက်တယ်ဆိုတာ ကျွန်ုပ် အတတ်ဟောလိုက်မယ်။ ကျွန်ုပ်ရဲ့ ကိုယ်ကို ;ယ် စိတ်ကိုရော စောင့်ရှောက်ဖို့ သင့်ကို သူပြောမယ်။ ကျွန်ုပ်ကို ပေးသလို ဒီသံ( ကြပ်အင်္ကျီကြီးကိုလဲ ပေးလိုက်တယ်။ သင်ခရီးပန်းလာလို့ အားတော့ နာပ ၎ နို့ပေမယ့် အပြင်မှာ သင်မတွေ့ဖူးသေးတဲ့ မှော်ဆရာကြီး 'ကီ'နဲ့ ဘိုးဘိုးကြီးဝ စောင့်နေကြတယ်။ ကီဆီမှာ ကျွန်ုပ်အတွက် ကောင်းကင်ဘုံက သဝဏ်လွှာပ၊ လာသနဲ့တူတယ်။ သင်လဲ နားထောင်ချင်မှာပဲ ... သူတို့ပြောသမျှ တွေရေးမှတ်ဖို့ သာ ပြင်ပေတော့၊ ဟော ... သူတို့လာနေပြီ "

ထို့နောက် ဘိုးဘိုးကြီး တာကင်ခွန်းစုနှင့် ဦးပြည်းကို ပြောင်အောင် ရိပ်ထားလျက် ဝတ်လုံဖြူကြီးကို ရုံထားသော 'ကီ'ဆိုသူတို့သည် အတွင်းသို့ ဝင်လာလေသည်။ ကီ ဆိုသူမှာ ဂင်တိုအစားမျိုးဖြစ်ပြီး လူလတ်တစ်ယောက်အရွယ်မျှလောက်သာ ထင်ရ၍ အိမ်မြဲရှိသော ၎င်း၏ မျက်နှာမှာ ခပ်ပြုံးပြုံးရှိ၏။ မည်းနက်မနေပဲ ညိုသန်းသန်းရှိနေသော မျက်လုံးများမှာ ကျောက်ရုပ်တရုပ်မှ မျက်လုံးများနှင့် တူလှပေသည်။ သူတို့သည် မင်းသားအား အရိုအသေပြုပြီးနောက် ငယ်ရွယ်သော ကီသည် ကျမ်းပြုဆရာတစ်ယောက်၏ ဟန်ဖြင့် ကြမ်းပြင်၌ ထိုင်လေသည်။ ထို့နောက်သူက ဘိုးဘိုးကြီးအား –

"ဘာကင်ခွန်းစု ... သင့်ကို ကျွန်ုပ်အပြင်မှာတုန်းက ဘာပြောခဲ့သလဲ"

"မင်းသားကို တွေ့ရလိမ့်မယ်၊ ကြမ်းပြင်ပေါ်မှာလဲ သင်မသိဘဲ ကျွန်ုပ်သာ သိတဲ့ လူတစ်ယောက်ဟာ အနားမှာ သံကိုယ်ကျပ် အင်္ကျီတစ်ထည်နဲ့ ခြင်္သေ့ခေါင်းပါတဲ့ ဓားတစ်ချောင်းချထားပြီး ထိုင်နေလိမ့်မယ်လို့ ပြောခဲ့တယ်လေ"

မင်းသား။ ။ "ဒါတွေတော့ မျက်စိနဲ့ မြင်နေလို့ ထားပါဦး။ အာနာရဲ့ ပေချပ်ပေါ်မှာ ဘာတွေ ရေးထားတယ်ဆိုတာ ပြောပြရင်တော့ သာပြီး ထူးဆန်းမှာပဲ"

'ကီ' က ပြုံးလျက် –

"ကျမ်းပြုဆရာ အာနာက သူတီထွင်ထားတဲ့ လက်ရေးတိုနဲ့ ရေးထားလို့ ဖတ်ရတာ မလွယ်လှဘူး။ သို့ပေမယ့် အိမ်တစ်အိမ် ရောင်းတဲ့အတွက် ငွေရယ်၊ အစေခံတစ်ယောက်နဲ့ လားတစ်ကောင်အတွက် သင့်တဲ့ ငွေရယ်၊ ရေးထားတယ်။ 'ဝတ်ရုံအပြာ' ဆိုတဲ့ စာလုံးနဲ့ ဖျက်ရာတစ်ခုလဲ ရှိသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒီအတိုင်း မှန်ရဲ့လား ... အာနာ"

အံ့သြစွာဖြင့် –

"မှန်ပါတယ် ... အရှင်"

'ကီ'သည် ကျွန်ုပ်အား လှမ်းကြည့်လျက် –

"တခြားဘာတွေ ရေးထား သလဲဆိုတာ ပြောစေချင်သေးလား။ ဥပမာ မြတ်တဲ့ သူတစ်ယောက်က ပြောလိုက်တဲ့ အရေးကြီးတဲ့ ဝါဒ ပြီးတော့ ဘုရားလက်ဖြူခွက်တစ်ခွက်ကို ခွဲစဉ်က ပြောတဲ့စကားတွေ စသည်ဖြင့် ဒါထက် ဒီခွက်ကွဲ တစ်ခြမ်းကို သိမ်းထားတဲ့ ကျမ်းပြုဆရာရဲ့ အခန်းထဲမှ အံ့ဝှက်ကဖြင့် အင်မတန် ကောင်းတဲ့ နေရာပဲ။ ကျန်တဲ့ တစ်ခြမ်းက ဒီအနီးအနား လက်လှမ်းမီမှာ ရှိတန်ကောင်းပါရဲ့"

ကျွန်ုပ်လည်း ပါးစပ်အဟောင်းသားဖြင့် အံ့သြငေးမောလျက်ရှိစဉ် မင်းသားက –

"အာနာ ... ကျွန်ုပ်တော့ လူပေါင်းများပြီ ထင်တယ်။ ထိပ်ထားက သင့်ကို ပြောပြမယ့်အကြောင်းကို သင်ကသာ ပြန်မပြောခဲ့ဘူးဆိုရင် ကျွန်ုပ် တစ်ခါမှ သင့်ကို မပြခဲ့ဖူးတဲ့ ဟိုနံရံက ပျဉ်ချပ် အရှင်ကို သိဖို့ အင်မတန် ခဲယဉ်းတယ်"

'ကီ'သည် မျက်နှာစပ်ဖြဲဖြဲနှင့် ရှိနေရာ ကျွန်ုပ်က မင်းသားအား –

"အရှင် ... ကျွန်ုပ်ရဲ့ နှုတ်ဖျားက စကားတစ်ခွန်းမျှ မထွက်ကြောင်း ရဲရဲကြီး ကျိန်ဆို ..."

စကားမဆုံးမီ ကြားဖြတ်၍ –

"ကျွန်ုပ်သိပါတယ် အဆွေတော်။ ဒါပေမယ့် အပြောကို မစောင့်ဘဲ စိတ်ကူးကို ကြိုတင်ပြီး သိနေတဲ့ လူတချို့ ရှိနေတယ်။ ကိုင်း ... မော်ဆရာကြီး ပြောစရာရှိတာသာ ပြောပေတော့"

"ဒီလိုပါအရှင် ... အရှင်ဟာ 'ရဟူဒီ' တွေရှိရာကို အခု ခရီးထွက်ရမယ် မဟုတ်ပါလား။ ဒီတော့ ဘာကင်ခွန်းစုနဲ့ ကျွန်ုပ်ရယ်၊ အနာဂတ်ကို ဖတ်နိုင်တဲ့ အခြား ၂ ယောက်ရယ်က အရှင်သွားမယ့် ခရီးနဲ့ ပတ်သက်ပြီး ကျွန်ုပ်တို့ သိမြင်သလောက် အရှင့်ကို အသိပေးဖို့ ဝတ္တရားရှိတယ်လို့ ထင်မိတယ်"

"ဆက်ပြောပါလေ"

"အရှင်ရဲ့ အသက်ဘေးကို စိုးရိမ်စရာ ရှိပါတယ်။ ဒီဟာတင် မဟုတ်ပါ အရှင်။ ဒီခရီးမှာ အရှင်ချစ်မြတ်နိုးလာမယ့် မိန်းမတစ်ယောက်ကို တွေ့ပြီး သူက ပျော်ရွှင်မှုကို ယူလာသလောက် ဝမ်းနည်းပူဆွေးမှုကိုလဲ ဆောင်ကြဉ်းလာလိမ့်မယ်လို့ ကျွန်ုပ်တို့ ထင်ပါတယ်"

"ဒီလိုသာဖြင့် ဒီခရီးဟာ သိပ်သွားထိုက်နေပြီပေါ့ ကီရဲ့။ ဘာကြောင့်





လဲဆိုတော့ လူတွေဟာ သူတို့ချစ်တဲ့ လူတွေဖို့ အင်မတန် ဝေးကွာတဲ့ ခရီးကို သွားတတ်ကြတာပဲကို။ ကဲ ... ပြောစမ်းပါဦး၊ ဒီမိန်းမကို ကျွန်ုပ် တွေ့ဖူးသလား"

"ခဏ ခဏ တွေ့ဖူးပါတယ်။ အရှင် အရှင့်ဘေးက လူကိုရော၊ သူ့ကိုရော နှစ်ပေါင်းထောင်သောင်းကတည်းက သိလာခဲ့ဖူးပါတယ်"

များစွာ စိတ်ဝင်စားလျက် –

"ဘာကိုဆိုလိုတာလဲ၊ မော်ဆရာကြီးရဲ့ ကျွန်ုပ်ဟာ အခုမှ အသက်ငယ်ငယ်ရှိသေးတာပဲ"

"အရှင့်မှာ ဘွဲ့တွေ အများကြီးရှိတဲ့အနက် 'ပြန်လည်ဖွားမြင်ခြင်းများ၏ အရှင်' လို့ ဘွဲ့ပေးထားတာ ဒီဟာပါပဲ။ ဘိုးတော်ကြီး ဘာကင်ခွန်းစုကတော့ တစ်သက် တစ်ဘဝထဲနေပြီး ပျောက်ကွယ်သွားကြတာ မဟုတ်ဘူးတဲ့။ ဘဝအမျိုးမျိုးမှာ ပုံသဏ္ဍာန်အမျိုးမျိုးနဲ့ နေကြရတယ်ကဲ့။ တစ်ဘဝနဲ့ တစ်ဘဝ ကြားမှာ မှောင်မည်းတဲ့ နံရံကြီးတစ်ခုဆီခြားနေတယ်လို့ ဆိုပါတယ်"

"ဒါဖြင့် ကျွန်ုပ်တို့ဟာ အမြဲတမ်းအသက်ရှင်သလို ဖြစ်နေတာပေါ့"

"မှန်ပါတယ်အရှင် ရှေးတုန်းက ဘုရားတွေတစ်ထောင်လောက် ရှိတယ်လို့ ယူဆခဲ့ကြပါတယ်။ နောက်ပြီးတော့ ဘုရားဆိုတာလဲ တစ်ဆူတည်း ရှိတယ်လို့ ယူဆကြတယ်"

"ကျွန်ုပ်သွားလည်ရမယ့် ရဟူဒီတွေလဲ ဒီအတိုင်း အယူရှိကြတယ်။ သူတို့ ဘုရားကို သင်ဘယ်လိုသဘောရသလဲ ကီ"

"ကျွန်ုပ်တို့ ဘုရားနဲ့အတူတူပါပဲအရှင်။ လူတွေဟာ ဘုရားကို မျက်နှာအမျိုးမျိုးနဲ့ မြင်နေကြပြီး ကိုယ့်ဘုရားမှ မှန်တယ်လို့ တစ်ယူသန်ဖြစ်နေကြတယ်။ ဒါဟာ အားလုံးမှားလဲမှား၊ မှန်လဲမှန်တာပဲ"

"အဲလေ ... ဒါထက် ကျွန်ုပ်ကို ပြောတာဟာ ဘေးအန္တရာယ် နှစ်ခုနော်၊ တစ်ခုက ကိုယ့်အတွက်၊ တစ်ခုက ကျွန်ုပ်ရဲ့ အသည်းနှလုံးအတွက် ဒီပြင် သင့်ပညာနဲ့ မြင်တာကော ရှိသေးသလား"

"ရှိပါသေးတယ် အရှင်။ တတိယအချက်ကတော့ ဒီခရီးရဲ့ အဆုံးမှာ အရှင်ရဲ့ ထီးနန်းကို ဆုံးရှုံးရပါလိမ့်မယ်"

"ကျွန်ုပ် သေဆုံးရင်တော့ ထီးနန်းကို ဆုံးရှုံးရမှာ အမှန်ပဲပေါ့"

"မဟုတ်ပါအရှင်၊ အသက်ရှင်လျက်နဲ့ ဖြစ်ရပါလိမ့်မယ်"

"ဒီအတိုင်းဆိုရင်လဲ ကျွန်ုပ်ကတော့ ဆင်းရဲတဲ့ ဘာဝကို ခံနိုင်ရည် ရှိပါတယ်။ ထိပ်ထားကသာ ဘယ်လိုနေမယ် မသိတာပါ။ သင်ပြောတာက ကျွန်ုပ်သာ ဒီခရီးကို ထွက်ခဲ့ရင် ကျွန်ုပ်နေရာမှာ တခြား လူတစ်ယောက်က ဘုရင်ဖြစ်မယ်ပေါ့"

www.burmeseclassic.com

www.burmeseclassic.com

# ၆

"ကျွန်ုပ်တို့ရဲ့ ပညာစွမ်းကတော့ ကပ်အမျိုးမျိုးတွေ ဆိုက်ရောက်နေတဲ့ အချိန်၊ အရှင်ရဲ့ နေရာမှာ အခြားလူတစ်ယောက် ဝင်ရောက်လိမ့်မယ်ဆိုတဲ့ အကြောင်းကို ပြသတာ အမှန်ပါပဲ။ ဒါပေမယ့် နောက်တစ်ခါ ကျွန်ုပ်တို့ ထပ်မံကြည့်ရှုတဲ့အခါမှာ အရှင့်ရဲ့ နေရာမှာ အရှင်ကိုယ်တိုင် ထပ်မံရောက်ရှိနေတာကို တွေ့မြင်ကြရပါတယ်"

ထိုအခါ ကျွန်ုပ်သည် ဖာရိုး၏နန်းတော်တွင်း၌ ကျွန်ုပ်တွေမြင်ခဲ့ရ သော အရိပ်အယောင်များကို ပြန်လည် သတိရလိုက်မိလေသည်။

"ဒါပေမယ့် ကျွန်ုပ်ကတော့ သရဖူကို တစ်ခါချွတ်ထားခဲ့မိရင် နောက်တစ်ခါ ပြန်ပြီး ဆင်မြန်းချင်လိမ့်မယ် မထင်မိဘူး။ ဒါနဲ့ ဒါတွေကို သင်တို့က မှန်တယ်လို့ ယုံကြည်ကြသလား"

"ကျွန်ုပ်တို့ကတော့ အမှန်ဖြစ်လိမ့်မယ်လို့ ယုံကြည်ပါတယ်အရှင်"

"ဒီလိုဆိုရင် ဖြစ်မယ့်ကိစ္စဟာ ဖြစ်မှာပဲပေါ့၊ ကျွန်ုပ်ကို သတိပေးနေလို့ ဘာအကျိုးရှိသလဲ၊ လောကကြီးမှာ အမှန်ဆိုတာ နှစ်ခုမရှိနိုင်ဘူး။ ကျွန်ုပ်မသွားလို့ ဒီအန္တရာယ်တွေကို မတွေ့ရင် ဒီအမှန်ဆိုတာဟာ အမှားသက်သက် ဖြစ်မလာပေဘူးလား။ ဒီမှာ ကီနဲ့ ဘာကင်ခွန်းစုတို့ သင်တို့ဟာ တစ်ကယ့်ပညာရှင် မှော်ဆရာကြီးတွေ ဖြစ်ပေမယ့် သင်တို့ထက် တန်ခိုးကြီးတဲ့ ဒီကမ္ဘာကြီးကို အုပ်စိုးနေတဲ့သူတွေ ရှိသေးတယ်။ နို့ပေမယ့် ဖာရိုးအမိန့်နဲ့ နက်ဖြန် ကျွန်ုပ်တော့ ဂိုရှန်ကို





သွားရပေလိမ့်မယ်။ ပြန်လာတဲ့အခါကျမှ ဒီအကြောင်းတွေ ပြောကြသေးတာပေါ့။ ပြန်မလာရင်လဲ တစ်နေရာရောက်မှ ပြောကြရုံပေါ့"

မင်းသား ဆက်တီနှင့်တကွ ခြွေရံသင်းပင်းသည် သဲကန္တာရ တောင်တန်းများ အစွန်းတစ်ဘက်တွင် ရှိသော ဂိုရှန်မြို့သို့ နောက်ဆုံး ရောက်ရှိလာကြလေသည်။ ထိုအရပ်၌ နေရာတိုင်းလိုလို၌ပင် တူးမြောင်းများ ဖောက်လုပ်ထားလျက် ကောက်ပဲသီးနှံများကို စိုက်ပျိုးထားကြ၍ စိမ်းလန်းသော အခြား မြက်ခင်းပြင်များပေါ်တွင် သိုးများအုပ်လိုက် အစာ စားလျက် ရှိကြ၏။ ဂိုရှန်မြို့ဟူ၍သာ ခေါ်ဆိုရသော်လည်း ရွှံ့များဖြင့် ဆောက်လုပ်ထားသည့် တဲများဖြင့် ပြည့်နှက်လျက်ရှိသည့်ဆင်းရဲသော ဒေသတစ်ခု ဖြစ်နေလေသည်။ ထိုတဲအိမ်များ၏ အလယ်တွင် ရွှံ့ဖြင့် ဆောက်လုပ်ထားသော ရဟူဒီ ဘုရားကျောင်း ရှိလေသည်။

ကျွန်ုပ်တို့သည် မြို့ပြင်၌ စခန်းချလျက်ရှိကြရာ မြို့သူမြို့သားများသည် ကျွန်ုပ်တို့ တဲစခန်းသို့ လာရောက်ကာ ဝိုင်းဝန်းကြည့်ရှုကြကုန်၏။ ယောကျ်ားများသည် ကြောက်မက်ဖွယ်ကောင်းသော မျက်လုံးများရှိ၍ နှာခေါင်းများကောက်ကြသလောက် မိန်းမများက အချိုးအစားကျနပြေပြစ်၍ လှပ ချောမောကြသည်။ အားလုံးပင် ကြမ်းတမ်းသော ဝတ်ရုံ ညိုမှိုင်းမှိုင်းကြီးများကို ဝတ်ဆင်ထားကြလျက် မိန်းမများကမူ ထိုဝတ်ရုံကြီးများအောက်မှ ချည်ထည် အဖြူများကို ဝတ်ထားကြသည်။

၎င်းတို့သည် ကျွန်ုပ်တို့အား ရွံရှာမုန်းတီးသော မျက်လုံးများဖြင့် ကြည့်ကာ 'ရုပ်ထုကိုးကွယ်သူများ' ဟူ၍လည်းကောင်း၊ မကြားတစ်ကြား ပြောဆိုသွားကြ၏။ ထိုမျှသာမက နွားသိုကြီးတစ်ကောင်ကို သတ်၍ ကျွန်ုပ်တို့၏ တဲစခန်းဝ၌ ပစ်ထားသည်ကို နံနက်လင်းသောအခါ ကျွန်ုပ်တို့ တွေ့ရ၏။ မင်းသားကား သည်းခံ၍နေ၏။ သို့သော် ထိုထက်ပိုမိုဆိုးရွားသောအကြောင်းတစ်ခု ဖြစ်ပေါ်လာသည်မှာ အရက်မူးနေသော ကျွန်ုပ်တို့ စစ်သားတစ်ယောက်သည် တူးမြောင်းသို့ တစ်ကိုယ်တည်းရေခပ်လာသော ရဟူဒီမကလေးတစ်ယောက်အား မတူတရူလုပ်လိုက်မိခြင်း ဖြစ်လေသည်။ ထိုသတင်းသည် တောမီးကဲ့သို့ ပျံ့နှံ့သွား၍ များစွာသော လူများသည် တဲစခန်းသို့ လာရောက် ဝိုင်းရံကာ ထိုအပြုအမူအတွက် ပြန်လှန်လက်စားချေရမှ ကျေနပ်မည် ဖြစ်ကြောင်းနှင့် ဆူညံစွာ ဟစ်အော်တောင်းဆိုလျက်ရှိကြလေသည်။

မင်းသားသည် မိန်းကလေးနှင့်တကွ မောင်ဖွား တော်စပ်[illegible] တစ်ယောက်ကိုပါ ရှေ့တော်သို့ ဝင်ရောက်စေ၍ စော်ကားသူအား ညွှန်ပြစေရာ မျက်နှာတွင် ကုတ်ခြစ်ရာများရှိနေသော စစ်သားတစ်ယောက်အား ရွေးချယ် ညွှန်ပြ[illegible] ထိုသူမှာ 'ကောင့်အာမင်မီ'၏ ကိုယ်ရံတော် တပ်သားတစ်ယောက် ဖြစ်[illegible]ထိုသူ



www.burmeseclassic.com

www.burmeseclassic.com



ကား ထိုအပြုအမူကို ငြင်းကွယ်သော်လည်း မိန်းကလေးအား တူးမြောင်းအနီး လရောင်ထဲ၌ တွေ့ရသဖြင့် ပြောင်လှောင်မိကြောင်းကိုမူ ဝန်ခံလေသည်။

မိန်းကလေးမောင်ဖြစ်သူက မိန်းကလေးမှာ မြင့်မြတ်သော အမျိုးအနွယ်မှ ဆင်းသက်လာသူဖြစ်၍ ထိုစစ်သည်အား သေဒဏ်ပေးထိုက်ကြောင်း လျှောက်ထားသည်ကို ဆက်တီက ထိုပြစ်မှုကလေးမှာ သေဒဏ်ပေးလောက်သော ပြစ်မှုမဟုတ်ကြောင်းဖြင့် ငြင်းပယ်ပြီးလျှင် တရားခံအား ပရိသတ်အလည်၌ ကြိမ်ဒဏ်ပေးရန် အမိန့်ချမှတ်၏။

ထိုအခါ အာမင်မီသည် နေရာမှ ခုန်ထပြီးနောက် ညဉ့်အချိန်မတော်တွင် တစ်ယောက်တည်း လမ်းသလားသော ရဟူဒီ မိန်းမပေါ့ အချို့အတွက် သူ၏မည်သည့် စစ်သားကိုမျှ လက်ဖျားနှင့်အထိ မခံနိုင်ကြောင်း။ အကယ်၍ ထိုစစ်သားအားသည် ယင်း အဖြစ်အပျက်များကို ဖာရိုးထံ အစီရင်ခံရန် တပ်စခန်းမှ ချက်ခြင်းထွက်ခွာသွားမည်ဖြစ်ကြောင်းနှင့် ကန့်ကွက် ပြောဆိုလေ၏။

ဤသို့ဖြင့် မင်းသားသည် မှူးမတ်များနှင့် တိုင်ပင်၍ ထိုအမှုကို စစ်ဆေးရန် တစ်လမျှ ရွှေ့ဆိုင်းလိုက်ရရာ အမှု၏ နိဂုံးချုပ်မှာ ထိုညဉ့်ပင် အဆိုပါ စစ်သားအား ဒဏ်ရာအမြောက်အများနှင့် သေဆုံးနေသည်ကို တွေ့ရခြင်း ဖြစ်လေသည်။ နောက်တစ်နေ့ နံနက်၌ စုံစမ်းခြင်းကိစ္စကို စတင်ပြုလုပ်လေရာ မင်းသား ဆက်တီနှင့် ကောင့်အာမင်မီတို့သည် မှူးမတ်များခြံရံကာ သူတို့နေရာ အသီးသီးတွင် ထိုင်လျက်ရှိကြရာ ကျွန်ုပ်မှာ အခြားကျမ်းပြု ဆရာများနှင့် ရောနှောကာ ခြေရင်းတွင် ထိုင်လျက်ရှိ၏။ ထို့နောက် အမှုအခင်းများကို သူ့ထက်ငါ ဝိုင်းအုံပြောဆိုလျက် ရှိကြလေ၏။

ဒုတိယနေ့သို့ ရောက်သောအခါ မင်းသားသည် ပရိသတ်များ၏ အသံများနှင့် အငွေ့အသက်များကို ညည်းငွေ့လာသဖြင့် စုံစမ်းရေးကိစ္စကို နောက်တစ်နေ့တွင်မှ ဆက်လက်ကြားနာရန် ရွှေ့ဆိုင်းလိုက်ပြီးလျှင် သူစီးနေကျ မဟုတ်သော ရထားတစ်စီးကို ပြင်ဆင်စေ၍ ကျွန်ုပ်အားလည်း သူနှင့်အတူ လိုက်ပါရန် အမိန့်ပေးပြီးနောက် ရဟူဒီများ အလုပ်ကြမ်း လုပ်နေသည်ကို သူကိုယ်တိုင် ကြည့်လိုကြောင်း ပြောဆိုကာ ကျွန်ုပ်တို့လည်း ရထားမောင်းသမားမှတစ်ပါး အစောင့်အရှောက်မပါဘဲ ထွက်ခဲ့ကြလေ၏။

ကျွန်ုပ်တို့သည် ရဟူဒီလူငယ်တစ်ယောက်အား မြင်းများရှေ့မှ လမ်းပြအဖြစ်ဖြင့် ပြေးစေပြီးလျှင် အုတ်များ လုပ်ကိုင်နေသော တူးမြောင်းတစ်ခု၏ ဘေးသို့ ရထားကို မောင်းနှင်သွားကြ၏။ တူးမြောင်းထဲ၌နေဖြင့် ကျက်ရသော အုတ်များကို ဖာရိုး၏ လုပ်ငန်းများ၌ သုံးရန်လှေများဖြင့် တင်ဆောင်လျက် ရှိကြ၏။ ထောင်ပေါင်းများစွာသော ရဟူဒီတို့အား အီဂျစ်အုပ်ချုပ်ရေးမှူးများ ကြီးကြပ်ကာ





အုတ်လုပ်ငန်းကြီးတွင် ခိုင်းစေလျက်ရှိ၏။ လူများဝိုင်းအုံလျက် ဟစ်အော်သံများကြားရသော နေရာတစ်ခုသို့ ရောက်သောအခါ မြေပေါ်တွင် လဲနေသော သူငယ်တစ်ယောက်အား အစောင့်တစ်ယောက်က သားရေကြာပွတ်ဖြင့် ရက်စက်စွာ ရိုက်နှက်နေသည်ကို တွေ့ရလေသည်။ မင်းသား အမိန့်ဖြင့် ကျွန်ုပ်က အကျိုးအကြောင်း သွားရောက်မေးမြန်းရာ သူငယ်မှာ သူ့အား ချထားသည့် အလုပ်တစ်ဝက်မျှသာပြီးသဖြင့် ရိုက်နှက်ကြောင်း ကျွန်ုပ်အား ရိုင်းပြစွာ ပြန်ပြော၏။ မင်းသားကမူ ထိုသူငယ်အား လွှတ်လိုက်ရန် ညင်သာစွာ အမိန့်ပေးလိုက်သည်။

အုပ်ချုပ်သူ။ ။ "ကျွန်ုပ်အမိန့်တွေ ဘာတွေပေးရအောင် သင်က ဘယ်သူမို့လဲ"

မင်းသားက ကျွန်ုပ်အား "အာနာ ပြောပြလိုက်စမ်းပါ" ဟု ပြောသဖြင့် ကျွန်ုပ်က "ဟဲ့ ... ခွေးကောင် သင်ပြောနေတဲ့လူဟာ ဘယ်သူလဲ သိလား"

"သိလဲ မသိဘူး၊ ဂရုလဲ မစိုက်ဘူး"

ထိုအခါ မင်းသားသည် အရပ်သားများ ဝတ်ဆင်သော ဝတ်လုံကြီးကို ကြွေဆေးဖြင့် ရေးထားသော ရင်ဘတ်မှ ရွှေပြားကြီးပေါ်လာလေသည်။ ထိုအခါ ဝိုင်းအုံကြည့်ရှုနေကြသူများထဲမှ ဉာဏ်ရှိပုံရသူ တစ်ယောက်က

"အလို ဘုရားရှေ့ အီဂျစ်ပြည်ရဲ့ အိမ်ရှေ့ကိုယ်တော်ကလေးပါကလား" ဟု ဟစ်အော်လိုက်လေသည်။ ထိုအခါ မင်းသားက မြေပေါ်တွင် လဲကျနေသော သူငယ်အား –

"ဟေ့ ... သူငယ် မင်း ဝေပုံကျအုတ်တွေကို ဘာဖြစ်လို့ မပြီးသလဲဆိုတာ ထပြီး ပြောစမ်းပါဦး"

သူငယ်။ ။ "အကြောင်းနှစ်ခု ရှိပါတယ် အရှင်။ ပထမ အချက်က ကျွန်တော်မျိုးဟာ မသန်မစွမ်းဖြစ်နေလို့ပါ"

သို့ပြောပြီးနောက် သူငယ်သည် အရိုးစုသမျှသိမ်၍နေသော လက်ကလေးများကို ပြလေသည်။

ဆက်လက်၍ – "ဒုတိယအချက်ကတော့ ကျွန်တော်မျိုးရဲ့ မိခင်မုဆိုးမကြီးဟာ မကျန်းမမာ ဖြစ်နေတော့ ကျွန်တော်မျိုး ကောက်ရိုးရှာသွားရတာဟာ အချိန်အများကြီး ကုန်ပါတယ်။ တခြား ပြုစုမယ့်လူလဲ မရှိပါဘူး အရှင်"

ကျွန်ုပ်အား သူငယ်၏ အမည်နေရပ်တို့ကို ရေးမှတ်စေသဖြင့် ကျွန်ုပ်က ရေးမှတ်ရ၏။ ထို့နောက် ဂိုရှန်မှ မထွက်မီ ထိုသူငယ်သားအမိအား ပြည့်စုံအောင် ကြည့်ရှုရန်နှင့် အုပ်ချုပ်ရေးမှူးကိုလည်း နောက်တစ်နေ့မနက်တွင် ရှေ့တော်သို့



www.burmeseclassic.com

www.burmeseclassic.com



လာရောက်ထုချေရန်နှင့် သူငယ်ကိုလည်း အလုပ်ကြမ်း၊ လုပ်ခြင်းမှ တစ်ခါတည်း လွတ်ငြိမ်းခွင့်ပေးကြောင်း ပြောကြားရန် အမိန့်ပေးလေသည်။

ကျွန်ုပ်က အမိန့်ပေးသမျှကို ဆောင်ရွက်လျက်ရှိစဉ် ကြီးကြပ်သူနှင့် အစောင့်များသည် ဦးခေါင်းများကို မြေကြီးနှင့် တိုက်ကာ ၎င်းတို့အား ချမ်းသာခွင့်ပေးရန် တောင်းပန်လျက် ရှိလေ၏။ မင်းသားသည် ထိုသူများအား တစ်ခွန်းတစ်ပါဒမျှ ပြန်မပြောဘဲ သူ၏ မျက်နှာမှာ ခက်ထန်လျက်ရှိကြောင်း ကျွန်ုပ်သတိပြုမိသည်။ ထိုသူများကား ထိုည၌အဖို့ ဆီးရီးယားသို့ ထွက်ပြေးမှသာ အသက်ချမ်းသာရာရတော့မည်ဟု ကျွန်ုပ်တွေးမိသည်။

ရထားရှိသော နေရာသို့ ပြန်ရောက်လာကြပြီးနောက် မင်းသားက ရထားမောင်းသမားအား တူးမြောင်းကို တံတားရှိသော နေရာမှ ဖြတ်ကျော်ရန် အမိန့်ပေးသဖြင့် ကျွန်ုပ်တို့လည်း လယ်ယာများနှင့် သဲကန္တာရအကြားရှိ လမ်းကလေးတစ်လမ်းပေါ်တွင် အတန်ကြာမျှ ဆိတ်ငြိမ်စွာ လိုက်ပါလျက် ရှိလေ၏။ သို့ရှိစဉ် ကျွန်ုပ်က ဝင်လုဆဲ နေလုံးကြီးကို လက်ညှိုးညွှန်ကာ ပြန်ရန် အချိန်မကျသေးပါသလောဟု လျှောက်တင်လိုက်၏။

သား ။ ။ "နေမင်းကြီး ဝင်သွားပေမယ့် ဟောဟိုက လပြည့်ဝန်းကြီးဟာ ကျွန်ုပ်တို့ကို အလင်းရောင်ပေးဖို့ ထွက်လာပါပြီ။ ကျွန်ုပ်တို့နံဘေးမှာ မားလွယ်တွေလဲ ပါတယ်။ ယူဆာတီရဲ့ သံကြပ်အကျီတွေလဲ ရှိသားပဲ။ စိုးရိမ်စရာ မရှိပါဘူး။ အို ... အာနှာ၊ ကျွန်ုပ်ဖြင့် သူတို့ရဲ့ ရက်စက်ကြမ်းကြုတ်မှုတွေ ညည်းငွေ့လွန်းလို့ ဟောဒီ ကန္တာရကျမှ ငြိမ်းချမ်းသာယာတဲ့ အရသာကို ခံစားမိတော့တယ်"

ထို့နောက် မြင်းများလည်း မြင်းကောင်းများ မဟုတ်သောကြောင့် သဲတောင်ကုန်းတစ်ခုသို့ အရောက်တွင် ရပ်တန့်သွားကြလေတော့၏။ 'ဆက်တီ' ကလည်း ရထားမောင်းသမားအား မြင်းများကို ရိုက်မောင်းခွင့်မပြုဘဲ၊ ခေတ္တမျှ အနားပေးရန် အမိန့်ပေးလိုက်၏။ ထို့နောက် ကျွန်ုပ်တို့သည် မြင်းရထားပေါ်မှ ဆင်းသက်သာ ဆက်တီက ကျွန်ုပ်၏ လက်မောင်းကို အားပြုလျက် တောင်ကုန်းထိပ်သို့ တက်လာကြ၏။ တောင်ကုန်းထိပ်သို့ အရောက်တွင် တစ်ဘက်မှ ရှိုက်ငင်လျက် စကားတစ်တွတ်တွတ် ပြောဆိုနေသော နူးညံ့သည့် အသံတစ်ခုကို ကြားလိုက်ရလေသည်။ သို့သော် ချုံတန်းတစ်ခုက ကွယ်နေသဖြင့် လူကိုကား မမြင်ရချေ။

"ပိုပြီး ကြေကွဲစရာကောင်းတဲ့ အဖြစ်မျိုးများလား မသိဘူး။ ကျွန်ုပ်တို့ ကြည့်ကြရအောင်" ဟု 'ဆက်တီ'က လေသံဖြင့် ပြောလေသည်။





သို့နှင့် ကျွန်ုပ်တို့လည်း ချုံပုတ်များထဲသို့ ဝင်ရောက်တိုးဝှေ့၍ ချောင်းမြောင်းကြည့်ရှုရာတွင် သဲကန္တာရ၏ ကြည်လင်သော လရောင်အောက်တွင် အလွန်တစ်ရာ ကြည်နူးဖွယ်ကောင်းသော အခြင်းအရာတစ်ခုကို တွေ့မြင်ကြရ၏။ ကျွန်ုပ်တို့နှင့် ခြေလှမ်း ၅ လှမ်းမျှပင် မကွာသော နေရာ၌ ဝတ်ရုံအဖြူဖြင့် ကိုယ်လုံး ကိုယ်ပေါက်အချိုးအစား ပြေပြစ်သော မိန်းမပျိုတစ်ယောက်သည် ရပ်လျက် ရှိ၏။ မျက်နှာကိုမူကား တစ်ဘက်သို့ လှည့်နေသည့်ပြင် ပခုံးပေါ်သို့ ဝဲကျလျက်ရှိသော မည်းနက်သော ဆံပင်များဟာ ဖုံးအုပ်နေသဖြင့် ကျွန်ုပ်တို့ မမြင်သော ဆံပင်များဟာ ဖုံးအုပ်နေသဖြင့် ကျွန်ုပ်တို့ မမြင်နိုင်ဘဲ ရှိလေသည်။ မိန်းမပျိုသည် ရှိုက်ငင်လျက် ရှိရာမှ –

"အို ... ဘုရားသခင် ... ဤကန္တာရကြီး အလယ်တွင် သားရဲတိရစ္ဆာန်အားမှလည်းကောင်း၊ ထိုထက် ဆိုးဝါးသော လူယောကျ်ားဘေးမှလည်းကောင်း၊ အဖော်မဲ့ ဖြစ်နေသော အရှင့်သမီးတော်အား နေအိမ်သို့ ပြန်ရောက်ရန် ပို့ဆောင်ပေးတော်မူပါလော့။ ကျွန်ုပ်၏ ကြေကွဲသော အသည်းနှလုံးကို ကူညီစောင်မတော်မူပါလော့"

ကျွန်ုပ်တို့သည် ရှေ့တိုးရနိုးနိုး၊ နောက်ဆုတ်ရ နိုးနိုး ဖြစ်နေကြစဉ် မိန်းမပျိုသည် ရုတ်တရက် ဦးခေါင်းကို လှည့်လိုက်သဖြင့် လရောင်သည် သူ၏ မျက်နှာပေါ်သို့ ဖွေးခနဲ ကျဆင်းသွားလေသည်။ မိန်းမပျို၏ မျက်နှာသည် မည်မျှချောမွေ့လေသနည်းဆိုသော် ကျွန်ုပ်မှာ အသက်ရှူမှားမတတ် ရှိ၍ ကျွန်ုပ်နံဘေးမှ မင်းသားမှုကား မျက်တောင်မခတ်ဘဲ ဇိုက်ငေးလျက် ရှိ၏။ သာမာန် ချစ်ခင်ဖွယ်ကောင်းသည်ထက် မိန်းမပျို၏ အတွင်းစိတ် သဏ္ဌာန်သည် ကျောက်ဖြူခွက်တစ်ခုထဲမှ မီးရောင်ကဲ့သို့လည်းကောင်း၊ ကမာခွံထဲမှ ပုလဲတစ်လုံးကဲ့သို့လည်းကောင်း မျက်ရည်များ စိုစွတ်နေသော မျက်နှာကလေးပေါ်တွင် ဖြူစင်တောက်ပလျက်ရှိ၏။ ယင်းသဏ္ဌာန်သည်ကား မိန်းမ၊ ယောကျ်ား မတူ ကိုယ်ခန္ဓာရုပ်လက္ခဏာနှင့် မဆိုင်ဘဲ တစ်ကယ့်အချောအလှပင် ဖြစ်ကြောင်း ကျွန်ုပ်သည် ပထမဆုံးအကြိမ်အဖြစ်ဖြင့် နားလည်လိုက်မိလေသည်။ ထို့ပြင် မျက်ရည်များ စိုရွှဲကာ ကျောက်မျက်ရွဲကြီးများကဲ့သို့ အရည်လက်လျက် ရှိကြသော ပြာလဲ့လဲ့ မျက်လုံးရွဲကြီး နှစ်လုံးကို ကြည့်ရှုမိသည့် အဘယ် ယောကျ်ားသည် မတုန်လှုပ်မချောက်ခြားဘဲ ခံနိုင်ပါမည်နည်း။

ကျွန်ုပ်က လေသံဖြင့် –

"မာရဖီပါလား"

ဆက်တီကလည်း လေသံဖြင့် –



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါရဲ့ လနတ်သားရဲ့ သမီးတော်ကလေးပဲ။ သူ့မျက်နှာကလေး က ငွေစန္ဒာကြီးလို ချစ်စရာ ကောင်းပါပေတယ်"

"ကျွန်ုပ်တို့ ကူညီကြရအောင်"

"နေပါဦး အာနာရဲ့။ ဒီလို မြင်ကွင်းမျိုး သင်ရော၊ ကျွန်ုပ်ရော နောင် မြင်ရဖို့ ခဲယဉ်းလို့ ခဏဆိုင်းပါဦး"

ကျွန်ုပ်တို့ အချင်းချင်းလေသံဖြင့် ပြောသော်လည်း မိန်းမပျိုက ကြား သွားဟန် တူ၏။ ချက်ချင်းလိုပင် သူ့နံဘေးသို့ ကျွန်ုပ်တို့ ရောက်သွားကြရာ သူသည် ကြောက်ရွံ့သော အမူအရာဖြင့် အဝတ်ကြမ်းကြီးများ ဝတ်ထားသော ကျွန်ုပ်တို့ကို ကြည့်ရင်း –

"ကျွန်ုပ်ရဲ့ ကိုယ်ပေါ်မှာ ဟောဒီလက်ဖွဲ့ကလေးကလွဲရင် အဖိုးတန် ဆိုလို့ ဘာပစ္စည်းမှ မရှိပါဘူး အရှင်တို့ရယ်"

မင်းသားက အသံကိုဖျက်၍ –

"သင် ဘယ်သူလဲ။ ဒီမှာ ဘာလုပ်နေ သလဲ"

"ကျိန်စာသင့်တဲ့ အီဂျစ်ဗိုလ်မှူးရဲ့ အသတ်ခံရတဲ့ နာသန်ရဲ့ သမီးမာရဖီ ဖြစ်ပါတယ်"

"အီဂျစ်လူမျိုးတွေကို သင်က ကျိန်စာသင့်တယ်လို့ သင်က ပြောတံ့ သလား ... ဟင်"

"အရှင်တို့ကို အာရပ်တွေ အောက်မေ့လို့ပါ။ ဒါပေမယ့် ဖာရိုးရဲ့ နန်းလျာ ဆက်တီ ကိုယ်တော်ကလေးကတော့ အဲဒီပြစ်မှုအတွက် ခေါင်းဖြတ် အသတ်ခိုင်းလိုက်လို့ ကျိန်စာ သင့်သွားတာပါပဲ"

"ဒါဖြင့် အိမ်ရှေ့ကိုယ်တော်ကလေးကိုကော သင်မမုန်းဘူးလား"

"သူ့ကိုတော့ ကျွန်ုပ်မုန်းဖို့ ကြိုးစားပေမယ့် မုန်းလို့မရပါဘူး။ ပြီး တော့လဲ သူက ကျွန်ုပ်ဖခင်အတွက် လက်စားချေလိုက်တဲ့ သူပဲ"

"ဒီဟာလဲ သဘာဝမကျလှဘူး။ ဒါထက် စုံစမ်းရေးကိစ္စနဲ့ သူဒီကို ရောက်နေတယ် ကြားတယ်။ သင် သွားမတွေ့သေးဘူလား"

"ကျွန်ုပ်လို ရဟူဒီတစ်ယောက်က ဘာကြောင့် အီဂျစ်မင်းသားရဲ့ မျက် နှာကို သွားကြည့်ရမှာလဲ ... အရှင်"

မိန်းမပျို မရိပ်မိစေရန် ကြမ်းတမ်းသော အသံဖြင့် –

"နောင်ကြီးရေ့ ဒီမိန်းကလေး လိမ်ပြောနေတာပဲ ဖြစ်ရမယ်။ ဒါမှ မဟုတ်ရင်လဲ ဂျေဗက်နဲ့ အတူနေတဲ့ လနတ်သားရဲ့ သမီးတော်လို့ ခေါ်ကြတဲ့သူ ရင်လဲ ဖြစ်ရမယ်"

"ဟုတ်တာပေါ့ ညီမောင်၊ သူလိမ်ပြောနေတာနဲ့ပဲ တူတယ်"





မိန်းမတစ်ယောက်အဖို့ ဒီလိုနေတာဟာ အကြောင်းနှစ်ခုပဲ ရှိတယ်။ တစ်ခုက မင်းသားကိုကြောက်လဲကြောက်၊ မုန်းလဲ မုန်းလို့နဲ့ တူတယ်။ ဒါမှ မဟုတ်ရင်လဲ နောက်တစ်ခုက မင်းသားကို သိပ်ပြီး မေတ္တာရှိနေလေတော့ နောက် ထပ် မင်းသားကို သွားပြီး မတွေ့တာ အကောင်းဆုံးပဲလို့ ယူဆနေတာ ဖြစ်မှာပဲ။

မိန်းကလေး၏ မျက်နှာတွင် သွေးရောင်များ လျှမ်းသွားသည်ကို ကျွန်ုပ် မြင်လိုက်ရ၏။

ဗီ ။ ။ "ကျွန်ုပ် အခုအချိန်အရွယ်အထိ ဒီလိုစိတ်မျိုး မထားသေး ပါဘူး"

ကျွန်ုပ် ။ ။ "သူဘယ်လို လိမ်ပြောပြော ချောတာလှတာတော့ ကျွန်ုပ် တို့ ကိုယ်တွေ့ပဲ"

မင်းသား။ ။ "ဟုတ်တယ် နောင်ကြီးရေ သဲကန္တာရဟိုဘက်က ကျွန် ကုန်သည်တွေဆီ သွားပြီး ရောင်းရရင် ဈေးကောင်းကောင်း ရမှာပဲ"

'မာရဖီ'သည် 'ဆက်တီ' ၏ ဝတ်ရုံအနားစကို ကိုင်လျက် –

"အရှင်ဟာ လူဆိုးကြီးတစ်ယောက် မဟုတ်ဘူးဆိုတာ ကျွန်ုပ် ယုံ ကြည်ပါတယ်။ 'ဖာရိုး' အမိန့်နဲ့ ကျွန်ုပ်တို့ဟာ အုတ်ဖုတ်ဖို့ ကောက်ရိုးရှာ ရမယ် ဆိုလို့ ကျွန်ုပ်ထွက်ခဲ့တာ နေဝင်ချိန်မှာ ကျောက်စွန်းတစ်ခုရဲ့ ကျွန်ုပ် ခြေထောက်ကို တိုက်မိလို့ ဒဏ်ရာရခဲ့ပါတယ်။ ကြည့်ပါတော့"

မင်းသား။ ။ "ဒီတော့ သူ့ကို အိမ်ရောက်အောင် ပို့ပေးလို့ရှိရင် ဂျေဗက် ဆီက ဆုငွေ ကောင်းကောင်းရမှာပဲ။ ဒါထက် ဟေသာ အချစ်နတ်သမီးဆီမှာ သင်ဆုတောင်းနေတာဟာ သင်တောင့်တနေတဲ့ ယောကျာ်း တစ်ယောက်များ ရှိနေသလား"

ဒေါသ တကြီးဖြင့် –

"မရှိဘူး"

"ဒါဖြင့် သင်မတောင့်တတဲ့ လူကော ရှိသလား"

မိန်းမပျိုသည် အဖြေမပေးပဲ ဦးခေါင်းကို စိုက်လျက် ရှိလေသည်။

"ဒါဖြင့်လဲ သွားကြပါစို့၊ နောင်ကြီးရယ်။ ဒီက နမက ကျွန်ုပ်တို့ကို ညည်းငွေ့လာပြီနဲ့ တူတယ်"

"သင်တို့ သွားရင်လဲ ဝမ်းသာတာပါပဲ။ ခိုကိုးရာမဲ့ မိန်းမသားတစ် ယောက်ကို ကျွန်အဖြစ် ရောင်းစားဖို့ကြံတဲ့ ယောကျာ်းတွေထက် သဲကန္တာရထဲမှာ ခွေးအတွေကိုက်လို့ အသေခံရတာက ကောင်းပါသေးတယ်။ ဒါနဲ့ နောက်ကို သင်တို့နဲ့ မတွေ့မယ့်အတူတူ ပြောလိုက်ရဦးမယ်။ လူတစ်ယောက်ကို ရှောင်ကွင်း နိုင်ဖို့ ကျွန်ုပ်တို့ ဆုတောင်းနေတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



မင်းသားက သူ၏ ဝတ်လုံအမည်းကြီးကို နောက်သို့ ခွာချလိုက်ရင်း ရယ်မောလျက် –

"ကိုင်း ... အာနာ ... လေဒီမာရဖီက ရှောင်ကွင်းချင်တယ်ဆိုတဲ့ လူရဲ့ နာမည်ကို သင်တွေ့ပြီလား၊ ကျွန်ုပ်တော့ မပြောရဲဘူး"

မာရဖီသည် အံ့သြခြင်း ကြောက်ရွံ့ခြင်းတို့ဖြင့် အနည်းငယ် အသံထွက်သွားလေသည်။

"အလို ... ဒါကြောင့် ဒီအသံ ကျွန်ုပ်ကြားဖူးတယ် ထင်မိကာကို အရှင်မင်းသား။ အဖော်မဲ့ပြီး ကြောက်ရွံ့နေတဲ့ မိန်းမသားတစ်ယောက်ကို အခုလို ပြုမူခြင်းဟာ ရယ်စရာတစ်မျိုးလို့ ထင်နေပါသလား"

"ဒီလောက်လဲ ဒေါသမကြီးပါနဲ့။ လေဒီမာရဖီ ... ကိုင်းပါလေ၊ သင့်အနာသာ ပြုစုစည်းနှောင်ပေးဖို့ ကျွန်ုပ်ကို ခွင့်ပြုပါ"

ဆက်တီသည် ပြောပြောဆိုဆိုနှင့် သူ၏ ဝတ်လုံကြီးမှ အစတစ်စကို အရှည်လိုက် ဆုတ်လိုက်ပြီးလျှင် မိန်းမပျို၏ ခြေထောက်မှ ဒဏ်ရာကို ကျင်လည်စွာ စည်းနှောင်ပေးလေသည်။ စည်းနှောင်ပြီးသောအခါ နန်းစဉ် ပိတုန်းရုပ်ပါသည့် ရွှေရင်ထိုး တစ်ချောင်းဖြင့် မြဲမြံစွာ ချိတ်၍ပေး၏။ သူတို့ မျက်လုံးချင်း တွေ့ဆုံကြရာ၌ မာရဖီ၏ မျက်နှာမှာ သွေးရောင်လျှမ်း၍ သွားပြန်သည်။ သို့နှင့် ထွက်လာခဲ့ကြရာ ကျွန်ုပ်က ကောက်ရိုးစည်းကို ယူ၍ နောက်မှ လိုက်ခဲ့ရ၏။ ရထားရှိရာသို့ရောက်သောအခါ ရထားသမားနှင့် လမ်းပြကိုနှိုးပြီးလျှင် မင်းသားက မိန်းမပျိုအား သူ၏ ဝတ်လုံပေါ်တွင် ထိုင်စေ၍ ကျွန်ုပ်ထံမှ ဝတ်လုံကိုရစ်ပတ်၍ ပေးလေသည်။ ကျွန်ုပ်က ကောက်ရိုး စည်းကြီးကို ထမ်းကာ ရထားနောက်မှ လိုက်သွားရ၏။

တူးမြောင်းကို ကျော်မိသောအခါ သူငယ်တစ်ယောက် ကျွန်ုပ်တို့ ရှိရာသို့ ပြေးလာသည်ကို လရောင်၌ မြင်ရ၏။ ထိုသူမှာ ရဟူဒီ လူငယ်တစ်ယောက်ဖြစ်၍ အတော်ပင် ရုပ်ရည်ချောမောလေသည်။ သို့သော် နှာယောင် ကောက်၍ ကြောက်မက်ဖွယ်ကောင်းသော မျက်လုံးများရှိ၏။ သူသည် လက်ထဲတွင် တုတ်ကြီးတစ်ချောင်း ထိုးထားသည်။ ကျွန်ုပ်အနီးသို့ ရောက်သောအခါ ခရီးသွားများသည် ပျောက်ဆုံးနေသော ရဟူဒီ မိန်းမပျိုတစ်ယောက်ကို တွေ့မြင်မိပါသလောဟု ရဟူဒီဘာသာဖြင့် မေးလေသည်။ ထိုအခါ ရထားထဲမှ မာရဖီက "သင် ကျွန်ုပ်ကို ရှာတယ်ဆိုရင်တော့ ကျွန်ုပ် ဒီမှာရှိတယ် လာဗန်"ဟု လှမ်း၍ အော်လိုက်၏။

ထို့နောက် သူတို့ချင်း ရဟူဒီဘာသာဖြင့် အတန်ကြာ အပြန်အလှန် ပြောကြပြီးနောက် မာရဖီက မင်းသားဘက်သို့ လှည့်၍–





"အရှင် ဟောဒီက ကျွန်ုပ်ရဲ့ခင်ပွန်းလောင်း လာဗန်က ကျွန်ုပ်ကို ရထားပေါ်က ဆင်းပြီး သူနဲ့ ကြိုးစားလိုက်ခဲ့ဖို့ အမိန့်ပေးနေတယ်"

"ကျွန်ုပ်က သင့်ကို ဒီအထဲမှာ နေဖို့ အမိန့်ပေးတယ်"

ထိုအခါ လာဗန်သည် ဒေါသထွက်လာသဖြင့် မင်းသားကို နံဘေးသို့ တွန်းဖယ်ကာ မာရဖီကို ဆွဲယူမည်ပြုရာ ကျွန်ုပ်လည်း ဓားရှည်ကို ဆွဲထုတ်လိုက်ပြီးနောက် "ဟဲ့ ... ကျွန်ယုတ်၊ သင်က အင်္ဂလိပ်မင်းသားရဲ့ကိုယ်ကို ထိပါးမယ်ကြံသလားဟင်"ဟုအော်ဟစ်လိုက်၏။ 'အင်္ဂလိပ်မင်းသား'ဟူသော အသံကို ကြားသည့် သူသည် အံ့သြဟန်ဖြင့် နောက်သို့ ဆုတ်သွား၏။

"အင်္ဂလိပ်မင်းသားက ကျွန်ုပ်ရဲ့ ဇနီးလောင်းနဲ့ ဒီမှာ ဘာလုပ်နေတာလဲ"

ထိုအခါ ကျွန်ုပ်က ဝင်၍ အကျိုးအကြောင်းနှင့် ရှင်းလင်းပြရာ မာရဖီက "ဟုတ်ပါတယ် လာဗန်ရယ်၊ ဟိုလူ တစ်လမ်းလုံး သယ်လာခဲ့ရတဲ့ ကောက်ရိုးစည်းကြီးသာ သင်ယူပြီး အေးအေး လိုက်ခဲ့စမ်းပါ"ဟု ပြောလိုက်သောအခါမှ လာဗန်ဆိုသူလည်း ကျွန်ုပ်ထံမှ ကောက်ရိုးစည်းကို ဆောင့်ကြီး အောင့်ကြီး ယူကာ တစ်လမ်းလုံး တဗျစ်တောက်တောက် ပြောရင်း ကျွန်ုပ်နှင့်အတူ လိုက်ပါလာခဲ့လေ၏။

"ဟုတ်ပါတယ်၊ ကျွန်ုပ်ရဲ့ ဇနီးဘောင်းဟာ ဒီမင်းသားနဲ့တွေ့ပြီးကတည်းက တစ်မျိုးတစ်ဖုံကို ပြောင်းလဲနေတယ်။ လက်ထပ်ဖို့ ပြောပြန်တော့လဲ ဖခင်ကြီးအတွက် ပူဆွေးနေတဲ့အချိန်မို့ မဖြစ်နိုင်သေးဘူးတဲ့"

ကျွန်ုပ် ။ ။ "တခြား ချစ်တဲ့လူတစ်ယောက် ရှိသလားမှမသိဘဲ။ ရုပ်ကလဲ သိပ်လှတော့ အမြင့်ကို မှန်းချင်မှန်းမှာပေါ့"

"အင်္ဂလိပ်မင်းသားဖြစ်ဖြစ်၊ ဖာရိုးကိုယ်တိုင်ဖြစ်ဖြစ် ကျွန်ုပ်ထက် မြင့်တဲ့လူကို သူရှာနိုင်ဦးမလား"

"သင်က ဘာမို့လဲ"

"ရဟူဒီ အရှင်သခင်တစ်ယောက်ဟာ ရုပ်ထုကို ကိုးကွယ်တဲ့ သင်တို့လူမျိုးတစ်ယောက်ထက် မမြင့်မြတ်ဘူးလား"

ယင်းကဲ့သို့ မိုက်ရိုင်းစွာ ပြောဆိုခြင်းများကြောင့် ကျွန်ုပ်မှာ ဒေါသထွက်လာလျက် –

"ဟေ့လူ ဒီမှာကြည့်စမ်း၊ ကျွန်ုပ်ဟာ လက်ရုံးရည်သမားတစ်ယောက် မဟုတ်ဘူး၊ ကျမ်းပြုဆရာ တစ်ယောက်ပဲ။ နို့ပေမယ့် ရဟူဒီ အရှင်သခင်တစ်ပါးက အင်္ဂလိပ်ကျမ်းပြုဆရာထက် သာ မသာ သိရအောင် အခု ဓားစ်ပွဲတစ်လမ်း စမ်းကြစို့လား"



www.burmeseclassic.com

www.burmeseclassic.com



"သင့်ရဲ့ အရှင်သခင်ဟာ လနတ်သား၊ သမီးတော်နဲ့ ပြုံးပြုံးရွှင်ရွှင် စကားပြောခွင့်ရအောင် သင်က ဉာဏ်ဆင်တာလားမှ မသိပဲ။ အခုတော့ သင့်ရဲ့ ဖိတ်ခေါ်ချက်ကို လက်မခံနိုင်သေးဘူး။ နောင်တော့ အချိန်မရွေးတွေ့ဖို့ အသင့်ပဲ"

သို့ပြောဆိုလျက်ရှိစဉ် အာမင်မီ ခေါင်းဆောင်သော မြင်းစီးသမား တစ်စုပေါ်လာပြီးလျှင် ရထားပေါ်မှ မင်းသားကိုမြင်သောအခါ အရိုအသေပြုကြလေသည်။ အာမင်မီ သည် မြင်းပေါ်မှ ခုန်ဆင်းလိုက်ပြီးနောက် –

"အရှင်များ တစ်ခုခုဖြစ်နေမလားလို့ စိုးရိမ်ပြီး ကျွန်ုပ်တို့ ရှာဖွေရအောင် ထွက်လာကြပါတယ်"

"ကျေးဇူးတင်ပါတယ် နောင်တော်။ ဟောဒီက နမလေး ခြေထောက်မှာ ဒဏ်ရာရလို့ ကျွန်ုပ်ရထားနဲ့ တင်ခေါ်လာခဲ့ပါတယ်"

"အရှင်ကတော့ ဒုက္ခသည်တွေကို အမြဲကြင်နာတတ်တာပဲ။ အရှင့်အစား ဒီတာဝန်ကို ကျွန်ုပ်ထမ်းဆောင်ပါရစေ။ သူ့ကို မြင်းတစ်ကောင်ပေါ် ပြောင်းပြီး တင်လိုက်ပါရစေ"

မင်းသားကမူ "ဆက်မောင်းကြ" ဟု အမိန့်ပေးလိုက်သည်။ မြို့သို့ ရောက်၍ မာရဖီ ညွှန်ပြသည့်အတိုင်း မြင်းရထားသည် သူ့ဦးလေး တော်စပ်သူ ဂျေဗက် အိမ်ရှေ့၌ ရပ်လေ၏။ မုတ်ဆိတ်ဖြူနှင့် ဉာဏ်များဟန်တူသော ရဟူဒီ အဘိုးကြီးတစ်ယောက် ထွက်လာပြီးလျှင် သူ့အား အပြစ်မရှိဘဲ အဘယ်ကြောင့် လာရောက် ဖမ်းဆီးကြပါသနည်းဟုမေးရာ လာဗန်က "အီဂျစ်တွေက သင့်ကို ဖမ်းဖို့လာတာ မဟုတ်ဘူး။ သင့်တူမကို ဖမ်းဖို့လာတာ" ဟု ဝင်၍ ပြောလိုက်သဖြင့် စစ်သားများလည်း ဝါးခနဲ ရယ်မောလိုက်ကြလေသည်။ ထိုခဏ၌ပင် မင်းသားသည် မာရဖီအား ကူညီတွဲမ၍ အောက်သို့ ချပေး၏။

ထိုအခြင်းအရာကို မြင်သောအခါ လာဗန်သည် မခံမရပ်နိုင်အောင် ဝန်တိုစိတ်ပေါ်လာသဖြင့် မင်းသားအား တွန်းဖယ်ကာ မာရဖီကို ဆွဲယူလိုက်လေသည်။ ထိုအခါ ဗိုလ်မှူးသည် သူ၏ ဓားပြားနှင့် လာဗန်၏ ဦးခေါင်းကို တအား ရိုက်ချလိုက်သဖြင့် လာဗန်သည် မြေပေါ်သို့ အလျားမှောက်လဲကျလျက် ရှိလေ၏။

ဗိုလ်မှူး ။ ။ "ဒီခွေးကောင်ကို တော်ရာခေါ်သွားပြီး သုတ်သင် လိုက်ကြဟေ့။ အီဂျစ်ပြည်ရဲ့ မဟာသွေးကို စော်ကားစရာတဲ့လား"

ဆက်တီ။ ။ "ကိုင်း ... မိတ်ဆွေတို့ ရှိပါစေတော့။ သူ့ခမျာ အတော်လဲ နာသွားပြီ"

ထိုအခါ လာဗန်လည်း လဲရာမှ ထွက်ပြေးသွားပြီဖြစ်၍ မင်းသားက မာရဖီအား –





"ကဲ ... သွားဦးမယ် မာရဖီ၊ သင်မြန်မြန် ကျန်းမာလာအောင် ဆုတောင်းပါတယ်"

"ကျေးဇူးတင်ပါတယ် အရှင်။ ဒါထက် အရှင်ရဲ့ ရတနာရင်ထိုးကို ပြန်ပေးချင်လို့ ခဏဆိုင်းပါဦး"

"မဟုတ်တာပဲ မာရဖီရယ်၊ သိမ်းသာထားစမ်းပါ။ သင့်မှာ ဒုက္ခတစ်ခုခု တွေ့ရင် ဒီရင်ထိုး ကျွန်ုပ်ဆီ ရောက်အောင်သာပို့လိုက်၊ သင်လိုတဲ့ အကူအညီကို ရမယ်"

မျက်ရည်များကျလျက် –

"အရှင်ပြောတဲ့ ဒုက္ခဟာ တယ်မဝေးလှတော့ပါဘူး။ လာဗန်ဟာ လက်စားချေပါလိမ့်မယ်"

မင်းသား။ ။ "နားထောင်စမ်း ရဟူဒီကြီး။ သင့်တူမကို သူ့သဘောမတူဘဲနဲ့ တစ်စုံတစ်ရာ စိတ်မချမ်းသာအောင် လုပ်ရင် သင် ဒုက္ခတွေ့ပြီ မှတ်ပေတော့ ကြားရဲ့လား"

ကြီး ။ ။ "ကြားပါပြီ အရှင်၊ စိတ်ချတော်မူပါ"

*

ထိုနေ့ညဉ့်အိပ်ရာသို့ မဝင်မီ၊ မင်းသားက ကျွန်ုပ်အား –

"အာနာ ... ကျွန်ုပ် ဘာကြောင့်မှန်း မသိဘူး။ ဟို ... လာဗန်ဆိုတဲ့ လူကို ကြောက်နေတယ်။ သူ့မျက်လုံးက တော်တော်ဆိုးတယ်"

"ဟိုတုန်းကသာ ဒီလူကို စစ်သားတွေနဲ့ မျက်နှာလွှဲလိုက်ရင် ကောင်းမှာပဲ အရှင်"

"အဲလေ ... ပြီးတာလဲ ပြီးပါပြီ။ ဒါနဲ့ အာနာ ဒီမိန်းမဟာ အတော့်ကို ချောပြီး ချစ်စရာကောင်းတဲ့ မိန်းမတစ်ယောက်ပဲနော်"

"ကျွန်ုပ် မြင်ဖူးသမျှ မိန်းမတွေထဲမှာတော့ဖြင့် အချောဆုံး ချစ်စရာ အကောင်းဆုံးပါပဲ အရှင်"

"သတိထားနော် အာနာ။ စေ့စပ်ပြီးသား မိန်းမတစ်ယောက်ကို သင် ချစ်ကြိုက်နေမိဦးမယ်နော်"

ကျွန်ုပ်သည် သူ့စကားကို ပြန်ဖြေရန် သူ့မျက်နှာကို လှမ်းကြည့်လိုက်စဉ် မော်ဆရာကြီး ကီ၏ ပြောစကားကို သွား၍ သတိရလိုက်မိလေသည်။ မင်းသားသည် သတိရဟန်တူသည်။ သူသည် ရယ်မောလိုက်ပြီးလျှင် တခြားဘက်သို့ လှည့်သွားလေသည်။

◈ ◈ ◈

www.burmeseclassic.com

www.burmeseclassic.com

## ၇

ဂိုရှန်သို့ ရောက်ရှိခဲ့သည်မှာ ၈ ရက် တင်းတင်းပြည့်ခဲ့လေပြီ။ ထို အတွင်း၌ ဆက်တီသည် မာရဖီနှင့် ထပ်မံ၍ မတွေ့တော့ပေ။ ကျွန်ုပ်ကမူ သူ့ကို တစ်ကြိမ်တွေ့လိုက်ရသေး၏။ တစ်နေ့ နေဝင်ချိန်၌ မြို့ထဲသို့ လှည့်ပတ်သွား လာလျက်ရှိစဉ် သူ၏ ဦးလေး ဂျေဗက်နှင့် ခင်ပွန်းလောင်း လာဗန်တို့က အေး တစ်ဘက်တစ်ချက်မှ ညှပ်ကာ လမ်းလျှောက်လာသော မာရဖီကို တွေ့ရသဖြင့် ကျွန်ုပ်က နှုတ်ဆက်မည်ပြုစဉ် လာဗန်က ဂျေဗက်က နောက်ချန် နေခဲ့ပြီးလျှင် သူ၏ ဣမသည် ခြေနှာပျောက်ကင်းလာပြီ ဖြစ်သော်လည်း ထိုနေ့မှစ၍ စိတ် မချမ်းသာလျက် ရှိကြောင်းပြောဆိုကာ ကျွန်ုပ်နှင့် စကားလက်ဆုံ ကျလျက် ရှိလေ၏။

"ဒီလူက တော်တော် သဘောထား သေးပုံရတဲ့ လူပဲ။ ဒီလို လူမျိုးဟာ မိန်းမအတွက်မဆို ရိုင်းစိုင်းတဲ့ လင်ယောကျ်ားတစ်ယောက် ဖြစ်မှာပဲ"

"ဟုတ်တယ် ကျမ်းဆရာလေးရယ်။ သူ့သဘောထား သေးတာတော့ ငယ်ငယ်ကတည်းက ဝသီပါလာတာပဲ"

"ဒါဖြင့် သူ့ကို မိန်းခလေးနဲ့ ဘာလို့ လက်ထပ်ဖို့ စီမံရတာလဲ ဂျေဗက် ရဲ့"

"ဘာကြောင့်လဲဆိုတော့ ကလေးအရွယ်ကတည်းက မာရဖီကို သူ့ အဖေက ဒီခြင်္သေ့ပေါက်စကလေးနဲ့ လက်ဆက်ဖို့ ကတိထားခဲ့တာကို။ ဒီကတ်





မျိုးကို ကျွန်ုပ်တို့အထဲမှာ အင်မတန် ဖောက်ဖျက်ဖို့ ခက်တယ်။ နို့ပေမယ့် ကျွန်ုပ်တို့ ထုံးစံအရဆိုရင်တော့ တစ်ကယ်လို့ လာဗန် သေသွားတောင် ရဟူဒီ မဟုတ်တဲ့ လူတစ်ယောက်ယောက်ကို သူဘယ်နည်းနဲ့မှ လက်မထပ်နိုင်ဘူး"

"သူ့အမေကတော့ ဆီရီးယား သူတစ်ယောက်လို့ ကြားဖူးပါတယ်"

"မှန်ပါတယ်။ သူက အတော်ချောတဲ့ စစ်သုံးပန်းတစ်ယောက်ပါပဲ။ နှာသန်က မြတ်နိုးတာနဲ့ ဇနီးအဖြစ် သိမ်းပိုက်လိုက်ပြီးတော့ ဒီသမီးကလေးကို မွေးလာတာပါပဲ"

"ဒါနဲ့ အရှင်မင်းသားလေး ဂိုရှန်မြို့က ဘယ်တော့ ထွက်ခွာတော် မူမတဲ့လဲ"

"ဒီကနေ့ကစပြီး ၃ ရက်မြောက်တဲ့နေ့ မနက်မှာ ထွက်တော်မူလိမ့်မယ်"

"ဒီလောက်များတဲ့ ပရိသတ်အတွက် လမ်းခရီးမှာ စားရေးရိက္ခာတွေ အတော်လိုမှာပဲနော်။ ကျွန်ုပ်က သိုးတွေနဲ့ တခြားစားစရာတွေကို အရောင်း အဝယ် လုပ်ပါတယ် ကျမ်းပြုဆရာလေး"

"ဒီအကြောင်းကို ကိုယ်တော်ကလေးနဲ့ အမတ်ကြီးကို ကျွန်ုပ် သတိ ပေးလိုက်ပါ့မယ် ဂျေဗက်"

"ကျေးဇူးတင်ပါတယ် ဆရာလေး၊ နက်ဖြန်မနက် တဲစခန်းမှာ ကျွန်ုပ် စောင့်နေပါ့မယ်။ ဒါနဲ့ လာဗန်ကို ကိုယ်တော်ကလေး သတိထားနေပါစေနော်။ သူ့ခေါင်းမားနဲ့ အရိုက်ခံရတာကို သူမကျေဘူး။ ကဲလေ ... သွားပေဦးတော့။ ကျွန်ုပ် တာနစ်မြို့ကိုလာမှ ဆရာလေးနဲ့ စကားဝဝ ပြောရဦးမယ်"

ထိုသို့တွင် မင်းသားသည် ကျွန်ုပ်ပြောသမျှကို နားထောင်လျက် ရှိရာမှ "ကျွန်ုပ်ဖြင့် တစ်ကယ်အကျဉ်းအကြပ်တွေ့နေရရှာတဲ့ မာရဖီအတွက် စိတ်မကောင်းပါဘူး အာနာရယ်၊ နောက်ထပ်လဲ သူ့ကို မကြည့်ချင်တော့ပါဘူး"

"ဒါဖြင့် စားရေးရိက္ခာတွေလဲ တစ်ခြားမှာ ဝယ်တော့မယ်လို့ ဂျေဗက်ကို ပြောလိုက်တော့မယ်"

"ဒါကတော့ သူ့ဆီမှာပဲ ဝယ်ပါလေ၊ 'နီဟောစီ'က ဈေးများတယ်။ ပြောနေရင် ကျွန်ုပ်ငွေထဲက စိုက်ပေးလိုက်ပါ။ ဒီလို ကျွန်ုပ်တို့က လိုက်လျောလိုက်မှ သူ့ဣမအပေါ်မှာ သူပိုပြီး ကြင်နာလိမ့်မယ်။ ဒီလိုလုပ်တာဟာ အကြောင်းရှိ တယ် အာနာရဲ့"

သို့နှင့် လမ်းခရီးအတွက် လိုအပ်သော စားရေး ရိက္ခာများကို 'ဂျေဗက်' ထံမှ သူဆိုသော ဈေးနှင့် ဝယ်ယူသဖြင့် 'ဂျေဗက်'လည်း ကျွန်ုပ်အား များစွာ ကျေးဇူးတင်လျက်ရှိရာ ကျွန်ုပ်တို့သည်လည်း (၃)ရက်မြောက်သည့် နေ့တွင် ထွက်ခွာလာကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ခရီးမထွက်မီ တစ်နေ့ညနေစောင်း၌ မင်းသားက နောက်တစ်နေ့ နံနက်တွင် ဆူညံသံများ ကြားရခြင်း ဖုံထူထပ်ခြင်းများကြောင့် စစ်တပ်ကြီးနှင့် အတူတကွ မလိုက်လိုကြောင်းနှင့်ပြောဆိုလျက်ရှိ၏။ 'ကောင့်အာမင်မီ' အမတ်ကြီး 'နိဟောစီ'နှင့် စစ်ဘက်အရာရှိကြီးများက မိမိတို့မှာ မင်းသား၏ ဘေးအန္တရာယ်ကင်းရှင်းမှုကို 'ဖာရိုး'နှင့် မင်းသမီး 'ယူဆာတီ'ထံတွင် ပြန်လည်၍ လျှောက်ထားကြရမည်ဖြစ်သောကြောင့် တစ်ပါတည်း လိုက်ပါမည့်အကြောင်းနှင့် အမျိုးမျိုးဒူးထောက်တောင်းပန်ကြသော်လည်း အချည်းနှီးသာ ဖြစ်ခဲ့လေသည်။

သို့နှင့် မင်းသားက နောက်တစ်နေ့ ညတွင် တပ်မကြီးစခန်းချမည့်နေရာသို့ သူအရောက်လာမည်ဖြစ်၍ သူတို့အား သွားနှင့်ကြရန် အမိန့်ပေး၏။ ထို့နောက် ကျွန်ုပ်တို့ နှစ်ယောက်တည်းစီးလျက် လက်နက်ကိုင်ခြေမြန်သမား နှစ်ယောက်နှင့် အတူသွားမည်ဖြစ်ကြောင်း ပြောဆိုလေသည်။

မင်းသား။ ။ "အာမင်မီ နှင့် ဒီအရာရှိတွေကို ငြီးငွေ့လွန်းလို့ပါ 'အာနာ' ရယ်။ ကျွန်ုပ်က သဲကန္တာရထဲမှာ တစ်ယောက်တည်းပဲ နေချင်စိတ်ရှိတယ်"

ထို့နောက်၌ ကျွန်ုပ်သည် မင်းသား အမျက်ရှမည်ကို ပဓာနမထားဘဲ ဇွန့်စား၍ ခြေမြန်သမား နှစ်ယောက်အစား အရဲရင့်ဆုံးသော စစ်သားကောင်း နှစ်ယောက်ကို ရွေးချယ်လိုက်၏။ ထို့ပြင် 'လာဗန်'ကို ဓားပြားနှင့် ရိုက်ချခဲ့သော ဗိုလ်မှူးအား လက်ရွေးစင် စစ်သားနှစ်ကျိပ်ခန့်နှင့်အတူ မင်းသားမမြင်အောင် နောက်ဘက်မှ မြင်းရထားများကိုစီး၍ လိုက်ခဲ့ကြရန်လည်း အကြံပေးရလေသည်။

နောက်တစ်နေ့ နေထွက်စတွင် စစ်တပ်ကြီး ချီတက်သွားပြီးနောက် နာရီပေါင်းအတော်ကြာမှ ကျွန်ုပ်တို့က နောက်မှ လိုက်သွားကြလေသည်။ ယင်းသို့ မသွားမီ မင်းသားသည် ရထားစီး၍ မြို့ကို လှည့်ပတ်ကြည့်ရှုရာ လူများသည် ကျွန်ုပ်တို့အား ယခင်ကထက် မုန်းတီးရွံရှာစွာ ကြည့်ရှုလျက် ရှိကြကုန်၏။ ထိုအကြောင်းကို ပြန်ပြောသောအခါ မင်းသားသည် အရေးမစိုက်ဘဲ ရယ်မောလျက် -

"အီဂျစ်တွေကို သူတို့မုန်းတီးနေတာ လူတိုင်းသိနေတာပဲ။ ကျွန်ုပ်တို့အလုပ်ကတော့ သူတို့ မုန်းနေတာကို ချစ်လာအောင် ကြိုးစားကြဖို့ပဲ ရှိတယ်။ ကျွန်ုပ်သာ 'ဖာရိုး'ဆိုရင် ဒီလူတွေ သွားလိုရာကို လွှတ်လိုက်မှာပါပဲ။ မှန်တာကိုပြောရရင် သူတို့ကို ကျွန်ုပ်ကြောက်တယ် 'အာနာ'ရဲ့"

"ဒါဖြင့် 'ဖာရိုး'ကကော သူတို့ကို ဘာကြောင့် မလွှတ်တာတဲ့လဲ။ သူတို့ရဲ့ အင်အားက 'အီဂျစ်'ပြည်ကို တုပနိုင်လောက်အောင် ကြီးမားတာလဲ မဟုတ်ပါဘူး"





"ကျွန်ုပ်လဲ မသိပါဘူး မိတ်ဆွေကြီးရယ်။ ဒီကိစ္စကို ကျွန်ုပ်ရဲ့ ခမည်းတော်က သူ့သဘောအတိုင်း စီမံနေတာပါ။ သူဒီလိုလုပ်နေတာဟာ သူ့ခမည်းတော် 'ရာမီ'ဘုရင်ကြီးရဲ့ ဝါဒကို မပြောင်းလဲချင်လို့ပဲလား မသိပါဘူး။ ဒါနဲ့ ဟောဒီမှာ 'ရဟူဒီ' ဘုရားကျောင်းပဲ။ ကျွန်ုပ်တို့ အထဲကို ဝင်ကြည့်ရအောင်"

ကျွန်ုပ်တို့သည် ရထားမှ ဆင်းသက်၍ ရွှံ့တံတိုင်းကြီးအတွင်းသို့ ဝင်ပေါက်မှ ဝင်မိကြသောအခါ ရဟူဒီတို့၏ (၇) ရက်မြောက် ဘုရားနေ့ ဖြစ်သဖြင့် လူအများပင် ဝတ်ဖြူစင်ကြယ်နှင့် ဟောပြောလျက်ရှိသော ဘုန်းတော်ကြီး တစ်ပါး၏ တရားကို နားယူလျက်ရှိသည်ကို တွေ့ရ၏။ ၎င်းမှာ ဘုန်းတော်ကြီး 'ကိုဟတ်'ပင်ဖြစ်၍ သူသည် တရားဟောခြင်းကို ခေတ္တရပ်ဆိုင်းကာ ကျွန်ုပ်တို့အား ခရီးဦးကြိုပြုလေသည်။ ပရိသတ်မှာ ကျွန်ုပ်တို့အပေါ်တွင် ရွံရှာမုန်းတီးဟန်လက္ခဏာရှိ၍ ကျွန်ုပ်သည် မင်းသားအား စိတ်မချသည့်အတွက် နောက်ချန်နေရစ်ခဲ့၏။ 'ကိုဟတ်'လည်း မင်းသားအား ကန့်လန့်ကာကြီးတစ်ခု ကာထားသည့် ဘုရားကျောင်းဆောင်တစ်ခု၏ ထိပ်ဘက်သို့ လှေကားထစ်ကလေးများမှ ခေါ်သွားရာ အောက်ဆုံးလှေကားထစ်မှာ မှောင်ရိပ်ကျသဖြင့် မင်းသားသည် ခြေနှင့်တိုက်မိပြီးလျှင် ရှေ့သို့ ဟတ်ထိုးလဲတော့မည်ကဲ့သို့ဖြစ်သွား၏။ ထိုအခါ ကန့်လန့်ကာကို လက်ဖြင့် လှမ်း၍ ဆွဲလိုက်မိသည်တွင် ကန့်လန့်ကာ ၂ ခုဆုံသောနေရာကို ဆွဲမိသဖြင့် ကန့်လန့်ကာမှာဆွဲ၍ ဖွင့်လိုက်သကဲ့သို့ ပွင့်သွားပြီးလျှင် အတွင်းမှ ယစ်ပလ္လင်တစ်ခု ပေါ်လာလေသည်။ ထိုခဏ၌ စုရုံးဟစ်အော်လိုက်သော အသံကြီးတစ်သံ ဟိန်းထွက်လာပြီးလျှင် ဓားရောင်များလည်း လက်ခနဲ ဖြစ်သွားလေသည်။

အသံတစ်သံ ။ ။ "အီဂျစ်ကောင်က ဘုရားကျောင်းကို ညစ်ညမ်းအောင် လုပ်တယ်"

အခြားအသံတစ်သံ ။ ။ "သူ့ကို ဆွဲချပြီး သတ်ကြပါတော့လား"

မင်းသား ။ ။ "မိတ်ဆွေတို့ ... ကျွန်ုပ်အမှားအယွင်း လုပ်မိခဲ့လို့ရှိရင် မတော်တဆလုပ်မိ"

လူများ ဝိုင်းအုံလာကြသဖြင့် သူသည် စကားကို အပြီးမသတ်နိုင်ဘဲ ရှိစဉ် ကျွန်ုပ်သည် သူ့ရှေ့သို့ရောက်အောင် ခုန်လိုက်၏။ ကျွန်ုပ်၏ ဝတ်လုံစကို ဝိုင်း၍ ဆွဲကြသဖြင့် ကျွန်ုပ်၏ လက်သည် ဓားရိုးပေါ်သို့ ရောက်သွားရာကို ဟတ်က -

"ဣသရေလက လူတွေ ... သင်တို့ရူးနေကြသလား၊ ဖာရိုးက ကျွန်ုပ်တို့အပေါ် လက်စားချေအောင် လုပ်ကြမလို့လား"



www.burmeseclassic.com

www.burmeseclassic.com



လူအုပ်ကြီးသည် ခေတ္တရပ်တန့်သွားကြပြီးနောက် သူတို့၏ ခေါင်းဆောင် ဖြစ်သူက –

"ကျွန်ုပ်တို့ ဖာရီးကို တော်လှန်တယ်။ ကျွန်ုပ်တို့ ဘုရားသခင်က ကျွန်ုပ်တို့ကို ဖာရီးရဲ့ ဘေးရန်က ကာကွယ်ပေးလိမ့်မယ်။ သူ့ကို ဆွဲထုတ်ပြီး တံတိုင်းအပြင်ဘက်မှာ သတ်ပစ်ကြ"

သို့နှင့် လူအုပ်ကြီးသည် ရှေ့သို့ တိုးလာကြစဉ် လူတစ်ယောက်သည် (ထိုသူမှာ မာရဖီ၏ ဦးလေး ဂျေဗက်ဖြစ်ကြောင်း နောင်အခါ သိရှိရ၏) ကျယ်လောင်စွာ အော်ဟစ်လျက် –

"နေကြဦးဟေ့–အီဂျစ်ပြည်ကြီးရဲ့ နန်းလျာဖြစ်တဲ့ ဒီမင်းသားကသာ 'ဂျေဟိုးဗား'ကို မတော်တဆ မဟုတ်ဘဲ တမင်တကာ စော်ကားတယ်ဆိုလို့ရှိရင် သူ့ကို ဘုရားသခင် ကိုယ်တော်တိုင်ကပဲ လက်စားချေတော်မူလိမ့်မယ်။ 'ဂျေဟိုးဗား'ကို စော်ကားရိုးမှန်ရင် အီဂျစ်မင်းသားဟာ ဘုန်းကံလဲပိသေလိမ့်မယ်။ မသေဘူးဆိုရင်တော့ သူ့ကို ရန်မပြုဘဲ လွှတ်လိုက်ကြပါ။ ကိုင်း ... ကျွန်ုပ်က အကြိမ်ပေါင်း ၆၀ ပြည့်အောင် ရေတွက်နေတဲ့အခိုက် နောက်ကို ဆုတ်ပြီး နေကြပါ"

ထိုအခါ ပရိသတ်များသည် နောက်သို့ဆုတ်၍ နေကြလေရာ၊ 'ဂျေဗက်' က ဖြည်းလေးစွာ စတင်ရေတွက်လျက်ရှိလေ၏။

ကျွန်ုပ်သည် ရဟူဒီဘုရား၏ တန်ခိုးနှင့်ပတ်သက်၍ ထိုအချိန်က မည်သို့မျှ မသိရသေးသော်လည်း 'ဂျေဗက်'က ၁၀ ကြိမ်တွင် တစ်ခါ နားကာ ရေတွက်လျက်ရှိစဉ်တွင် အလိုအလျောက် ကြောက်ရွံ့၍ နေမိ၏။ မင်းသားသည် ကန့်လန့်ကာကြီးကို ကျောပေးကာ အံ့သြဟန်ဖြင့် လေ့ကားထစ်ပေါ်၌ ခပ်ပြုံးပြုံး ရပ်လျက်ရှိရာ ကျွန်ုပ်က သူ၏ တစ်ဖက်တွင် ရပ်လျက် အခြားတစ်ဖက်တွင်ကား ဘုန်းတော်ကြီး ကိုဟာတ်သည် မျက်လုံးများ ဝိုင်းလျက် တုန်တုန်ရီရီ ရှိနေလေသည်။

နောက်ဆုံးခြောက်ဆယ်သို့ရောက်လာသဖြင့် ဂျေဗက်သည် ခေတ္တစောင့်ဆိုင်းလျက်ရှိစဉ် လူများသည် မင်းသားလဲကျသေဆုံးတော့မည်ဟူသော ယုံကြည်ချက်ဖြင့် စောင့်ကြည့်လျက် ရှိကြ၏။ သို့သော် မင်းသားသည် မျှော်လင့်သလို တစ်စုံတစ်ရာမဖြစ်ဘဲ ရှိနေသဖြင့် မိမိသည် ကျောင်းတော်သို့ လှူဖွယ်ဝတ္ထုများလှူဒါန်းရန် လာရောက်ခြင်းဖြစ်သဖြင့် ကိစ္စပြီးဆုံးပါပြီလောဟု အေးဆေးစွာ မေးမြန်းလေသည်။

ဂျေဗက် ။ ။ "ကျွန်ုပ်တို့ ဘုရားသခင်က အဖြေပေးပြီးပါပြီ။ လှူဖွယ်ဝတ္ထုကို လက်ခံလိုက်ကြပါ။ မင်းသားဟာ တမင်မဟုတ်ဘဲ မတော်တဆ ပြုမိတာပါ"





ပရိသတ်များသည် စကားတစ်ခွန်းမျှ ပြန်မပြောပဲ ထွက်သွားကြရာ ကျွန်ုပ်သည် ညွှန်ပြသောနေရာတွင် လှူဖွယ်ဝတ္ထုကို လှူဒါန်းပြီးနောက် ကျွန်ုပ်တို့လည်း အပြင်သို့ ထွက်ခဲ့ကြ၏။ အပြင်သို့ရောက်သောအခါ မင်းသားက 'ဂျေဗက်'အား –

"ခု အတိုင်းဆိုရင် သင်တို့ဘုရားဟာ စိတ်ထားနူးညံ့တဲ့ ဘုရား မဟုတ်ဘူး ထင်ပါရဲ့"

"ကျွန်ုပ်တို့ ဘုရားသခင်ဟာ တရားမျှတခြင်းတော့ ရှိပါတယ် အရှင်။ မမှတ်ရင် သင်ဟာ မတော်တဆဖြစ်တယ်ပဲ ထားဦး၊ ခုလောက်ဆို သေနေပြီ"

"ဒါဖြင့် 'ဂျေဟိုဗါး'ဟာ ငါ့ဒါသထွက်လို့ရှိရင် ကျွန်ုပ်တို့ကို သေအောင်လုပ်နိုင်တဲ့ တန်ခိုးရှိတယ်လို့ သင်ယုံကြည်တာပေါ့"

"အကြွင်းမရှိ ယုံကြည်ပါတယ် အရှင်။ ပရော်ဖက်များရဲ့ စကားအတိုင်း မှန်လျှင်တော့ အီဂျစ်ပြည်ကြီးဟာ မကြာခင် ဒီအကြောင်း သိလာပါလိမ့်မယ်"

"အဲလေ ... ဘာပဲဖြစ်ဖြစ်၊ တစ်ကယ်လို့ နောက်တစ်ခါ သင်တို့ရဲ့ ဘုရားကျောင်းကို ကျွန်ုပ် အလည်အပတ်လာမယ်ကြံရင်တော့ ဝိညာဉ်ကိုပဲဖြစ်ဖြစ် ဓားကိုပဲ ဖြစ်ဖြစ်၊ အင်အားချင်း ယှဉ်ပြိုင်နိုင်တဲ့ အစုအဝေးနဲ့ လာခဲ့ရမှာပဲ၊ ကဲ ကဲ ... သွားဦးမယ်"

ရထားရှိရာသို့ ရောက်သောအခါ ရထားအနီးတွင် စောင့်ဆိုင်းလျက်ရှိသော 'ဂျေဗက်'က မင်းသားမှာ ဤအရပ်၌ အသက်ဘေးကိုပင် စိုးရိမ်ရန် ရှိသဖြင့် အမြန်ထွက်ခွာသွားရန် အကြောင်းတီးတိုးပြောကြားရာ မင်းသားက –

"ဒီလိုဆိုရင် သင့်လူတွေဟာ မတော်တဆ မဟုတ်ဘဲ၊ ကျွန်ုပ်ရဲ့ အသက်ကို တမင်ကြံစည်နေကြတာပေါ့"

"ဒီလိုလဲ မဟုတ်ပါဘူး အရှင်၊ ခေါင်းမာတဲ့ လူလက်တစ်ဆုပ်စာအတွက် ရဟူဒီအားလုံးကို မျက်မာန်ရှတော်မမူပါနဲ့။ ကိုင်း ... ထွက်ခွာတော်မူပါတော့ ကျွန်ုပ်မှာတဲ့ စကားတွေလဲ သတိရတော်မူပါ"

*

နေ့လယ်အချိန်တွင် ခြေမြန်သမားကဲ့သို့ ရပ်ဖျက်ထားသည့် စစ်သား ၂ ယောက်ကို ရှေ့မှ ပြေးစေလျက် ကျွန်ုပ်တို့လူစုသည် 'အာမင်မီ' တို့ ချီတက်သွားသောလမ်းအတိုင်း လိုက်ကြရာ၊ ညနေစောင်းတွင် 'ဂိုရှန်'နှင့် နယ်ခြားချ၍ထားသော ကျောက်တောင်ကြားလမ်းသို့ ရောက်လာကြရာ ကျောက်စွန်းကြီးများရှိရာ တောင်ကုန်းကြီးတစ်ခုထိပ်သို့ တက်ကြရလေ၏။ မြင်ရသည့် ရှုမြင်ခင်းကား သာယာကြည်နူးဖွယ်ကောင်းလှ၏။ အံ့သြဖွယ်လည်း ကောင်းလှသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့ ထွက်လာခဲ့သော မြို့ပေါ်တွင် ကောင်းကင်သို့ တန်းနေသော တိမ်တိုက်ကြီးနှစ်ခုသည် ကြီးမားသော တံခါးပုံကြီးသဖွယ် ဖြစ်နေရာတစ်ခုမှာ မည်းနက်လျက် အခြားတစ်ခုမှာ ရွှေစင်ဖြင့် သွန်းလုပ်ထားသကဲ့သို့ ရှိနေရကား ယင်းတို့အလယ်၌ နေရောင်ခြည်များသည် သွယ်တန်းလျက်ရှိ၏။ ကျွန်ုပ်က ပြသောအခါ မင်းသားသည် ထိုတိမ်တိုက်များ ပုံသဏ္ဌာန် အမျိုးမျိုး ဖြစ်နေသည်ကို နိမိတ်ယူကာ–

"ကျွန်ုပ်ဖြင့် ဘာကြောင့်မှန်းမသိပါဘူး၊ 'အာနာ' ရယ်။ လူ ဖြစ်လာကတည်းက ဒီတစ်ခါ အကြောက်ဆုံးပဲ။ ဆရာကြီး 'ကီ' သာဒီမှာရှိရင် သူ အကုန်ပြောနိုင်မှာပဲ"

"ကျွန်ုပ်လဲ ကြောက်တာပါပဲအရှင် ... ဟောကြည့်စမ်းပါဦး၊ ရွှေရောင်တိမ်ကိုက်ကြီးက ရှေ့ကသွားပြီး တိမ်တိုက်အမည်းကြီးက နောက်လိုက်နေတယ်"

"ကိုင်း ... ကျွန်ုပ်တို့ စခန်းသာ နေမဝင်ခင် အရောက်သွားကြရအောင်"

ကျွန်ုပ်တို့သည် ကျောက်တောင်ရိုးပေါ်မှ ဆင်းသက်ခဲ့ကြ၍ တောင်ကြားလမ်းထဲသို့ မောင်းနှင်ထွက်လာခဲ့ကြ၏။ ထိုနေရာ၌ လမ်းမှာ လွန်စွာ ကျဉ်းမြောင်းလျက် အတံန်ဝေးရောက်သည့်တိုင်အောင် ခြေလှမ်း ၄ လှမ်းစာထက်ပို၍ မကျယ်ချေ။ တစ်ဘက်တစ်ချက်၌ကား သဲကန္တာရ၌ ပေါက်တတ်သော သစ်ပင်မျိုးများ ပေါက်ရောက်လျက် ရှိ၏။ ရှေ့သို့တိုး၍ သွားမိသောအခါ မတ်စောက်လှသော တောင်နံရံကြီးများသည် ဝဲယာညှပ်လျက် ရှိ၏။ လမ်းကလေးသည် ကွေ့၍ သွားရာမှ အောက်သို့ နိမ့်ဆင်းစ ပြုလာ၏။

လမ်းကွေ့နှင့် လုံက ပတ်ခန့်ဝေးသော နေရာသို့ အရောက်တွင် အသံတစ်သံကို ရုတ်တရက် ကြားလိုက်ရသဖြင့် လက်ယာဘက်သို့ လှမ်း၍ ကြည့်လိုက်မိရာ တောင်နံဘေးမှ ကျွန်ုပ်တို့ရှိရာသို့ ခုန်ဆင်းလာသော မိန်းမတစ်ယောက်၏ သဏ္ဌာန်ကို မြင်လိုက်ရလေသည်။ ရထားမောင်းသမားသည် မြင်းများကို ဇက်သတ်လိုက်ရာ အစောင့်စစ်သား နှစ်ယောက်လည်း ဓားများကို ချွတ်ကာ ပြန်၍လှည့်လာကြ၏။ တောင်နံရံအရိပ်အောက်မှ ထွက်လိုက်သောအခါ အလင်းရောင်သည် သူ၏မျက်နှာပေါ်သို့ ထိုးလျက် ရှိသည်။

"မာရဖီပါကလား" ဟု မင်းသားနှင့် ကျွန်ုပ်က တစ်ပြိုင်နက် အော်လိုက်မိ၏"

မာရဖီသည် တစ်စုံတစ်ရာ ဖြစ်လာဟန်တူ၏။ သူ၏ ဆံပင်များမှာ ဖရိုဖရဲကျနေလျက် တစ်ကိုယ်လုံး သွေးသံရဲရဲဖြင့် အဝတ်အစားများ စုတ်ပြတ်ကာ ပါးစပ်မှလည်း အမြှုပ်တစီစီနှင့် စကားမပြောနိုင်အောင် အမောဆို့နေရှာ၏။ သူသည် ရထားနံဘေးကို လက်တစ်ဘက်ဖြင့် အားပြုထောက်ထားပြီးလျှင်





အခြား လက်တစ်ဖက်ဖြင့် လမ်းကွေ့ဘက်သို့ ညွှန်ပြရင်း "သတ်ကြမလို့တဲ" ဟူသော စကားတစ်ခွန်းသာ ထွက်လာလေသည်။

မင်းသား ။ ။ "သူ့ကို လူတွေက သတ်ကြမလို့တဲ့။ ဆိုလိုတာနဲ့ တူတယ်"

မာရဖီ ။ ။ "မဟုတ်ပါဘူး၊ အရှင့်ကို အရှင့်ကို ရဟူဒီတွေ နောက်ကို ပြန်သွားကြပါ"

ကျွန်ုပ် ။ "မြင်းတွေကို ပြန်လှည့်ဟေ့"

ရထားမောင်းသမားသည် စစ်သားနှစ်ယောက်၏ အကူအညီဖြင့် ရထားကို ပြန်လှည့်မောင်းလေရာ လမ်းမှာကျဉ်းမြောင်းလှသည့်ပြင် တောင်ကမ္ဘားယံများကလည်း မတ်စောက်လှသည် ဖြစ်သောကြောင့် မလွယ်ကူလှပေ။ စင်စစ်သော်ကား ရထားကို တစ်ဝက်မှသာ လှည့်နိုင်သဖြင့် လမ်းကို ကန့်လန့်ဖြတ်ပိတ်လျက်ရှိစဉ် "ဂျေဟိုးဗား" ဟူသော အော်သံကြီးကို ကြားလိုက်ကြရပြီးနောက် နှာခေါင်းကောက်ကောက်နှင့် ကြောက်မက်ဖွယ်ကောင်းသော လူတစ်စုသည် ဓားလွတ်များကို ကိုင်မြှောက်ကာ အတော်ခပ်လှမ်းလှမ်းရှိ လမ်းကွေ့ဆီမှ တအားကုန် ပြေးလွှားလာကြလေ၏။ အနီးသို့ရောက်လာကြသောအခါ ကျွန်ုပ်တို့မှာ ရထားနောက်ဘက်သို့ ခုန်ချရန် အနိုင်နိုင်မျှသာ အချိန်ရရှိလေသည်။

ရထားမောင်းသမားကိုမူကား နောက်မှစစ်သားများကို အမြန်ဆုံး ပြေးခေါ်ရန် အမိန့်ပေးလိုက်သဖြင့် ထိုသူသည် မြားတစ်စင်းကဲ့သို့ အားကုန် ပြေးထွက်သွားလေသည်။

"ကဲ ... နောက်ကို ဆုတ်နေပေတော့ 'မာရဖီ' ဒီကိစ္စက မိန်းမတွေနဲ့ မဆိုင်ပေဘူး။ ဟောဟိုမှာ သင့်ခင်ပွန်းလောင်း 'လာဗန်' လာနေပြီဟု ပြောကာ ဆက်တီသည် လူသတ်သမားတို့၏ ခေါင်းဆောင်ဖြစ်သူကို သူ၏ ဓားနှင့်ညွှန်ပြသဖြင့် မာရဖီသည် သူ၏ အမိန့်အတိုင်း လမ်းဘေးရှိ ကျောက်တုံးတစ်ခု၏ နောက်ကွယ်တွင် သွား၍ပုန်းနေလေသည်။

သုံးလေးဆယ်ခန့်ရှိ ရန်သူတို့သည် ကျွန်ုပ်တို့ရှိရာသို့ ရောက်ရှိကြလေပြီ။ ရှေးဦးစွာ ရောက်လာသူသည် ကြောက်လန့်နေသော မြင်းများကို ထိုးခုတ်လိုက်သဖြင့် မြင်းကြီးများသည် တောင်နံရံရှိရာဘက်သို့ ဒယိမ်းဒယိုင်ဖြင့် ရုန်းကန်ဆွဲငင်လျက် ရှိကြလေ၏။ ရဟူဒီများသည် ကျွန်ုပ်တို့နှင့် ရင်ဆိုင်ရန် ရထားပေါ်သို့ ခုန်တက်လာကြရာ ကျွန်ုပ်တို့မှာလည်း ဝတ်လုံကြီးများကို ချွတ်၍ လက်မောင်းများပေါ်တွင် ဒိုင်းများသဖွယ် တင်ကာတတ်နိုင်သမျှ ကာကွယ်ခုခံကြရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



တိုက်ပွဲကား ပြောဖွယ်ရာ မရှိပေ။ အကယ်၍ လဟာပြင်ထဲတွင် ဖြစ်လျှင်သော်လည်းကောင်း၊ အသင့်ပြင်ဆင်ထားခြင်းမရှိလျှင်သော်လည်းကောင်း ကျွန်ုပ်တို့မှာ ဧကန် မုချ တစ်ယောက်မကျန် အသတ်ခံကြရမည် ဖြစ်လေသည်။ သို့ရာတွင် ယင်းနေရာ၏ အနေအထားအပြင် ရထားကြီးကပါ အကာအဆီးသဖွယ် ဖြစ်နေသောကြောင့် ကျွန်ုပ်တို့မှာ သက်သာရာ ရကြပေ၏။ လမ်းမှာ ကျဉ်းမြောင်းလှသည့်အပြင် တောင်နံရံများကလည်း တက်ရောက်ရန် မတ်စောက်လှသည့်အပြင် တောင်နံရံများကလည်း တက်ရောက်ရန် မတ်စောက်လှသည် ဖြစ်သောကြောင့် ရဟူဒီများသည် ကျွန်ုပ်တို့အား တစ်ကြိမ်တိုက်လျှင် ၄ ယောက်ထက် ပိုမို၍ တိုက်ခိုက်ခြင်း မပြုနိုင်ကြပေ။ ထို ၄ ယောက်မှာလည်း ရထားပေါ်သို့လည်းကောင်း၊ အသက်ရှင်လျက် ရှိသေးသော မြင်းကြီးများပေါ်သို့လည်းကောင်း၊ အသက်ရှင်လျက် ရှိသေးသော မြင်းကြီးများပေါ်သို့လည်းကောင်း ရှေးဦးစွာ တက်ရောက်ပြီးမှ တိုက်ခိုက်ခြင်း ပြုနိုင်ကြလေသည်။

ကျွန်ုပ်တို့မှာလည်း ၄ ယောက်မျှပင် ရှိသည်ဖြစ်ရာ ကျွန်ုပ်တို့ ၂ ယောက်တွင် အထဲမှာ သံကိုယ်ကြပ်အင်္ကျီများ ပါရှိကြသည်ဖြစ်၍ 'ယူဆာတီး' ကို ကျေးဇူးတင်ကြရ၏။ သို့နှင့် ယောကျ်ား ၄ ယောက်မှာ မိမိတို့ အသက်ဘေး အတွက် အစွမ်းကုန်တိုက်ခိုက်လျက် ရှိကြ၏။ ရဟူဒီတစ်ယောက်သည် ရထားပေါ် ဆက်တီရှိရာသို့ တည့်တည့်ကြီးခုန်ဝင်လိုက်လေရာ ဆက်တီက ထိုသူအား သူ၏ ဓားဦးဖြင့်ခံလိုက်သဖြင့် ဓားရိုးဝှင်းနှင့် ရန်သူ၏ ရင်ဘတ်ရိုး ထိ၍ သွားသော အသံကိုပင် ကျွန်ုပ်ကြားလိုက်ရ၏။

ထိုသူလဲကျသေဆုံးရာတွင် မင်းသားပါ ထိုသူ၏ ကိုယ်လုံး အရှိန်ဖြင့် မြေပေါ်သို့ ပါသွားလေသည်။ ကျွန်ုပ်ကို တိုက်ခိုက်သော ရဟူဒီမှာ ရထားတိုင်နှင့်ငြိကာ ရှေ့သို့ ဟတ်ထိုးလဲကျလာသဖြင့် ကျွန်ုပ်က ဦးခေါင်းကို တစ်ချက်တည်းခုတ်ပြီး သူ့အား လွယ်ကူစွာ သတ်ဖြတ်နိုင်ခဲ့သည်ဖြစ်၍ နောက်တစ်ယောက် ရောက်မလာမီ မင်းသားအား အချိန်မီ ဆွဲထူပေးနိုင်ခဲ့လေသည်။ အစောင့်စစ်သား ၂ ယောက်တို့မှာလည်း အတိုက်အခိုက် ကောင်းသူများ ဖြစ်ကြသည့်အားလျော်စွာ ရန်သူများအား အသေသော်လည်းကောင်း၊ ဒဏ်ရာ ပြင်းထန်စွာ ရရှိစေခြင်းအားဖြင့်သော်လည်းကောင်း အတော်များများ အနိုင်ယူ တိုက်ခိုက်နိုင်ခဲ့ကြလေသည်။ သို့သော် နောက်မှ ရန်သူများ ဖိလာကြသဖြင့် ကျွန်ုပ်သည် ဆက်လက် ဖြစ်ပွားသည်တို့ကို ဂရုမထားနိုင်တော့ချေ။

မကြာမီ စစ်သားတစ်ယောက်မှာ 'လာဗန်'၏ ဓားချက်ဖြင့် ကျဆုံးသွားသည်ကို မြင်လိုက်ရပြီးလျှင် ကျွန်ုပ်မှာလည်း ရင်အုံပေါ်သို့ ကျရောက်လာသော ရန်သူ၏ ဓားချက်ကြောင့် နောက်သို့ ယိမ်းယိုင်သွားသေး၏။ သံကိုယ်





ကြပ် အင်္ကျီကြောင့်သာ မဟုတ်ပါက ကျွန်ုပ်အသက်ထွက်ရမည်မှာ သေချာပေသည်။ ကျွန်စစ်သားက ကျွန်ုပ်အား တိုက်ခိုက်သူကို သတ်ဖြတ်လိုက်သည်။ သူကိုယ်တိုင်မူကား နောက်ထပ် တစ်ပြိုင်တည်း ရောက်ရှိလာသော ရန်သူနှစ်ယောက်၏ လက်ချက်ဖြင့် သေဆုံးသွားရရှာလေသည်။

ယခုအခါ ကျောချင်းကပ်၍ တိုက်ခိုက်နေကြသော မင်းသားနှင့် ကျွန်ုပ်သာလျှင် ကျန်ရှိကြတော့၏။ မင်းသားသည် တုတ်ခိုင်သန်မာသော လူကြီးတစ်ယောက်နှင့် ရင်ဆိုင်မိပြီးနောက် ထိုသူမှာ လက်တွင် ဒဏ်ရာရသဖြင့် ဓားလွတ်ကျသွားလေသည်။ သို့နှင့် ထိုသူက သူ့အား ခါးကို ဝင်ရောက် ဖမ်းရမ်းသဖြင့် နှစ်ယောက်သားမြေပေါ်တွင် လိမ့်လျက် ရှိကြလေသည်။ ထိုအခိုက် 'လာဗန်' ပေါ်လာ၍ မင်းသား၏ နောက်ကျောကို ထိုးခုတ်သည်တွင် သံကြပ်အင်္ကျီနှင့် ထိခိုက်မိသဖြင့် သူ၏ ဓားကောက်ကြီးမှာ ဆတ်ခနဲ ကျိုးသွားလေသည်။ ထိုအခါ ကျွန်ုပ်က 'လာဗန်'အား ဦးခေါင်းကို ခုတ်လိုက်သဖြင့် သူသည် ရထားပေါ်သို့ ဒယိမ်းဒယိုင် လဲကျသွားလေသည်။ ထို့နောက် အခြား သူများသည် ကျွန်ုပ်ထံသို့ ပြေးဝင်လာကြရာ 'ယူဆာတီ'၏ သံကိုယ်ကြပ် အင်္ကျီသာ မရှိခဲ့ပါမူ ကျွန်ုပ်မှာ ၃ ခါပြန် သေဆုံးပြီး ဖြစ်ပေမည်။ သို့နှင့် ကျွန်ုပ်သည် ကျောက်ကမ်းပါးယံကို ကျောဖြင့်ကပ်ရင်း တရကြမ်းထိုးခုတ်ရန် ပြင်ဆင်လျက်ရှိစဉ် 'လာဗန်'၏ ဓားချက်ကြောင့် အနာတရ ဖြစ်သွားသော 'ဆက်တီ'သည် ရဟူဒီကြီး၏ ကိုယ်လုံးကြီးအောက်သို့ ကျရောက်သွားသဖြင့် ရဟူဒီကြီးသည် သူ၏လည်မျိုကို တင်းကြပ်စွာ ဆုပ်ကိုင်ကာ အားကုန် ဖြစ်ညှစ်လျက် ရှိလေ၏။

ကျွန်ုပ်သည် အခြားအခြင်းအရာတစ်ခုကိုလည်း မြင်ရသေး၏။ ယင်းသည်ကား မိန်းမတစ်ယောက်သည် ဓားတစ်ချောင်းကို လက်နှစ်ဖက်ဖြင့် စုံကိုင်ပြီးလျှင် အောက်သို့ စိုက်ချလိုက်သည်နှင့် တစ်ပြိုင်နက် 'ဆက်တီ'၏ လည်မျိုကို ဖြစ်ညှစ်လျက် ရှိသော ရဟူဒီ၏ လက်များ ဖြေလျော့သွားခြင်းပင် ဖြစ်လေသည်။

"သစ္စာဖောက်မဟု အော်ကာ တစ်စုံတစ်ယောက်က ရိုက်လိုက်သဖြင့် ထိုမိန်းမသည် နောက်သို့ လဲကျသွားလေသည်။ ထို့နောက် ကျွန်ုပ်သည် မိုးသီးမိုးပေါက်ကဲ့သို့ အဆက်မပြတ် ကျရောက်လျက်ရှိသော ဓားချက်များ အောက်၌ သတိလွတ်ကင်းတော့မည်ကဲ့သို့ ရှိနေစဉ် 'အီဂျစ် ... အီဂျစ်' ဟု၍ စူးရှစွာ အော်ဟစ်လိုက်သော စစ်သားများ၏ အသံများကိုပါ ကြားလိုက်ရပြီးနောက် ကျွန်ုပ်၏ မျက်စေ့ထဲ၌ ကမ္ဘာကြီးတစ်ခုလုံး မှောင်အတိ ကျသွား၏။

◈ ◈ ◈

www.burmeseclassic.com

www.burmeseclassic.com

## ၈

ကျွန်ုပ်မှာ မည်မျှကြာအောင် သတိမေ့လျော့နေသည် မသိ။ နောက်ဆုံး သတိရလာသောအခါ ကျွန်ုပ်တစ်ကိုယ်လုံး နာကျင်ကိုက်ခဲလျက် ရှိလေသည်။ ပဋ္ဌမတွင် ကျွန်ုပ် တာနစ်မြို့ 'ဆက်တီ' နန်းတော်မှ ကျွန်ုပ်၏ အခန်း ဖြစ်သည်ကို တစ်ဖြည်းဖြည်း သတိရလာမိ၏။ တစ်ကိုယ်လုံး နာကျင်ကိုက်ခဲလျက် လက်ဝဲဘက် လက်ကိုမြှောက်၍မရဘဲ၊ လက်တစ်ခုလုံး ပတ်တီးများ စည်းထားသည်ကို တွေ့ရှိရလေသည်။ ထို့နောက် တစ်ဖန် အိပ်ပျော်သကဲ့သို့ ဖြစ်သွားပြန်၏။

ယင်းကဲ့သို့ ရှိနေစဉ် ကျွန်ုပ်နားထဲ၌ လူများ စကားပြောသံများကို ကြားရ၏။ ယင်းတို့အနက် တစ်ယောက်မှာ သမားတော်ကြီးဖြစ်၍ ခေါင်းပေါ်မှ ဒဏ်ရာကြောင့် ရက်ပေါင်းများစွာ သတိမရဘဲ ရှိနေကြောင်း အရိုးမှာ အက်သွားသော်လည်း ဦးနှောက်ကို မထိခိုက်သဖြင့် စိုးရိမ်ဖွယ်မရှိတော့ကြောင်း ကိုယ်ခန္ဓာမှာလည်း သံကြပ်အကျီကြောင့်သာ သေလောက်သော ဒဏ်ရာကို မရရှိခြင်း ဖြစ်ကြောင်းနှင့် ပြောဆိုလျက် ရှိလေသည်။

ယူဆာတီ၏အသံဖြင့် –

"ဒီလိုကြားရတာ ဝမ်းသာပါတယ် သမားတော်ကြီးရယ်၊ 'အာနာ' ကြောင့်သာ မဟုတ်ရင်တော့ အရှင့်သားရဲ့ အသက်ဆုံးရှုံးရမှာ မုချပဲ။ ကျမ်းပြု ဆရာတစ်ယောက်လို့ ထင်နေတဲ့လူက ခုလို ဓားစွမ်းပြလိုက်တာဟာ သိပ်ကို အံ့စရာပဲ"





"ချီးကျူးစရာပါပဲ အရှင်မ။ ဒါထက် အစောင့်စစ်သားတွေကို ကြိုတင် စီစဉ်ထားပုံ ရထားမောင်းသမားကို အချိန်မီ ပြေးပြီး အခေါ်ခိုင်းပုံတွေဟာ ပိုပြီး ချီးကျူးဖို့ ကောင်းပါသေးတယ်။ ဒါနဲ့ အရှင့်သားရဲ့ အသက်ကို တစ်ကပယ်တမ်း ကယ်လိုက်တာကတော့ အရှင့်သားရဲ့ လည်မျိုကို ညှစ်နေတဲ့ လူသတ်သမားကို ဓားနဲ့ထိုးသတ်လိုက်တဲ့ ရဟူဒီမ ဖြစ်နေပုံရတယ်"

အေးစက်စက်အသံဖြင့် –

"ဒါကတော့ မောင်တော်ရဲ့ အပြောနဲ့ ကျွန်ုပ်သိရတာပဲ"

ထို့နောက် အသံများ တစ်ဖြည်းဖြည်း ပျောက်ကွယ်သွားလေသည်။

ကျွန်ုပ်မှာ ကြည်ကြည်လင်လင် ပြန်လည် သတိရလာသော်လည်း မျက်စိများကို မှိတ်ထားလျက်ပင် ရှိသေး၍ အတန်ကြာသောအခါ အနီး၌ လှုပ်ရှားသွားလာလျက်ရှိသော မိန်းမတစ်ယောက်၏ နူးညံ့သော ခြေသံနှင့် အဝတ်ကို ဒရွတ်တိုက်၍ဆွဲသံ စသည်တို့ကို ကြားရသဖြင့် မျက်လုံးများကို ဖွင့်ကြည့်လိုက်ရာ ကျွန်ုပ်အား ငုံ့၍ စိုက်ကြည့်နေသော 'မာရဖီ' တောက်ပသော မျက်လုံးအစုံကို မမျှော်လင့်ဘဲ တွေ့ရှိရလေ၏။

"အလို ... 'မာရဖီ' ကျွန်ုပ်တို့ ခုထပ်တွေ့ကြရတာ တကယ်ပဲနော်"

လေသံဖြင့် "အို ... သင်သတိရလာပြီလား၊ ဘုရားသခင်ရဲ့ ဂုဏ်ကျေးဇူးတော်ပဲ 'အာန' လွှန်ခဲ့တဲ့ ၃ ရက်ကဖြင့် သင့်ကို ကျွန်ုပ်တို့ သေတော့မယ် အောက်မေ့ နေကြတာ။ ကျွန်ုပ်တို့ ၃ ယောက်စလုံး အသက်ရှင်ကြတယ်နော်"

သက်ပြင်းချလျက် –

"အရှင့်သားနဲ့ သင်တို့ နှစ်ယောက်ပဲ အသက် ရှင်ကြတာပါ 'အာနာ' ရယ် ... ကျွန်ုပ်ကတော့ သေပါပြီ"

"ဘာဆိုလိုတာလဲ 'မာရဖီ' ရဲ့"

"သင်ပဲ တွေးကြည့်လေ၊ ကျွန်ုပ်ကြောင့် ကျွန်ုပ်နဲ့ ကျွန်ုပ်တို့ လူမျိုးတွေ အကြားမှာ သူတို့သွေးတွေ ချောင်းစီးခဲ့ရပြီ မဟုတ်လား။ ကျွန်ုပ်ရဲ့ ဆွေမျိုးသားချင်း တစ်ယောက်ကိုလဲ ကျွန်ုပ်သတ်ခဲ့မိသေးတယ်။ အဲဒီတော့ ကိုယ့်လူမျိုး အပေါ်မှာ သစ္စာဖောက်ခဲ့တဲ့ ကျွန်ုပ်ဟာ 'ဂျေဟိုဗား'ရဲ့ ကျိန်စာနဲ့ တစ်နေ့ကျရင် သေရတော့မှာပဲ။ အဲဒီတော့ နောင်အဖို့ ဘာမျှော်လင့်စရာ ရှိတော့သလဲ။ ရှူး ခြေသံတွေ ကြားရတယ်။ ရော့ ... ရော့ ... ဒါကလေးသောက်လိုက်၊ ကျွန်ုပ်က သင့်သူနာပြု ဆရာမ ဖြစ်နေပြီ"

ထို့နောက် 'ဆက်တီ' ဝင်လာသဖြင့် ကျွန်ုပ်က ဒဏ်ရာနည်းပါးသော လက်ကို မြှောက်ကာ အရိုအသေပြုသည်တွင် မင်းသားက လက်ကို ဖမ်းယူကာ ကြင်နာစွာ ဆုပ်ကိုင်ထားလိုက်ပြီးလျှင် ရွှင်ပျသော အသံဖြင့် –



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်နှယ့် ကျွန်ုပ်က ကျမ်းပြုဆရာတစ်ယောက် ၄ား ထားမိတယ် မှတ်ပါ။ လက်စသတ်တော့ စစ်တပ်ကြီး တစ်တပ်လောက် အားကိုးရတဲ့ သူရဲကောင်းကြီး တစ်ယောက် ဖြစ်နေတာကိုး"

ထိုအခိုက် 'ဆက်တီ'သည် နောက်သို့ ခပ်ရိုရိုဆုတ်နေသော 'မာရဖီ' ကို လှမ်းမြင်သဖြင့် ဦးညွှတ်ရင်း --

"ဘယ်နှယ့် 'မာရဖီ' အာနာကို သူရဲကောင်းကြီးလို့ အမည်ပေးရင် ကျွန်ုပ်တို့ရဲ့ အသက်သခင် ကျေးဇူးရှင် ဖြစ်တဲ့ သင့်ကို ကျွန်ုပ်တို့ ဘယ်လို အမည်ပေးရပါ့မလဲ။ အို ... ခေါင်းငုံ့မသွားပဲ မေးတာ ဖြေစမ်းပါလေ"

"အရှင် ... ကျွန်ုပ်ဆောင်ရွက်ခဲ့တဲ့ အမှုဟာ မပြောပလောက်ပါဘူး။ ဒီအကြံကို ဦးလေး 'ဂျေဗက်' ဆီက တစ်ဆင့် ကြားတာနဲ့ ဖြတ်လမ်းက အချိန်မီ ပြေးလာသတိပေးတာပါပဲ"

"ဒါဖြင့် ကျွန်ုပ်၏ လည်မျိုညှစ်နေတဲ့ ရဟူဒီကြီးကို ထိုးလိုက်တဲ့ ဓားချက်ကကော ဘယ်လို အဓိပ္ပာယ်လဲ မာရဖီ"

"အဲဒီအကြောင်းနဲ့ ပတ်သက်လို့တော့ ကျွန်ုပ်ဘာမှ ပြန်သတိမရတော့ပါဘူးရှင်" ဟု ပြန်ပြောပြီးနောက် 'မာရဖီ'သည် အခန်းတွင်းမှ လျင်မြန်စွာ ထွက်ခွာသွားလေ၏။

"ဘယ်လို မိန်းမလဲ မသိပါဘူး 'အာနာ' ရယ်။ ရုပ်ကလဲ ချော၊ သတ္တိကလဲ ကောင်း၊ စိတ်သဘောကလဲ ဖြောင့် သူ့မှာ အပြစ်ရယ်လို့ ဘာများ ရှိသေးသလဲ။ သင် ရှာနိုင် ရှာစမ်းပါဦး"

"မော်ဆရာကြီး 'ကီ'ဖြင့် မိန်းမတစ်ယောက် ဖုံးကွယ်ထားတဲ့ အရာကို တွေ့အောင်ရှာနိုင်ပါလိမ့်မယ်"

"ကျွန်ုပ်ရဲ့ အသက်ဘေးအန္တရာယ်ရှိတယ်လို့ သူဟောလိုက်တဲ့ အချက်ကတော့ မှန်ပေသားပဲ။ နို့ပေမယ့် ကျွန်ုပ်ချစ်ခင်ရမယ့် မိန်းမတစ်ယောက်ကို တွေ့ရမယ်ဆိုတာကတော့ သူမှားနေပြီ။ 'မာရဖီ' ချောတယ်၊ သတ္တိကောင်းတယ် လို့ပြောမိတာနဲ့ ကျွန်ုပ်သူ့ကို ချစ်နေပြီလို့ သင်အထင်မှားနေပြီ ထင်တယ်။ မဟုတ်ပါဘူး အာနာရဲ့။ ထိပ်ထားကလွဲရင် ကျွန်ုပ်ဘယ်မိန်းမကိုမှ မချစ်ပါဘူး"

"ကီက ချစ်လာရမယ်လို့ ဟောတာပဲ အရှင်။ အချိန်တွေ ရှိပါသေးတယ်"

"မြန်မြန် ကျန်းမာလာအောင်သာ လုပ်စမ်းပါ 'အာနာ'ရယ်။ အဖိအနှိပ်ခံနေရတဲ့ ရဟူဒီတွေကို သူတို့သွားလိုရာ လွှတ်လိုက်ဖို့ 'ဖာရိုး'ကို သင့်အကူအညီနဲ့ အစီရင်ခံရဦးမယ်။ စင်စစ်တော့ သူတို့ဘုရားကို စော်ကားမိတဲ့ ကျွန်ုပ်ကို သတ်ဖို့ကြံကြတဲ့ 'လာဗန်'တို့ဘက်က လမ်းမှန်တယ် အာနာရဲ့"





"အင်း ... ခုလိုဆိုတော့ 'ဂိုရှန်' သွားတဲ့ခရီးဟာ အရှင်ရဲ့ ထီးနန်းကို စွန့်ပစ်ရမယ့် အခြေကို ရောက်လာလိမ့်မယ်လို့ 'ကီ' ဟောလိုက်တဲ့ တတိယအချက် ဟာ မှန်မလို ဖြစ်နေပြီ"

"ဒီစခန်းကို မရောက်သေးပါဘူးလေ။ ဒါတွေ အသာထားပြီး သင်ကျန်းမာအောင်သာ လုပ်စမ်းပါ"

"ဒါနဲ့ တိုက်ပွဲဟာ ဘယ်လို အဆုံးသတ်သွားပါသလဲ အရှင်"

"စစ်သားတွေက ကျန်တဲ့ရဟူဒီတွေအားလုံး လိုက်သတ်တော့ တချို့လဲ မှောင်ကြီးထဲမှာ လက်လွတ်ထွက်ပြေး သွားကြတယ်။ ကျွန်ုပ်ကတော့ နည်းနည်းပါးပါးလောက်ပဲ ထိခိုက်မိတာပါ။ သင့်ကိုတော့ ကျွန်ုပ်တို့က သေပြီ မှတ်နေကြတာ။ နောက်မှ သတိမေ့နေကြောင်း သိရလို့ ထမ်းစင်တစ်ခုနဲ့ တင်ယူလာပြီး ဒီရောက်လို့ ၃ ရက်ကြာမှ ခုလို သတိပြန် ရလာတာပဲ။ ပြီးတော့ 'မာရဖီ' ကိုလည်း သူ့လူတွေက သတ်ပစ်မှာ စိုးလို့ ရထားနဲ့ တင်ခေါ်လာခဲ့ရတယ်"

ကျွန်ုပ်သည် ခေါင်းထဲမှ မိုက်ကနဲဖြစ်လာသဖြင့် မျက်စိများကို မှိတ်ထားပြီးနောက် ပြန်ဖွင့်လိုက်သောအခါ မင်းသားမရှိတော့ချေ။ သို့နှင့် ကျွန်ုပ်မှာ အိပ်ရာမှ ထခွင့်မရဘဲ ၆ ရက်မျှ နေခဲ့ရသည့်အချိန်အတွင်း၌ 'မာရဖီ' နှင့် ကြိမ်ဖန်များစွာ တွေ့ခဲ့ရ၏။ ကျွန်ုပ်က ဘာပဲဖြစ်ဖြစ် သင်တော့ 'လာဗန်' လက်က လွတ်ပါပြီ' ဟု ပြောသောအခါ 'မာရဖီ'က မထင်နဲ့ဦး 'အာနာ' သူရော ကျွန်ုပ်ရော အသက်ရှင်နေသမျှ သူ့လက်က လွတ်မှာ မဟုတ်ဘူး။ ကျွန်ုပ်တော့ ပျော်ရွှင်ချမ်းသာမှုနဲ့ ဝေးပါပြီ' ဟု ပြောကာ မျက်ရည်စက်လက်နှင့် ထွက်သွားတတ်လေသည်။

ထိုအတွင်း မင်းသမီး 'ဆက်တီ'သည်လည်း ကျွန်ုပ်ထံ ချဉ်းကပ်၍ 'မာရဖီ' ၏အကြောင်းကို စုံစမ်းမေးမြန်းရာ နောက်ဆုံးတွင် ကျွန်ုပ်က 'မာရဖီ'တွင် စေ့စပ်ထားသော ရဟူဒီတစ်ယောက် ရှိကြောင်းပြောလိုက်သောအခါမှ ကျေနပ်သွားတော့၏။ 'ဘာကင်ခွန်းစု'ပင် ဤအကြောင်းကို ကျွန်ုပ်ထံစုံစမ်းရာ ကျွန်ုပ်က မင်းသားသည် ထိုမိန်းမကို သိမ်းပိုက်ရန် စိတ်ကူးမျှပင် မထည့်ကြောင်း အဘိုးကြီးက မည်ကဲ့သို့ပင် ပြောဆိုစေကာမူ မင်းသားအား အသက်စွန့်၍ ကယ်ဆယ်လိုက်ခြင်းမှာ ချစ်ကြိုက်၍သာ ဖြစ်ကြောင်း။ သို့ဖြစ်၍ 'ဆက်တီ' သည် မကြာမီ သူ့အား ချစ်ကြိုက်လာမည်ဖြစ်၍ ထိုရဟူဒီမသည် 'အီဂျစ်' ပြည်ကြီးကို စိုးမိုးကာ မင်းသားကိုပင် သူ၏ဘာသာတွင်းသို့ သွတ်သွင်းလိမ့် မည်ဖြစ်ကြောင်းနှင့် ချေပ ပြောဆိုလေသည်။

'ဖာရိုး'ထံ အစီရင်ခံစာကိုလည်း မင်းသားက ကျွန်ုပ်အား ရေးစေသဖြင့် ရေးပေးရ၏။ အစီရင်ခံစာ၏ အတိုချုပ်မှာ 'အီဂျစ်' လူမျိုးများ၏ [illegible]



www.burmeseclassic.com

www.burmeseclassic.com



ဘိုးစဉ်ဘောင်ဆက် ဒုက္ခဆင်းရဲခံ၍ လာခဲ့ကြရသော ရဟူဒီ လူမျိုးများအား သူတို့၏ ပရော်ဖက်များ ဟောင်းဆိုသည့်အတိုင်း ဘေးရန်မပြုဘဲ လွတ်လပ်ခွင့် ပေးလိုက်ရန် သင့်ကြောင်း။ ကျွန်ုပ်တို့အား ဟောင်ကြားထဲ၌ တိုက်ခိုက်သော ကိစ္စနှင့်ပတ်သက်၍မူ အယူသည်းသော လူတစ်စု၏ ဆိုးရွားသော အကြံမျှသာ ဖြစ်၍ လူမျိုးတစ်မျိုးလုံးကို သိမ်းကျုံး၍ အပြစ်မပေးထိုက်ကြောင်း။ ထို့ပြင် တိုင်းပြည်တစ်ခုထဲ၌ 'အီဂျစ်'တို့၏ ဘုရားသခင် အာမွန်နှင့် ရဟူဒီတို့၏ ဘုရားသခင် 'ဂျေဟိုဗား'သည် ပြိုင်တူ မည်သည့်နည်းနှင့်မျှ အုပ်စိုးခြင်းပြုနိုင်မည် မဟုတ်ကြောင်း။ ယင်းကဲ့သို့ 'အီဂျစ်' ပြည်၌ ပြိုင်တူအုပ်စိုး၍ နေပါကလည်း တစ်နေ့တွင် ဘုရားသခင်တို့၏ စစ်ပွဲကြီးတစ်ခု ပေါ်ပေါက်လာပြီးလျှင် ထိုစစ်ပွဲကြီးတွင် လူသားများသည် မြေမှုန့်ပမာ မှုန့်မှုန့်ညက်ညက် ကြေလိမ့်မည် ဖြစ်ကြောင်းတို့ပင် ဖြစ်လေသည်။

အထက်ပါ အစီရင်ခံလွှာကို ချိတ်တံဆိပ်ရိုက်နှိပ်ပြီးသောအခါ အခြားမည်သူကိုမျှ မယုံကြည်ရသောကြောင့် မင်းသားကိုယ်တိုင် ညီလာခံ၌ 'ဖာရိုး'၏ လက်သို့ ဆက်သလေသည်။ 'အာမင်မီ' သက်တော်ရှည် အမတ်ကြီး နီဟေစီနှင့် ကျွန်ုပ်တို့ အသက်ကို အချိန်မီ ကယ်တင်သော ကိုယ်ရံတော် ဗိုလ်မှူး စသည်တို့ကလည်း မိမိတို့၏ အစီရင်ခံလွှာများကို အသီးသီး ဆက်သကြလေသည်။

အိမ်ရှေ့မင်းနှင့် အိမ်ရှေ့မိဖုရားက ဆွတ်ဆွတ်ဖြူသော မြင်းနှစ်ကောင်ကသည့် မြွေရထားတွင် စီးနင်းလိုက်ပါလျက် ရှေ့မှသွားလျက် ကျွန်ုပ်တို့က နောက်မှ အသီးသီးလိုက်ပါလာကြစဉ် လမ်းဘေးတစ်ချက်တစ်ချက်မှ စောင့်ကြည့်နေကြသည့် ထောင်ပေါင်းများစွာသော ပရိသတ်ကြီးသည် ဆီးကြိုအော်ဟစ်ကာ ကောင်းကြီးသြဘာပေးလျက် ရှိကြကုန်၏။ ထိုအခါ ကျွန်ုပ်နှင့်အတူ ရထားထဲတွင် ပါလာသည့် 'ဘာကင်ခွန်းစု'က –

"ကြည့်စမ်း ... အီဂျစ်တစ်ပြည်လုံး ဂုဏ်တက်ပြီး ဝမ်းသာအားရ ဖြစ်နေကြတယ်။ စာရေးဆရာဆိုတာက ဖန်တီးတတ်တယ်။ သူ့ရဲကောင်းက သတ်တယ်။ ဒါကြောင့် အသတ်အဖြတ်နဲ့ အုပ်စိုးတဲ့ လောကကြီးမှာ သတ်နိုင် ဖြတ်နိုင်တဲ့လူက ဖန်တီးတွေးတောတတ်တဲ့ လူထက်ပိုပြီး ဂုဏ်ရှိတာပဲ။ ဟော သင့်နာမည်တောင် အော်ဟစ်နေကြတယ်။ နားထောင်စမ်း ... ဒါဟာ သင် စာရေးဆရာဖြစ်လို့ မဟုတ်ဘူး 'အာနာ' ဟောင်ကြားလမ်း တိုက်ပွဲမှာ သင်က ရန်သူ ၃ ယောက်ကို သတ်နိုင်လို့ပဲ။ ပြောရင်းဆိုရင်း နန်းတော်လှေကား ထစ်တောင် ရောက်လာပြီ။ ကိုင်း ... ကျွန်ုပ်ကို အပေါ်ရောက်အောင် တွဲစမ်းပါဦး"

ကျွန်ုပ်တို့သည် နန်းတော်ခမ်းမဆောင်ကြီးသို့ ဝင်မိကြသောအခါ 'ဖာရိုး'သည် အခမ်းအနား အဝတ်အစားများကို ဝတ်ဆင်ခြင်း မပြုဘဲ၊ မျက်နှာ





မသာမယာနှင့် ထိုင်နေသည်ကို တွေ့ရ၏။ ကျွန်ုပ်တို့က အရိုအသေပြုသည်ကိုလည်း အရေးမထားပဲ၊ အောက်ပါအတိုင်း မိန့်မြွက်လေသည်။

ရဟူဒီတို့ နေရာသို့ သွားရောက်ရာတွင် တွေ့ကြုံခဲ့ရပုံများ ပါသော သင်၏ လျှောက်လွှာကို ကျွန်ုပ်ဖတ်ကြားရပေပြီ။ သားတော် 'ဆက်တီ' သားတော်နှင့် အတူပါသည့် အရာရှိများနှင့် တူတော် 'အာမင်မီ'၏ လျှောက်လွှာကိုလည်း ဖတ်ရပေပြီ။ ထိုလျှောက်လွှာများအကြောင်း မပြောမီ၊ သားတော်အား တိုက်ခိုက်စဉ် ရထားထဲတွင် အတူပါသည့် ကျမ်းပြုဆရာ 'အာနာ'သည် ရှေ့သို့ထွက်၍ ဖြစ်ပျက်သမျှ အလုံးစုံကို ကျွန်ုပ်အား လျှောက်တင်လော့"

ထိုအခါ ကျွန်ုပ်သည် ရှေ့သို့ထွက်၍ ဦးညွှတ်ကာ ကျွန်ုပ်ကိုယ်တိုင် ဆောင်ရွက်ခဲ့ပုံများကို တတ်နိုင်သမျှ ချန်လှပ်၍ လျှောက်ထားလေသည်။ ကျွန်ုပ် စကားဆုံးသောအခါ 'ဖာရိုး'က –

"မှန်တဲ့အကြောင်းကို တစ်ဝက်တစ်ပျက် ပြောတဲ့လူဟာ လိမ်ပြောတဲ့ လူထက်တောင် တစ်ခါတစ်ရံ ဆိုးရွားသေးတယ်။ သားတော်က သူ့အသက်ဘေးအတွက် တိုက်ခိုက်ခုခံနေတဲ့အခါ သင်က ဒီအတိုင်းထိုင်နေသလား။ ဒါမှမဟုတ် ထွက်ပြေးသလား။ ဒီလူက ဘာလုပ်တယ်ဆိုတာ ပြောစမ်းပါဦး သားတော်"

ထိုအခါ ဆက်တီသည် ကျွန်ုပ်မည်ကဲ့သို့ ဝင်ရောက်တိုက်ခိုက်ပုံ စစ်သားနှစ်ယောက်ကို ခြေမြန်သမား နှစ်ယောက်အသွင် ရုပ်ဖျောက်အစားထိုးထားပုံ ရထားမောင်းသမားအား သူမသိစေဘဲ နောက်မှ လျှို့ဝှက်၍ လိုက်စေသော စစ်သား ၂၀ ကို မည်ကဲ့သို့ အခေါ်လွှတ်ပုံတို့ကို စုံလင်စွာ တင်လျှောက်လေ၏။

"သားတော် လျှောက်တင်သည့်အတိုင်း အမှန်ဖြစ်ကြောင်း အခြားသူများထံမှ ကျွန်ုပ်သိရပေပြီ ... ကျမ်းပြုဆရာ ရှေ့သို့တိုးခဲ့လော့"

ထိုအခါ ကျွန်ုပ်သည် တုန်ရီသော ခြေလှမ်းများဖြင့် ရှေ့သို့ တိုးသွားပြီးလျှင် ဘုရင်ကြီး၏ရှေ့၌ ဒူးထောက်လိုက်၏။ ထိုအခါ 'ဖာရိုး'သည် သူ၏ လည်ပင်း၌ တွဲရရွဲဆွဲထားသည့် အိရှမ်းနေသော ရွှေကြိုးကို ဖြုတ်ကာ ကျွန်ုပ် လည်ပင်း၌ စွပ်ပေးလျက်

"သင်သည် ရဲရင့်ခြင်းနှင့် ဉာဏ်ပညာရှိခြင်းကို တစ်ပြိုင်နက် ပြသခဲ့သူဖြစ်၍ ကျွန်ုပ်သည် ဤဆွဲကြိုးဖြင့် သင့်အား အတိုင်ပင်ခံ အမတ်ကြီး ဘွဲ့ထူးနှင့် ဘုရင့်အဆွေတော် ဘွဲ့ထူးကို တစ်ပြိုင်တည်း ပေးအပ်ပါ၏။ ကိုင်း ... သွားပေလော့။

ထို့နောက် 'ဖာရိုး'သည် ကိုယ်ရံတော်ဗိုလ်မှူးနှင့် စစ်သားများအား ရာထူးများ တိုးတက်ပေးပြီးလျှင် ကျဆုံးသူများ၏ သားမယားများကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



ရိက္ခာတော်ငွေများ ထောက်ပံ့ရန် အမိန့်ချမှတ်လေသည်။ ထို့နောက် 'ဖာရိုး'သည် ညီလာခံဝင်သူများနှင့် စစ်သားများအား ယခင်ကနည်းတူ အခန်းဆောင် အပြင်သို့ ထွက်သွားရန် အမိန့်ပေးသည်။

ဖာရိုး ။ ။ "သားတော် 'ဆက်တီ' သင်ရဲ့ အစီရင်ခံစာဟာ 'ကောင့်အာမင်မီ' တို့အစီရင်ခံစာနှင့် ကွဲပြားနေသည်။ ရဟူဒီများအား သူတို့လိုရာသို့ သွားရန် သင်က အကြံပေးထားသည့် အီဂျစ်ပြည်ကြီး၏ နန်းလျာ တစ်ယောက်အား လုပ်ကြံမှုအတွက်လည်း ကျွန်ုပ်၏ အမတ်ကြီး အားလုံးက မခံမရပ်နိုင်အောင် ဖြစ်နေကြသည်။ ကျွန်ုပ်မှာ သင်၏ အကြံပေးချက်ကို လိုက်နာရမည်ထက် 'ဂိုရှန်'သို့ စစ်တပ်တစ်တပ် စေလွှတ်ကာ ရဟူဒီများအား မှတ်ဆိတ်ဖြူအရွယ်မှ နို့စို့ကလေးအရွယ်တိုင် သတ်ဖြတ် သုတ်သင်ရမည့်အကြံကို စိတ်ကူးရမည်ကဲ့သို့ ဖြစ်နေသည်။ သို့သော် ယင်းကဲ့သို တိုင်းရေး ပြည်မှုကိစ္စများတွင် ထုံးတမ်းစဉ်လာအရ ထီးနန်းကို ဆက်ခံမည့်သူက သဘောတူရပေမည်။ သဘောတူပါသလော သားတော်"

"ကျွန်ုပ် သဘောမတူပါဘူး။ အကြောင်းအားလျော်စွာ မဟာသွေး ဖြစ်နေသူတစ်ယောက်အပေါ်တွင် လုပ်ကြံသည့် မိုက်မဲသော လူတစ်စုအတွက် အသက်ပေါင်းများစွာ ပျက်စီးရမည်ဖြစ်၍ မသင့်လျော်ဟု ထင်ပါသည်"

'ဖာရိုး'သည် ဒေါသထွက်သော်လည်း စိတ်ကို ချုပ်တီးထားဟန် ရှိသည်။

ဆက်လက်၍ –

"ဤသို့လျှင် ထိုထက် သက်သာသော အပြစ်ကို ပေးမည်။ ယင်းတို့၏ အစုအဝေးကို ဖြိုခွဲရန် အန္တရာယ်ပြုတတ်သူ များအား သဲကန္တာရအတွင်းမှ သတ္တုတွင်းများ ကျောက်တွင်းများရှိရာသို့ အလုပ်ကြမ်း လုပ်ရန် ပို့စေ၍ ကျန်လူများအား 'အီဂျစ်'တစ်ပြည်လုံးသို့ ကျွန်အဖြစ် ထားရန် ဖြစ်သည်။

"ကျွန်ုပ် သဘောမတူပါ ခမည်းတော်"

"သားတော်၏ ဝါဒကို ဤညီလာခံ၌ တင်ပြပါလော"

"ကျွန်ုပ်၏ ဝါဒမှာ ကျွန်ုပ်သာ ထီးနန်းစည်းစိမ်ကို ဆက်ခံရပါက ရဟူဒီတို့အား သူတို့လိုရာသို့ ထွက်သွားခွင့်ပြုပါမည်"

လူအားလုံးပင် မင်းသားအား စိုက်ကြည့်လျက် ရှိ၏။ ဘုရင်ကြီးသည် ကျယ်လောင်ကြောက်မက်ဖွယ်အသံဖြင့် –

"အီဂျစ်ပြည်၏ နတ်မင်းကြီးများ သားတော်၏ စကားကို ကြားတော်မူကြပါကုန်လော့။ သူသည် အရှင်တို့၏ လည်ပင်းများကို အခြားနတ်တစ်ပါး၏





ခြေဖဝါးအောက်သို့ ပို့ဆောင်အံ့။ မင်းသား 'ဆက်တီ' သင့်အား ဤမှူးမတ်ဗိုလ်ပုံအလယ်တွင် ကျွန်ုပ် ..."

စကားမဆုံးမီ 'ယူဆာတီ'သည် ငြိမ်သက်စွာ ထိုင်နေရာမှ ပြေးလာပြီးလျှင် ဘုရင်ကြီး၏ လည်ပင်းကို သိုင်းဖက်ကာ တစ်စုံတစ်ရာ တီးတိုး ပြောလိုက်လေသည်။

ဖာရိုး ။ ။ "သမီးတော်က ဤကိစ္စကို အလျှင်စလို မဆုံးဖြတ်ရန် အကြံပေးသည့်အတိုင်း သားတော် အိမ်ရှေ့စံသည် သမီးတော်နှင့် တိုင်ပင်ပြီးနောက် ယနေ့မှ ၃ ရက်မြောက်သောနေ့တွင် ဤအချိန် ဤနေရာ၌ စောင့်လင့်နေရန် သင်မင်းသားအား ကျွန်ုပ်အမိန့်ချမှတ်လိုက်သည်။ ရှေ့တော်ရှိ လူအားလုံးလည်း ယနေ့စကားများကို အပြင်သို့ မပေါက်ကြားစေရန် အမိန့်တော် မှတ်လိုက်သည်။

ရဟူဒီ သုံးပန်းများအား မည်သို့ပြုလုပ်ရမည့်အကြောင်း သက်တော်ရှည် အမတ်ကြီး 'နီဟေစီ'က လျှောက်ထားရာ 'မီနီဖက်တာ' ဘုရင်ကြီးက ၎င်းတို့မှာ ပြစ်မှုထင်ရှားသည့်အတိုင်း မသေမချင်း တုတ်များဖြင့် ရိုက်သတ်ရန် အမိန့်ချမှတ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

# ၉

ထိုနေ့ ညနေ၌ ကျွန်ုပ်၏ အလုပ်ခန်းထဲသို့ ဘဏ္ဍာစိုး 'ပန်ဘတ်စ' သည် 'မာရဖီ'ကို ခေါ်ဆောင်လာ၏။ ကိစ္စကို မေးမြန်းရာ 'မာရဖီ'က သူ့ဦးလေး 'ဂျေဗက်'သည် အရေးကြီးသော ကိစ္စတစ်ခုနှင့် ရောက်လာကြောင်း ပြောကြားလေသည်။

"ဘယ်လို ကိစ္စတဲ့လဲ မာရဖီရဲ့"

"ကျွန်ုပ်ရဲ့ အသက်ကိုရော ဘုရားသခင်ရဲ့ လက်စားချေခြင်းကိုရော ကာကွယ်ဖို့ မင်းသားရဲ့ စိတ်ကို ကျွန်ုပ်က ဆွဲဆောင်ပေးရမတဲ့။ ရဟူဒီတွေကို 'ဖာရိုး'က အားလုံး သုတ်သင်ပစ်မယ်ဆိုတာ ကျွန်ုပ် မပြောဘဲနဲ့တောင် သူသိနေနှင့်ပြီ။ ဒါကြောင့် အာဏာရှိတဲ့ အရှင်မင်းသားက သဘောမတူပါနဲ့လို့ သင်က မင်းသားကို ပြောပေးဖို့ သင့်ကိုလာပြီး ကျွန်ုပ်တောင်းပန်တာပဲ"

ထိုအခိုက်တွင် မလွယ်တံခါးပေါက်ပွင့်သွားပြီးနောက် မင်းသား ကိုယ်တိုင် ဝင်လာလေသည်။

"ဘာများ ကျွန်ုပ်ကို တောင်းပန်ဖို့ရှိလို့လဲ လေဒီ မာရဖီ"

"ရဟူဒီအားလုံးကို ဓားဘေးမှ လွတ်ရန်အရေးမှာ အရှင်တစ်ဦးတည်း လက်ထဲမှာ အာဏာရှိတဲ့အတွက် ကယ်ဆယ်ရန် ကျွန်ုပ်တောင်းပန်ခြင်း ပြုပါတယ်"

ထိုခဏတွင် အိမ်ရှေ့ မိဖုရား 'ယူဆာတီ' ဝင်လာပြန်၏။





"ဒီမိန်းမက ဒီကိုဘာလာလုပ်တာလဲ"

"သူလဲ သင်တို့ ကျွန်ုပ်တို့လို 'အာနာ'ကို လာတွေ့တယ် ထင်ပါရဲ့ ကြင်ယာတော်ရယ်။ ပြီးတော့ သူက ဒီမှာ ကျွန်ုပ်ကို ဓားဘေးက သူ့လူမျိုးတွေ ကယ်တင်ဖို့ တောင်းပန်နေတယ်"

"ကျွန်ုပ်ကတော့ သင့်ကို သတ်ဖို့ကြံစည်ခဲ့တဲ့ သူ့လူမျိုးတွေကို ဓားနဲ့ ကွပ်မျက်ပစ်ဖို့ ကောင်းပန်ပါတယ် မောင်တော်"

"ဒီလို ကြံတဲ့လူတွေကို တုတ်နဲ့ ရိုက်သတ်ဖို့ အပြစ်ပေးပြီးပါပကော 'ယူဆာတီ'ရယ်။ အပြစ်ကင်းမဲ့တဲ့ ကျန်လူတွေဟာ ဘာကြောင့် သေကြရမှာလဲ"

"ဘာကြောင့်လဲဆိုရင် သင့်ရဲ့ ထီးနန်းဟာကြောင့်ပေါ့ 'ဆက်တီ'ရဲ့။ သင့်မှာ အခွင့်အရေးရှိတဲ့အတိုင်း 'ဖာရိုး'ရဲ့အလိုကို ဆက်လက်ပြီး ဆန့်ကျင်ဘက် ပြုနေမယ်ဆိုရင် ဘင့်ကို ထီးနန်းအမွေခံအဖြစ်က ပယ်ပြီး သင့်ရဲ့ နောင်တော်ဝမ်းကွဲ 'အာမင်မီ'ကို သင့်နေရာမှာ နန်းတင်လိမ့်မယ်"

"ဒါကို ကျွန်ုပ်လဲ တွေးမိသားပဲ 'ယူဆာတီ'ရဲ့။ ဒါထက် နေပါဦး။ ကျွန်ုပ်နဲ့သာ ဆိုင်တဲ့ ကိုယ်ပိုင်ကိစ္စတစ်ခုကို ကျွန်ုပ်က ဘာကြောင့် ကျောပေးပြီး နေရမှာတဲ့လဲ။ ပြီးတော့လဲ ဒါဟာတရားတဲ့ အလုပ်လား"

မင်းသမီးသည် 'ဆက်တီ'အား အံ့သြစွာ ကြည့်ရှုလျက် ရှိသည်။

မိ း ။ ။ "တရားတာပေါ့ ... ကျွန်ုပ်တို့ ကိုးကွယ်နေတဲ့ 'အီဂျစ်' ဘုရားတွေဟာ အစစ်အမှန်ဖြစ်တယ်။ ရဟူဒီ ဘုရားတွေကတော့ ဘုရားတု ဘုရားယောင်တွေပဲ။ ဘုရားအစစ်က ချမှတ်တဲ့ သေဒဏ်ကို သူ့တပည့်သားမြေးတွေ ခံတာဟာ တရားတာပေါ့"

သား ။ ။ "ဆင်ခြေပေးပုံကဖြင့် သိပ်ကောင်းတာပဲ 'ယူဆာတီ'။ ဒါပေမယ့် ဒီအတိုင်း မှန်သလားဆိုတဲ့ ပြဿနာရှိတယ်။ ဒီမိန်းမကိုသာ သူ့ဘုရားဟာ အစစ်အမှန်ဖြစ်ကြောင်း သက်သေပြနိုင်ရင် ပြဖို့ ကျုပ်မေးမယ်။ မပြနိုင်ဘူးဆိုရင်တော့ ဒီကိစ္စကို ကျုပ်လေးလေးနက်နက် စဉ်းစားပါ့မယ်။ ကိုင်း ... သင့်ရဲ့ အဖြေပေါ်မှာ အသက်ပေါင်းများစွာဟာ တည်နေတယ်ဆိုတာ တွေးပြီး ဖြေစမ်း စန္ဒာဒေဝီ"

ထိုအခါ 'မာရဖီ'သည် လက်ပိုက်ကာ ကောင်းကင်သို့ မော့ကြည့်လျက် သူကဲ့သို့ နိမ့်ကျသော ရဟူဒီအမျိုးသမီးတစ်ယောက်က ပြနိုင်မည် မဟုတ်ကြောင်းဖြင့် လျှောက်တင်ရာသည်။ 'ယူဆာတီ'ကမူ အကယ်၍ ရဟူဒီ ဘုရားသာ တတ်နိုင်က 'အီဂျစ်'တို့ ကိုးကွယ်သည့် 'အာမွန်ရာ' ရုပ်ထုတော်အား နေရာမှ ဆွဲချပစ်နိုင်သည့် သာဓကကိုပြရမည့် အကြောင်းဖြင့် တောင်းဆိုလျက် ရှိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖိ ။ ။ "အခြားသာကေ မပြနိုင်ပါ ..... ကျွန်ုပ်ဟာ အဖော်မပါ တစ်ကိုယ်တည်း 'အာမွန်ရာ' ဘုရားကျောင်းဆောင်ထဲကိုဝင်ပြီး သူ့မှာ တန်ခိုးရှိရင် ကျွန်ုပ်ကို သေအောင်ပြုလုပ်ဖို့မှတစ်ပါး အခြားသာကေ မပြနိုင်ပါ။ တကယ်လို့ ကျွန်ုပ်မှာ ဘာမှမဖြစ်ဘူးဆိုရင် 'အာမွန်ရာ'ရဲ့ မာန်စွယ်ကျိုးအောင် ထူးခြားဆန်းကြယ်တဲ့ တန်ခိုးအာနိသင် တစ်ခုခုပြဖို့ ကျွန်ုပ်ရဲ့ ဘုရားသခင်ကို ပင့်ဆောင်ပါ့မယ်။ ပင့်မရခဲ့လို့ရှိရင်တော့ ကျွန်ုပ်ကို 'အာမွန်'ရဲ့ ဘုန်းကြီးတွေလက်ထဲ အပ်လိုက်ပါ အရှင်မင်းသား"

သား ။ ။ "အင်း ... ပြောပုံကတော့ အတော်သတ္တိရှိပါပေတယ်။ နို့ပေမယ့် သင့်ရဲ့ အယူဝါဒကို အသက်သွေးခဲနဲ့လဲပြီး အခုလို သင်ပြလို့တော့ မဖြစ်သေးဘူး"

ယုဆာတီက ကြားဖြတ်၍ –

"ဘာကြောင့် မဖြစ်ရမှာလဲ။ သင်က ရှေ့ကနေပြီး ကာဆီး ကာဆီး လုပ်ရအောင် ဒီမိန်းကလေးနဲ့ သင်က ဘာဆိုင်သလဲ။ သူ ယုံကြည်ချက်ရှိသလို ပြုလုပ်ပါစေ။ ကိုင်း ... ရဟူဒီ အမျိုးသမီး၊ 'အာမွန်'ရဲ့ ဘုန်းကြီးတွေ လက်ထဲ ရောက်ရင်သာ ဒီသတ္တိမျိုး ရှိပါစေ"

ဖိ ။ ။ "ဒီအတိုင်း ကျွန်ုပ်ယုံကြည်ပါတယ် အရှင်မ။ အခုတော့ အရှင်မင်းသားရဲ့ အမိန့်သာ နာခံဖို့ ရှိပါတော့တယ်"

'ဆက်တီ'သည် မိမိရှေ့တွင် မျက်လွှာချကာ ငြိမ်သက်စွာ ရပ်နေသော 'မာရဖီ'ကို ကြည့်ရာမှ ခနဲ့ပြုံး ပြုံး၍နေသော ယုဆာတီဘက်သို့ လှည့်ကာ –

"ကဲ ... သင့်သဘောအတိုင်းပဲ 'ယုဆာတီ' တကယ်လို့ သတ္တိနဲ့ ပြည့်စုံတဲ့ ဒီမိန်းကလေး အရေးရှုံးနိမ့်ပြီး သေသွားရင် သင့်လက်မှာ သူ့သွေးစွန်းပြီဆိုတာ မှတ်လိုက်ပေတော့။ တကယ်လို့ သူက နိုင်ရင် သူ့ဘာသာကိုလဲ ကျွန်ုပ်တို့ လေ့လာရလိမ့်မယ်"

မင်းသားသည် 'မာရဖီ'၏ ယုဉ်ပြိုင်မှုကို လက်ခံလျက် နောက်တစ်နေ့ ညဦးတွင် ဘုရားရှိခိုးကျောင်း ယဇ်ပလ္လင်ခန်း၌ အသင့်ရှိနေရန်အကြောင်း မြွက်ကြားလေသည်။ ဤအကြောင်းများကို ကျွန်ုပ်က ရေးမှတ်ရ၏။ 'မာရဖီ' ထွက်သွားသောအခါ အိမ်ရှေ့မိဖုရား 'ယုဆာတီ'လည်း ကျွန်ုပ်တို့အား စကား တစ်ခွန်းမျှ မပြောဘဲ အခန်းထဲမှ ထွက်သွားလေသည်။

*

မှောင်သောအချိန်ဖြစ်သဖြင့် ယဇ်ပလ္လင်ခန်းကို မီးများ ထွန်းညှိထားရ၏။ သာမန်လူထက် ၃ ဆခန့်ကြီးသော 'အာမွန်ရာ'၏ ရုပ်ထုကြီးသည် ဦးခေါင်းထက်တွင် ငှက်မွေး ၂ ချောင်းထောင်လျက်ရှိ၏။ လက်ယာဘက်တွင် အရာဝတ္ထု





တို့၏ မိခင်ဟုခေါ်သော 'မတ်'၏ ရုပ်ထုသည်လည်းကောင်း လက်ဝဲဘက်တွင် သိန်းငှက်၏ ဦးခေါင်းရှိသော လနတ်သားရုပ်ထုရှိ၏။ ကြောက်မက်ဖွယ်ကောင်းသော ဤရုပ်ထုကြီးများသည် နောက်ဘက်၌ရှိသော အမှောင်ထုကို ကျောပေးကာ ကျွန်ုပ်တို့အား အပေါ်မှစီး၍ ကြည့်နေဘိသကဲ့သို့ ရှိ၏။ မင်းသားသည် ဂိုဏ်းချုပ်ဘုန်းကြီး၏ အဝတ်ဖြစ်သော ချည်ဝတ်ရုံဖြူကြီးကို ဝတ်ထားလျက် 'ယုဆာတီ'ကမူ 'ဟေသာ'နတ်ဘုရားမ၏ ဂိုဏ်းချုပ်ရဟန်းမ အနေဖြင့် လင်းတရုပ်ပါသော ခေါင်းဆောင်းတန်ဆာကို ဆင်မြန်းထား၏။ ထို့ပြင် ဂိုဏ်းအုပ်ကြီး 'ရိုင်' ယဇ်ပုရောဟိတ်ကြီး 'ကီ' ဘိုးဘိုးကြီး 'ဘာကင်ခွန်းစု' ကျွန်ုပ်နှင့် ဘုန်းကြီးတစ်စုတို့လည်း အသင့်ရောက်ရှိနေကြ၏။ မကြာမီ ဘုန်းကြီးနှစ်ပါး ခေါင်းဆောင်လျက် ဝတ်လုံရှည်ကြီးတစ်ထည်ကို ခြုံလွှားထားသော မိန်းမ တစ်ယောက်သည် နောက်ဘက်ရှိ မှောင်ထဲမှ ရှေ့သို့ ထွက်လာသည်။

ဘုန်းကြီးများသည် မိန်းမအား 'အာမွန်ရာ' ရုပ်ထုရှေ့သို့ ခေါ်ဆောင်သွားပြီးနောက် အပေါ်မှ ဝတ်ရုံကို ချွတ်ခွာပေးရာ တစ်ကိုယ်လုံး ဆွတ်ဆွတ်ဖြူသော အဝတ်အစားများဖြင့် ဦးခေါင်းတွင်သိုင်းထားသော အဝတ်ကို မေးစေ့အောက်တွင် စုစည်းထားလျက် မင်းသားပေးထားသော ပိတုန်းရုပ်ရင်ထိုးဖြင့် မြဲမြဲစွာ ချည်ထားသည်ကို မြင်ရ၏။ 'မာရဖီ'သည် ကြမ်းပြင်ကို စိုက်ကြည့်ကာ မျက်လွှာချလျက်ရှိသည်။

ဘာကင်ခွန်းစုက ကျွန်ုပ်၏ နား နားသို့ ကပ်၍ –

"သူ ... ဘာနဲ့ တူနေသလဲ"

"ကြပ်စည်းသမားတွေအတွက် အဆင်သင့်ဖြစ်နေတဲ့ အလောင်းနဲ့ တူတယ်"

"ကျွန်ုပ်ဖြင့် ဒီမိန်းမရဲ့ သဏ္ဌာန်ပေါ်မှာ သေခြင်းရယ်၊ အချစ်ရယ်၊ တန်ခိုးအာဏာရယ်၊ ဒီသုံးခုနဲ့ မြင်နေရတယ်"

"နောက်ဆုံး သူ့ဘာနဲ့ တွေ့ရမှာလဲ"

"ဒီဟာကို အာရုဏ်မတက်ခင် ကျွန်ုပ်တို့ သိကြရမှာပေါ့။ 'အာနာ' ဟော ... တိတ်စမ်း၊ တိုက်ပွဲစနေပြီ"

ဂိုဏ်းအုပ်ကြီး 'ရှိုင်'သည် ရုပ်ထုတော်ရှေ့တွင် လက်များကို ဆန့်တန်းလျက် –

"အရာဝတ္ထုမှန်သမျှကို ဖန်တီးတော်မူသော ကောင်းကင်ဘုံ၏ အရှင်၊ 'အာမွန်ရာ' နတ်ဘုရားများ၏ သခင် 'အာမွန်ရာ' ဤ ရဟူဒီ အမျိုးသမီး 'မာရဖီ' သည် အရှင်၏ တန်ခိုးသတ္တိကို မထီမဲ့မြင် ပြုနေပါသည်။ အရှင်သည် သူ၏



www.burmeseclassic.com

www.burmeseclassic.com



ဘုရားထက် တန်ခိုးကြီးမားက သူ၏ အသက်ကိုပင် ကိုယ်တွင်းမှ နုတ်ယူရန် ပန်ကြားလျက် ရှိနေပါသည်။ ဟုတ်ပါ၏လော အသင်မိန်းမ"

ဗီ ။ ။ "ဤအတိုင်း မှန်ပါသည်"

ရှိုင်က ဆက်လက်၍ –

"အို ... ဗိုဘဉ်တို့၏ အရှင် ဘုရားသခင် ဤနေရာသို့ ကြွရောက်ကာ အရှင့်အား စော်ကားသူကို မှုန့်မှုန့်ညက်ညက် ချေတော်မူပါလော့"

နောက်သို့ 'ရှိုင်' ဆုတ်သွားသောအခါ 'ဆက်တီ'သည် ရှေ့သို့ တိုးလာ၍ ရွတ်ဆိုပြန်လေသည်။

"အို ... ဘုရားသခင် 'အာမွန်' အီဂျစ်ပြည် နန်းလျှာ 'အာမွန်ရာ'၏ ဂိုဏ်းချုပ်ဖြစ်သူ ကျွန်ုပ်၏ စကားကို ကြားနာတော်မူပါလော့။ ဤမိန်းမသည် အရှင်ထက် တန်ခိုးအာဏာကြီးမားသော အခြားဘုရားတစ်ပါးကည်ရှိကြောင်း ရဲဝံ့စွာ ပြောဆိုလျက် ရှိပါသည်။ သူ၏ ဘုရားက အရှင့်အပေါ်၌ တန်ခိုး တစ်စုံတစ်ရာ မပြလျှင်သော်လည်းကောင်း၊ အကယ်၍ အရှင်သည် သူ့အား တန်ခိုးသူ့အား ဘေးအန္တရာယ်မပြုနိုင်ခဲ့လျှင်သော်လည်းကောင်း၊ သူ့အား အရှင်၏ ဘုန်းတော်ကြီးများလက်သို့ အပ်နှံခြင်းပြုရန်ဖြစ်ပါသည်။ အရှင်၏ ဂုဏ်သရေကို သူ၏အသက်နှင့် လောင်းကြေးပြုလုပ်ထားပါသဖြင့် အပြန်အလှန် တန်းခိုးပြိုင်ကြမည်ကို ကျွန်ုပ်တို့သည် စောင့်မျှော်လျက် ရှိကြပါသည်"

'ဆက်တီ' နောက်သို့ ဆုတ်သွားသောအခါ 'ကီ'သည် ရှေ့သို့ ထွက်ကာ အလားတူ လျှောက်ထားပြန်သည်။ သူ၏ ဆုတောင်းများမှာ နောက်ဆုံး၌ ယခုလက်ငင်းပြဿနာမှာ အရှင် 'အာမွန်ရာ' ပင် အုပ်စိုးမည်လော– ဟူသော ပြဿနာဖြစ်၍ ဤသိမ်ဖျင်းသေးနုတ်သော မိန်းမ၏ အသက်သည် ပဓာန မဟုတ်ကြောင်းဖြင့် လျှောက်ထား တောင်းပန်လေသည်။

ထို့နောက် အလွန်အမင်း ငြိမ်သက်တိတ်ဆိတ်၍ သွား၏။

ကျွန်ုပ်သည် ဘုရားရုပ်ထု လှုပ်ရှားလာသည်ဟု ထင်မိ၏။ ကျောက်မျက်လုံးများမှာ လည်၍သွားသကဲ့သို့လည်းကောင်း၊ လက်မှ နှင်တံကို မြှောက်ပစ်လိုက်သကဲ့သို့လည်းကောင်း၊ ထင်မိ၏။ ထိုခဏ၌ ဘုရားကျောင်းအတွင်းသို့ လေပြင်းတစ်ခု ကျရောက်လာရာ ကျွန်ုပ်တို့၏ ဝတ်လုံကြီးများမှာ ဗရုံးဗရင်းဖြစ်ကုန်လျက် မီးအိမ်များသည်လည်း ငြိမ်းတော့မည်ကဲ့သို့ ဖြစ်သွား၏။ 'မာရဖိ'၏ အဝတ်များသာလျှင် လှုပ်ရှားခြင်းမရှိဘဲ ရှိနေလေ့သည်။ သို့သော် သူသည် တစ်စုံတစ်ရာ မြင်လိုက်ရသကဲ့သို့ မျက်လုံးများ ဝိုင်းလျက် ရှိနေလေသည်။ မင်းသားသည် တုန်တုန်ရီရီရှိနေလျက် 'ယူဆာတီ'၏မျက်နှာမှာမူ အောင်မြင်ခြင်းဖြင့် တောက်ပသကဲ့သို့ ရှိနေ၏။





သို့ရှိစဉ် 'မာရဖိ'၏ ရင်ညွန့်မှ ပိတုန်းရင်ထိုးအပြာကလေးသည် ရုတ်တရက် လူ၏လက်ဖြင့် ဆွဲပစ်လိုက်သကဲ့သို့ ကြမ်းပြင်ပေါ်သို့ ခေါင်းစည်းအဝတ်နှင့်အတူ ကျသွားရာ လေသည်လည်း ငြိမ်သက်သွားလေသည်။ ထိုအခါ 'မာရဖိ'သည် ခေါင်းစည်းအဝတ်နှင့် ပိတုန်းရုပ်ကို ဣန္ဒြေမပျက် ပြန်၍ ကောက်ယူလိုက်ပြီးနောက် 'ဆက်တီ'အား 'အို အာမွန်ရာ၏ ဂိုဏ်းချုပ်ကြီး အရှင်၏ ဘုရား တန်ခိုးပြခြင်း ပြီးဆုံးပါပြီလော သို့မဟုတ် ကျွန်ုပ်၏ ဘုရားကို မပင့်ခေါ်မီ တာရှည်စွာ စောင့်ဆိုင်းနေရဦးမည်လော"

"သင့်သဘောအတိုင်းသာ ပြုလုပ်ပေတော့ အမျိုးသမီး မကြာမီ အာရုဏ်တက်လာက ဘုရားကျောင်း တံခါးများကို ဖွင့်ရတော့အံ့"

ထိုအခါ 'မာရဖိ'သည် အထက်သို့ မော့ကာ လက်ပိုက်လျက် သာယာသောအသံဖြင့် –

"အို ... ဘုရားသခင်၊ အရှင့်အား ယုံကြည်သည့်အတိုင်း ကျွန်ုပ်သည် ကျွန်ုပ်၏ အသက်ကိုပင် လှူထားပါသည်။ အရှင်သည် 'အီဂျစ်' တို့၏ ဘုရားအပေါ်တွင် လွှမ်းမိုးနိုင်သော ထူးကဲသော တန်ခိုးအာနိသင်ကို ဒိဋ္ဌပြတော်မူပါလော ... ကျွန်ုပ်၏ ဆုတောင်းကို လက်ခံကြားနာတော်မူပါလော့"

အတန်ကြာ တိတ်ဆိတ်သွားပြန်၏။ ထို့နောက် လေသည် ယခင်ကထက် ပြင်းထန်စွာ ကျရောက်လာသဖြင့် မီးအိမ်များ ငြိမ်းသွားလေရာ 'မာရဖိ'သည် ရုပ်ထု၏ တစ်ဘက်သို့ လေနှင့်အတူပါသွားသည်ဟု ထင်လိုက်ရ၏။ အခန်းတစ်ခုလုံးမှာ မှုန်မွှားမွှား အရောင်ဖြင့်သာ လင်းလျက်ရှိရာမှ မကြာမီ ကောင်းကင်ပေါက်မှ အလင်းရောင်များ ကျဆင်းကာ 'အာမွန်ရာ' ရုပ်ထုပေါ်သို့ မီးတောက်ကြီးသဖွယ် ရောင်ခြည်တန်းကြီးဖြစ်၍ နေ၏။ နောက်တစ်ခဏ၌ ကြီးမားသော ကျောက်ရုပ်ကြီးသည် ကျယ်လောင်သောအသံဖြင့် ရုတ်တရက် ကွဲထွက်ပြီးလျှင် ပလ္လင်ထက်မှ လျှောကျကာ မှုန့်မှုန့်ညက်ညက် ကြေမွသွားပြီးနောက် ကျွန်ုပ်တို့ မျက်စိအောက်မှ ပျောက်ကွယ်သွားလေတော့၏။

"ကျွန်ုပ်တို့ ဘုရားသခင်၏ အံ့ဖွယ်ကောင်းသော တန်ခိုးအာနိသင်ကို ကြည့်လော့"ဟု 'မာရဖိ'က ညင်သာချိုအေးသော အသံကလေးဖြင့် ပြောလိုက်ရာ 'စုန်းမ' ဟု ရှိုင်က ရေရွတ်လိုက်၏။ 'ယူဆာတီ'ကလည်း 'မှော်ဆရာမ' ဟု မကြားတကြားပြောကာ အခြားသူများနှင့်အတူ ထွက်သွားလေရာ မင်းသားဘာကင်ခွန်းစု ကျွန်ုပ်နှင့် မှော်ဆရာကြီး 'ကီ'သာ ကျန်ရစ်တော့၏။ 'ကီ'သည် 'မာရဖိ'အနီးသို့ သွား၍ တီးတိုးပြောသော်လည်း ကျွန်ုပ်မှာ သူတို့နှင့်အနီးဆုံးနေရာသို့ ရောက်နေသဖြင့် ကြားရ၏။



www.burmeseclassic.com

www.burmeseclassic.com



"သင့်ရဲ့ မှော်အတတ်ကဖြင့် ကောင်းပါပေတယ်။ ကျွန်ုပ်ရဲ့ အတတ်ကို တောင် လွှမ်းမိုးသွားပါပြီ"

"ကျွန်ုပ်ဟာ မှော်အတတ် မတတ်ပါဘူး။ အမိန့်တစ်ခုကိုသာ လိုက်နာတာပါ"

"မဟုတ်ပါဘူး။ ကျွန်ုပ်ကို သင့်ရဲ့လျှို့ဝှက်တဲ့ ပညာတွေ သင်ပေးစမ်းပါ။ နောက်တော့ 'အီဂျစ်' ပြည်ကြီးကို ရထားတစ်စင်းလို ကျွန်ုပ်တို့နှစ်ယောက် အတူ မောင်းနှင်သွားကြတာပေါ့"

"ကျွန်ုပ်မှာ လျှို့ဝှက်တဲ့ ပညာရယ်လို့ မရှိပါဘူး"

"ကိုင်းလေ ... သင် ကျွန်ုပ်ကို မိတ်ဆွေလို သဘောထားလား။ ရန်သူလို သဘောထားမလားဆိုတာသာ ပြောပေတော့။ မိတ်ဆွေအဖြစ် သဘောထားရင် ခမ်းနားတဲ့ဘဝနဲ့ အမြင့်ကိုရောက်လိမ့်မယ်။ ရန်သူဆိုရင်တော့ အရှက်တကွဲ အကျိုးနည်း ဖြစ်ပြီး သင်သေရမယ်။ ကဲ ... ကြိုက်တာသာ ရွေးပေတော့"

"သင် အထင်မှားပြီ။ ကျွန်ုပ်မှာ ကိုးကွယ်တဲ့ ဘာသာကလွဲပြီး ဘယ်လိုလျှို့ဝှက်တဲ့ ပညာမှ မရှိပါဘူး"

'မာရဖီ'သည် သူ့အနီးမှ လျင်မြန်စွာ ထွက်ခွာသွားပြီးနောက် သူ့အား ပြန်ခွင့်ပြုပါမည့်အကြောင်းနှင့် မင်းသားထံ လျှောက်ထားလေသတည်း။

◈ ◈ ◈

## ၁၀

ထိုနေ့ကား ရက်ချိန်းစေ့သော နေ့ဖြစ်သဖြင့် ကျွန်ုပ်သည် မင်းသား၏ အမိန့်ဖြင့် သူနှင့်အတူ 'ဖာရိုး'၏ နန်းတော်သို့ ရထားစီးကာ လိုက်ပါခဲ့ရ၏။ 'ယူဆာတီ'က မင်းသားနှင့်အတူ မလိုက်လိုကြောင်းပြောသဖြင့် ကျွန်ုပ်တို့ နှစ်ယောက်မှာ လွတ်လပ်စွာ စကားပြောခွင့်ရကြလေသည်။

"ပြောစမ်းပါဦး 'အာနာ'ရယ် ... ဒီကိစ္စကို သင်အဓိပ္ပာယ်ရှင်းလင်းပြီး မပြနိုင်ဘူးလား"

"မပြနိုင်ပါရင် ... အရှင်က ဂိုဏ်းချုပ်ကြီးအနေနဲ့ ကျွန်ုပ်ကို အလင်းရောင် ပေးနိုင်လိမ့်မယ်လို့ ကျွန်ုပ်ထင်ပါတယ်"

"ဂိုဏ်းချုပ်ကြီးလဲ မှောင်ထဲမှာ မျက်စိလည်နေပြီ 'အာနာ'ရဲ့။ သူ့ဘုရားဟာ 'အာမွန်'ထက် တန်ခိုးကြီးတယ်ဆိုတာကို ယုံရမလိုလို ဖြစ်နေပြီ"

"ဒီလိုဆိုရင် 'အီဂျစ်' ဘုရားတွေကို ကိုးကွယ်နေတဲ့ ကျွန်ုပ်တို့တစ်တွေ ဘယ့်နှယ် လုပ်ကြမလဲ"

"ခေါင်းလျှိုပြီး သူတို့နဲ့အတူတူ အရှုံးပေးရုံရှိတော့တာပေါ့။ ပြီးတော့ ကြည့်စမ်း၊ ဒီလမ်းကို လွန်ခဲ့တဲ့ ၃ ရက်လောက်က ကျွန်ုပ်တို့ ဖြတ်လာကြတဲ့ အခါမှာ လူတွေဟာ ကျွန်ုပ်ကို အော်ဟစ်ပြီး ထောပနာပြုလိုက်ကြတာ ခုတော့ ငြိမ်သက်နေလိုက်ကြတာ"

"ဘုရား ကျောင်းထဲက အဖြစ်အပျက်ကို သူတို့ကြားပြီးပြီနဲ့ တူတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကြားပြီးကြရောပေါ့၊ နို့ပေမယ့် အချက်က ဒီဟာ မဟုတ်ဘူး။ ရဟူဒီတွေကို ကျွန်ုပ်က မိတ်ဖွဲ့ချင်တယ်ဆိုတာ ကြားရလို့ ကျွန်ုပ်ကို မုန်းတီးနေကြတာ"

"ဒါထက် 'ဖာရိုး'ကို အရှင်ဘယ်လို လျှောက်ထားမလဲ"

"ဒါကတော့ သူပြောမယ့်စကားပေါ်မှာ တည်နေတာပဲ"

ရထားမှ ဆင်းသက်ကြပြီးနောက် ညီလာခံ ခန်းမကြီးသို့ ရောက်ကြသောအခါ 'ဖာရိုး'မှာ အသင့်ရောက်ရှိနေလေပြီ။ ကျွန်ုပ်တို့က အရိုအသေပြုသည်ကိုပင် သတိမမူပဲ ရှိနေပြီးနောက် မင်းသမီး 'ယူဆာတီ'ဝင်ရောက်လာသောအခါ၌ စကားအနည်းငယ်ပြောကာ နှုတ်ခွန်းဆက်သပြီးနောက် သူ၏လက်ကို နမ်းရှုပ်ရန် ပေးလေသည်။ တံခါးများကိုပိတ်တော့မည်ရှိစဉ် အိမ်တော်အရာရှိတစ်ဦး ဝင်ရောက်လာလျှက် ရဟူဒီများထံမှ သံတမန်တစ်ယောက် ရောက်ရှိလာကြောင်း လျှောက်ထားလေသည်။

'ဖာရိုး'က ဝင်ခွင့်ပြုသဖြင့် မကြာမီ သိုးရေဝတ်ရုံကြီးပေါ်တွင် ဆံပင်ရှည်များ ဖားလျားကျလျှက် မျက်စိ မျက်ဆံ ပြူးတူးပြဲတဲနှင့် လူရွယ်တစ်ယောက် ဝင်လာ၏။ သက်တော်ရှည် အမတ်ကြီး 'နီဟောစီ'က တစ်စုံတရာ လျှောက်တင်ရန်ရှိက လျှောက်တင်ရန် ပြောသောအခါ ထိုသူသည် ဘုရင်ရှေ့တွင် အရိုအသေပြုခြင်းမရှိပဲ ရပ်လိုက်ပြီးနောက် ကျယ်လောင်သောအသံဖြင့် -

"ကျွန်ုပ်၏ နှုတ်မှ တစ်ဆင့် ပြောကြားသော ရဟူဒီ ဖခင်ကြီးများ၏ စကားကား ဤသို့ဖြစ်ပါသည်။ သင်၏ မြို့တော်ခိုလှုံလျက်ရှိသော နာသန်၏ သမီး စန္ဒာဒေဝီခေါ် 'မာရဖီ'သည် ပရော်ဖက်မ အဖြစ်ဖြင့် 'အာမွန်' ရုပ်ထုတော်အား ပရိတ်တော်၏တန်ခိုးဖြင့် ဘုန်းတော်ကြီးများရှေ့၌ပင် မှုန့်မှုန့်ညက်ညက်ကြေအောင် ပြုလုပ်လိုက်ကြောင်း ကျွန်ုပ်တို့နားသို့ သတင်းစကားရောက်ရှိလာပါသည်။ သူ့အား မည်သို့မျှ ဘေးရန်မဖြစ်စေရန် တာဝန်ယူ၍ ကျွန်ုပ်တို့လက်သို့ ပေးအပ်ရန် တောင်းဆိုပါသည်။

ဖာရိုး ။ ။ "သင်၏ တောင်းဆိုချက်ကို အီဂျစ်ပြည်၏ နန်းလျာအား လျှောက်ထားလော့။ သူ၏ အိမ်တော်တွင် ထိုမိန်းမနေထိုင်ကြောင်း ကျွန်ုပ် သိရ၏"

သံတမန်သည် 'ဆက်တီ'ဘက်သို့ ဆက်ခနဲ လှည့်လျက် -

"ဘုရင်၏ သား သင်ကြားပြီမဟုတ်လော့။ ဤမိန်းမကို သင် ပေးအပ်မည်လော"

အိမ်ရှေ့မင်းသားက

"လေဒီ 'မာရဖီ'သည် ကျွန်ုပ်၏ အိမ်သားမဟုတ်၍ သူ့အားပေးအပ်မည် မပေးအပ်မည်ကို ကျွန်ုပ် ကတိမပြုနိုင်။ ယင်းကဲ့သို့ ပြုလုပ်ရန် အာဏာ





လည်း မရှိပေ။ သူသွားလိုက သွ... အားလုံးကပင် ဦးညွှတ်ကာ အသက်၊ သွေး၊ လာရောက်မေးမြန်းရန် ကျွန်ုပ်သင့်... ...အော်ဟစ်ကြ၏။ 'ဆက်တီ'ကမူ ဦးလည်း

"ကဲ ... သင့်အဖြေကို သိရပြီ ...

လိုက်ရာ ထိုသူက -

"ဆိုင်းပါဦးလော့ ... လျှောက်ထားရန် စ...၏ ညီဝမ်းကွဲဖြစ်သော 'ဆက် 'ဖာရိုး' သင်၏ ဆိုးယုတ်သော အကြံကို ကျွန်ုပ်တို့ သိရ...သော အခွင့်အရေးကို သော် သေဘေးမှ ကယ်တင်လိုစိတ် အိမ်ရှေ့မင်းသားတွင် ...းမပြုစေရန် ဘုရားများကို တိုင် စတုံး စီရင်ကွပ်မျက်ရန် သင်၌ စိတ်ထားရှိနေခြင်း...င်၍ ပေးရ၏။ ကျိန်စာဆုံးသော သင့်ထံသို့ သေမင်းရောက်ရှိလာ၍ မလာစေလို...သာ ထီးနန်းကို မင်းသား 'ဆက်တီ' ...ထိသာ ဤသစ္စာကတိကို ကျိန်ဆို ပြောင်းလဲလေလော့"

ဖာရိုးက မိုးခြိမ်းသကဲ့သို့ အသံကြီးဖြင့်

"ရပ်လော့ ရဟူဒီ ခွေးကောင် ... သင်သ...က်ဟန်ဖြင့် ရယ်မောလျက် - ခြိမ်းခြောက်ဝံ့သလော။ သင်သည် သံတမန်တစ်ယော...ာက်မှ မမက်မောသဖြင့် 'အာ ရှေးဥပဒေအတိုင်း နေဝင်သည့် တိုင်အောင် ချမ်းသာရာ ရ...လိုတော်အတိုင်း ဖြစ်သမျှ ဆွဲခေါ်သွားကြလော့။ အကယ်၍ နေဝင်ပြီးသည့်နောက် မြို့တော်... ...ကြမှီ ကျွန်ုပ် အား တွေ့ရှိက အပိုင်းပိုင်းဖြတ်၍ သတ်ကြစေလော့"

သို့နှင့်ကိုယ်ရံတော်များသည် ထိုသူအား ကြမ်းတမ်းစွာ ဆွဲထုတ်သွားကြရာ တံခါးဝသို့အရောက်တွင် "ဤနေမဝင်မီ ကျွန်ုပ်၏ စကားများကို ပြန်၍ စဉ်းစားလော့ ဖာရိုး" ကျယ်လောင်စွာ ဟစ်အော်လိုက်လေသည်။ ထိုအခါ စစ်သားများသည် ထိုသူအား ထိုးကြိတ်ရိုက်နှက်၍ အပြင်သို့ထုတ်လိုက်ကြလေ၏။

ဖာရိုး ။ ။ "သားတော် အိမ်ရှေ့စံ ... မည်သို့ပြောရန် ရှိသနည်း။ ရဟူဒီများအား သုတ်သင်ရန်ဟူသော ကျွန်ုပ်၏ အမိန့်ကို နန်းလျာယခုတိုင် ငြင်းဆိုနေသောသလော"

"ကျွန်ုပ်အား ခွင့်လွှတ်စေလိုပါသည် ခမည်းတော်။ လျှောက်တင်ရန်မှာ ကျွန်ုပ် အကြံပေးထားသည့်အတိုင်းပင် ဖြစ်ပါသည်"

"အိမ်ရှေ့စံ ... ကျွန်ုပ်၏ နေရာကို သင်ဆက်ခံရသည့် တစ်နေ့တွင်လဲ ဤရဟူဒီလူမျိုးများအား သွားခွင့်ပြုမည်ဟု ကြံရွယ်ထားသလော"

"ဤအတိုင်းပင် ကျွန်ုပ်ကြံရွယ်ထားပါသည်"

ပရိသတ်က သက်ပြင်းချလိုက်ကြသည့်အသံကြီး တိတ်ဆိတ်မသွားမီပင် 'ဖာရိုး'သည် 'ယူဆာတီ' ဘက်သို့ လှည့်လျက် -

"ဤစကားများကား သင်၏အလိုအတိုင်းပင် ဖြစ်သလော သမီးတော်"



www.burmeseclassic.com

www.burmeseclassic.com



"ကြားပြီးကြရောပေါ့၊ နို့ပေမယ့် – ပါ ခမည်းတော် ... ကြီးကျယ်သော
တွေကို ကျွန်ုပ်က မိတ်ဖွဲ့ချင်တယ်ခို
"ဒါထက် 'ဖာရီး' မရွှေ့မင်းသားနှင့် တစ်ဘက်တစ်လမ်း ဖြစ်နေ
နှကား 'ဖာရီး'၏ ဆန္ဒအတိုင်းပင် ဖြစ်ပါသည်"
"ဒါကတော့ ခင်ကထက် ကြင်နာသောအသံဖြင့် –
ရထားမှ ဆင်း ... သင်၏ ဘုရင်အဖြစ်ဖြင့် မဟုတ်ဘဲ၊ သင်၏
သောအခါ 'ဖာရီး'မှာ အသ းစားရန် သင့်အား ကျွန်ုပ် တောင်းပန်ပါသည်။
သည်ကိုပင် သတိမမူပဲ ရှိနေ ရှိသည့်နည်းတူ ကျွန်ုပ် လက်ထဲတွင်လည်း
သောအခါ၌ စကားအနည်းငယ် သောတူညီချက်ဖြင့် သင့်အား ကျွန်ုပ်၏ လမ်း
လက်ကို နမ်းရှုပ်ရန် ပေးလေ သည့်အလျောက် သင့်အား ထီးမွေအဖြစ်မှ နှုတ်
အရာရှိတစ်ဦး ဝင်ရောက်လ ားသူတစ်ယောက်ကို ကျွန်ုပ် ထားနိုင်ပေသည်။
ရှိလာကြောင်း လျှောက်ထ မြ ခေါင်းမာနေပါက ကျွန်ုပ်ကလည်း အလျှော့ပေး၍
'ဖာရီး'က ဝင် ဖြစ်၍ စဉ်းစားဦးလော့ သားတော်"
ရှည်များ ဖားလျား စဉ်းစားပြီးပါပြီ ခမည်းတော် ... ကျွန်ုပ်အဖို့ မည်သို့ပင် ထိခိုက်
စေကာမူ ကျွန်ုပ်ကား တွေးပြီးသား တံတွေးကို ပြန်၍ မျိုမချနိုင်တော့ပါ"

'ဖာရီး'သည် နေရာမှထ၍ အော်ဟစ်လျက် –

"ဤညီလာခံ၌ ရောက်ရှိ နေကြသော သင်တို့အားလုံး သေချာစွာ မှတ်သားကြကုန်လော့။ 'အီဂျစ်' ပြည်သားများအား ကြားသိကြစေကုန်လော့။ ကျွန်ုပ်သည် ကျွန်ုပ်၏ သားတော် 'ဆက်တီ'အား နန်းလျာ အိမ်ရှေ့စံအဖြစ်မှ ရစ်စဲလိုက်သည်။ သမီးတော် 'ယူဆာတီ'ကိုကား ရရှိမြဲ အခွင့်အရေးများနှင့်တကွ သူ၏ အယောင်ဆောင်အတိုင်း ဆက်လက်ထားရှိသည်။ အကယ်၍ သူနှင့် မင်းသား 'ဆက်တီ'တွင် သားတော်ထွန်းကားခြင်း မရှိပါက သို့မဟုတ် သားတော် ထွန်းကားသည့်တိုင်အောင် ကျွန်ုပ်သည် ကျွန်ုပ်၏ တူတော် 'ကောင့်အာမင်မီ' ကို ကျွန်ုပ် နတ်ရွာစံသည့်အခါ၌ 'အီဂျစ်'ပြည်၏ ထီးနန်းကို ဆက်ခံရန် ကြေငြာလိုက်သည်။ ရှေ့သို့ တိုးခဲ့လော့ ကောင့်အာမင်မီ"

'အာမင်မီ'လည်း ရှေ့သို့တိုး၍ 'ဖာရီး'သည် သူ၏ ဦးခေါင်းထက်၌ ဆင်မြန်းထားသော သရဖူကို ချွတ်ပြီးလျှင် 'အာမင်မီ'၏ ဦးခေါင်းထက်၌ ခေတ္တ တင်ထားပြီးမှ ပြန်၍ ယူလိုက်လေသည်။

ဤအထိမ်းအမှတ်အားဖြင့် ယခုရာထူးမှ နှုတ်ပယ်ပစ်လိုက်သော သားတော် 'ဆက်တီ'၏ နေရာတွင် သင့်အား 'အီဂျစ်' နန်းလျာအဖြစ်ဖြင့် အသိအမှတ်ပြု၍ ကြေငြာပါသည်။ နောက်သို့ ပြန်ဆုတ်လော့ ... အိမ်ရှေ့စံ"





'ဆက်တီ'မှ တစ်ပါး အားလုံးကပင် ဦးညွှတ်ကာ အသက်၊ သွေး၊ အင်အားဟု တစ်ညီတစ်ညွတ်တည်း အော်ဟစ်ကြ၏။ 'ဆက်တီ'ကမူ ဦးလည်း မညွှတ် လှုပ်ရှားခြင်းပင် မရှိချေ။

ထို့နောက် 'ဖာရီး'က အာမင်မီအား သူ၏ ညီဝမ်းကွဲဖြစ်သော 'ဆက်တီ' အပေါ်တွင် လူကိုသော်လည်းကောင်း၊ ကျန်ရှိသော အခွင့်အရေးကို သော်လည်းကောင်း၊ မည်သည့်အခါမျှ နှောင့်ယှက်ခြင်းမပြုစေရန် ဘုရားများကို တိုင်တည်၍ ကျိန်ဆိုစေ၏။ 'ရှိုင်'က ကျိန်စာကို ကိုင်၍ ပေးရ၏။ ကျိန်စာဆိုသော အခါ 'အာမင်မီ'က မိမိအား 'ဖာရီး'လွှဲပေးသော ထီးနန်းကို မင်းသား 'ဆက်တီ' က အေးချမ်းစွာ အုပ်စိုးခွင့်ပြုသည့် အချိန်အထိသာ ဤသစ္စာကတိကို ကျိန်ဆိုခြင်းဖြစ်ကြောင်းဖြင့် ပြောဆိုလေသည်။

'ဆက်တီ'က တစ်စုံတစ်ရာ အရေးမစိုက်ဟန်ဖြင့် ရယ်မောလျက် –

"ကျွန်ုပ်က ထီးနန်းစည်းစိမ်ကို မြူမှုန်လောက်မှ မမက်မောသဖြင့် 'အာမင်မီ'က တစုံတရာ စိုးရိမ်ရန် မရှိပါ။ ဘုရားသခင်၏ အလိုတော်အတိုင်း ဖြစ်သမျှနှင့် ရောင့်ရဲနိုင်လိမ့်မည်ဟု ယူဆပါသည်။ သို့သော် ကျွန်ုပ်တို့ မခွဲခွာကြမီ ကျွန်ုပ် စိတ်ထဲတွင်ရှိသမျှ လျှောက်တင်ခွင့် ပြုစေလိုပါသည် ခမည်းတော်"

ဖာရီး ။ ။ "လျှောက်ထားလော့"

"လျှောက်ထားရမည်ဆိုသော် အရှင်သည် အီဂျစ်ပြည်ကြီးပေါ်သို့ ကျရောက်လတ္တံ့သော ဘေးအန္တရာယ်အပေါင်းကို ဆောင်ကျဉ်းလာမည့် တန်ခိုးရှင်များ၏ အလိုတော်ကို ယနေ့ ဆန့်ကျင်ဘက်ပြုမိပြီ ထင်ပါသည်။ ရဟူဒီတို့ ဘုရားကား ... ကျွန်ုပ်တို့ ဘုရားထက် တန်ခိုးကြီးမား၍ အီဂျစ်ပြည်ကြီးကို လွှမ်းမိုးအောင်မြင်လိမ့်မည် ထင်ပါသည်။ ဤထီးနန်းစည်းစိမ်သည် ဆက်ခံသူ အပေါင်းအား ကောင်းကျိုးချမ်းသာ ပေးမည်မဟုတ်ဟု ယုံကြည်ပါသည်။ ကျွန်ုပ် မလွှဲသာ၍ ပြောဆိုရမည့်စကားတစ်ခွန်း ကျန်ရှိပသေးသည်။ အရှင်သည် ဤကမ္ဘာပေါ်တွင် ရက်အနည်းငယ်မျှသာ နေရတော့မည်ဖြစ်၍ ယခု တွေ့ဆုံခြင်းမှာ နောက်ဆုံးတွေ့ခြင်းဟု ကျွန်ုပ်ယုံကြည်ပါသည်။ ဤသို့လျှင် ကျွန်ုပ်သည် ချစ်ခင်မြဲ ချစ်ခင်လျက်ရှိသော ခမည်းတော်အား လိုက်လိုက်လှဲလှဲ နှုတ်ဆက်ပါ၏။ အိမ်ရှေ့စံ အာမင်မီကိုလည်း နှုတ်ဆက်ပါ၏"

သို့ ပြောဆိုပြီးနောက် 'ဆက်တီ'သည် ထီးနန်းကို ဆက်ခံရမည့် နန်းလျာများ အထိမ်းအမှတ်ဖြစ်သည့် မဏ္ဍိုင်ကို သူ၏ ဦးခေါင်းထက်မှ ချွတ်ယူပြီးလျှင် 'အာမင်မီ' ၏ ဦးခေါင်းထက်၌ ဆောင်းပေးလိုက်လေသည်။

ထို့နောက် မှူးကြီး မတ်ကြီးများအား နှုတ်ဆက်ကာ –



www.burmeseclassic.com

www.burmeseclassic.com



"အသက်သွေး အင်အား၊ ဖာရိုး ... ဖာရိုး ... ဖာရိုး ..." ဟု ကျယ်လောင်သော အသံကြီးဖြင့် ဟာစ်အော်ကာ မြေပေါ်သို့ ဦးညွတ်လိုက်လေသည်။

ထိုအခါ ဘုရင်ကြီးသည် လေသံဖြင့် "အို 'ဆက်တီ' သားတော် ... ကျွန်ုပ်ရဲ့ အချစ်ဆုံး သားတော်" ဟု မြည်တမ်းကာ 'ဆက်တီ'အား ခေါင်ငင်ပိုက်ထွေးတော့မည်ကဲ့သို့ လက်နှစ်ဖက်ကို ဆန့်တန်းနေရာမှ ရုတ်တရက် မျက်နှာထားပြောင်းသွားပြီးလျှင် ကြမ်းပြင်ပေါ်သို့ လဲကျသွားပြီးနောက် မလှုပ်မယှက်ရှိနေလေသည်။ ပရိသတ် အားလုံးသည် ကြောက်အားဖြင့် ကြက်သေသေ နေကြလျက် နန်းတွင်းသမားတော်ကြီး တစ်ဦးတည်းသော ဘုရင့်ထံသို့ ပြေးသွားနိုင်လေသည်။

အာမင်မီက ကြမ်းကြုတ်သော အသံဖြင့် –

"ဘုရင်ကြီး နတ်ရွာစံပြီလော။ အကယ်၍ နတ်ရွာစံပြီဆိုက ကျွန်ုပ် 'ဖာရိုး' ဖြစ်ပြီ"

ယူဆာတီ ။ ။"နေပါဦး၊ 'အာမင်မီ' အမိန့်တော်တွေကို တံဆိပ်လဲ မနှိပ်ရ။ ကြေလဲ မကြေငြာရသေးလို့ သူတို့မှာ တန်ခိုး အာဏာမရှိသေးပါဘူး"

သမားတော်ကြီးက -

"ငြိမ်သက်ကြလော့ ... 'ဖာရိုး' ၏ နှလုံးသွေးသည် ခုန်လျက်ရှိသေး၍ သူ အသက်ရှင်လျက် ရှိနေသေး၏။ နှလုံးကို ထိခိုက်ခြင်းမျှသာ ဖြစ်၍ သူ့ကို ငြိမ်သက်စွာထားရမည် ဖြစ်သောကြောင့် အားလုံးတစ်ယောက်မကျန် ထွက်သွားကြကုန်လော့"

သို့နှင့် ကျွန်ုပ်တို့သည် ထွက်သွားကြလေရာ မသွားမီ 'ဆက်တီ'သည် သူ့ခမည်းတော်၏ နဖူးပြင်ကို နမ်းရှုပ်ခဲ့သေး၏။

*

နောက် တစ်နာရီမျှ ကြာသောအခါ 'ယူဆာတီ'သည် မင်းသားနှင့် ကျွန်ုပ်တို့ စကားပြောနေသော အခန်းတွင်းသို့ ဝင်လာလေသည်။

မင်းသမီး ။ ။"ဖာရိုး ယခုအထိ အသက်ရှင်နေသေးတယ်။ 'ဆက်တီ' နို့ပေမယ့် အာရုဏ်တက်အထိတောင် မခံတော့ဘူးလို့ သမားတော်ကြီးတွေက ပြောနေကြတယ်။ နို့ပေမယ့် အချိန်တော့ ရပါသေးတယ်။ ဟောဒီမှာ ဒီနေ့ ညီလာခံ ထုတ်ခဲ့တဲ့ အမိန့်ကို ပြန်လည် ရုတ်သိမ်းပြီးတော့ သူ့သားတော် ဖြစ်တဲ့ သင်ဟာ အီဂျစ်ပြည်ရဲ့ ထီးနန်းကို ဆက်ခံရမယ့် တကယ့် နန်းလျာ အစစ်ဖြစ်တယ်ဆိုတဲ့အကြောင်း သက်သေအသိအမှတ်နဲ့ ဘုရင့်တံဆိပ်ခပ်နှိပ်ထားတဲ့ စာတစ်စောင် ကျွန်ုပ်ဆီ ပါလာတယ်"





"ဟုတ်ကဲ့လား၊ ကြင်ရာတော် သတိမေ့နေတဲ့ လူတစ်ယောက် ဘယ်လို အမိန့်ပေးပြီး ဘယ်လိုတံဆိပ်ခပ်နှိပ်တယ်ဆိုတာ ပြောပြစမ်းပါဦး"

သူ ခဏပြန်ပြီး သတိရလာတယ်။ မေးခွန်းတွေ မေးပြီး အချိန်ဖြုန်းမနေစမ်းပါနဲ့။ လုပ်စရာရှိတာသာ မြန်မြန်လုပ်စမ်းပါ။ အောက်မှာ တပ်မတော်ဗိုလ်ချုပ်ကြီး စောင့်နေတယ်။ သူဟာ သင်ရဲ့ ကျွန်ယုံတော် မဟုတ်လား။ 'နီယောစီ' နဲ့ အရာရှိလူများစုကလည်း သင့်ဘက်ကပဲ ဘုန်းကြီးတွေပဲ။ ကျွန်ုပ်တို့ကို ဆန့်ကျင်နေကြတာ၊ မြန်မြန်လုပ် 'ဆက်တီ'။ ပြီးတော့ တစ်ကမ္ဘာလုံးက သင့်ကို အီဂျစ်ပြည်ရဲ့ နန်းလျာအဖြစ်နဲ့ သိနေကြတာပဲ။ ဘာမှ ရှုပ်ရှုပ်ထွေးထွေး ပြဿနာပေါ်စရာ မရှိပါဘူး"

"သင်က ကျွန်ုပ်ကို ဘာလုပ်စေချင်တာလဲ၊ ကြင်ရာတော်ရဲ့"

"ဒီလောက်မှ သင်မတွေးတတ်ဘူးလား 'ဆက်တီ'။ သစ္စာဖောက် 'အာမင်မီ' ကိုသတ်ပစ်လိုက်ပေါ့။ ဗိုလ်ချုပ်ကြီးလဲ သင့်အမိန့်ကို စောင့်နေတယ်။ ကျွန်ုပ် သူ့ကို အမိန့်ပေးလိုက်ရမလား"

"ဖြစ်မယ် မထင်ပါဘူး ကြင်ယာတော်ရယ်။ သစ္စာဖောက်ပဲ ဖြစ်ဖြစ် ကျွန်ုပ်ရဲ့ နောင်တော်ဝမ်းကွဲ 'အာမင်မီ'ကိုတော့ ကျွန်ုပ် မသတ်လိုပါဘူး"

"ဒါဖြင့် သူက သင့်ကို သတ်လိမ့်မယ်"

"ဒါကတော့ သူ့ရဲ့ ဘုရားသခင်တွေရဲ့ ကိစ္စတွေပါ။ ပြီးတော့ ခမည်းတော် 'ဖာရိုး'လဲ မကြာခင် ပြန်လည်ကျမ်းမာလာလိမ့်မယ်လို့ ကျွန်ုပ် မျှော်လင့်တယ်လေ"

"ဖာရိုး ဘယ်တော့မှ ပြန်ပြီး ကျမ်းမာ၍ မလာတော့ဘူး။ ကျွန်ုပ် သမားတော်ကြီးကို မေးကြည့်ပြီးပြီ။ ဒီမှာ အိမ်ရှေ့ကိုယ်တော်ရဲ့ သင်က ဒီလို ပြောနေတဲ့အခိုက်မှာ သင့်သရဖူဟာ သင့်လက်ထဲက လွတ်နေပြီဆိုတာ သင်နားလည်ရဲ့လား"

"သရဖူက လွတ်ထွက်သွားပြီပဲ ထိပ်ထားရဲ့။ 'အာမင်မီ'ကို ကျွန်ုပ် သရဖူ ပေးလိုက်တာ သင်မမြင်လိုက်ဘူးလား"

"ကမ္ဘာပေါ်မှာ တန်ခိုးအကြီးဆုံး ဘုရင်ဖြစ်ထိုက်တဲ့ သင်ဟာ နာရီအနည်းငယ်အတွင်းမှာပဲ လူမလေး ခွေးမခန့်မယ့် သာမန် 'အီဂျစ်' ပြည်သားတစ်ယောက်ဖြစ်သွားတော့ပယ်ဆိုတာကိုကော သင်နားလည်ရဲ့လား"

"နားလည်ပါတယ် ကြင်ယာတော်ရယ်။ ကျွန်ုပ်ကလဲ အဲဒီလို ဘဝမျိုးကိုပဲ တောင့်တနေတယ်။ ကဲ ... နားထောင်စမ်း (လေသံပြောင်းလျက်) လျှပ်တပျက်လောက် တဒင်္ဂအရောင်တောက်မှုကလေးအတွက် အသက်သွေးခဲ့ရလို့ အဆင်သင့်ဖြစ်နေတဲ့ သင့်လို ရာဇသွေးကြွနေတဲ့ နန်းတော်သူမျိုးကတော့ ရှေ့ရေး



www.burmeseclassic.com

www.burmeseclassic.com



ကို ဘာမှ မတွေးတော့ဘဲ ကျွန်ုပ်ကို သတ္တိစွမ်းအား နည်းပါးတဲ့အရူးတစ်ယောက် စိတ်ကူးယဉ်သမား တစ်ယောက်လို့ အောက်မေ့မှာပဲ။ ကျွန်ုပ်ဟာ ထင်တာကို တခွတ်ထိုးလုပ်တတ်တဲ့ လူတစ်ယောက်မျှသာဖြစ်တယ်။ ကျွန်ုပ် စိတ်ကူးယဉ် တယ်ဆိုတာ ကောင်းတာ ဆိုးတာ လောက်တော့လဲ ခွဲခြားပြီး သိတတ်ပါသေး တယ်။ ဒီလို ကျွန်ုပ်ရဲ့ စိတ်ကူးယဉ်ချက်ဟာ သင့်ကို အဆုံးရှုံးကြီးရှုံးပြီး အရှက် ကွဲမယ့် လမ်းကြီးလို့ သင်က တထစ်ချယူဆနေတယ်။ စင်စစ်တော့ ဒီလမ်းဟာ လူရဲ့အသွေးတွေ အသားတွေ အရိုးတွေနဲ့ ခင်းထားတဲ့ လမ်းကြီး မဟုတ်ဘဲ ပန်း မာလာတွေ အမွှေးနံ့သာတွေနဲ့ ခင်းထားတဲ့ လမ်းကြီးဖြစ်ပါတယ်။ ရက်ရက် စက်စက်သွေးနဲ့လဲပြီး ယူရတဲ့ သရဖူတွေဟာ နောက်ဆုံးတော့ သွေးထဲမှာပဲ နစ်ပြီး ဆုံးရှုံးရတတ်တာပဲ"

လက်ပြလျက် –

"ကဲ .... တော်ဦး 'ဆက်တီ'။ နောက်အချိန်ရမှပဲ ဆက်ပြီး နားထောင် မယ်။ နောက်ပြီး သင်အသက်ရှင်နေတုန်းကတော့ ကျွန်ုပ်တစ်ယောက်လည်း တိုင်းပြည်ကို အုပ်စိုးလို့လဲ မဖြစ်ဘူး။ အဲဒီတော့ ကျွန်ုပ်ကို ထိုက်တန်တဲ့ အဆောင် အယောင်နဲ့ ငြိမ်းချမ်းရေးပေးမယ့် 'အာမင်မီ' နဲ့ ကျွန်ုပ်သွားပြီး စေ့စပ်ရဦးမယ်"

"သင်သွားပြီး ပြန်လာဦးမလား ယူဆာတီ"

ကိုယ်ကို ဆန့်၍ ခန့်ညားစွာ ရပ်လိုက်ရင်း –

"ကျွန်ုပ် ပြန်မလာတော့ဘူး။ ကျွန်ုပ်လို 'အီဂျစ်' ပြည်ကြီးရဲ့ ပင်တိုင်စံ မင်းသမီး တစ်ပါးဟာ ရာဇပလ္လင်ပေါ်က လိမ့်ကျပြီး နဖူးမှာ သရဖူအစား ရွှံ့တွေ လူးနေတဲ့ သာမန်လူတစ်ယောက်ရဲ့ မယားအဖြစ်တော့ မခံနိုင်ဘူး"

"အဲဒါကတော့ ဟုတ်ပါပြီ။ နို့ပေမယ့် ကျွန်ုပ်တို့ ဘာလုပ်ကြမယ် ဆိုတဲ့ ပြဿနာရှိနေသေးတယ်"

"ခုအတောအတွင်းတော့ သင်ရဲ့ အပေါင်းအပေါ်ဖြစ်တဲ့ အရွယ်မတိုင်မီ ခေါင်းဖြူနေတဲ့ ကျမ်းပြုဆရာရှယ်၊ ရဟူဒီကဝေမရှယ်၊ အဲဒီလူတွေနဲ့ပဲ နေရစ်ပေ တော့"

မင်းသမီး ထွက်သွားသောအခါ 'ဆက်တီ'က ကျွန်ုပ်ဘက်သို့ လှည့် လျက် –

"သင်ကော မသွားဘူးလား 'အာနာ'။ သင့်အကြောင်းကို ကောင်း ကောင်းသိလို့ သူ့အမှုတော်ကို ထမ်းရွက်ဖို့ ခိုင်းပါလိမ့်မယ်"

"အရှင်မင်းသား၊ သင်နဲ့အတူ သောက်တော်ခွက်ကို ခွဲပြီး သစ္စာဆိုခဲ့တဲ့ လူကို လှောင်ပြောင်ရက်သလား"

ကျွန်ုပ်၏ လက်ကို ဖျစ်ညှစ်လျက်





"သင့်ကို ကျေးဇူးတင်လိုက်ပါဘိတော့ 'အာနာ'ရယ်"

ထိုခဏ၌ အခန်းတွင်းသို့ 'ပန်ဘတ်စ' ဝင်လာ၍ "ရဟူဒီ 'မာရဖိ' နဲ့ ရဟူဒီနှစ်ယောက်က သင့်ကို တွေ့ချင်လို့တဲ့"

သား ။ ။ "သူတို့ကို ဝင်ခွင့်ပြုလိုက်။ အဲဒါပဲ ကြည့်တော့ 'အာနာ' ကဲ ... ဘယ်လောက်များ ပြောင်းလဲသွားသလဲ။ မနက်ကသာဆိုရင် ဒီမုတ်ဆိတ် ဖြူကြီးဟာ မုတ်ဆိတ်နဲ့ ကြမ်းပြင်ထိမတတ် ဝတ်တွားပြီး 'အရှင်မင်းသားကို ဖူးတွေ့ချင်လို့' ဆိုတဲ့စကားသုံးမှာပဲ။ အင်း ... ဒါဟာ ကျွန်ုပ်ရဲ့ ပထမဆုံးတွေ့ရတဲ့ သင်ခန်းစာပေါ့"

သို့ပြောဆိုနေစဉ် 'မာရဖိ' ဝင်လာ၍ ၎င်းနောက်မှ ညီလာခံတွင် ကျွန်ုပ် တို့ တွေ့ခဲ့ရသော သံတမန်နှင့် 'မာရဖိ'၏ ဦးလေး ဂျေဗက်တို့ ဝင်လာလေသည်။ 'မာရဖိ'သည် 'ဆက်တီ'ကို ဦးညွတ်လျက် သံတမန်က မိန်းကလေးအား သူတို့ လူမျိုးများနောက်သို့ ထည့်လိုက်က 'ဂျေဗက်'က ခေါ်ဆောင်သွားမည့်အကြောင်း လျှောက်တင်လေသည်။

သား ။ ။ "ဤကိစ္စနှင့်ပတ်သက်၍ ကျွန်ုပ်တွင် အာသာမရှိ ကြောင်း၊ ကျွန်ုပ်ပြောခဲ့လေပြီ။ သူ့ကိုသာ သင်ကိုယ်တိုင်မေးကြည့်ပေလော့"

မာရဖိက ကြားဖြတ်လျက် –

"သင်က ကျွန်ုပ်နှင့် မည်သည့်ကိစ္စ ရှိသနည်း ဘုန်းတော်ကြီး"

ကြီး ။ ။ "ဂိုရှန်' သို့ သင်ပြုရန် ကိစ္စပင်ဖြစ်သည်။ သင် သစ္စာ ဖောက်၍ မကောင်းမှုများ ကျရောက်စေခဲ့သည့် ပြစ်မှုများကို ခွင့်လွှတ်စေရန် သင်၏ လူမျိုးများအား သင်၏ တန်ခိုးသတ္တိဖြင့် အမှုထမ်းရန်ပင်ဖြစ်သည်"

"ကျွန်ုပ် သစ္စာမဖောက်ခဲ့ပါ။ မိတ်ဆွေဖွဲ့လိုသော လူတစ်ယောက် အသက်ကို ကျွန်ုပ် ကယ်တင်လိုက်ခြင်းမျှသာ ဖြစ်ပါသည်"

"ထိုအကြောင်းကို သင်ဆုံးဖြတ်ရန် မဟုတ်။ ရဟူဒီ ဖခင်များ ဆုံးဖြတ် ရန်သာ ဖြစ်သည်။ ထို့ပြင် 'လာဗန်'က သူနှင့်စေ့စပ်ထားသော ဇနီးလောင်းကို တောင်းဆိုထားခြင်းလည်း ရှိသေးသည်။ ထိုသူရဲကောင်း လက်သို့ သင့်ကို ကျွန်ုပ်တို့ ပေးအပ်ရမည်"

"အကယ်၍ ကျွန်ုပ်က ငြင်းခဲ့သော် ..."

"ဒီလိုဆိုရင် သင့်ကိုကျိန်ဆဲပြီး ဘုရားသခင်၏ လူမျိုးထဲက ပယ်ထုတ် လိုက်ဖို့ ကျွန်ုပ်မှာ တာဝန်ရှိတယ်"

ထိုအခါ 'မာရဖိ'သည် 'ဂျေဗက်' ဘက်သို့ လှည့်၍ တိုင်ပင်ရာ 'ဂျေဗက်' က ယမန်နေ့က မိမိပေးခဲ့သော အကြံမှာ 'ဖာရိုး'ဖြစ်မည့် လူတစ်ယောက်နှင့် ပုန်းအောင်းနေရန် ဖြစ်သော်လည်း ယခုနေ့ အခြေအနေမှာ ပြောင်းလဲသွားပြီဖြစ်၍



www.burmeseclassic.com

www.burmeseclassic.com



'အီဂျစ်' ပြည်ပေါ်တွင် ဩဇာမညောင်းသူအား တစ်စုံတစ်ရာ ကြောက်လန့်ရန် မရှိကြောင်းနှင့် ပြောပြလေသည်။

ယင်းကဲ့သို့ စော်ကားပြောဆိုသည်ကို 'ဆက်တီ'သည် ပြုံး၍ ကြည့်နေသော်လည်း ကျွန်ုပ်နှင့် 'မာရဇီ'တို့မှာ အသီးသီးဒေါသထွက်လျက် ရှိကြ၏။

မာရဇီ ။ ။ "အိပ်နေတဲ့ ခြင်္သေ့ကို အသေလို့အောက်မေ့ပြီး၊ မထီမဲ့မြင် ခြေနဲ့ကန်မိတဲ့လူဟာ ဒုက္ခရောက်တတ်တယ်နော်။ ကျွန်ုပ် အကျဉ်းအကြပ် တွေ့နေတဲ့အခါ ကျွန်ုပ်ကို ကူပြီး မပြောတော့ဘူးလား။ အရှင်မင်းသားရဲ့..."

"ဘယ်လို အကျဉ်းအကြပ်မျိုးလဲ လေဒီရဲ့။ 'လာဗန်' ဆီကို သင် သွားချင်တယ်ဆိုရင် တားဖို့ ကျွန်ုပ်မှာ အာဏာမရှိဘူး။ နို့ပေမယ့် သင်ဒီမှာပဲ ဆက်နေချင်တယ်ဆိုရင် ကျွန်ုပ်ရဲ့ အရိပ်အာဝါသအောက်မှာ အနှောင့်အယှက် မရှိဘဲ သင် နေနိုင်ပါတယ်"

သံတမန်က ကြားဖြတ်လျက် -

"အမိန့်အတိုင်း သင်နားထောင်မည် မထောင်မည်ကို ပြောကြားလော့"

မာရဇီ ။ ။ "ဂိုရှန်မြို့ သို့လည်းကောင်း၊ 'လာဗန်' ထံသို့ လည်းကောင်း ကျွန်ုပ်မပြန်တော့ပါ"

တမန် ။ ။ "ဤသို့ဆိုက သင်၏ ဘုရားသခင်နှင့် လူမျိုးများ၏ ကျိန်စာ သင့်အပေါ်သို့မကျရောက်မီ နောက်ဆုံး စဉ်းစားဦးလော့။ ထိုနောက်၌ ကား သင်သေရအံ့"

မာရဇီ ။ ။ "ကျွန်ုပ်အသတ်ခံရမည်ဆိုက သေပါစေ။ ကျွန်ုပ် လွတ်လပ်စွာ သေလိုပါသည်"

ထို့နောက် ဘုန်းကြီးသည် အကြီးအကျယ် ဒေါသထွက်လာပြီးလျှင် လက်များကို ဝှေ့ရမ်းကာ ကျွန်ုပ် နားမလည်သော ရဟူဒီဘာသာဖြင့် ရေရွတ် ကျိန်ဆဲလျက်ရှိရာ 'မာရဇီ'သည် မျက်လုံးများကို လက်ဝါးဖြင့်အုပ်ကာ ကြမ်းပြင် ပေါ်တွင် ပြားပြားဝပ်လျက် ရှိရှာလေ၏။ နောက်ဆုံး၌ ဘုန်းကြီးသည် ပါးစပ်မှ အမြှုပ်တစီစီဖြင့် ရပ်သွားပြီးလျှင် -

"ကိုင်း ... အမိန့်ကျပြီးတဲ့နောက် သေပေတော့" ဟု အော်ဟစ်ကာ သူ၏ ဝတ်လုံကြီးထဲမှ ဓားတစ်ချောင်းကို ဆွဲနှုတ်လိုက်ပြီးနောက် 'မာရဇီ' ရှိရာသို့ ပြေးဝင်လာလေသည်။

'မာရဇီ'သည် ကျွန်ုပ်တို့ နောက်သို့ လှည့်၍ ပြေးလာရာ 'ဆက်တီ' သည် သူတို့နှစ်ယောက်ကြားသို့ ခုန်၍ဝင်လိုက်ရင်း ဓားလွယ်ကို ချွတ်လိုက်လေသည်။ ဘုန်းကြီးသည် သူ့ထံသို့ ဝင်ခုန်လာရာ နောက်တစ်ခဏ၌ နီရဲသော ဓားဦးသည် သူ၏ ပခုံးတစ်ဘက်သို့ ဖောက်ထွက်သွားသည်ကို မြင်လိုက်ရပြီး





နောက် ဘုန်းကြီးသည် ကြမ်းပြင်ပေါ်သို့ လဲကျသွားကာ ညည်းညူလျက်ရှိလေသည်။

ထို့နောက် ဘုန်းကြီးသည် သေဆုံးသွားရာ 'မာရဇီ' မှာ သူ၏ အတွက် နောက်ထပ်တစ်ကြိမ် သွေးမြေသို့ ကျရပြန်သဖြင့် မိမိအပေါ်တွင် ကျိန်စာများ ကျရောက်တော့မည်ဖြစ်ကြောင်းဖြင့် ပြောဆိုကာ ငိုယိုလျက် ရှိရှာ၏။ ထိုအခါ 'ဆက်တီ'က -

"အင်း ... ကုသိုလ်ကံကတော့ သင်နဲ့ ကျွန်ုပ်ကို ထူးထူးခြားခြား နှောင်ဖွဲ့နေတော့တာပဲ။ သင်က ကျွန်ုပ်ကို ပထမ ဓားဘေးက ကယ်ခဲ့တယ်။ ဒီနောက် ကျွန်ုပ်က သင့်ကို ကယ်ဆယ်ရပြန်တယ်။ နောက်ဆုံး ကျွန်ုပ်တို့ အတူ တူ သေကြပြီး ဟောဒီက 'အာနာ'က အကောင်းဆုံး ဝတ္ထုတစ်ပုဒ် ရေးရလိမ့်မယ်။ ဒီမှာ မိတ်ဆွေကြီး 'ဂျေဗက်'ရဲ့ ကရုဏာတရားနဲ့ ပြည့်ဝတဲ့ သင့် လူမျိုးတွေဆီ ပြန်သွားပြီး သင့် တူမလေး ဒီ 'မာရဇီ'ဟာ သင်နဲ့အတူ မလိုက်ဘူးဆိုတာ ပြောလိုက်။ သက်သေပြရအောင်။ ဒီအလောင်းကောင်ကြီးလဲ ယူသွား။ သင့် တူမကို အနှောင့်အယှက်ပေးရအောင် နောက်ထပ် လွှတ်မဲ့ လူတွေဟာလဲ ဒီလို ကံကြမ္မာမျိုးနဲ့ တွေ့ရမယ်ဆိုတာသာ ပြောလိုက်ပေတော့။ ကိုင်း ... 'အာနာ' ကျွန်ုပ်တို့လဲ မကြာခင် 'မမ်းဖစ်'မြို့ကို သွားရအောင်။ အသင့်ပြင်ထား။ လေဒီ 'မာရဇီ'လိုက်ချင်ရင်လဲ သင့်လျော်မယ့် အစောင့်အရှောက်တွေကို စီစဉ်ပေးလိုက် ပါ"

◈◈◈

www.burmeseclassic.com

www.burmeseclassic.com

# ၁၁

ဖြူဖွေးသော မြို့တံတိုင်းကြီး လေးဘက်ကာရံထားသည့် ကျွန်ုပ် မွေးဖွားရာ ဇာတိဖြစ်သော 'မမ်းဖစ်' မြို့တွင် ကျွန်ုပ်တို့သည် မယ်တော် ဘုရားကြီး ထံမှ 'ဆက်တီ' အမွေဆက်ခံရရှိထားသော နန်းတော်၌ အေးချမ်းစွာ နေထိုင်လျက် ရှိကြ၏။

ကျွန်ုပ်တို့သည် နန်းတော်တွင်းမှ ပိဋကတ်တိုက်ထဲတွင်လည်းကောင်း၊ ဘုရားကျောင်းများတွင်လည်းကောင်း၊ အလုပ်ကိုင်ငြီးငွေ့လာကြသောအခါ၌ လုပ သော ဥယျာဉ်များထဲတွင်လည်းကောင်း၊ ရံဖန်ရံခါ နိုင်းမြစ်ထဲတွင် လှေစီး၍လည်း ကောင်း၊ လွတ်လပ်စွာ အချိန်ဖြုန်းလျက် ရှိကြကုန်၏။ 'လေဒီ မာရဖီ'သည်လည်း ထိုနန်းတော်၌ပင် သူ့အား 'ဆက်တီ' ပေးထားသော ကျေးကျွန်များနှင့် အဆောင် တစ်သီးတခြား နေထိုင်လေသည်။

'ဆက်တီ' ကမူ 'မာရဖီ'အား နန်းတော်တွင်း၌ ဖြစ်စေ၊ ပြင်ပ၌ဖြစ်စေ၊ မည်သည့်အခါမျှ တစ်ယောက်ချင်းတွေ့ဆုံလေ့ မရှိချေ။

နွေရာသီ စံအိမ်ကလေးထဲတွင် ပေစာများကို မင်းသားက ဖတ်ပြလေ့ ရှိရာ နေပူရှိန်ပြင်းသောအခါများ၌ သစ်ပင်ရိပ်ကြီးများအောက်တွင် ကျွန်ုပ်က ကျွန်ုပ်ရေးထားသော ဝတ္ထုများကို ဖတ်ပြလေ့ရှိ၏။ သို့နှင့်ကျွန်ုပ်တို့သည် ကမ္ဘာ လောကကြီး၏ ဆန်းကျယ်မှု နက်နဲ ရှုပ်ထွေးမှုများကို ဆွေးနွေးတိုင်ပင်၍ နေခြင်း ဖြင့် အချိန်များကို ကုန်လွန်စေ၏။ 'ဆက်တီ'မှာ ဆင်းရဲသားတို့၏ အလိုဆန္ဒကို





တတ်နိုင်သမျှ ဖြည့်စွမ်းကူညီတတ်ရကား သွားလေရာအရပ်တွင် လူအပေါင်း တို့၏ ကြည်ညိုခြင်းကို ခံရလေသည်။

ထိုအကြောင်းများကို သူလျှိုများထံမှ တစ်ဆင့် ကြားသိ၍ 'အာမင်မီ' သည် သူ့အား မလိုမုန်းတီးဖြစ်လာမည်ကို သိသဖြင့် ကျွန်ုပ်သည် သူ့အတွက် စိုးရိမ်မိ၏။ သို့နှင့် ကျွန်ုပ်က 'ဆက်တီ'အား လမ်းထွက်သောအခါများတွင် လက်နက်ကိုင် အစောင့်များ လိုက်ပါစေရန် အကြံပေးမိရာ "သေဘေးက လွတ် မြောက်မယ့် အကောင်းဆုံး နည်းလမ်းဟာ သေဘေးကို မကြောက်ဖို့ပဲ အာနာ" ရဲ့ ဟု ပြုံးရယ်ပြောဆိုတတ်လေသည်။

*

ယခု ကျွန်ုပ်သည် 'တာနစ်' မြို့တော်၌ ဖြစ်ပျက်ခဲ့သည်တို့ကို ဆက် လက် ရေးသားပေအံ့။ မီနက်တာ ဘုရင်ကြီးသည် နာရီအနည်းငယ်ခန့်မျှ မိန်း မောလျက် ရှိပြီးနောက် နတ်ရွာစံလွန်တော်မူလေရာ တစ်တိုင်းပြည်လုံး အုန်းအုန်း ကျွက်ကျွက် ပူဆွေးလျက် ရှိကြကုန်၏။ ဆက်တီအား အိမ်ရှေ့စံ အဖြစ်မှ ရပ်စဲ လိုက်ခြင်းမှာ၊ 'ဂိုရှန်' မြို့တွင် နေထိုင်သော သိုးကျောင်းသား ကျွန်များနှင့် ပတ် သက်သည့် ကိစ္စကြောင့် ဖြစ်ရကား၊ တောင်ပိုင်းသားများမှာ မယုံကြည်နိုင်အောင် ပင် ရှိကြသည်။ မင်းသားက လက်မြှောက်၍ ပြလိုက်က သူ့နောက်မှ ထောင်နှင့် သောင်းနှင့်ချီကာ တော်လှန်မည့်သူများ ရှိလင့်ကစား မင်းသားသည် ခါးခါး သီးသီး ငြင်းပယ်ခဲ့သည်။ ဤသို့ဖြင့် ခမည်းတော်အတွက် ပူဆွေးရမည့် အချိန် ကို 'မမ်းဖစ်' မြို့သို့ သွားရောက် နေထိုင်ခဲ့ရာ 'အာမင်မီ'မှာ ထီးနန်းကို အနှောင့် အယှက်မရှိဘဲ ဆက်ခံသိမ်းပိုက်ရန် အကြောင်းဖြစ်ပေါ်လာလေသည်။

ဘုရင်ကြီး၏ ရုပ်အလောင်းကို ကြပ်စည်းပြီးသောအခါ နတ်ရွာစံ ဘုရင်တို့စံရာ 'သီဗီ' တောင်ကြားသို့ ယူဆောင်သွားကြ၏။ ထို မသာတော် အခမ်းအနားသို့ 'ဆက်တီ'အား ဖိတ်ကြားခြင်း မပြုချေ။ ယင်းကဲ့သို့ နိုင်းမြစ်ကို ဆန့်တက်ရာ၌ မသာတော် အခမ်းအနားမှာ 'မမ်းဖစ်' မြို့တွင် ရပ်နားခြင်း မပြု သဖြင့် 'ဆက်တီ'သည် မသာတော်ကို သာမာန် အရပ်သားတစ်ယောက်ကဲ့သို့ ရပ်ဖျက်ကာ စောင့်၍ကြည့်ရှုလေသည်။ အလောင်းတော်၏ ရှေ့မှ စစ်သားများနှင့် အရာရှိများသည်လည်းကောင်း၊ လိုက်ပါကြရာ သာယာငြိမ့်ညောင်း၍ ကြည်နူး ဝမ်းနည်းဖွယ်ကောင်းသော တူရိယာသံများသည် ရေမျက်နှာပြင်ပေါ်တွင် ပျံ့လွင့် လျက် ရှိလေ၏။ 'မမ်းဖစ်' ဆိပ်ကမ်းမှ တစ်ဖြည်းဖြည်း ပျောက်ကွယ်သွားသော အခါ 'ဆက်တီ'သည် ရှိုက်ငင်လျက် ရှိလေသည်။

*



www.burmeseclassic.com

www.burmeseclassic.com



ဖာရိုး၏ မသာတော် ကိစ္စပြီးစီးသောအခါ 'အာမင်မိ' သည် 'တားနစ်' မြို့တော်သို့ ပြန်ကာ 'ဖာရိုး' ဘုရင်အဖြစ်ဖြင့် ဘိသိတ်ခံယူလေသည်။ ခမ်းနားကြီးကျယ်လှသော ဤဘိသိက်ပွဲကြီးသို့ ကျွန်ုပ်သည် မင်းသားက ပေးပို့လိုက်သော နန်းတွင်းအဝတ်တန်ဆာ လက်ဆောင်ပဏ္ဏာတော်များကို ယူဆောင်ကာ ဘက်ရောက်ခဲ့၏။ ယင်းပစ္စည်းများကို 'ဖာရိုး' သစ်အား ဆက်သသောအခါ 'ဖာရိုး'သည် သံသယရှိစွာဖြင့် လက်ခံလျက် မင်းသား 'ဆက်တီ'၏ စိတ်ထားနှင့် အပြုအမူများကို သူ နားမလည်ကြောင်းဖြင့် ကျွန်ုပ်အား ထုတ်ဖော်ပြောဆိုလေသည်။ ထိုအခါ ကျွန်ုပ်က –

"လျှို့ဝှက်ချက်ရယ်လို့တော့ မရှိပါအရှင်။ ဘုရားသခင် ပေးအပ်တဲ့ စည်းစိမ်မှာ အရှင်ပျော်မွေ့သလို ကျွန်ုပ်ရဲ့ သခင်ဟာလည်း ဘုရားသခင် ပေးအပ်တဲ့ အေးချမ်းသာယာသော နေရာမှာ ပျော်မွေ့လျက် ရှိပါတယ်။ မည်သည့် အရာကိုမျှ လိုလားခြင်း မရှိပါ"

"ဒီအတိုင်းပဲ ဖြစ်ကောင်းပါရဲ့လေ။ နို့ပေမယ့် ကျွန်ုပ်မှာ ထူးထူးခြားခြားဖြစ်နေတာ တစ်ခုက ကျွန်ုပ်ရဲ့ စည်းစိမ်ချမ်းသာဆိုတဲ့ ပန်းပွင့်တွေထဲမှာ အဆိပ်ရှိတဲ့ မြွေသတ္တဝါများ ကိန်းအောင်းနေမလားလို့ တစ်ခါတစ်ရံ တွေးတွေးပြီး ကြောက်နေမိတယ်။ ဒီသတ္တဝါဆိုးကို မင်းသားထားတာ မဟုတ်ပေမယ့် သူတော့ သိမှာပဲ"

"ဒါတော့ မလျှောက်တင်တတ်ပါ အရှင်။ နို့ပေမယ့် အရှင်မင်းသားဟာ အခြားသူများနဲ့ မတူဘဲ ကျယ်ပြန့်နက်နဲတဲ့ စိတ်သဘောထားတော့ ရှိပါတယ်"

"နက်နဲလွန်းလို့ ကျွန်ုပ်တောင် နားမလည်နိုင်အောင် ဖြစ်နေတယ်။ အဲလေ ... ဘာပဲဖြစ်ဖြစ် သူ့ရဲ့ လက်ဆောင်ပဏ္ဏာတွေအတွက် ကျေးဇူးအထူး တင်ကြောင်းကိုတော့ ကျွန်ုပ်ရဲ့ ညီတော်ကို လျှောက်ထားလိုက်ပါ။ ပြီးတော့ ကျွန်ုပ်ရဲ့ ထီးနန်းကို မကြံစည်မနှောင့်ယှက်သမျှ ကာလပတ်လုံး သူ့ကိုလည်း ကျွန်ုပ်က ဘယ်လိုမှ အနှောင့်အယှက်မပြုပါဘူးဆိုတာလဲ လျှောက်ထားလိုက်ပါ"

ထို့နောက် ကျွန်ုပ်သည် 'ယူဆာတီ' မင်းသမီးနှင့်လည်း တွေ့ဆုံကာ အကျိုးအကြောင်း တစ်စုံတစ်ရာ ကွယ်ဝှက်ခြင်းမပြုဘဲ အလုံးစုံလျှောက်ထားလေသည်။

မင်းသမီး ။ ။ "ဟို စန္ဒာဒေဝီ ဆိုတဲ့ ရဟူဒီမကကော ဘာလုပ်နေသလဲ။ ဧကန္တ သူက ကျွန်ုပ်နေရာကို ဝင်နေမှာပေါ့လေ"

ကျွန်ုပ် ။ ။ "မဟုတ်ပါ ထိပ်ထား။ အရှင့်သားဟာ တစ်ကိုယ်တည်း စံတော်မူနေပါတယ်။ သူရော တခြား မိန်းမတွေရော ဘယ်သူမှ ထိပ်ထားနေရာကို





ဝင်မနေကြပါဘူး။ သူဟာလဲ ကိုယ်တော် အရှင့်အဖို့ မိတ်ဆွေတစ်ယောက်ထက် မပိုပါဘူး"

"မိတ်ဆွေတစ်ယောက်က ဟုတ်စ။ အင်း ... ဒီလို မိတ်ဆွေဆိုတာတွေပဲ နောက်ဆုံးဘယ်လိုဖြစ်သွားကြတယ်ဆိုတာ သင်သိတယ် မဟုတ်လား။ ဒါထားပါဦး မြင့်မြတ်တဲ့ အဆင့်အတန်းမှာ မွေးဖွားလာတဲ့ ဒီလောကကြီးကို စိုးမိုးအုပ်ချုပ်ဖို့ပဲ လူရိုင်းမ ချောချောတစ်ယောက်နဲ့ ပညာရှိကျမ်းပြုဆရာ တစ်ယောက်ကို အဖော်လုပ်ပြီး စာအုပ်တွေနဲ့ ပန်းပွင့်တွေကြားထဲမှာ သွားပုန်းနေစရာ အလုပ် မဟုတ်ဘူး။ စင်စစ်ဆိုရင် ရာဇပလ္လင်ဟာ သူ့ရာဇပလ္လင်ပဲ။ ခုတော့ ကိုယ့်နေရာကို စိတ်ယုတ်မာရှိတဲ့ လူ့ငနွားတစ်ယောက်လက်ထဲ ထည့်ပြီးတော့ သူက တောင် လက်ဆောင်ပဏ္ဏာတွေပို့ ဆုတောင်းမင်္ဂလာပြုနဲ့ လုပ်နေလိုက်သေးတယ်"

"ဒီကိစ္စကို မဆုံးဖြတ်သေးခင် လမ်းဆုံးထိအောင် ထိပ်ထား စောင့်ကြည့်ရင် ကောင်းလိမ့်မယ် ထင်ပါတယ်"

'ယူဆာတီ' သည် မျက်ရည်များကို သုတ်လိုက်ကာ ဆက်လက်၍–

"မောင်တော် ကျန်းကျန်းမာမာ ရှိတယ်ဆိုတာကာ ကြားရလို့ ဝမ်းမြောက်တဲ့အကြောင်းနဲ့ သူ့ကို အမြဲသတိရပြီး မေတ္တာပို့နေတဲ့အကြောင်းသာ လျှောက်ထားလိုက်ပါတော့။ ပြီးတော့ သူရထိုက်တဲ့ နေရာကို သိမ်းပိုက်ခြင်း မပြုသမျှ သူ့မျက်နှာကို ကျွန်ုပ် ဘယ်တော့မှ ပြန်မကြည့်တော့ဘူး။ ဒါပေမယ့် သူ့ရဲ့ ကျန်းမာရေးနဲ့ ဘေးအန္တရာယ် ကင်းရှင်းရေးကို တတ်နိုင်သမျှ ဂရုစိုက်ပြီး စောင့်ရှောက်ပါတယ်ဆိုတဲ့ အကြောင်းကိုလည်း လျှောက်တင်လိုက်ပါ။ သူ့ရဲ့ ဘေးရန် ကင်းရှင်းရေးအတွက်တော့ ဘာမှ ကြောင့်ကြစိုးရိမ်စရာ မရှိပါဘူးလို့ 'ဖာရိုး'က အခုတင်ကပဲ မိန့်ကြားလိုက်ပါသေးတယ်"

ခြေကို ဆောင့်လျက် –

"အို ... သင်တို့နှစ်ယောက်ဟာ ဘယ်သူက ပိုပြီး ရူးသလဲဟင် ကျွန်ုပ်ကလား၊ သခင်ကလား၊ သူ့အသက် ဘေးအတွက် သင်ယုံကြည်သလို သူကလဲ ယုံကြည်တယ် ဟုတ်စ။ အင်း ... ကောင်းပါပေရဲ့။ ခဏလောက်တော့ သူ ချမ်းချမ်းသာသာ အိပ်စက်နိုင်ပါလိမ့်မယ်။ ကဲ ... ကဲ ... သွားလေဦးတော့။ ကျွန်ုပ် ဦးနှောက်တွေလဲ ဆူပွက်နေလို့ နောက်ထပ်ဆက်ပြီး စကားမပြောနိုင်တော့ဘူး" ဟု ပြောဆိုကာ ကျွန်ုပ်အနီးမှ ထွက်ခွာသွားလေသည်။

အတန်ကြာသောအခါ ဘိုးဘိုးကြီး 'ဘာကင်ခွန်းစု'နှင့်တွေ့၍ ကျွန်ုပ်တို့ကလည်း ရေးဟောင်းနှောင်းဖြစ်များကို နှီးနှောတိုင်ပင်လျက် ရှိကြ၏။

စု ။ ။ "ကျွန်ုပ်တွေ့ခဲ့ဖူးတဲ့ ဘိသိက်ပွဲ ၅-ကြိမ်အနက် တစ်



www.burmeseclassic.com

www.burmeseclassic.com



ကြိမ်ဟာ ပျော်ရွှင်ခြင်း အကင်းမဲ့ဆုံးပဲ။ လူတွေဟာ ဘာရယ်လို့ မသိဘဲ အကြောင်းမဲ့ ထိတ်လန့်နေကြတယ်"

ကျွန်ုပ် ။ ။ "ရဟူဒီတွေကို များလား"

"သင်ပြောတာ တစ်ဖြည်းဖြည်းတော့ နီးလာပြီ အာနာ။ ပြီးတော့ ရဟူဒီမိန်းမချောကလေး လုပ်လိုက်တဲ့ကိစ္စဟာလဲ တစ်တိုင်းပြည်လုံး နှံ့သွားပြီး ဒါဟာ တိတ်နမိတ်လို့ ယူဆကြနေကြတယ်။ နောက်ပြီး ထူးဆန်းတာက ကြွေမွှ သွားတဲ့ ဘုရားရုပ်ထုဟာလဲ နောက်တစ်နေ့ လဲကျနေတာ တွေ့ကြရတယ်။ ဒီတော့ ကျွန်ုပ်တို့ အရှင်သခင်သစ်လဲ နမိတ်မကောင်းဘူး။ အိပ်မက်ဆိုးတွေ ဘာတွေလဲ မက်တယ်ဆိုပြီး 'ကီ'ကိုတောင်သွားမေးသတဲ့ အာနာရဲ့"

"ဒီတော့ 'ကီ'က အိပ်မက်ကို ဘယ်လို ဖတ်လိုက်သတဲ့လဲ"

"တခြား ဘာမှတော့ မပြောပါဘူး။ ဘုရင်မင်းမြတ်ရဲ့ နန်းသက်ဟာ အလွန်တိုတောင်းပြီးတော့ ဒါနဲ့အတူ သူ့အသက်စည်းစိမ်ဟာလဲ ကုန်ဆုံးခြင်းသို့ ရောက်လိမ့်မယ်လို့ ပြောလိုက်တယ်"

"ဒီလိုဟောတော့ 'ဖာရိုး'က ဘယ်သဘောကျမလဲ"

"ဒီလို ဟောရမလားဆိုပြီး ပထမကြုံးဝါးတာပေါ့။ ဒါပေမယ့် နောက် သူ့အမှားကို မြင်ပြီး တောင်းပန်တယ်။ ပြီးတော့ သူ မရှိတဲ့နောက် ထီးနန်းကို ဘယ်သူဆက်ခံမလဲလို့ မေးပြန်တယ်။ ဒီတော့ 'ကီ'က ကြိမ်းဝါးခံရတဲ့ မှော်ဆရာ တစ်ယောက်ဟာ ဘာကိုမှ မသိတော့ပါဘူးလို့ ပြန်ပြောလိုက်တယ်"

"ဘာကင်ခွန်းစုက သိကောသိသလား ဘိုးဘိုးရဲ့"

အဖြေပေးသည့် သဘောဖြင့် ဘိုးဘိုးကြီးသည် စားပွဲပေါ်မှ ပေါင်မုန့် ချပ်အချို့ကို လက်ဖြင့် ချေမွပစ်လိုက်ပြီးလျှင် ပြန့်ကြဲနေသော ပေါင်မုန့်အစအန များအလယ်၌ လက်ညှိုးဖြင့် မြေခွေးခေါင်းနှင့် နတ်ဘုရားရုပ်သဏ္ဍာန်နှင့် ငှက် မွေးနှစ်ချောင်းကို ရေးဆွဲ၍ ပြပြီးနောက် ပေါင်မုန့်စများကို လျင်မြန်စွာ ကြမ်း ပြင်ပေါ်သို့ လှဲချပစ်လိုက်လေသည်။

ကျွန်ုပ်သည် စကားဝှက်ဖြင့် ရေးပြသော မင်းသား၏ အမည်ကို ဖတ်ရှု ရင်းက 'ဆက်တီ' ဟု နှုတ်မှ တိုးတိုးလေး ထွက်သွားမိရာ သူသည် ခေါင်းညိတ် ပြပြီးလျှင် သူ၏ ဝါသနာအတိုင်း အားရပါးရ ရယ်မောလျက် ရှိလေသည်။

"လူဆိုတာ ကိုယ်ပိုင်ဆိုင်တဲ့ ပစ္စည်းကိုရအောင် မကြိုးစားပေမယ့် တစ်ခါတလေ ပြန်ရချင်ရတတ်တာမျိုးပဲ။ ဒါပေမယ့် အီဂျစ်ပြည်ပေါ်ကို အန္တရာယ် တွေ ကျရောက်စရာ လမ်းမြင်နေသေးတယ်။ ပြီးတော့ ကျွန်ုပ်ကိုယ်တိုင် အိပ်မက် မက်ပုံကတော့ ပိုးကျိုင်းကောင်တွေနဲ့ တူတဲ့ ကြီးမားတဲ့ အစုအဝေးကြီး တစ်ခုဟာ 'အီဂျစ်'ပြည်ပေါ်ကို လွှမ်းမိုးကျရောက်လာသတဲ့။ သူတို့ရှေ့ကတော့ အတွင်းမှာ





လက်ကြီးနှစ်ဖက်ပါတဲ့ မီးတောက်ကြီးတစ်ခုက လိုက်ပါလာသတဲ့။ ဒီလက်ကြီး နှစ်ဖက်အနက် တစ်ဘက်က 'အာမွန်'ကို လည်မျိုက ကိုင်ဖမ်းပြီး ကျန်တစ်ဘက် ကတော့ ဘုရင်သစ်ကို လည်မျိုကိုင်ဖမ်းညှစ်ထားသတဲ့။ အဲဒီနောက်မှာ တိမ် တိုက်ကြီးတစ်ခု ရောက်လာပြီး ဒီအထဲမှာ ကြပ်မစီးရသေးတဲ့ အလောင်းကောင် သဏ္ဍာန်ကြီးတစ်ခုဟာ မရေမတွက်နိုင်အောင် များပြားတဲ့ လူသေအလောင်း တွေနဲ့ ပြည့်နေတဲ့ ရေပြင်ကြီးပေါ်မှာ မတ်တပ်ကြီး ပါလာတယ်"

ထိုအခါ ကျွန်ုပ်သည် 'ဂိုရှန်'မြို့မှ မိုးကောင်းကင်တွင် မင်းသားနှင့် ကျွန်ုပ်တို့ တွေ့မြင်ခဲ့ရသော အရိပ်အရောင်သဏ္ဍာန်များကို ပြန်လည်သတိရမိ သော်လည်း ထိုအကြောင်းနှင့်ပတ်သက်၍ မည်သို့မျှ ထုတ်ဖော်ပြောဆိုခြင်း မပြုချေ။

"ကိုင်း ... ကိုင်း ကျွန်ုပ်သွားလိုက်ဦးမယ်။ တောင်ဝှေးသာ လှမ်းလိုက် စမ်းပါ။ နက်ဖြန် ဘိသိက်ပွဲမှာ ကျွန်ုပ်တို့နှစ်ယောက် အတူထိုင်ဖို့ မမေ့နဲ့"

နောက်တစ်နေ့ သတ်မှတ်ထားသော အချိန်တွင် ကျွန်ုပ်သည် 'မီနက် တာ' ဘုရင်ကြီးအား ရှေးဦးစွာ စတင်ဖူးမြင်ရသော ခမ်းမဆောင်ကြီးထဲ၌ ကျွန်ုပ် အတွက် ချထားပေးသောနေရာတွင် အသင့်ရောက်ရှိနေလေသည်။ မင်းသားအား သတိရကြမည်ကို စိုးရိမ်သောကြောင့် ယင်းကဲ့သို့ ထားရှိခြင်းပေလား မသိရပေ။

ခမ်းမဆောင်ကြီးတစ်ခုလုံးကား 'အီဂျစ်'ပြည်ကြီး၏ ထိပ်ထိပ်ကြဲ လူတန်းစားများ ဖြစ်ကြသော မှူးကြီးမတ်ရာ သေနာပတိများ၊ ဘုန်းတော်ကြီး များ မှူးမတ်ကတော်များ၊ အရာရှိကတော်များဖြင့် ပြည့်လျက် တစ်ခန်းလုံး ရွှေ ငွေ ကျောက် သံ ပတ္တမြားရောင် ပိုး ဖဲ ကတ္တီပါရောင်တို့ဖြင့် တဖိတ်ဖိတ် တလက်လက် တောက်ပလျက် ရှိကုန်၏။ မကြာမီ 'ဘာကင်ခွန်းစု' သည် ကျွန်ုပ် အနားသို့ ရွှင်ပျသော အမူအရာဖြင့် ရောက်ရှိလာလေသည်။

'ဘာကင်ခွန်းစု' က ကျွန်ုပ်အား ပြောပြသည်မှာ လွန်ခဲ့သော တစ်နာရီ ခန့်က 'တာနစ်'မြို့ ဘုရားရှိခိုးကျောင်းတွင် ဖြစ်ပျက်ပုံမှာ 'ဖာရိုး' ဘုရင်နှင့် မင်းမျိုးမင်းနွယ်များသည် ရှေးထုံးတမ်းစဉ်လာအတိုင်း ဘုရားရုပ်ထုတော် ရှေ့ တွင် လျှောက်သွားသောအခါ၌ အာမင်မီ၏ ရှေ့မှ 'ယူဆာတီ' မင်းသမီး လျှောက် သွားသော အချိန်တွင် ရုပ်ထုက ဦးခေါင်းညိတ်၍ပြကြောင်း၊ သို့သော် 'ဖာရို'ကိုမူ မညိတ်ကြောင်း၊ သို့သော် ဘုန်းကြီးများက ရှေးယုံးစံအတိုင်း "ဘုရားသခင်က ဘုရင်မင်းမြတ်ကို ကြိုဆိုပါတယ်" ဟု ဟစ်အော်ကြကြောင်း။ တစ်ဖန် ခြေမသန် သော 'ဆက်တား' အလှည့်သို့ရောက်သောအခါ ရုပ်ထုက ဦးခေါင်းကို ညိတ်ပြန် ကြောင်း ပြောပြလေသည်။ ထိုအချိန်တွင် 'ဖာရိုး' ကြွလာပြီဖြစ်၍ ကျွန်ုပ်တို့မှာ ဆက်လက်ပြောဆိုခွင့် မရတော့ချေ။



www.burmeseclassic.com

www.burmeseclassic.com



မင်းညီမင်းသားများ၊ မှူးကြီးမတ်ရာသေနာပတိများ၊ ဘုန်းကြီးများ၊ နန်းတွင်းသူများ၊ ကိုယ်ရံတော် ဗိုလ်မှူးများ စသည်ဖြင့် များပြားလှသော အခြွေအရံ ပရိသတ်အပေါင်းတို့ဖြင့် ဝိုင်းရံလျက် 'အာမင်မီ'နှင့် ဝဝဖိုင့်ဖိုင့် မိန်းမကြီးတစ်ဦးဖြစ်သော ကြင်ယာတော် 'ယူနူး'တို့သည် ခမ်းမဆောင်ကြီး အတွင်းသို့ ခန့်ညားစွာ ဝင်ရောက်လာကြသည်။ ဂိုဏ်းအုပ်ကြီး 'ရှိုင်'နှင့် သက်တော်ရှည် 'နီဟောစီ'တို့က 'ဖာရိုး' အားဆီးကြိုကာ ရာဇပလ္လင်ရှိရာသို့ လမ်းပြခေါ်ဆောင်သွားကြ၏။ ထိုအခါ ဗိုလ်ပါပရိသတ်များ ဝပ်တွားဦးညွတ်ကြပြီးနောက် ခယာများ မှုတ်သည်နှင့် "အသက် ... သွေး ... အင်အား ... ဖာရိုး ... ဖာရိုး" ဟူသော ကြွေးကြော်သံကို သုံးကြိမ်တိုင်တိုင် ကြွေးကြော်သံကို သုံးကြိမ်တိုင်တိုင် ကြွေးကြော်ခြင်း ပြုကြကုန်၏။

'အာမင်မီ'က နေရာမှထ၍ ပြန်လည်ဦးညွတ်ရာ၌ စိတ်ဒုက္ခကြောင့် ရင့်ရော်အိုမင်းပုံရနေသော သူ၏မျက်နှာကြီးကို ကျွန်ုပ် မြင်ရလေသည်။ ထို့နောက် 'ရှိုင်'က ရှေ့မှကျောင်းပေးကာ ကတိသစ္စာကို နတ်ဘုရားများနှင့် လူများအားတိုင်တည်ကျိန်ဆိုပြီးလျှင် မင်းမြောက်တန်ဆာများကို ဗိုလ်ပါပရိသတ်များ ရှေ့မှောက်၌ ဆင်မြန်းခြင်း ပြုလေသည်။ နောက်အစီအစဉ်၌ ထိပ်ထား 'ယူဆာတီ'က ရှေ့ဦးစွာလာ၍ ဘုရင်၏ လက်ကို နမ်းရှုပ်၏။ သို့သော် ဒူးကား မထောက်ချေ။ မင်းသမီးသည် ဘုရင်နှင့်စကားအနည်းငယ်ပင် ပြောဆိုခြင်း ပြုသေးသော်လည်း ကျွန်ုပ်တို့ မကြားရပေ။ သို့သော် သူ့ခမည်းတော် ရှေ့၌ထားခဲ့သော ကတိအတိုင်း မိမိရရှိနေသည့် အခွင့်အရေး အဆောင်အယောင်များကို ဆက်လက်ပေးထားခြင်းကို လူထုရှေ့၌ အတိအလင်း ကြေငြာရန် တောင်းဆိုခြင်းဖြစ်ကြောင်း နောင်အခါ သိရှိရလေသည်။

သို့နှင့် အနည်းနည်းအဖုံဖုံသော ၁ ရှေးဟောင်းနည်းစနစ်တို့ဖြင့် ဘိသိတ်ပွဲကြီးကို ဆက်လက်ကျင်းပလျက်ရှိလေရာ ပရိသတ်အားလုံးတို့သည် 'ဖာရိုး' မိန့်ခွန်းပေးရမည့် နောက်ဆုံးအချိန်ကို စောင့်ဆိုင်းရင်း ပျင်းရိငြီးငွေ့လျက် ရှိကြကုန်၏။ အဆိုပါ မိန့်ခွန်းကို မိန့်ကြားခြင်း မပြုလိုက်ရတော့ပေ။ အကြောင်းသော်ကား ယခင်က 'မီနက်တာ' ဘုရင်ကြီးထံသို့ လာရောက်ခဲ့ဖူးသော ရဟူဒီ 'ပရော်ဖက်ကြီး' နှစ်ဦးသည် ကျွန်ုပ်တို့အနီးမှ ဖြတ်ကာ ရာဇပလ္လင်ရှိရာသို့ တန်း၍သွားသည်ကို ကျွန်ုပ်တွေ့လိုက်ရ၏။ ထိုသူများ ပြောဆိုသည့်စကားကို ကျွန်ုပ် မကြားရသော်လည်း သူတို့လူမျိုးများအား လွတ်လပ်ခွင့်ပေးရန် တောင်းဆိုခြင်းဖြစ်လျက် ယင်းသို့ တောင်းဆိုခြင်းကို 'ဖာရိုး'က 'မီနက်တာ' ဘုရင်ကြီးနည်းတူငြင်းဆန်လိုက်ခြင်းဖြစ်ရမည်ဟု တထစ်ချယုံကြည်မိ၏။ ထို့နောက် တစ်ယောက်သော သူသည် တုတ်တစ်ချောင်းကို ကြမ်းပေါ်သို့ ပစ်ချလိုက်လေရာ တုတ်





ချောင်းသည် မြွေကြီးတစ်ကောင်အဖြစ်သို့ ပြောင်းလဲပြီးလျှင် တစ်ရှုးရှုးမြည်ကာ 'ဖာရိုး'အား မာန်ဖီလျက် ရှိလေ၏။ ထိုအခါ မှော်ဆရာကြီး 'ကီ'နှင့် သူ၏ အဖော်များကလည်း တုတ်များကို အသီးသီးပစ်ချကြပြန်လေရာ ထိုတုတ်ချောင်းများသည်လည်း မြွေများအဖြစ်သို့ ပြောင်းလဲသွားကြပြီးလျှင် ခမ်းမဆောင်ကြီးတစ်ခုလုံး မြွေများ၏ တရှုးရှုး မြည်သံများဖြင့် ဆူညံလျက်ရှိလေ၏။

ထိုခဏ၌ ခမ်းမဆောင်ကြီးထဲသို့ ကြီးမားသော မှောင်ထုကြီးတစ်ခုသည် ကျရောက်လာလေရာ လူများသည် တစ်ယောက်မျက်နှာကို တစ်ယောက် မမြင်ရဘဲ ရှိကြကုန်၏။ သို့နှင့် လူများသည် ဆူညံစွာပါစ်အော်လျက် ရှိကြရာ အလန့်တကြား ဖြစ်ကာ၊ သူထက်ငါ တိုးဝှေ့လျက်ရှိကြကုန်၏။ 'ဘာကင်ခွန်းစု' နှင့် ကျွန်ုပ်တို့မှာလည်း နောက်မှ လူများ၏ တွန်းကန်တိုးဝှေ့မှုကြောင့် နှစ်ယောက်သား နန်းတော်တံခါးဝသို့ အလိုအလျောက် ရောက်သွားလေသည်။

ဤသို့ဖြင့် 'အာမင်မီ' ၏ ဘိသိက်ပွဲကြီး ပြီးဆုံးခဲ့ရလေသည်။

◈◈◈

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## ၁၂

ထိုနေ့ညတွင် နန်းတော်၊ အိမ်တော်များ၌ စားပွဲသောက်ပွဲ ကျင်းပနေကြသူများမှတစ်ပါး မြို့တော်လမ်းမများတွင် ခြောက်သွေ့လျက် ရှိ၏။ ကျွန်ုပ်သည် လူစည်ကားသော ရပ်ကွက်များသို့ ထွက်၍အကဲခတ်ကြည့်ရာ လူများသည် အချို့နေရာများ၌ စုရုံးကာ အချင်းချင်းတီးတိုးပြောဆိုလျက်ရှိသည်ကို ကျွန်ုပ်သတိထားမိ၏။ သို့နှင့် မကြာမီ မျက်နှာကို အဝတ်ဖုံးထားသော လူတစ်ယောက်သည် ကျွန်ုပ်အနီးသို့ ချဉ်းကပ်ကာ 'ဆက်တီ'အတွက် သတင်းစကား တစ်ခုပါရှိကြောင်း ပြောကြားလေသည်။ ကျွန်ုပ်က မျက်နှာကို ဖုံးကွယ်ထားသော သူတစ်ယောက်ထံမှ သတင်းစကားကို လက်မခံနိုင်ကြောင်း ပြန်ပြောသဖြင့် ထိုသူလည်း သူ၏ ခေါင်းအုပ်အဝတ်ကြီးကို ဖယ်ရှားလိုက်ရာ 'မာရဖီ'၏ ဦးလေး 'ဂျေဗက်' ဖြစ်နေသည်ကို တွေ့ရလေသည်။ ကျွန်ုပ်က မင်းသား အမိန့်ပေးသည့်အတိုင်း 'ပရော်ဖက်'၏ အလောင်းကို 'ဂိုရှန်' မြို့သို့ ပြန်လည်ယူဆောင်သွားကာ အကြီးအကဲများအား အကျိုးအကြောင်းကို ပြောဆိုသလောဟု မေးမြန်းရာ၊ ထိုအတိုင်းပင် ပြုလုပ်ပါသည်ဟု 'ဂျေဗက်'က ဖြေကြားလေသည်။

ဂျေဗက်။ ။ "နို့ပေမယ့် သူတို့က ဒီကိစ္စနဲ့ပတ်သက်ပြီး မင်းသားကို စိတ်မဆိုးကြပါဘူး။ မင်းသားဟာ သူ့ရှေ့တော်မှာ လူသတ်မှု ကျူးလွန်မဲ့ လူတစ်ယောက်ကို ကွပ်မျက်လိုက်တာဟာ နည်းလမ်းကျတယ်လို့ ပြောနေကြပါတယ်။ သို့ပေမယ့် ဘုန်းကြီး ကျိန်ဆဲလိုက်တဲ့ ကျိန်စာဟာ 'မာရဖီ'ရဲ့ အပေါ်ကို





တစ်နည်းနဲ့မဟုတ် တစ်နည်းနဲ့ ကျရောက်မှာ မုချပဲဆိုတာကိုတော့ သူတို့ ပြောလိုက်ကြပါတယ်"

"ဒီလိုဆိုရင် သူဘာလုပ်ရမလဲ"

"ကျွန်ုပ်လဲ မသိဘူး ဆရာလေးရဲ့။ သူ့လူမျိုးတွေဆီကို ပြန်လာရင်တော့ သူ့ကိုအပြစ်က လွတ်ငြိမ်းချမ်းသာခွင့်ပြုကောင်း ပြုကြပါလိမ့်မယ်။ နို့ပေမယ့် 'လာဗန်'ကိုတော့ လက်ထပ်ရမှာ မုချပဲ။ အဲဒါ သူ့ဘာသာ သူဆုံးဖြတ်ပေါ့"

"ဒါနဲ့ သင့်ရဲ့ သတင်းစကားဆိုတာကကော ဘာလဲ 'ဂျေဗက်' "

"ဒါက ဒီလိုပါ ... အရှင် မင်းသားဟာ ရဟူဒီလူမျိုးတွေ အပေါ်မှာ ကြင်နာစွာ ဆက်ဆံပြီး သူတို့အတွက်နဲ့ သရဖူကိုပင် စွန့်လွှတ်လိုက်တဲ့အတွက် တခြားသူတွေမှာ ဘာပဲဖြစ်ဖြစ် သူ့အဖို့ ဘာမှ ကြောက်ရွံ့စိုးရိမ်စရာ မရှိဘူးဆိုတာ ပြောကြားလိုက်ပါ။ သူ့အပေါ်မှာရော သူ့အနီးမှာ ရှိကြတဲ့ လူတွေရော၊ ဥပမာ–သင့်လိုလူဆိုပါတော့ 'အာနာ'။ ဘယ်လို ဘေးဥပါဒ်မှ ကျရောက်မှာ မဟုတ်ပါဘူး။ သို့ပေမယ့် ကျိန်စာမိနေတဲ့ ကျွန်ုပ်ရဲ့တူမ 'မာရဖီ'ကြောင့် ကြီးမားတဲ့ သောကမီးကြီးနဲ့တော့ နှစ်ယောက်စလုံး တွေ့ကြုံကြရလိမ့်မယ်။ ဒါကြောင့် 'မာရဖီ' အဖို့ မင်းသားရဲ့ အိမ်တော်မှာ နေရင်ပိုကောင်းပေမယ့် 'ဆက်တီ' အဖို့မှာတော့ 'မာရဖီ' ကို သူ့ပိုင်နက်အတွင်းက နှင်ထုတ်ပစ်လိုက်ရင် ပိုပြီးကောင်းလိမ့်မယ်"

မည်သို့သော သောကမီးဖြစ်ကြောင်း ကျွန်ုပ်က မေးမြန်းမည်ပြုသော အခါ 'ဂျေဗက်'မှာ ထွက်သွားပြီးဖြစ်၍ အဖြေကို မရလိုက်ပဲ ရှိလေ၏။ ကျွန်ုပ်တည်းခိုသော နေရာအနီးတွင် ကျွန်ုပ်သည် အခြားလူတစ်ယောက်နှင့် ထပ်မံတွေ့ဆုံရပြန်ရာ လရောင်ဖြင့် တောက်ပသော ထိုသူ၏ မျက်လုံးများကို မြင်ရသောကြောင့် 'ကီ'ဖြစ်ကြောင်း သိရလေသည်။

"ဘယ့်နယ်လဲ ကျမ်းပြုဆရာ 'အာနာ'။ သင်က စိတ်ကူးထားတာထက် ၂ ရက်စောပြီး နက်ဖြန်အာရုဏ်တက်မှာ 'မမ်းဖစ်'မြို့ကို သွားမလို့ ကြံနေကို"

ကျွန်ုပ်သည် 'ဂျေဗက်' ထွက်သွားပြီးနောက် ထိုအကြောင်းကို မည်သူ့အားမျှ ပြောကြားခြင်းမပြုခဲ့သဖြင့် မည်ကဲ့သို့ သိကြောင်း 'ကီ'အား မေးမိ၏။

"ကဲလေ ... ဒါတွေ ထားလိုက်ပါဦး။ ကျွန်ုပ် ယခုလာခဲ့တဲ့ အကြောင်းရင်းကတော့ သင်ဟာ ပညာရှိတစ်ယောက်ဖြစ်တဲ့အတွက် ဒီနေ့ ဘိသိက်ခမ်းမဆောင်ကြီးထဲမှာ ကျရောက်လာတဲ့ အမှောင်ထုကြီးဟာ ဘယ်က လာတယ်လို့ မေးရအောင် လာခဲ့တာပဲ"

"ဘုရားသခင်ဆီက ဖြစ်မယ်ထင်တာပဲ"

"ကျွန်ုပ်လဲ ဒီလိုပဲ ထင်တာပဲ အာနာ။ ကြောက်မက်ဖွယ် ကောင်းတဲ့



www.burmeseclassic.com

www.burmeseclassic.com



တန်ခိုးသတ္တိကြီးတစ်ခုဟာ 'အီဂျစ်ပြည်ကြီးကို လွှမ်းမိုးမယ့် ဆဲဆဲ ဖြစ်နေပြီ။ ဒီတော့ ထီးနန်းကို ငြင်းပယ်ပြီး 'မမ်းဖစ်'ကို 'ဆက်တီ' ထွက်သွားတာဟာ ခပ်ကောင်းကောင်းပဲ။ အဲဒီအကြောင်း 'ဆက်တီ'ကို ပြန်ပြီး ပြောပြလိုက်စမ်းပါ အာနာ"

ထို့နောက် သူသည် ထွက်သွားလေသည်။

*

'မမ်းဖစ်မြို့သို့ရောက်သောအခါ ကျွန်ုပ်သည် ဖြစ်ပျက်သမျှအလုံးစုံကို မင်းသားအား ပြန်ပြောကြားရာ သူသည် စိတ်အားထက်သန်စွာ နားထောင်နေရာမှ 'ယူဆာတီ' ပြောဆိုလိုက်သော အကြောင်းအရာများသို့ရောက်သောအခါ စိတ်ကို အတော်ထိခိုက်သွားဟန်တူလေသည်။ သူသည် မျက်ရည်များ ဝဲလာပြီးလျှင် နေရာမှထ၍ အခန်းထဲတွင် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေလေသည်။

"နိမ့်ကျတဲ့ လူတစ်ယောက်ဟာ သာယာနူးညံ့တဲ့ စကားမျိုးတွေကို မျှော်လို့ မဖြစ်ပါဘူးလေ။ ဒါဟာ အစ်မတော်ကြောင့် ခံစားရတဲ့စိတ်စေတနာပဲ။ ကျွန်ုပ်တို့ဟာ တမအေတည်း မဟုတ်ပေမယ့် အတူတူကြီးပြင်း လာခဲ့ရလို့ တစ်ဦးကို တစ်ဦး အတော်ပဲ ချစ်ခင်ခဲ့ကြတယ်။ နို့ပေမယ့် သူဟာ ကျွန်ုပ်အပေါ်မှာ အမြဲတမ်း လွှမ်းမိုးပြီး ဩဇာ ပေးချင်စိတ်ရှိခဲ့သလို ကျွန်ုပ်ကလဲ သူ့ကိုပြန်ပြီး ပြောင်လှောင်ပျက်ရယ် ပြုလေ့ရှိခဲ့တယ်။ ဒါကြောင့် ခုလို ကျွန်ုပ်က သူ့ရဲ့ဩဇာကို တော်လှန်ပြီး ကျွန်ုပ်သဘောအတိုင်း လုပ်လိုက်တော့ သူ့မှာ ထီးနန်းကို လက်လွှတ်ဆုံးရှုံးသွားရတဲ့အတွက် ဒေါသ အထွက်ကြီး ထွက်နေတာပေါ့"

"အီဂျစ်ပြည်ရဲ့ ထုံးစံက ပင်တိုင်စံ မင်းသမီးမှာ 'အီဂျစ်'ပြည်ကြီးရဲ့ 'ဖာရိုး'ကို လက်ထပ်ဖို့ ရှိနေတာကို အရှင်မင်းသားရဲ့။ ဒီအတိုင်း 'ဖာရိုး'ဖြစ်မယ့် ပုဂ္ဂိုလ်ကို လက်ထပ်ပြီးမှ အခုလို ဖြစ်ရတော့ ယူကျုံးမရ ဖြစ်ရရှာတာပေါ့"

"ဒီလိုဆိုရင် လက်ရှိ 'ဖာရိုး'ရဲ့ မယားကို ဘေးဖယ်ထားပြီး 'ဖာရိုး'ကို လက်ထပ်ဖို့ရှိနေတာကို အရှင်မင်းသားရဲ့။ ဒီအတိုင်း 'ဖာရိုး'ဖြစ်မယ့် ပုဂ္ဂိုလ်ကို လက်ထပ်ပြီးမှ အခုလိုဖြစ်ရတော့ ယူကျုံးမရ ဖြစ်ရရှာတာပေါ့"

"ဒီလိုဆိုရင် လက်ရှိ 'ဖာရိုး'ရဲ့ မယားကို ဘေးဖယ်ထားပြီး 'ဖာရိုး'ကို သူ လက်ထပ်ပါလား။ နို့ပေမယ့် ဒီလိုလဲ သူဘယ်တော့မှ လုပ်မယ် မဟုတ်ဘူး။ သူက အာမင်မီကို သိပ်မုန်းတာပဲ"

ထို့နောက် မင်းသားသည် မကြာမီ 'ဖာရိုး'ဖြစ်မည်ဟု ရဟူဒီများက ယုံကြည်နေသည်ဟု 'ဂျေဗက်'က ပြောပြသဖြင့် သိရကြောင်းများကို ကျွန်ုပ်က ပြန်ပြောရာ မင်းသားက ရယ်မောလျက် –





"ဒါထက် တခြားအကြောင်းတွေကော သူက ဘာပြောသေးလဲ။ ဥပမာ 'မာရဖီ'အကြောင်းဆိုပါတော့"

ထိုအခါ ကျွန်ုပ်က 'ဂျေဗက်'နှင့် ကျွန်ုပ်တို့ အပြန်အလှန် ပြောဆိုခဲ့ကြသော အကြောင်းများကို ပြောပြလေသည်။ ထို့နောက် ဘီသိက်ပွဲအကြောင်းကို ဆက်လက်မေးမြန်းသဖြင့် 'ရဟူဒီပရော်ဖက်' ၏ တောင်ဝှေးက မြွေအဖြစ် ပြောင်းလဲသွားပုံ 'ကီ'တို့လူစုကလည်း ထိုနည်းအတူ ပြုလုပ်သည်များကို ပြောပြသောအခါ မင်းသားက "ဒီဟာတွေဟာ မျက်လှည့်တွေပါ၊ 'အာနာ'ရဲ့" ဟု ပြန်ပြော၏။ ထို့နောက် ဘီသိက်ခမ်းမဆောင်ထဲ၌ အမှောင်ထုကြီး ကျရောက်လာပုံကို 'ဘာကင့်ခွန်းစု' အိပ်မက် မက်ပုံနှင့် 'ကီ' ပြောလိုက်သောစကားများကို ပြန်ပြောရာ သူသည် စိတ်အားထက်သန်စွာ နားထောင်လျက် ရှိလေသည်။

*

အချိန်မှာ မှောင်စပြုပြီဖြစ်၍ ကျွန်ုပ်သည် အတွင်း၌ ပူအိုက်သောကြောင့် ဥယျာဉ်ထဲရှိ စံအိမ်ကလေးသို့ သွားရောက်အနားယူလျက်ရှိရာ မကြာမီ အိပ်ပျော်သွားလေသည်။ အိပ်ရာမှ ရုတ်တရက် နိုးလာသောအခါ လပြည့်ဝန်းကြီး၏ ငွေရည်များပင် ဥယျာဉ်ထဲသို့ စီးဝင်စပြုလေပြီ။ အိမ်ကလေး၏ ရှေ့တွင် ရာသီလိုက် ဖူးပွင့်လျက် ရှိသည့် ပန်းဖြူပွင့်ကြီးများ ဖုံးအုပ်လျက်ရှိသော သစ်ပင်ကြီးများရှိ၍ ၎င်းတို့အလယ်၌ အုတ်ခုံကလေးတစ်ခုရှိ၏။ ထိုအုတ်ခုံပေါ်တွင် မိန်းမတစ်ယောက်ထိုင်၍နေရာ ပုံသဏ္ဌာန်ကို မြင်ရခြင်းအားဖြင့် 'မာရဖီ' ဖြစ်ကြောင်း သိရလေသည်။

ကျွန်ုပ်၏ စိတ်နှလုံး အတော်ထိခိုက်မိ၏။ မိန်းကလေးသည် မင်းသားနှင့် ချစ်ကျွမ်းတဝင် ဖြစ်က သူသည် မင်းသားအား ကြီးမားသော စိတ်ဆင်းရဲမှုကို ပေးလိမ့်မည်ဟု ဆို၏။ 'မာရဖီ' ၏ နားသို့ ရောက်အောင် မပြောစေလိုကလည်း 'ဂျေဗက်'သည် ထိုအကြောင်းကို ထုတ်ဖော် ပြောဆိုမည် မဟုတ်ချေ။ သို့ဖြစ်၍ ကျရောက်မည့် ဘေးအန္တရာယ်ကို ကြိုတင်ကာကွယ် နိုင်စိမ့်သော၄ှာ၊ နှစ်ဦးစလုံးအား ပြောရန်မှာ ကျွန်ုပ်၏ တာဝန်မဟုတ်ပါလော။

သို့နှင့် သူ့ထံသို့ သွားမည်ဟု ခြေလှမ်းပြင်လိုက်စဉ် 'မာရဖီ'သည် ဖြူဖွေးသော သူ၏ ဝတ်လုံရင်ညွန့်ပေါ်မှ ကျောက်မျက်ရတနာ တစ်ခုကို ဖြုတ်ကာ လရောင်တွင် ကြည့်ရှုနေသည်ကို မြင်ရ၏။ ယင်းသည်ကား အခြားမဟုတ်၊ ဂိုရှန်မြို့တွင် မင်းသားပေးခဲ့သော နန်းစဉ်ပိတုန်းရုပ်နှင့် ရင်ထိုးကလေးဖြစ်သည်။ 'မာရဖီ'သည် ရင်ထိုးကို အတန်ကြာ စိုက်၍ကြည့်နေပြီးလျှင် ပတ်ဝန်းကျင်၌ လူ ရှိမရှိကို အကဲခတ်ပြီးနောက် ရင်ထိုးကို သူ၏နှုတ်ခမ်းနှင့်ကပ်ကာ သုံးကြိမ်တိုင် အားပါးတရ နမ်းရှုပ်လိုက်လေသေည်။ ထိုခဏ၌ သူ၏ နောက်တွင်လူတစ်



www.burmeseclassic.com

ယောက်၏ အရိပ်ကို မြင်လိုက်ရသဖြင့် ကျွန်ုပ်သည် ခြေလှမ်းကို ရပ်တန့်လိုက်ရပြီးလျှင် ထွက်သွားရန် အချိန်မရတော့ချေ။ ထိုသူ ပြောလိုက်သောအသံကြောင့် 'ဆက်တီ' ဖြစ်ကြောင်းကား သိရလေသည်။

"ဒီလောက် တယုတယနဲ့ နှစ်သက်မက်မောနေရတာ ဘယ်လို ရတနာမျိုးပါလိမ့် မာရဖီ"

'မာရဖီ'သည် အနည်းငယ် လန့်အော်လျက် နေရာမှ ခုန်ထလိုက်သည်တွင် မင်းသားအား တွေ့သွားလေသည်။

"အလို အရှင်ပါလား၊ အရှင့်ကျေးကျွန်ဖြစ်တဲ့ ကျွန်ုပ်ကို ခွင့်လွှတ်တော်မူပါ။ သာယာတာနဲ့ ဒီမှာ အေးအေးဆေးဆေး လာထိုင်နေရင်း ဒီရင်ထိုးပေါ်က စာကို ဖတ်နိုင်မလားလို့ ဖတ်စမ်းကြည့်နေပါတယ်။ ကျွန်ုပ်ကို ဖတ်ခွင့်ပြုပါဦး"

'မာရဖီ'သည် ရှက်ကိုးရှက်ကန်းနှင့် ရင်ထိုးကို ပြန်ဖြုတ်၍ 'ဆက်တီ'အား လှမ်းပေးလိုက်ရလေသည်။

"ကျွန်ုပ် ဒီရင်ထိုးကို တွေ့ဖူးပါတယ်"

"တွေ့ဖူးပါလိမ့်မယ်၊ ဘုရားကျောင်းထဲမှာတုန်းက ကျွန်ုပ်ကို တပ်ဆင်ပေးခဲ့ဖူးပါတယ် အရှင်"

"ကျွန်ုပ်ကို အရှင် ... အရှင်နဲ့ မခေါ်ပါနဲ့။ ကျွန်ုပ်မှာ ဘာရာထူးမှ မရှိတော့ပါဘူး။ ဒီရင်ထိုးဟာ ကေ့န္တ သင်ဒဏ်ရာရတုန်းက 'ပက်တီး'ပေါ်မှာ ချိတ်ပေးခဲ့တဲ့ ရင်ထိုးနဲ့တူတယ်။ အို ... အချိန်တောင် အတော်ကြာသွားပါပေါ့ကလား"

"မှန်ပါတယ် ... အဲဒီ ရင်ထိုးပါပဲ"

အဲဒီ ရင်ထိုးပေးတုန်းက သင့်ကို စကားတစ်ခွန်း ကျွန်ုပ်ပြောခဲ့ဖူးတယ်။ ကျွန်ုပ်တောင် မမှတ်မိဘူး ... သင်ကော မှတ်မိသေးရဲ့လား"

"မမှတ်မိတော့ပါ ... အဲလေ ... မှတ်မိပါတယ်။ 'အီဂျစ်' ပြည်ကြီးတစ်ပြည်လုံးဟာ ကျွန်ုပ်ရဲ့ ခြေဖဝါးအောက်ကို ရောက်ပြီလို့ အရှင်က ပြောပါတယ်"

"ကျွန်ုပ် မှတ်မိပြီ ... ပြောခဲ့တဲ့ စကားဟာ ခုဘယ်လောက် မှန်သလဲ။ ပြီးတော့ ဘယ်လောက်ကော မှားနေသလဲ"

"အကြောင်းအရာတစ်ခုဟာ မှန်လဲမှန် မှားလဲမှား ဆိုတာ ဘယ်လိုဖြစ်နိုင်ပါ့မလဲ အရှင်"

"ဒီအကြောင်းနဲ့ပတ်သက်ပြီး ကျွန်ုပ်သင့်ကို အလွယ်တကူ ရှင်းပြပါ့မယ် ....... နို့ပေမယ့် အချိန် တစ်နာရီ တစ်နာရီ ကျော်ကျော်လောက်ကြာမှာမို့နောက်တစ်ခါမှပဲ ရှင်းလင်းပြောပြတော့မယ်။ ဒါနဲ့ 'ပိတုန်းရုပ်' ရင်ထိုးက





ဒီလောက် အဖိုးမတန်လှပါဘူး ကျွန်ုပ်ကို ပြန်ပေးပါ။ သင့်ကို ဒီထက် အဖိုးတန်ရတနာ တစ်ခုပေးပါ့မယ်။ ဒါမှမဟုတ်ရင် ဟောဒီလက်စွပ်ကို သင် မကြိုက်ဘူးလား။ ကျွန်ုပ်အဖို့ 'အီဂျစ်'ပြည်ရဲ့ အိမ်ရှေ့ ဥပရာဇာ မဟုတ်တော့လို့ ဒီလက်စွပ်ဟာ အသုံးမဝင်တော့ဘူး"

"ဒီ ပိတုန်းရင်ထိုးဟာ အရှင့်ပစ္စည်းမို့ အရှင်ပဲ သိမ်းထားပါတော့။ နို့ပေမယ့် နန်းစဉ်လက်စွပ်ကိုတော့ ကျွန်ုပ် မယူလိုပါဘူး။ ဘာကြောင့်လဲဆိုတော့ ဒါဟာ ..."

"ပေးတဲ့လူမှာ တန်ဖိုးမရှိတဲ့ ပစ္စည်းကို မယူလိုဘူး ဆိုပါတော့။ အို ... ကျွန်ုပ် ပြောတဲ့စကားတွေ လွန်သွားပြီ ထင်တယ်"

"မဟုတ်ပါအရှင် ... အရှင့် ရွှေလက်စွပ်ဟာ ကျွန်ုပ်လို ငယ်တဲ့ လက်နဲ့ မတန်လို့ပါ"

မင်းသားက ရယ်မောလိုက်သဖြင့် 'မာရဖီ' ကပြန်၍ ရယ်လိုက်သောလည်း လက်စွပ်ကိုကား လက်မခံချေ။

"ဒါထက် 'အာနာ' တစ်ယောက်ကို သင်မမြင်မိဘူးလား။ သင်နဲ့ တွေ့ချင်လို့ သင့်ဆီသွားမယ် ပြောတယ်"

"သူက ဘာကြောင့်များ ကျွန်ုပ်ကို တွေ့ချင်ပါလိမ့်"

"တားနစ်မှာ သင့်ဦးလေးကို သူတွေ့ခဲ့သတဲ့"

"ဦးလေးအကြောင်း ကျွန်ုပ် မကြားချင်ပါဘူး။ သူ့အကြောင်း ကြားရရင် စိတ်မချမ်းသာလွန်းလို့"

"သင့်နေရပ် ပြန်ဖို့နဲ့ ပတ်သက်ပြီး အရင်စိတ်ထားအတိုင်းပဲ ရှိသေးလား"

"ဒီအတိုင်းပဲ ရှိပါတယ်။ ကျွန်ုပ်ဟာ ကျိန်စာသင့်နေလို့ 'ဂိုရှန်' ပြန်သွားရင် တစ်နည်းမဟုတ်တစ်နည်းနဲ့ သေရလိမ့်မယ်။ ကျွန်ုပ်ဟာ မိန်းမသားတစ်ကောင်ကြွက်ပါ"

"ဒါကတော့ ကျွန်ုပ်ကိုယ်တိုင် တစ်ကောင်ကြွက်ဖြစ်နေလို့ ကိုယ်ချင်းစာမိပါတယ်"

"အရှင့်မှာတော့ ဘာပဲပြောပြော မကြာခင် ဒီကိုရောက်လာမယ့် ထိပ်ထားသခင်မလေး ရှိနေပါသေးတယ်"

"အို ... ကျွန်ုပ်ခေါင်းပေါ်မှာ သရဖူ မဆောင်းနိုင်သေးသမျှ သူ ဘယ်တော့မှ လာမှာ မဟုတ်ပါဘူး"

"မိန်းမတစ်ယောက်ဟာ ဒီလောက်တောင် ဘယ်လိုများ ရက်စက်နိုင်လိမ့်မနော်"

www.burmeseclassic.com



"သူပိုပြီး မြတ်နိုးတဲ့ ဂုဏ်ပကာသနအတွက် ကျွန်ုပ်အစ်မတော်ဟာ ကျွန်ုပ်ကို စွန့်ပစ်တာပေါ့။ ဒီတော့ ကျွန်ုပ်တို့ နှစ်ဦးစလုံးဟာ ကံတူအကျိုးပေး ဖြစ်နေပြီ မဟုတ်လား"

'မာရဖီ'က အဖြေမပေးဘဲ ခေါင်းငုံ့နေသည်။

"ပုံနေတဲ့ အရာဝတ္ထုနှစ်ခုဟာ အတူပေါင်းစပ်လိုက်ရင် စုံ ဖြစ်သွားနိုင်တယ် မဟုတ်လား"

"ဒီလိုပဲ ဖြစ်လိမ့်မယ် ထင်ပါရဲ့။ နို့ပေမယ့် ဒီပြဿနာကိုတော့ ကျွန်ုပ် နားမလည်ပါဘူး"

"နို့ပေမယ့် သင်ဖြေပြီးနေမှပဲ"

နောက်သို့ တွန့်ဆုတ်သွားလျက် –

"အရှင်မင်းသား ... ကျွန်ုပ် ဒီစကားမျိုး မပြောပါဘူး"

"သင်မပြောပါဘူး ... ကျွန်ုပ်က သင့်အစား ပြောတာပါ။ ကျွန်ုပ် ပြောတာကို သေသေချာချာ နားထောင်စမ်းပါ 'မာရဖီ'။ ကျွန်ုပ်မှာ ယုယ မြတ်နိုးတဲ့ မိန်းမတစ်ယောက်မှ မရှိခဲ့လို့ ကျွန်ုပ်ကို လူထူးလူဆန်း တစ်ယောက်လို့ လူတွေက ထင်ကြတယ်။ သင်နဲ့ မတွေ့ခင်ကျွန်ုပ်ရဲ့ ရှေ့ဖြစ်ကို မှော်ဆရာကြီး 'ကီ'က တွက်ကြည့်တဲ့အခါ 'ဂိုရှန်'မြို့မှာ ကျွန်ုပ် ချစ်မြတ်နိုးရမယ့် မိန်းကလေး တစ်ယောက်ကို တွေ့ရမယ်။ အဲဒီမိန်းကလေးဟာ ကျွန်ုပ်ကို ပျော်ရွှင်ချမ်းသာမှု ပေးလိမ့်မယ်လို့ ဟောခဲ့တယ်"

'ကီ' ဟောပုံမှာ ထိုမျှသာ မဟုတ်သဖြင့် မင်းသားက ရပ်ထားလိုက်သည်။ ထို့နောက် ဆက်လက်၍ –

"ပြီးတော့ 'ကီ'က ပြောသေးတယ်။ ဒီမိန်းမကို ကျွန်ုပ် နှစ်ပေါင်း ၁၀၀၀ လောက်ကတည်းက သိကျွမ်းခဲ့တယ်တဲ့"

'မာရဖီ'က ထူးဆန်းအံ့သြဟန်ဖြင့် ဆတ်ခနဲ လှမ်းကြည့်လျက် –

"ဘယ့်နှယ် ဒီလို ဖြစ်နိုင်ပါ့မလဲ အရှင်"

"ကျွန်ုပ်ကလဲ ဒီအတိုင်းပဲ မေးကြည့်ပါသေးတယ်။ နို့ပေမယ့် အဖြေကောင်းကောင်း ပြန်မရခဲ့ဘူး။ ဒီမိန်းမကိုသာ မဟုတ်ဘူး 'အာနာ'ကိုလဲ ဒီအတိုင်းပဲ သိခဲ့တယ်လို့ ပြောသေးတယ်။ အဲဒီနောက် 'ဂိုရှန်'မှာ သင့်ကို တွေ့ရတာပဲ"

"ပထမအကြိမ်ပဲလား အရှင်"

"မဟုတ်ပါဘူး။ တတိယအကြိမ်ပါ"

'မာရဖီ'သည် ခုံပေါ်သို့ ပြန်၍ ထိုင်လိုက်ကာ မျက်နှာကို လက်ဝါးနှစ်ဖက်ဖြင့် ဖုံးအုပ်ထားလေသည်။





"သူ့ကို ချစ်မိတဲ့အခါမှာ နှစ်ပေါင်း ၁၀၀၀ လောက်သာ ချစ်ခင်ခဲ့ဖူးသလို စိတ်ထဲမှာ ခံစားမိတယ်"

အသံတိုးတိုးကလေးဖြင့် –

"ဒီစကားဟာ မမှန်ပါဘူး။ ကျွန်ုပ်ကို အရှင်သက်သက် ပြောင်လှောင်တာပါ"

"မဟုတ်ပါဘူး 'စန္ဒာဒေဝီ'ရယ် ... အမှန်ပါ။ အဲဒီ မိန်းမဟာ သင်ပါပဲ။ သင်ဟာ တခြား မိန်းမတွေထက် ချောတယ်၊ ချစ်စရာ ကောင်းတယ်၊ ဉာဏ်ပညာ အမြော်အမြင်ရှိတာတွေကို ကျွန်ုပ် မပြောတော့ပါဘူး။ သင်ဘာပဲဖြစ်ဖြစ် သင့်ကို ကျွန်ုပ် ချစ်တယ်ဆိုတာကိုပဲ ကျွန်ုပ် ပြောပြပါတော့မယ်။ 'အီဂျစ်'ပြည်ကြီးရဲ့ ထီးနန်းကို ကျွန်ုပ်သင့်လက်ထဲ မအပ်နှင်းနိုင်ပေမယ့်။ ကျွန်ုပ် အသည်းနှလုံးထဲက ထီးနန်းကိုတော့ သင့်လက်ထဲ ကျွန်ုပ်အပ်နှင်းနိုင်ပါတယ်။ ကိုင်း 'လေဒီမာရဖီ' ဘာများ ပြောလိုပါသလဲ။ သင် အဖြေမပေးခင် သင်ဟာ ကျွန်ုပ်ရဲ့ အကျဉ်းသမားလို ဖြစ်နေပေမယ့် ကျွန်ုပ်ကို ကြောက်စရာ မရှိဘူးဆိုတာသာ မှတ်ထားပါတော့။ ဘယ်ဘဝမျိုးပဲရောက်ရောက် ကျွန်ုပ်ရဲ့ ကိုယ်ရောစိတ်ပါ ကြည်ဖြူ မြတ်နိုးခြင်းကိုတော့ မနရပါစေမယ်။ ကဲ ... ဘယ့်နှယ် သဘောရသလဲ"

'မာရဖီ'သည် မျက်နှာမှ လက်များကိုခွာ၍ 'ဆက်တီ'အား မော့ကြည့်လေရာ သူ၏ လှပဝိုင်းစက်သော မျက်လုံးကြီးများထဲ၌ မျက်ရည်များသည် အရောင်တလက်လက် တောက်ပလျက် ရှိလေသည်။

"ဖြစ်နိုင်မယ် မထင်ပါဘူး အရှင်"

"ဒီလိုဖြစ်တဲ့ ဆန္ဒ သင့်မှာမရှိဘူးလို့ ဆိုလိုတာလား"

"မဖြစ်နိုင်ဘူးလို့သာ ကျွန်ုပ်က ဆိုတာပါ။ လူမျိုးခြင်း ခြားနားတဲ့ အဖြစ်က ကျွန်ုပ်တို့ကို မလွတ်လပ်အောင် ချည်တုတ်ထားတဲ့ နှောင်ကြိုးကြီးတွေ ဖြစ်နေပါတယ်"

"တခြားနေရာတွေမှာလဲ လူတွေဟာ ဒီလိုပဲ ပေါင်းသင်းဆက်ဆံနေကြတာပဲ မာရဖီ"

"ပြီးတော့လဲ ကျွန်ုပ်က 'လာဗန်'နဲ့ စေ့စပ်ထားလေတော့ လက်ထပ်ပြီးသလို ဖြစ်နေတယ်"

"ကျွန်ုပ်လဲ လက်ထပ်ပြီးသားပဲ"

"ဒါပေမယ့် အဖြစ်ချင်းက မတူပါဘူးအရှင်။ ကျွန်ုပ်ဟာ ကျိန်စာမိထားတဲ့ လူတစ်ယောက်ဖြစ်လို့ အရှင့်ကို စိတ်ချမ်းသာမှု မပေးဘဲ သောကနဲ့ ဒုက္ခပေးသလို ဖြစ်ပါလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"လောကကြီးမှာ သုခနဲ့ ဒုက္ခရောနှောပြီး မခံစားရတဲ့ သတ္တဝါရယ်လို့ ရှိသေးသလား"

"အရှင် အမိန့်ရှိတဲ့အတိုင်း မှန်ပါတယ်။ နို့ပေမယ့် ကျွန်ုပ် ယူဆောင်လာမယ့် ဒုက္ခဟာ အရှင်ခံစားရမယ့် သုခထက် အလေးချိန်ပိုပြီး စီးနေပါလိမ့်မယ်"

ရှိက်ငင်စပြုနေသော 'မာရဖီ'၏ လက်ကို မင်းသားက ယုယစွာ ကိုင်ဆွဲလျက် "ကဲပါလေ ... ကျွန်ုပ်ကိုလဲ တစ်ခုတည်း ဖြေစမ်းပါ။ သင့် အဖြေဟာ 'မချစ်ဘူး' ဆိုတဲ့ အဖြေဖြစ်ရင်တော့ နောက်ထပ် သင့်ကို ကျွန်ုပ် မနှောင့်ယှက်တော့ပါဘူး။ သင့်အသည်းနှလုံးဟာ ကျွန်ုပ်အတွက် မဟုတ်ပေဘူးလား 'မာရဖီ' ရဲ့"

သက်ပြင်းချလျက် –

"တားနစ်မြို့က လမ်းပေါ်မှာ မြင်မိကတည်းက ကျွန်ုပ်ရဲ့ အသည်းနှလုံးဟာ အရှင့်အတွက် ဖြစ်ခဲ့ပါတယ်။ ဒီကတည်းက 'လာဗန်'ကို သဘောမကျရုံမကဘူး။ တစ်ခါတည်း မုန်းတီးသွားပါတော့တယ်။ မိန်းမအဖြစ်နဲ့ ကျွန်ုပ်ကိုယ်ပေါ်မှာ ရှိသမျှ ပစ္စည်းကို အရှင်ကလွဲပြီး ဘယ်သူ့ကိုမှ မပေးအပ်ပါဘူး"

"ဒါဖြင့် ကျွန်ုပ်အတွက်သာ မဟုတ်ရင် ဒီအချစ်နှောင်ကြိုးကို သင် ဖွတ်ဝင်ပြီး တိုးပြီးသားပေါ့"

"တိုးပြီးသားပါပဲ အရှင်။ ကျွန်ုပ်ဟာ ချစ်တတ် ခင်တတ်တဲ့ သာမန်မိန်းမပျိုတစ်ယောက်ပဲ"

မင်းသားက အတန်ငယ်ပြုံးလျက် –

"ဒီလိုဆိုရင် ကျွန်ုပ်လဲ သင်ခွင့်ပြုချက်နဲ့ ဒီနှောင်ကြိုးကို ဖွတ်ဝင်တိုးရလိမ့်မယ်။ လောကကြီးမှာ ကိုယ်ရေး ကိုယ်တာ ဒုက္ခတွေမေ့ပြီး ပျော်ရွှင်ကြည်နူးဖွယ်ကောင်းတဲ့ အရသာကို ခံနိုင်တဲ့ တန်ခိုးသတ္တိဟာ တစ်ခုတည်းရှိတယ်။ ဒါဟာ အချစ်ပဲဆိုတာ သင် မသိဘူးလား။ ဆင်းရဲ ဒုက္ခဆိုတာ တွေ့ချင်လဲ တွေ့မပေါ့လေ။ ဒါပေမယ့် အချစ်ဆိုတဲ့ မလျှိုင်သာ မယိမ်းမယိုင်ခိုင်မြဲပြီး နေပါစေ။ ဘယ်လို ဒုက္ခမျိုးမှ မဖြုံပါဘူး။ အဆုံးကျတော့ ကျွန်ုပ်တို့ဟာ ကျွန်ုပ်တို့ သဘောမတိုင်းမဟုတ်ပဲ ကံစီမံတဲ့အတိုင်း ဖြစ်လာရတာပဲ 'မာရဖီ'ရဲ့။ ကဲ ... အဖြေပေးစမ်းပါဦး"

'မာရဖီ' ၏အဖြေကား နှုတ်မှ ပေါ်ထွက်မလာတော့ချေ။ နောက်တစ်ခဏမျှကြာ၍ ကျွန်ုပ် လှမ်းကြည့်မိသောအခါ၌ကား 'မာရဖီ'မှာ 'ဆက်တီ' ၏ရင်ခွင်ကြားသို့ ရောက်ရှိနေကာ နှုတ်ခမ်းချင်း ပူးကပ်လျက် ရှိနေသည်ကို တွေ့ရလေသတည်း။

၁၃

နောက်တစ်နေ့ နံနက်၌ ကျွန်ုပ်သည် 'မင်းသားနှင့် နှစ်ယောက်ချင်း တွေ့ရာ 'သီဗီ'မြို့မှ သူ ဖတ်ရှုလိုသည့် ရှေးဟောင်း ပေစာများနှင့် ပတ်သက်၍ အချို့ကိုဝယ် ယူပြီးလျှင် အချို့ကို ကူးယူရမည်ဖြစ်ကြောင်းနှင့် ပြောဆိုလေသည်။

"သင်က ကျွန်ုပ်ကိစ္စနဲ့ တယ်ပြီး ခရီးရှည်ထွက်ချင်တာကိုး 'အာနာ'ရဲ့။ ကိုင်း ... ဒီလိုဆိုရင်လဲ သွားပေါ့လေ။ အဲဒီ ပေစာတွေ ကူးပြီး ကြာရှည်ကြီးတော့ မနေပါနဲ့ မိတ်ဆွေကြီးရယ်။ 'အီဂျစ်' ပြည်ကြီးမှာ ကပ်ဆိုက်ခါ နီးပြီလို့ ကျွန်ုပ်ထင်တယ်။ ဒီလို အချိန်မျိုးမှာ သင့်ကို ကျွန်ုပ်အနားမှာ ရှိစေချင်တယ်။ သင့်ကို ချစ်ခင်ကြည်ညိုတဲ့ တခြားသူတစ်ယောက်ကလဲ သင့်ကို ဒီလိုပဲ ရှိစေချင်လိမ့်မယ်"

"ကျေးဇူးတင်ပါတယ်အရှင်" ဟု ပြောကာ ဦးညွှတ်ပြီးလျှင် ကျွန်ုပ်ထွက်လာခဲ့၏။

မကြာမီ လှော်ကားသည် လေရ၍ ထွက်ခွာရန် အသင့်စောင့်နေကြောင်း ရွာသားတစ်ယောက် ပြောကြားလေသဖြင့် ထိုလှော်ကားဖြင့် ထွက်ခဲ့ရ၏။ ကျွန်ုပ် ပျင်းရိငြီးငွေ့လာသောအခါများ၌ လှော်ကားထိပ်တွင် အသင့်လိုက်ပါလာကြသော ဂီတသမားများက တီးမှုတ်ကြလျက် ကချေသည်မကလေးများက ရှေ့တွင် လာရောက်ကခုန်ကာ ကျွန်ုပ်အား ဖျော်ဖြေကြကုန်၏။ စားချိန်သောက်ချိန်များ၌လည်း ဦးခေါင်းနှင့် မျက်နှာပေါ်တွင် ရွှေစာပဝါများကို ဖုံးလွှမ်းထားကြသော မိန်းမပျိုများက ကျွန်ုပ်အား အစားအသောက်များကို ယူရောက်



www.burmeseclassic.com

www.burmeseclassic.com



တည်ခင်း ကျွေးမွေးကြကုန်၏။ သို့နှင့်ကျွန်ုပ်သည် အဆိုပါ လှော်ကားကြီးပေါ်တွင် မင်းညီမင်းသား တစ်ပါးသဖွယ် အခန့်သား လိုက်ပါသွားရလေသည်။

ရွှေနန်းထက်၌ 'အာမင်မီ' စိုးစံလျက် ရှိသည် မှန်သော်လည်း 'အီဂျစ်' ပြည်သူ–ပြည်သားများ၏ နှလုံးသားထဲ၌မူကား 'ဆက်တီ'ကို သင်ကြည်ညိုမြဲ ကြည်ညိုလျက် ရှိကြသည့်အလျောက် ကျွန်ုပ်လှော်ကား ဆိုက်ကပ်သော မြို့ရွာတိုင်းမှပင် ဘုရင်ခံများ မြို့ရွာ အကြီးအကဲများနှင့် ဂိုဏ်းအုပ်ဘုန်းကြီးများသည် မင်းသား၏ 'ရွှေနားတော်' ကူး၍ ကျော်ကြားနေသော ကျွန်ုပ်ထံသို့ လာရောက်တွေ့ဆုံကာ အရေးတယူ ပြုကြကုန်၏။ အိမ်ရှေ့စံ 'ဆက်တီ'သည် ခမည်းတော်၏ ရိုက်ရာကို အဘယ်ကြောင့် မဆက်ခံလေသနည်းဟု အကြီးအကဲများက တီးတိုးမေးကြ၍ ကျွန်ုပ်က အကြောင်းရင်းကို ပြန်ပြောသောအခါ ထိုသူများက ရယ်မောလျက် –

"အိမ်ရှေ့ ကိုယ်တော်ဟာ သူ့အလဲတော်ကို ဒီမှာသာလာပြီး ဖြန့်ပါစေ။ ကျွန်ုပ်တို့က ဒီရဟူဒီကျွန်တွေနဲ့ ပတ်သက်ပြီး ဘယ်လို သဘောထားတယ်ဆိုတာ သူ့ကို ပြပါ့မယ်။ သူတို့ဘာသာ သူတို့ဘယ်သွားသွား သွားချင်တာ သွားကြပစေပေါ့"

သူတို့ပြောဆိုသည့်စကားများကို ပြန်၍လျှောက်ထားလိုက်ပါမည်ဟူ၍သာ ကျွန်ုပ်က ပြန်ပြောရ၏။ ကျွန်ုပ်မှာ 'ဖာရိုး' ဘုရင်၏ သူလျှိုများက မျက်ခြေမပြတ်နောက်မှ လိုက်လံစောင့်ကြည့်နေကြသည်ကို တွေ့ရသဖြင့် ထိုထက်ပို၍ မပြောရဲချေ။

နောက်ဆုံး၌ ကျွန်ုပ်သည် 'သီးဗီး' မြို့သို့ ဆိုက်ရောက်သွားလေရာ ခြေမြန်တော်တစ်ယောက်က ကျွန်ုပ်အတွက် ကြိုတင်ပြင်ဆင်ထားသော မင်းသားပိုင်ဆိုင်သည့် လှပသော အိမ်တစ်လုံး၌ နေရလေသည်။ ထိုအိမ်မှာ ပထမ 'ဆက်တီ' ဘုရင်ကြီးနှင့် မင်းသား၏ ဘိုးတော်ဖြစ်သော ဒုတိယမြောက် 'ရာမီ' ဘုရင်ကြီးတို့ တည်ဆောက်သွား၍ ဘုရားကျောင်းတော်ကြီးသို့ ဝင်ရောက်ရာ မနုဿီဟရုပ်ကြီးများ၏ အနီးတွင် တည်ရှိလေသည်။

ညဉ့်အချိန်များ၌ ကျွန်ုပ်သည် ဘုရားကျောင်းအတွင်းသို့ အေးချမ်းစွာ လှည့်ပတ်ပြီးလျှင် 'အီဂျစ်' ဘုရင်များ၏ သင်္ချိုင်းရှိရာ 'နိုင်းမြစ်' အနောက်ဘက်ကမ်းမှ တောင်ကြားထဲသို့လည်း သွားရောက်လည်ပတ်လေသည်။

ထိုနောက်၌ကား ကျွန်ုပ်မှာလာရင်းအချက်ဖြစ်သော ပေစာဟောင်းများကို ကူးယူသည့်အလုပ်များနှင့် မအားလပ်အောင် ရှိနေခဲ့ရာ များသောအားဖြင့် အဖိုးတန်သော ပေစာများကို ဘုရားကျောင်းများ၏ ရှေးဟောင်းပိဋကတ်တိုက်များထဲမှ တွေ့ရှိရလေသည်။ အချို့ကိုကား အခြားမှ ဝယ်ယူရရှိ၏။ ယင်း





သို့ဖြင့် ကျွန်ုပ်မှာ ၂ လမျှ အချိန်ကုန်ခဲ့ရာ တစ်နေ့တွင် 'ဆက်တီ'ထံမှ တမန်တော်များ ရောက်ရှိလာရာ သူ၏ အမိန့်မှာ သူသည် အိမ်ရှေ့ဥပရာဇာ မဟုတ်တော့သဖြင့် အကယ်၍ ဘုရားသခင်၏ သူ့အား ယခုထက် မြင့်မားအောင် ဖန်တီးလာသည့်တစ်နေ့၌ ကျွန်ုပ်မှာ သူ၏ အမိန့်ကို မနာခံမှုအတွက် ခေါင်းတစ်လုံးပို၍ နိမ့်သွားအောင် ပြုလုပ်မည့်အကြောင်းနှင့် ရင်းနှီးစွာ ရေးသားလိုက်ခြင်းပင်ဖြစ်လေသည်။ ကျွန်ုပ်ကလည်း အမြန်ဆုံး စုန်ဆင်းလာခဲ့ပါမည်ဟု ပြန်ကြားလိုက်ရ၏။

အမှန်အားဖြင့်ဆိုသော ကျွန်ုပ်သည် ထိုအရပ်မှ ထွက်ခွာရမည်ကို ဝမ်းမြောက်လျက် ရှိပါ၏။ အကြောင်းသော်ကား လွန်ခဲ့သည့် ၂ ရက်လောက်က တစ်ညတွင် ကျွန်ုပ်သည် ဘုရားကျောင်းမှ အိမ်သို့ လမ်းလျှောက်လာခိုက် ရောင်စုံအဝတ်ကို ဆင်မြန်းထားသော မိန်းမတစ်ယောက်သည် ရုတ်တရက် ပေါ်ထွက်လာပြီးနောက် ကျွန်ုပ်အား ဖက်လှဲတကဲနှုတ်ဆက်လေသည်။ ကျွန်ုပ်အား ကြိုးစား၍ တွန်းဖယ်ပစ်သော်လည်း မရပဲ ထိုမိန်းမသည် ကျွန်ုပ်အား မြဲမြံစွာ ဖက်တွယ်လျက် ရှိသည့်ပြင် အရက်အလွန်အကျွံမူးနေသည်ကို တွေ့ရလေသည်။ နောက်တစ်ခဏ၌ မဟာသွေးတစ်ပါး၏ ကိစ္စနှင့် 'သီးဗီး' မြို့မှ မင်းသား၏ အိမ်တော်၌ လာရောက်နေထိုင်သော အရာရှိကို သိပါသလောဟု မေးမြန်းရာ အသံကိုလည်း ကျွန်ုပ်ကြားဖူးသလိုလို ရှိမိ၏။ ထိုသူ၏ အမည်မှာ အာနာမဟုတ်လောဟု ကျွန်ုပ်က မေးလိုက်၏။

"တစ်ခါတုန်းက 'အာနာ'ဆိုတဲ့ လူတစ်ယောက်ကို ကျွန်ုပ် ကောင်းကောင်း သိခဲ့ဖူးတာပေါ့။ နို့ပေမယ့် သူ့ကို ကျွန်ုပ် စွန့်ပစ်ခဲ့တယ်"

"ဘာကြောင့်လဲ"

"ဘာကြောင့်လဲဆိုတော့ ဒီလူဟာ ယောကျ်ားမှ မဟုတ်ဘဲ။ စာရေးဖို့လောက်သာ တွေးပြီးနေတတ်တဲ့ အရူးတစ်ယောက်ပဲ။ အဲဒီတော့ သူ့ထက်နှစ်သက်တဲ့ လူတစ်ယောက်ကိုတွေ့တော့ ကျွန်ုပ်က သူ့ကို စွန့်ပစ်ခဲ့တာပေါ့"

"ဒီတော့ 'အာနာ' ဆိုတဲ့လူ ဘာဖြစ်သွားသလဲ"

"မသိပါဘူး။ စိတ်ကူးယဉ်မြဲ ယဉ်နေမှာပေါ့။ ဒါထက် အခု 'သီးဗီး' မြို့ကို ရောက်လာတဲ့လူဟာ ဒီလူပဲဆိုရင်တော့ တော်တော် ချမ်းသာနေပုံရတယ်။ သူ့ဆီကိုသွားပြီး ကျွန်ုပ်ကို ကောင်းကောင်းမွန်မွန် သိမ်းပိုက်ထားဖို့ ပြောရဦးမယ်"

"သင့်မှာ သားသမီးရှိသလား"

"တစ်ယောက်တည်း ရှိပါတယ်။ ဒါလဲ သေသွားလို့ ဘုရားသခင်ကို ကျေးဇူးတင်ရဦးမယ်။ နို့မဟုတ်ရင် ကျွန်ုပ်လို ဘဝမျိုးမှာ ရောက်နေဦးမှာ" ဟု ပြောကာ တစ်ချက်မျှ ရှိုက်ငင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုခဏ၌ သူ၏ ဦးခေါင်းဆောင်း အဝတ်သည် နောက်သို့ လျောကျသွားလေရာ တစ်နည်းအားဖြင့် ချောလှလျက်ပင် ရှိသေးသော ကျွန်ုပ်၏ ဖနီးဟောင်းမျက်နှာကို တွေ့မြင်ရလေသည်။ သို့သော် သေရည်ကြူးခြင်း၊ အပျော်ကြူးခြင်းတို့ကြောင့် အတော်ပင်အိုမင်း ရင့်ရော်လျက် ရှိနေလေပြီ။ ကျွန်ုပ်သည် တစ်ကိုယ်လုံး တုန်လှုပ်သွားပြီးနောက် နဂိုသံကို ဖျက်လျက် –

"အဲဒီ 'အာနာ' ဆိုတဲ့လူကို ကျွန်ုပ်သိပါတယ်။ ဒီလူလဲ ပျက်စီးလေလွင့်ပြီး သေသွားပါပြီ။ ကျွန်ုပ်က သူ့မိတ်ဆွေပဲ။ ဒါကြောင့် ဟောဒီဟာကိုယူပြီး သင့်အသက်မွေးဝမ်းကြောင်းကို ရှာဖွေစားပေတော့" ဟု ပြောပြောဆိုဆိုနှင့် ကျွန်ုပ်သည် ခါးကြားအဝတ်တွင်းမှ အလေးချိန် မနည်းလှသော ရွှေအိတ်တစ်အိတ်ကို ထုတ်ယူကာ သူ့အား လှမ်း၍ပေးလိုက်လေသည်။

မိန်းမသည် ကျွန်ုပ်ပေးသော ရွှေအိတ်ကို ငမ်းငမ်းတက်ဆွဲယူလိုက်ပြီးနောက် –

"အင်း ... ဒါဖြင့် 'အာနာ' သေသွားတာ သူ့အသက် ရှင်နေတာထက် တောင် ဟန်ကျနေပါသေးကလား။ ကိုင်း ... သွားဦးမယ် 'အာနာ'ရဲ့။ မိတ်ဆွေကြီးရေ ... သင်အခုပေးတဲ့ပစ္စည်းနဲ့ နောက်ထပ်ယောကျ်ားတစ်ယောက်တော့ ရကောင်းပါသေးရဲ့" ဟု ရယ်မောပြောဆိုရင်း မနသီဟာရုပ်ကြီးတစ်ခု နောက်သို့ ဝင်ရောက်ကာ ပျောက်ကွယ်သွားလေ၏။

ဤအကြောင်းများကြောင့် ကျွန်ုပ်မှာ 'သီးဗီး' မြို့မှ အမြန်ထွက်ခွာသွားလိုပြီးလျှင် မိန်းမများကိုလည်း နောင်မည်သည့်အခါမျှ တပ်မက်သော စိတ်ဖြင့် မကြည့်တော့ပါဟု နတ်များကိုပင် တိုင်တည်မိ၏။ ထိုမိန်းမမှာ နောင်အခါ ချမ်းသာကြွယ်ဝသော သူတစ်ယောက်နှင့် ရ၍ ထိုသူသည်လည်း မကြာမီ ဆင်းရဲမွဲတေသွားကြောင်း ကြားသိရလေရာ သူ့အကြောင်းကို ဤနေရာတွင် ပြည်ဖုံးကား ချရတော့အံ့။

ကျွန်ုပ်သည် လေးလံလှသော စိတ်နှလုံးဖြင့် နိုင်းမြစ်ကို စုန်ဆင်းခဲ့ရာ တတိယမြောက်သောနေ့၌ ကျွန်ုပ်တို့သည် မြစ်ကို ဆန်တက်လာသော လှေကြီးတစ်စင်း၏ နံဘေးတွင် ဆိုက်ကပ်မိလေသည်။ ထိုလှေပေါ်၌ ပါလာသူမှာ 'သီးဗီး' မြို့သို့ အလုပ်ဝတ္တရားနှင့် ရောက်ရှိလာသော အရာရှိတစ်ယောက်ဖြစ်၍ ကျွန်ုပ်နှင့် သိကျွမ်းသူ ဖြစ်၏။ သူသည် ကျွန်ုပ်အား 'တားနစ်' မြို့တော်၌ ဖြစ်ပျက်နေသော အကြောင်းများကို အောက်ပါအတိုင်း ပြောပြလေသည်။

'ရဟူဒီ ပရော်ဖက်' များသည် 'ဖာရိုး'ထံ နောက်တစ်ကြိမ် ရောက်လာပြီးလျှင် ယခင်ကနည်းတူ လွှတ်လပ်ခွင့် တောင်းကြောင်း၊ အကယ်၍ တောင်းဆိုချက်ကို မလိုက်လျောက 'မိနက်တာ' ဘုရင်ကြီးကဲ့သို့ပင် သေဆုံးရလိမ့်မည်





ဖြစ်ကြောင်း ပြောပြ၏။ နောက်တစ်နေ့၌ 'ဖာရိုး'သည် လှေစီးရန် မြစ်ဆိပ်သို့ ဆင်းလာရာတွင် 'ပရော်ဖက်'များ ရောက်ရှိလာပြန်၍ တစ်ယောက်က မြစ်ရေကို တောင်ဝှေးနှင့် ရိုက်လိုက်ရာ ရေများမှာ သွေးအတိကဲ့သို့ ချင်းချင်းနီ၍ သွားကြောင်း၊ ထိုအခါ ယဇ် ပုရောဟိတ်ကြီးနှင့် ကီတို့ကလည်း အခြား ရေများကို သူတို့ တောင်ဝှေးများနှင့် ရိုက်ပြပြန်ရာ ယင်းကဲ့သို့ပင် သွေးအတိ ပြောင်းလဲသွားပြန်၏။ ယင်းကဲ့သို့ ဖြစ်ပျက်သည်မှာ လွန်ခဲ့သည် ၆ လခန့်က ဖြစ်၍ ယခုအခါ သွေးများသည် နိုင်းမြစ်ကို ဆန်တက်လာနေပြီဖြစ်ကြောင်း ပြောပြ၏။ ထို့နောက် လှေနံဘေးတွင် သွေးများစွန်းပေနေသော နေရာကို ပြပြီးလျှင် ရေကရားကြီးထဲတွင် သွေးကဲ့သို့ နီမြန်းလျက်ရှိသော ရေများကို ပြလေသည်။ ထို့ပြင်လည်း နောက်တစ်နေ့တွင် ရေမငတ်လိုက ယခုကပင် ကရားများ ရေအိတ်များနှင့် ရေချိုလိုက ယခုကပင် ကရားများ ရေအိတ်များနှင့် ရေချိုများ အပြည့်ထည့်သွားရန် အကြံပေးလေသည်။

သန်းခေါင်ယံအချိန်လောက်တွင် လေရသဖြင့် သူ၏ လှေသည် ဆက်လက် ဆန်တက်သွားရာ ကျွန်ုပ်လည်း သူအကြံပေးသည့်အတိုင်း ပြုလုပ်ရမည်။ အခြားသူများမြင်လျှင် ကျွန်ုပ်အား ရူးနေပြီဟု မှတ်ထင်ကောင်းမှတ်ထင် ကြပေမည်။

နံနက်လင်းခါနီး၌ ကျွန်ုပ်တို့သည် စတင်ထွက်ခွာကြလေရာ လှော်ကားကြီး၏ နံဘေးသို့ လှမ်းကြည့်မိသည့်အခါတွင် နိုင်းမြစ်ပေါ်သို့ ကောင်းကင်ယံမှ ရောင်နီများဖြာကျနေသကဲ့သို့ ရေပြင်မှာ ပန်းရောင်ပြေးနေသည်ကို တွေ့ရှိရလေသည်။ ထိုအရောင်မှာ အောက်သို့ စုန်မိလေ ပို၍ အရောင်ရင့် လာလေဖြစ်သည့်ပြင် ရေမှာလည်း စုန်ရမည့်အစား သဘာဝကို တော်လှန်ကာ အထက်သို့ ဆန်တက်နေသည်ဖြစ်ရာ ရေများ နီနေသည်မှာ အထက်တောင်ပိုင်းမှ မြေနီများကို ရေတိုက်စား၍ နီနေခြင်း မဖြစ်နိုင်ချေ။ လှေသမားများကား မျက်လုံး မျက်ဆံများပြူးကာ အချင်းချင်း တီးတိုးပြောဆိုလျက် ရှိကြလေ၏။ ထို့နောက် တစ်ယောက်က နံဘေးသို့ ကျော်ကာ ရေကို လက်ခုပ်နှင့်ခပ်၍ သူ၏ ပါးစပ်ထဲသို့ ထည့်၍ ကြည့်ပြီးနောက် ချက်ချင်းပင် ကြောက်အား လန့်အားနှင့် ပြန်၍ ထွေးထုတ်လိုက်ပြီးလျှင် "သွေးတွေ ... သွေးတွေ ... အို ... ဆီးရီး နတ်မင်းကြီး အရှင်လတ်လတ် အသက်ခံရလို့ 'နိုင်းမြစ်'ထဲကို သူ့သွေးတွေ ပြည့်လာနေပါပြီ" ဟု အော်ဟစ်လေ၏။

လှေသမားများမှာ သွေးပျက်လုမတတ် ကြောက်ရွံ့ တုန်လှုပ်နေကြသည်ဖြစ်ရာ အကယ်၍ ကျွန်ုပ်ကသာ အာဏာဖြင့် အတင်းအကြပ် စေခိုင်းခြင်း မပြုက လှေကို ကမ်းသို့ကပ်၍ သဲကန္တာရထဲသို့ ထွက်ပြေးကောင်း ပြေးကြပေ



www.burmeseclassic.com

www.burmeseclassic.com



လိမ့်မည်။ ရေကား ရှေ့သို့တိုး၍ သွားလေ နီ၍လာလေ ဖြစ်တော့၏။ ငါးသေများလည်း အမြောက်အများ မျောလျက်ရှိရာ ရေမှာလည်း ပုပ်စော်နံလှသဖြင့် ကျွန်ုပ်တို့မှာ နှာခေါင်းများကို အဝတ်များဖြင့် ပိတ်စီးထားကြရလေ၏။

သို့နှင့်ကျွန်ုပ်တို့သည် မြို့တစ်မြို့သို့ ဆိုက်ရောက်ခဲ့ကြရာ ထိုမြို့ထဲမှ ဆူညံသော အသံများကို ကြားကြရလေသည်။ ယောကျ်ားများသည် မြစ်ထဲသို့ နစ်လာခဲ့သဖြင့် နီရဲနေသော မိမိတို့လက်များကို စိုက်ကြည့်ရင်း အရက်မူးသမားများကဲ့သို့ ဒယိမ်းဒယိုင်နှင့် ရပ်နေကြကုန်၏။ မိန်းမများကမူ ဆံပင်များ ဖရိုဖရဲနှင့် မြစ်ကမ်းနားတစ်လျှောက် ပြေးလွှားရင်း "မော်ဝိဇ္ဇာကြီးရဲ့ အတတ်ပါပဲ။ ကျိန်စာတွေ့ ကျရောက်ကုန်ပါပြီ ... နတ်ဘုရားချင်းသတ်ကုန်ကြလို့ လူတွေလဲ သေကုန်တော့မှာပဲ " စသည်ဖြင့် ငိုကြွေးမြည်တမ်းလျက် ရှိကြ၏။

သို့နှင့် ကျွန်ုပ်တို့သည် စိတ်နှလုံးချောက်ချားဖွယ်ကောင်းလှသော ရေပြင်ကြီးတစ်လျှောက် ဆက်လက်ဖြတ်သန်း၍ လာခဲ့ကြလေရာ မြောက်လေပြင်းနှင့် ရောနှောလွင့်စင်၍ လာသော ရေစက်ရေပေါက်များကြောင့် ကျွန်ုပ်တို့ကိုယ်မှာ အမဲကောင်မှ သွေးစက်စင်ထားခြင်းခံရသော သားသတ်သမားများနှင့် တူနေတော့၏။ ထို့ပြင် အပုပ်နံ့များကြောင့် မည်သည့်အစာကိုမျှ စားသောက်ခြင်း မပြုနိုင်တော့ပဲ ကျွန်ုပ်ကြိုတင်သိမှီးလာသော ရေများကိုသာ သောက်သုံးနေကြရသဖြင့် ကျွန်ုပ်အား ဘေးကို ကြိုတင်သိမြင်သော ပညာရှိကြီး ဖြစ်ပါပေသည်ဟု ချီးကျူးလျက် ရှိကြလေ၏။

ညနေစောင်းလာသည့်အချိန်၌ ကျွန်ုပ်တို့ တအံ့တသြတွေ့ရပုံကား မြစ်ရေသည် တစ်နာရီထက် တစ်နာရီအနီရောင် လျော့ပါးလာခြင်းပင် ဖြစ်လေသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့မှာ လှော်ကားကြီးကို လှော်ခတ်ရာမှ ခေတ္တရပ်နားပြီးလျှင် 'နိုင်းမြစ်' စောင့်နတ်ကြီး 'ဟာပီ'အား ကျေးဇူးတင်ကြောင်းဖြင့် ဆုတောင်း မေတ္တာပို့ကြလေသည်။ ထို့နောက် ကျွန်ုပ်တို့သည် မြစ်ကမ်းပါး ကျောက်ကမ်းပါးယံပေါ်၍ လူဆိုး သူခိုးများ ထွင်းဖောက်ယူငင် သွားကြသဖြင့် ဟောင်းလောင်းဖြစ်၍နေသော ရှေးဟောင်းသင်္ချိုင်းဂူပေါက်များကို တွေ့မြင်ကြရသဖြင့် အပုပ်နံ့များမှ လွတ်ရန် ဂူပေါက်တစ်ခုထဲသို့ ဝင်၍ အိပ်စက်မည် ကြံစည်ကြလေသည်။

အကြီးဆုံးသော ဂူသို့ရောက်သည့်လမ်းကလေးမှာ လူများ သွားလာဖန်များသဖြင့် ဖုံနေလေသည်။ ဂူအနီးသို့ ရောက်သောအခါ ကျွန်ုပ်တို့သည် ငိုယိုပြီး သွားနေကြသော အသံများကို ကြားကြရ၏။ အတွင်းသို့ ဝင်လိုက်သည်တွင် ဖုန်မှုန့် အလိမ်းလိမ်းကပ်ကာ ကြမ်းပြင်ပေါ်၌ ဝပ်တွားနေသော မိန်းမတစ်ယောက်နှင့် ကလေးအချို့ကို တွေ့ကြရလေသည်။ သူတို့လည်း ကျွန်ုပ်တို့ကို မြင်သောအခါ လူဆိုးများ ထင်မှတ်သဖြင့် စူးစူးဝါးဝါး အော်ဟစ်ကြ၏။ ကလေး





ယ်လေး တစ်ယောက်ကား အနီးတွင် သေဆုံးလျက် ရှိရာ၏။ ကျွန်ုပ်တို့က အကျိုးအကြောင်းကို မေးမြန်း၍ ကျွန်ုပ်တို့အား လူကောင်းမှန်း သိသည်နှင့် တစ်ပြိုင်နက် မိန်းမသည် အခြားဝာစ်စုံတစ်ရာကို ပြောဆိုခြင်း မပြုနိုင်ဘဲ "ရေ ရေ " ဟု သနားစဖွယ် တောင်းရှာလေသည်။ မိန်းမနှင့် ကလေးများအား ကျွန်ုပ်တို့တွင် ပါလာသော ကရားများမှ ရေများကို တိုက်သည်တွင် သူတို့သည် အငမ်းမရ သောက်ကြပြီးနောက် ထိုမိန်းမထံမှ အောက်ပါအတိုင်း ကြားသိရလေသည်။

မိန်းမများမှာ ထိုဂူကြီးကို အိမ်လုပ်၍နေသော တံငါသည်တစ်ဦး၏ မိန်းမဖြစ်လျက် လွန်ခဲ့သည့် ၇ ရက်က 'နိုင်း'မြစ်ရေသည် သွေးများအဖြစ်သို့ ပြောင်းလဲသွားသောအခါ ရေဟူ၍ အိုးငယ်ကလေးတစ်လုံးမျှသာ ရှိတော့ကြောင်း အန်းတစ်ဝိုက်တွင် ကျောက်အတိဖြစ်နေသဖြင့် ရေကိုတူး၍လည်း မရနိုင်ကြောင်း ထို့ပြင် ယောကျ်ားဖြစ်သူမှာ ကြောက်အားလန့်အားဖြင့် သတိလက်လွတ်ဖြစ်ကာ ဆုံးသွားပြီးဖြစ်ကြောင်း သိရ၏။ သူသည် ဂူ၏အနောက်ဘက်သို့ ညွှန်ပြသဖြင့် ကြည့်လိုက်ရာ ဂူအတွင်းရှိ ကျောက်တိုင်တစ်ခုပေါ်မှ ကြိုးတန်းလန်းနှင့် ဇွဲကြိုးချ၍ သေဆုံးနေသော လူတစ်ယောက်ကို အံ့သြစွာတွေ့မြင်ရလေ၏။

လင်သေ၍ သွားသော မုဆိုးမအား ကျွန်ုပ်တို့၏ အစားအသောက်များကို ခွဲဝေပေးကမ်းပြီးနောက် လူသေများနှင့် ရောနှောမနေလိုသဖြင့် ကျွန်ုပ်တို့ အခြားဂူတစ်ခုသို့ သွားရောက်အိပ်စက်ကြ၏။ နံနက်သို့ ရောက်သောအခါ မိန်းမနှင့် ကလေးများပါ ကျွန်ုပ်တို့ လှော်ကားပေါ်သို့ တင်၍ စုန်ဆင်းခဲ့ရလေရာ ၃ နာရီခရီးခန့် စုန်ခဲ့ရသော မြို့တစ်မြို့တွင်မှ ထိုမိန်းမမှာ သူ၏ အစ်မတစ်ယောက်နှင့် တွေ့သွားလေသည်။

လမ်းခရီး၌ ယင်းကဲ့သို့ အသည်းနှလုံးချောက်ခြားဖွယ်ရာ ကောင်းလှသော အဖြစ်အပျက် အမျိုးမျိုးတို့နှင့် တွေ့ကြုံခဲ့ရပြီးသည့်အဆုံး၌ ကျွန်ုပ်တို့သည် 'မမ်းဖစ်'မြို့သို့ ကောင်းမွန်စွာ ဆိုက်ရောက်ခဲ့ကြလေ၏။ ရောက်လျှင်ရောက်ချင်း ကျွန်ုပ်သည် မည်သူနှင့်မျှ စကားပြောဆိုခြင်း မပြုဘဲ မင်းသား၏ ရှေ့တော်သို့ တန်း၍ဝင်ရာ အခန်းတစ်ခန်းထဲ၌ 'မာရဖီ'နှင့် ယှဉ်တွဲကာ စကားပြောဆိုနေသော မင်းသားအား တွေ့ရလေသည်။ 'မာရဖီ'မှာ မင်းသားပြောဆိုနေသည့် စကားများကို ပြုံးကာရယ်ကာ နားထောင်လျက် ရှိသော်လည်း သူ၏ မျက်လုံးများမှာမူ ကြောက်ရွံ့ထိတ်လန့်သကဲ့သို့ ရှိနေလေသည်။

ကျွန်ုပ်ကို မြင်ရသောအခါ 'ဆက်တီ'သည် ဖက်လှဲကစား နှုတ်ဆက်ဆီးကြိုရန် သူ၏ နေရာထက်မှ ခုန်၍ထလာလေသည်။ ကျွန်ုပ်က သူ၏ လက်ကို နမ်းရှုပ်ပြီးမှ 'မာရဖီ'၏ လက်ကို တစ်ဖန်သွားရောက် နမ်းရှုပ်ရာ လက်ပေါ်တွင်



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါက ကြီးလွန်းလှပါသည်ဟူ၍ ငြင်းပယ်ခဲ့ဖူးသော လက်စွပ်ကို သတိထားမိပေသည်။

"ကိုင်း ... သင်တွေ့ရသမျှတွေအားလုံး တစ်ခုမကျန် ကျွန်ုပ်ကို ပြန်ပြောပြစမ်းပါ အာနာ" ဟု ဆက်တီသည် စိတ်ရွှင်လန်း ထက်သန်သော အမူအရာဖြင့် ပြောလေသည်။

"တွေ့ရတာတွေကတော့ဖြင့် အများကြီးပါပဲ အရှင်။ အဲ ... တစ်ခုကတော့ဖြင့် တော်တော်ထူးဆန်းပြီး ကြောက်ဖို့ကောင်းတယ်"

"ထူးဆန်းပြီး ကြောက်ဖို့ကောင်းတဲ့အဖြစ်အပျက်နွေကတော့ ဒီမှာလဲ တွေ့နေပါတယ်။ အင်း ... ဒါတွေဟာ အပူမီးတောက်လောင်နေတဲ့ အစပဲ ရှိသေးတယ်နော်" ဟု ကြားဖြတ်ပြောဆိုရင်း 'မာရဖီ'သည် စကား ဆက်လက်ပြောဆိုရန် သူ့ကိုယ်သူ ဂိတ်မချဟန်ဖြင့် ကျွန်ုပ်တို့ နှစ်ယောက်အား ဦးညွှတ်နှုတ်ဆက်ကာ အခန်းထဲမှ ထွက်ခွာသွားလေ၏။

မင်းသား။ ။ "ကဲ ... ဒါနဲ့ပြောစမ်းပါဦး။ သင်ကော သွေးတွေ 'နိုင်းမြစ်'ကို ဆန်တက်တာ မြင်ခဲ့ရသေးသလား"

ကျွန်ုပ်က ဦးခေါင်းကို ညိတ်ပြပြီးနောက် နှစ်ယောက်သား အတန်ကြာ ဆက်လက်စကားပြောဆို ဆွေးနွေးကြသော်လည်း ရဟူဒီပရော်ဖက်နှင့် 'ကီ'တို့ နှစ်ယောက်သည် ရေကို တောင်ဝှေးဖြင့် ရိုက်ရုံမျှနှင့် အဘယ်ကြောင့် သွေးအဖြစ်သို့ ပြောင်းလဲသွားရသည်။ ထိုသွေးရေများသည် အဘယ်ကြောင့် 'နိုင်းမြစ်'ကို ဆန်တက်သွားကြပြီးလျှင် နေရာတိုင်း၌ ၇ ရက်ကြာမျှ သွေးအဖြစ် တည်နေသည်ဟူသော အဖြေကား ထွက်ပေါ်၍ မလာပေ။

မင်းသား။ ။ "ကျွန်ုပ်မှာတော့ ရဟူဒီတွေရဲ့ ကျိန်စာကြောင့် ဘယ်လို ဘေးအန္တရာယ်မျိုးမှ မဖြစ်နိုင်ပါဘူး။ 'အာနာ' ကျွန်ုပ်တို့ဆီကို သွေးကပ်ကြီး မဆိုက်ရောက်ခင် တစ်နေ့မှာ 'ဂျေဗက်'ဟာ 'ဆီရီယံ' ကုန်သည်ယောင်ဆောင်ပြီး ရောက်လာတယ်။ သူ့မှာ ပါတဲ့ ကုန်တွေပြချင်ဟန်ဆောင်ပြီး 'မာရဖီ'ရဲ့ အခန်းထဲ ဝင်တယ်။ ပြီးတော့ ကျွန်ုပ်တို့ဟာ 'မာရဖီ'ကြောင့် တစ်နေ့မှာ ဒုက္ခတွေ့ဖို့ ရှိတဲ့ အကြောင်း ပြောသွားသတဲ့။ ကျွန်ုပ်တော့ ဘာပဲဖြစ်ဖြစ် ကျွန်ုပ်တို့နှစ်ယောက် အသက်ရှင်နေသမျှ ကာလပတ်လုံး ဘယ်တော့မှ ခွဲဖို့ မကြံစည်ပါဘူးဆိုတဲ့ အကြောင်း 'မာရဖီ'ကို သစ္စာပြုခိုင်းထားရရင် ကောင်းလိမ့်မယ် ထင်တယ်"

"ဂျေဗက်က မာရဖီကို သူနဲ့အတူ လိုက်စေချင်သတဲ့လား အရှင်"

"ဒီလိုတော့ 'မာရဖီ'က ကျွန်ုပ်ကို မပြောပါဘူး ... သင် မရောက်ခင် တစ်နေ့ကတော့ 'ဂျေဗက်' ရောက်လာမယ်ဆိုရင် သူမှချ ပြန်ရလိမ့်မယ်တဲ့၊ နို့ပေမယ့် အခုတော့ ဒီမှာနေရဖို့ အကြောင်းတွေ ဖြစ်လာပြီ ထင်တယ်"





"ဂျေဗက်ကကော ဘာပြောသေးသလဲအရှင်"

"ကျွန်ုပ်အပေါ်မှာ ဘေးအန္တရာယ်တွေမကျရောက်အောင် ရဟူဒီတွေက လွှတ်လိုက်တယ်ဆိုပြီး ကျွန်ုပ်ရဲ့ အိမ်တော်မှာရော၊ ဘေးပတ်ဝန်းကျင် ဥယျာဉ်တွေထဲရော၊ သောက်ရေတွင်းနားမှာရော၊ ဂါထာမန္တန်တွေကို ရွတ်ဖတ် သရဇ္ဈာယ်တာပါပဲ။ ပြန်ခါနီးမှာ 'မာရဖီ'က သူနဲ့ သူမွေးဖွားမယ့် သူ့ရင်သွေးကလေးအတွက် ဆုတောင်းမေတ္တာမပို့တော့ဘူးလား ဦးလေးရယ်လို့ မေးတော့ 'ဂျေဗက်'က သူ့မှာ ဒီလိုလုပ်ဖို့ အမိန့်မပါလာဘူးလို့ တီးတိုးပြောသံ အမှတ်တမဲ့ ကျွန်ုပ်ကြားလိုက်ရတယ်။ နောက်ဆုံးမှာ 'မာရဖီ'က သူ့မှာ ရှိတဲ့ ပစ္စည်းကလေးတွေ ဘုရားမှာ လှူဖို့ဆိုပြီး သူ့ဦးလေး ပေးလိုက်တော့ စိတ်ပြောင်းသွား ထင်ပါရဲ့။ 'ဂျေဗက်'လဲ သူ့တူမရဲ့က နဖူးကို နမ်းရှုပ်ပြီး ထွက်သွားတာပါပဲ။ ဒီပစ္စည်းတွေ ဘုရားကျောင်းပဲ ရောက်မလား။ သူ့အိမ်ပဲ ရောက်မလား မပြောတတ်ဘူး။ ဒီအကြောင်းတွေ 'မာရဖီ'က ကျွန်ုပ်ကို ပြန်မပြောဘူး။ ကျွန်ုပ်ကလဲ ကျွန်ုပ် သိတဲ့အကြောင်းတွေ သူ့ကို ပြောမပြဘူး အာနာရဲ့"

"ဒီနောက် ဘာဖြစ်ပါသေးသလဲ အရှင်"

"ရဟူဒီပရော်ဖက်နဲ့ 'ကီ'တို့ လုပ်လိုက်တာကြောင့် ကျွန်ုပ်တို့ဆီမှာတော့ သွေးကပ်ကြီး ၇ ရက်တိတိ ဆိုက်ရောက်သွားပြီး ငါးပုပ်တွေ သွေးညှီနံ့တွေကြောင့် အဖျားရောဂါတွေ ဖြစ်ကျန်ရစ်ခဲ့တယ်။ အဲ-ထူးဆန်းတာတစ်ခုကတော့ ကူးအပြောင်းအထက်ရော အောက်ရော၊ သွေးတွေပြည့်နေပေမယ့် ကျွန်ုပ်ရဲ့ အိမ်တော် ပတ်ဝန်းကျင်မှာတော့ သွေးကို လုံးလုံးမရှိဘူး။ ရေဟာ ခါတိုင်းလို ကြည်လင်မြဲကြည်လင်နေတာပဲ။ ဒီအကြောင်းသိလို့ ရေလာခပ်တဲ့ လူထု ပရိသတ်ကြီးဟာ ထောင်သောင်းမကပါဘူး။ နို့ပေမယ့် အိမ်တော်ဝင်း အပြင်လဲ ရောက်ရော သူတို့အိုးထဲက ရေတွေလည်း သွေးတွေဖြစ်ကုန်ကြတာပဲ။ ဒါကြောင့် သူတို့သောက်ချင်ရင် ဒီအထဲလာ မြန်မြန်ကြီးသောက်ပစ်ကြရတယ်။ ဒီတော့ 'တာနစ်'မြို့ ဘုရားရှိခိုးကျောင်းထဲက အဖြစ်အပျက်သိတဲ့လူတွေက ရဟူဒီပရော်ဖက်တွေရဲ့ အမျိုးအနွယ်ဖြစ်တဲ့ 'မာရဖီ'သာ တကယ့် မှော်ဆရာကြီးလို့ ပြောနေကြပြီ"

ကျွန်ုပ်လည်း သက်ပြင်းချလိုက်မိသည်။

◈ ◈ ◈

www.burmeseclassic.com

www.burmeseclassic.com

## ၁၄

'အီဂျစ်' ပြည်တွင် ရေမှ သွေးအဖြစ်သို့ ပြောင်းလဲသည်မှအစ လပေါင်းများစွာပင် ကပ်ဆိုးများသည် တစ်ခုပြီးတစ်ခု ကျရောက်လျက် ရှိလေ၏။ 'ပရော်ဖက်'များသည် 'ဖာရိုး'ထံသို့ ထပ်မံရောက်ကာ လိုလားချက်များကို တောင်းဆိုကြပြန်ရာ 'ဖာရိုး'သည်လည်း ရှူးသွတ်နေ၍ပင်လောမသိ၊ ငြင်းဆန်မြဲ ငြင်းဆန်လျက် ရှိ၏။

ယင်းသို့အားဖြင့် သွေးကပ်ဆိုးကြီးဖြစ်ပွားပြီးနောက် အတန်ငယ် ကြာသောအခါ 'ဖား'သတ္တဝါများတွင် ပလိပ်ရောဂါ ကပ်ရောက်၍ တစ်ပြည်လုံးတွင် ဖားသေကောင်များကြောင့် လေများက ညစ်ညမ်းကာ နံစော်လျက်ရှိ၏။ ထိုအခါ 'ကီ'တို့ ဟူစုက 'ဂိုရှန်'သို့ ဖားများကို သူတို့၏ ပညာဖြင့် စေလွှတ်ကာ 'ရဟူဒီ'များအား ပလိပ်ရောဂါကို ဖြစ်ပွားစေ၏။ သို့သော်– 'ဆင်တီ'၏ နန်းတော်နှင့် သူပိုင်ဆိုင်သော မြေယာများပေါ်တွင်ကား ဖားများ လုံးဝမရှိပေ။

ထို့နောက် 'ယင်'ကောင်များမှ အစပြု၍ နွားများသည် ပလိပ်ရောဂါဖြစ်၍ သေဆုံးကြပြန်ရာ ထိုအချိန်မှာ 'မာရဇီ'တွင် သားယောကျ်ား ချောကလေး တစ်ယောက် ဖွားမြင်ပြီးစဖြစ်၏။ မင်းသား၏ အိမ်တော်တစ်ပိုက်မှာ ကျိန်စာမှ လွတ်ကင်းသဖြင့် လူအများလာရောက်စုံစမ်းကြ၏။ ထိုအထဲတွင် ဘိုးဘိုးကြီး 'ဘာကင်ခွန်းစု'လည်း 'ဖာရိုး'၏ သဝဏ်လွှာနှင့်အတူ ပါလာလေသည်။ ကျွန်ုပ်အတွက်လည်း မင်းသမီး 'ယူဆာတီ'ထံမှ သီးခြားစာတစ်စောင်ပါလာ၏။ 'ဘာ





ကင်ခွန်းစု'သည် အကြောင်းစုံကို စုံစမ်းပြီးသောအခါ နေထိုင်မကောင်းသဖြင့် မပြန်နိုင်ဟု အကြောင်းပြကာ မင်းသားအိမ်တော်တွင် ခေတ္တနေထိုင်ခွင့်တောင်းပြီးလျှင် 'ဖာရိုး'နှင့် 'ယူဆာတီ'ကို့ထံ အဖြေလွှာများကို သူ၏ အစေခံ တစ်ယောက်နှင့် ပေးပို့စေ၏။

နောက် ၈ ရက်ခန့်ကြာသောအခါ တစ်နေ့သ၌ ကျွန်ုပ်သည် စံအိမ်တော်ဥယျာဉ် တံခါးဝ၌ ရပ်လျက်ရှိစဉ် အရပ်မြင့်သော သူစိမ်းတစ်ယောက်သည် ကျွန်ုပ်ရှိရာသို့ ချဉ်းကပ်လာပြီးလျှင် အစောင့်၏ ဦးခေါင်းပေါ်မှ ကျော်၍ 'လေဒီမာရဇီ'နှင့် တွေ့နိုင်ပါသလောဟု ကျွန်ုပ်အား ဟစ်အော်မေးမြန်းလေသည်။ ကျွန်ုပ်က 'မာရဇီ'မှာ ကလေးကို ထိန်းသိမ်းရသဖြင့် အလုပ်ရှုပ်နေကြောင်း ပြောရာ ဤသို့ဆိုက 'ဆက်တီ'နှင့်တွေ့နိုင်ပါသလောဟု မေးပြန်လေသည်။ ကျွန်ုပ်က 'ဆက်တီ'နှင့်လည်း မအားသဖြင့် မတွေ့နိုင်ကြောင်း ပြောလိုက်၏။

ထိုသူ ။ ။ "မယားရဲ့မျက်လုံးတို့ သားရဲ့အပြုံးတို့ကို ကြည့်နေရတာကြောင့် မအားဘူးထင်ပါရဲ့။ ဒါဖြင့် 'အာနာ'ဆိုတဲ့ ကျမ်းပြုဆရာကိုကော မတွေ့နိုင်ဘူးလား"

ထိုသူ၏ ပျက်ရယ်ပြုခြင်းကို ကျွန်ုပ်သည် ဒေါသထွက်လာသဖြင့်– "သူလဲ ကံဇာတာညံ့ဖျင်းလို့ ပညာနတ်သမီးနောက်လိုက်ဖို့ ကြိုးစားနေတယ် မအားဘူး"

"ဒါဖြင့်လဲ လိုက်ပါစေလေ။ သူ့ခမျာ လိုက်ဖမ်းရမယ့် မိန်းမ ... ဒါရှိတာပဲ။ မနုဿဗိဟာရပ်ကြီးနားမှာ သူ့ဆီက ရွှေတွေ ငွေတွေ ယူသွားတဲ့ မိန်းမနဲ့ စကားပြောတဲ့အကြောင်း သူနဲ့သိရင် မေးကြည့်ပါလား"

ထိုစကားကို ကြားရသောအခါ ကျွန်ုပ်သည် အိပ်မက်မက်၍ နေလေသလောဟု မျက်လုံးများကို လက်ဖြင့် ပွတ်သပ်ကြည့်မိ၏။ နေရောင်ကား လင်းမြလင်းလျက်၊ အစောင့်လည်း ရပ်မြဲရပ်ကာ စောင့်လျက်ရှိ၏။ သို့သော် လူသူစိမ်းကား မရှိတော့ချေ။ သို့နှင့် ကျွန်ုပ်စိတ်ကထင်၍ ဖြစ်လိမ့်မည်ဟု တွေးကာ နောက်သို့ လှည့်လိုက်စဉ် ထိုသူနှင့် မျက်နှာချင်းဆိုင်၍ နေမိလေသည်။

ကျွန်ုပ်က ဒေါသနှင့် –

"ဟေ့လူ၊ ကျွန်ုပ် မမြင်အောင် အစောင့်ရှေ့က ဖြတ်ပြီး သင် ဘယ်လို ဝင်လာသလဲ"

"ဒါထက် တောင်ဝှေးက ဘယ်လို မြွေဖြစ်သွားတယ်ဆိုတဲ့ ပြဿနာကိုကော သင် ဖြေရှင်းပြီးပလား" ဟု ပြောပြောဆိုဆိုနှင့် သူ၏ ဦးခေါင်းမှ အဝတ်ကို နောက်သို့လှန်လိုက်ရာ ထိုသူမှာ 'ကီ'ဖြစ်သည်ကို တွေ့ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မဖြေရှင်းရသေးပါဘူး။ ဒါထက် ... သင်ဟာ ကျွန်ုပ်အခွင့် မရဘဲ အထဲကို ဝင်လာနိုင်ရက်သားနဲ့ဘာကြောင့် ကျွန်ုပ်ဆီမှာ ခွင့်တောင်းနေရသေးလဲ။ သင် ဘယ်သူ့ကို တွေ့ချင်လို့လဲ"

"ဒါလောက်လဲ ဒေါသကြီးမနေစမ်းပါနဲ့ 'ဘာနာ'ရယ်။ ဒီစံအိမ်တော်ထဲမှာ 'အီဂျစ်' လူမျိုးတိုင်းက သိနေတဲ့ မှော်ဘုရင်မကြီး 'လေဒီမာရဖီ' ရှိနေတယ် မဟုတ်လား။ သူ့ကို ကျွန်ုပ်တွေ့ချင်တယ်"

"သင်က ဘာကြောင့် သူ့ကို မှော်ဘုရင်မလို့ ခေါ်ရတာလဲ"

မြွေကို မြွေချင်း ဘာကြောင့် ခြေကိုမြင်သတဲ့လဲ။ တခြားနေရာတွေမှာ ရေဟှာ သွေးဖြစ်သွားပြီး ဒီမှာတော့ ဘာကြောင့်ကြည်ကြည်လင်လင် ကျန်နေရသလဲ။ ဖားတွေကတော့ 'ဆက်တီ' အိမ်တော်မှာ ဘာကြောင့် လာမအော်ကြသလဲ။ ယင်ကောင်တွေကကော သူ့အမဲသားပေါ်မှာ ဘာကြောင့် လာမကျသလဲ။ 'အီဂျစ်ပြည်ကြီးက သိချင်နေတဲ့ အဲဒီ ပြဿနာရဲ့ အဖြေတွေကို 'ဆက်တီ'ရဲ့ ချစ်သက်ထား 'စန္ဒာဒေဝီ'ဆီက ကျွန်ုပ်ယူရလိမ့်မယ်"

လူသေနှင့်တူသော သူ၏မျက်နှာကြီးပေါ်မှ ပြုံးစနဲ့နဲ့ အမူအရာကိုလည်းကောင်း၊ အေးစက်နက်နဲသော သူ၏ မျက်လုံးများကိုလည်းကောင်း၊ မြင်ရသဖြင့် ကျွန်ုပ်မှာ အနည်းငယ် တုန်လှုပ်သွားမိလေသည်။

"အဲဒါကတော့ ကျွန်ုပ်သခင် 'ဆက်တီ'ကို သင်မေးကြည့်ပေတော့။ ကိုင်း ... လာ ... သူ့ဆီကို ကျွန်ုပ်ခေါ်သွားမယ်"

ကျွန်ုပ်တို့သည် မင်းသား၏ စံနန်းတော်ကြီးထဲသို့ ဝင်ရောက်ကာ ရောင်စုံခြယ်ထားသော နန်းတော်တိုင်ကြီးများကို တစ်တိုင်ပြီး တစ်တိုင် ဖြတ်သန်းကျော်လွန်ခဲ့ပြီးနောက် နောက်ဆုံး၌ မင်းသားအား ကော်ဇောကြမ်းတစ်ချပ်ပေါ်တွင် 'မာရဖီ'နှင့် အတူယှဉ်၍ထိုင်ကာ နှစ်ယောက်သား မိမိတို့အလယ်၌ အိပ်ပျော်နေသော ရင်သွေးကလေးအား ကြည်နူးနှစ်သိမ့်စွာ ကြည့်ရှုနေကြသည်ကို တွေ့ရလေသည်။

သူတို့ရှေ့တွင် ရပ်မိကြသောအခါ 'ကီ'မှာ နေရောင်ဘက်တွင် ရောက်နေသောကြောင့် သူ၏ အရိပ်ကြီးသည် ကလေး၏အပေါ်သို့ ကျရောက်လျက်ရှိ၏။ ၎င်းမှာ လက်တလောသေဆုံးသူ တစ်ဦးအပေါ်သို့ ခေါင်းမြီးခြုံထားသော ကြပ်စည်းသမားကြီးတစ်ယောက်က မိုး၍နေသကဲ့သို့ ထင်ရလေသည်။ ကလေးငယ်သည် သိသကဲ့သို့ မျက်လုံးကြီးများကို ဖွင့်ကာ အော်၍ငိုလိုက်သဖြင့် မာရဖီလည်း သားငယ်ကို ဆက်ကနဲ ကောက်ချီလိုက်သည်။ 'ဆက်တီ'ကလည်း နေရာ၏မှထကာ "ဘယ်သူလာသလဲ" ဟု မေးလိုက်လေသည်။





'ကီ'သည် 'အီဂျစ်' ပြည် 'ဖာရိုးများကိုသာ နှုတ်ဆက်လေ့ရှိသည့်နည်းအတိုင်း ကိုယ်ကိုညွတ်ကာ အရိုအသေပြုလေသည်။

မင်းသား။ ။ "အို ... ဒီဟာဇကေန္တ 'ကီ'ပါပဲ။ ဒါထက် သင်က ဘယ့်နှယ်ကြောင့် တစ်မျိုးတစ်ဖုံအသွင် ပြောင်းလာရပြန်တာလဲ"

ကီ ။ ။ "ဘုရားသခင်တွေဟာ သူတို့ရဲ့ တမန်တော်ကို ပုံသဏ္ဍာန် အမျိုးမျိုး ပြောင်းလဲနိုင်တယ် မဟုတ်လား အရှင့်သား"

သား ။ ။ "အင်း ... ဒီလိုစကား အလှည့်ကလေးတွေကို နန်းတော်တွင်းမှာ သုံးဖို့ထားပါဦးလေ။ ဒီလိုဆိုရင် ကျွန်ုပ်နံဘေးက အမျိုးသမီးကိုကော သင် ဘယ်လိုစကားမျိုးနဲ့ နှုတ်ဆက်မလဲ"

'မာရဖီ'သည် 'ကီ'အား နဂိုကပင် ကြောက်ရင်းစွဲရှိသဖြင့် နောက်သို့ တွန့်ဆုတ်သွားလေသည်။

ကီ ။ ။ "ဟောသာ၏ သရဖူ သင့်အား ကျွန်ုပ်နှုတ်ဆက်ပါ၏။ အိုင်စစ်၏ အချစ်တော် ကောင်းကင်ယံ၌ သင်ပျောက်ကွယ်မသွားမီ အလင်းရောင်နှင့် ဉာဏ်ပညာများကို ဖြန့်ဖြူးခြင်းပြုပါလော"

ကျွန်ုပ်မှာ သူ၏ စကားအဓိပ္ပါယ်ကို မရှင်းလင်းနိုင်ချေ။ 'ဘာကင်ခွန်းစု' 'မာရဖီ'၏ အမည်မှာ လနတ်သမီး (စန္ဒာဒေဝီ)ဖြစ်၍ ဟောသာ ခေါ် အချစ်နတ်သမီးသည်လည်း လသဏ္ဍာန် သရဖူကို ဆောင်းထား၏။ အိုင်စစ်နတ်သမီးမှာမူ ရှုပ်ထွေးနက်နဲသော ပညာရှင်များ၏ ဘုရင်မဖြစ်၏။ 'ကီ'၏ ခေါ်ဝေါ်ပညတ်မှုများကား အဓိပ္ပာယ် ရှုပ်ထွေးနက်နဲလှ၏။

'ဆက်တီ'သည် ပြုံးရယ်လျက် ရှိသော်လည်း 'မာရဖီ'သည် စကား၏ အဓိပ္ပာယ်ကို ကောင်းစွာ နားလည်ဟန်ဖြင့် မျက်နှာများပျက်ကာ အပြင် နေပူသော နေရာဘက်သို့ တိုးသွားလေသည်။

မင်းသား။ ။ "ကိုင်း ... ကျွန်ုပ်သားတော်အတွက်ကော ပြောစမ်းပါဦး ကီရဲ့"

"ဖာရိုးရဲ့ ဒီအညွန့်အတက်ကလေး ထွန်းကားလာတာ အဆမတန် လျှင်မြန်ကြီးမားတဲ့အတွက် ကျွန်ုပ်ရဲ့ မျက်လုံးများဟာ သူ့ရဲ့ သရဖူကို မမှီနိုင်တော့ပါ အရှင်"

'မာရဖီ' သည် အသံကလေးများ ထွက်အောင် ဟစ်အော်လိုက်ပြီးနောက် ကလေးကို အဝေးသို့ ချီယူသွားလေသည်။

မင်းသား။ ။ "သူက မှော်ဆရာတွေကို ကြောက်တယ် 'ကီ'ရဲ့"

ကီ ။ ။ "ကြောက်ဖို့မလိုပါဘူးအရှင်။ သူက ကျွန်ုပ်တို့ အတ[illegible] များရဲ့ သခင်မပဲ"



www.burmeseclassic.com

www.burmeseclassic.com



မင်းသား။ ။ "လေဒီမာရဇိဟာ မှော်ဆရာမလား။ အင်းလေ ... တစ်နည်းအားဖြင့်တော့ ယောကျ်ားတွေရဲ့ အသည်းနှလုံးနဲ့ဆိုင်တဲ့ မှော်ဆရာမပါ။ ဟုတ်တယ် မဟုတ်လား အာနာ။ ကိုင်း ... အခုအချိန် စောသေးတယ်။ 'ကီ' စကားထာတို့ စကားဝှက်တို့ကို ညကျမှ ကျွန်ုပ်က ပိုကြိုက်တယ်"

'ကီ'၏မျက်နှာတွင် ပျက်ချော်သော အမူအရာများ ပျောက်သွားပြီးနောက် "ဘုရားသခင်အာမွန်ရဲ့ ရုပ်ထုကို ချေမွပစ်နိုင်တာရယ်။ 'အီဂျစ်' တစ်ပြည်လုံးမှာ ကျရောက်နေတဲ့ ကျိန်စာအမျိုးမျိုးတွေရဲ့ ဘေးရန်က ကင်းဝေးအောင် ဒီဥယျာဉ်ကြီး ပတ်ဝန်းကျင်ကို တခြားဘယ်တန်ခိုးကများ ကာကွယ်ထားနိုင်မှာလဲ"

မင်းသား။ ။ "ဒီဟာတွေကို သူလုပ်တာလို့ ကျွန်ုပ်တော့ မထင်ဘူး။ 'ကီ'။ ဒါတွေကို ကျွန်ုပ်တော့ နားမလည်ဘူး။ 'မာရဇိ'ဆီသာ သင်သွား မေးပေတော့"

"အခွင့်သာတော့ ကျွန်ုပ် မေးပါမယ့် အရှင်"

"ကိုင်းလေ ... ဒီဟာတွေ အသာထားပြီး ကျွန်ုပ်ဆီကို ဘာကြောင့် ရောက်လာတယ်ဆိုတာ ပြောစမ်းပါဦး"

"အာနာနဲ့ 'ဘာကာင်ခွန်းစု' တို့လို အရှင့်ဆီမှာ ခေတ္တလောက် ခိုလှုံဖို့ပါပဲ အရှင်။ အခု ကျွန်ုပ်ဟာ အခါပေး ပုရောဟိတ်ကြီး မဟုတ်တော့ပါဘူး။ အရှင်နဲ့ တသဘောထဲဖြစ်ပြီး ရဟူဒီတွေကို သွားခွင့်ပြုရင် ကောင်းလိမ့်မယ် ပြောမိတာကို 'ဖာရိုး'က ငြင်းပါတယ်။ ဒါကြောင့် သူနဲ့ သဘောကွဲခဲ့ခြင်း ဖြစ်ပါတယ်။

"သူက ဘာကြောင့် ငြင်းရတာလဲ"

"သူ့ကိုယ်သူ ဘုရင်တကာတို့ရဲ့ ဘုရင်ထင်ပြီး ဘဝင်မြင့်နေလို့လား မသိပါဘူး အရှင်။ တစ်နေ့ကျရင် ဒုက္ခပေးမယ့် သူ့နှလုံးအိမ်ကို မာနဆိုတဲ့ သော့ခလောက်ကြီးနဲ့ ခတ်ထားပါတယ်။ ထိပ်ထား 'ယူဆာတီ'လဲ သူနဲ့ တစ်စိတ်တည်း တစ်ဝမ်းတည်း ဖြစ်နေတာပဲ"

'ဆက်တီ'သည် ဆင်ဝင်အောက်၌ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်၍ နေ၏။ ဉာဏ်နီဉာဏ်နက်များလှသော 'ကီ'အား သူ၏ စံအိမ်တော်တွင် လက်ခံထားရန် ချီတုံ ချတုံဖြစ် နေဟန်ရှိလေသည်။ 'ကီ'သည် နေရိပ်ထဲတွင် ရပ်နေရာမှ အတန်ငယ် ချမ်း၍ လာသည့်ဟန်ဖြင့် နေရောင်ဘက်သို့ ထွက်သွား၏။ သူသည် လက်ကို ဆန့်တန်းလိုက်စဉ် အမိုးပေါ်မှ ပိုးဖလံကောင်ကြီး တစ်ကောင် ကျလာပြီးလျှင် ထိုလက်ပေါ်၌ နားလေရာ၊ 'ကီ'သည် လက်ကို နှုတ်ခမ်းဖြင့် ကပ်လိုက်ပြီးနောက် ပိုးကောင်နှင့်စကားပြောနေဘိသကဲ့သို့ နှုတ်ခမ်းများ လှုပ်၍နေလေသည်။





"အင်း ... ကျွန်ုပ် ဘာလုပ်ရမှန်းတောင် မသိတော့ဘူးပဲ" ဟု 'ဆက်တီ' သည် ကျွန်ုပ်၏ အနီးသို့ လျှောက်လာရင်း ညည်းညူသည်နှင့် ကျွန်ုပ်က "သူ ရှိတာကို ကျွန်ုပ်လဲ မကြိုက်ဘူး။ 'လေဒီမာရဇိ'လဲ ကြိုက်မှာ မဟုတ်ဘူး။မကောင်းဆိုးဝါးနဲ့ သူ စကားပြောနေတာသာ ကြည့်ပါတော့"

'ကီ'သည် ပိုးဖလံကောင်ကြီးကို ခါထုတ်လိုက်ပြီးနောက် နေရိပ်ထဲသို့ ပြန်ဝင်လာသည်။

"သင့်အတတ်နဲ့ သင်သိနေပြီ မဟုတ်လား၊ ကျွန်ုပ်ကို ဘာမေးဖို့ လိုတော့သလဲ 'ကီ'ရဲ့"

"သင့်စံအိမ်တော်မှာနေပြီး ကျွန်ုပ်ရဲ့ အတတ်ပညာနဲ့ စောင့်ရှောက်ဖို့ သင်ပြောလိမ့်မယ်ဆိုတာ ပိုးကောင်ကြီးက ပြောသလိုလိုပဲ"

ရယ်မောလျက် -

"အီဂျစ်ပြည်ရဲ့ မဟာသေွးများဟာ ကိုယ့်ဆီကို ခိုလှုံဖို့ လာတဲ့လူကို ငြင်းပယ်ရိုးထုံးစံ မရှိပါဘူး။ သင့်သဘောအတိုင်းသာ နေပါတော့"

'ကီ' ထွက်သွားသောအခါ ကျွန်ုပ်က ပိုးကောင်မှာ မကောင်းဆိုးဝါးဖြစ်ကြောင်း ပြောပြရာ "ဆက်တီက ခုက်စွနဲ့ပတ်သက်ပြီး သူ့ဆန္ဒဘယ်လို ရှိတယ်ဆိုတာ 'မာရဇိ'ကို ကျွန်ုပ်မေးချင်တာ တစ်ခုတော့ နောက်ကျသွားပြီ။ သင်ကပဲ စိတ်ကူးမိဖို့ ကောင်းတယ်။ ကိုင်း ... အခုမှတော့ သင့်ကို ဒဏ်ပေးတဲ့ အနေနဲ့ ဒီလူကိုသာ မျက်ခြေမပြတ် စောင့်ကြည့်ပေတော့ အာနာ"

*

နောက်တစ်နေ့၌ ကျွန်ုပ်သည် 'လေဒီမာရဇိ'၏ ဖိတ်ခေါ်ချက်အရ သူနှင့်အတူ ဥယျာဉ်ထဲသို့ လမ်းလျှောက်ထွက်လာရာ ကလေးထိန်း အကြီးအမှူးဖြစ်သော မိန်းမက သားတော်ကလေးကို ပွေ့ချီကာ နောက်မှ လိုက်လာလေသည်။

ဇိ ။ ။ "ကီရဲ့အကြောင်းကို သင့်ကိုမေးချင်လို့ပါ အဆွေတော် 'အာနာ'ရဲ့။ သူဟာ ကျွန်ုပ်ရဲ့ ရန်သူဆိုတာ သင်အသိသားပဲ။ ကျွန်ုပ်ရဲ့ အရှင်ကတော့ သူ့ကို အိမ်တော်မှာ လက်ခံမလိုလို လုပ်နေတယ်။ အို ... ဟိုမှာ ကြည့်လိုက်စမ်းပါဦး"

ကျွန်ုပ်သည် သူညွှန်ပြရာသို့ လှမ်းကြည့်လိုက်ရာ ကိုက် အနည်းငယ်ခန့်ကွာ၌ စွန်ပလွံပင်အုပ်တစ်ခုအောက်တွင် တောင်ဝှေးကို အားပြုကာ ရပ်နေသော 'ကီ'ကို မြင်ရလေသည်။ သူသည် ကျွန်ုပ်တို့ကို မြင်သွားသဖြင့် ဦးခေါင်းကို ညွတ်ကာ "အို စန္ဒာဒေဝီ အရှင်မ ... 'ကီ'အား အောင်မြင်သော အရှင်မ" ဟု နှုတ်ဆက်လိုက်၏။ 'မာရဇိ'ကမူ မတုန်လှုပ် ရပ်လျက်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ကီ ॥ ॥ "ကီကိုယ်တိုင် ပေးနိုင်တဲ့ အဖြေကို 'အာနာ' 'ကီ'က ဘာကြောင့် တောင်းနေရတာလဲ အရှင်မရယ်။ ပြီးတော့လဲ ကျွန်ုပ်ဟာ သင့်ရဲ့ အကျိုးနှံ့ဆုံး ကျွန်ဖြစ်ပါလျက် ရန်သူလို့ ဘာကြောင့် 'အာနာ'ကို ပြောရသလဲ"

ဖီ ॥ ॥ "အာမွန် ဘုရားကျောင်းထဲမှာ သင်နောက်ဆုံး ပြောသွားတဲ့ စကားတွေကို 'အာနာ'က မကြားဖူးတဲ့လား"

ကီ ॥ ॥ "သူ ကြားတယ်ဆိုတာ ယုံမှားစရာ မရှိပါဘူး။ နို့ပေမယ့် သင့်ရဲ့ လျှို့ဝှက်တဲ့ မှော်ပညာကြောင့် သင့်ကို ရန်ငြိုးထားတဲ့အကြောင်း ဘုရားသခင်က ကျွန်ုပ်ထံမှ တစ်ဆင့် ပြောကြားတာပါပဲ။ သင်သာ မဟုတ်ဘူး၊ ကျွန်ုပ်မှာလဲ 'ရဟူဒီ ပရော်ဖက်'တွေရဲ့ အနိုင်ခံရမလားဆိုပြီး မုန်းတီးနေပါတယ်"

ဖီ ॥ ॥ "ဒါထက် သင့်ကို ဘာမှမလုပ်ဘဲနဲ့ ကျွန်ုပ်ကို ဒုက္ခပေးရအောင် အနုဘာကြောင့် လာရတာပဲ"

ကီ ॥ ॥ "သင် အထင်မှားနေပြီ သခင်မ။ ဒီကိုလာတာဟာ ဘုရားသခင်ရဲ့ ဘေးရန်က ခိုလှုံရအောင်လာတာပါ။ သခင်မကသာ သဘောတူမယ်ဆိုရင် အရှင်မင်းသားက ကျွန်ုပ်ကို မြှောက်စားမှာပါ။ ဒီအခါကျမှသာ"

ဟု စကားကို ဆုံးအောင်မပြောပဲ အထိန်းလက်ထဲမှကလေးကို လှမ်း၍ ကြည့်လိုက်သည်။

ဖီ ॥ ॥ "ဒီအခါကျမှ ဘာဖြစ်မှာလဲ မှော်ဆရာကြီးရဲ့"

'ကီ' သည် အဖြေမပေးသေးဘဲ ကျွန်ုပ်ဘက်သို့ လှည့်၍ "တားနစ်မြို့မှာ တစ်ည ကျွန်ုပ်တို့ တွေ့ကြတာ မှတ်မိသေးရဲ့လား အာနာ"

သူဆိုလိုသော ညဉ့်ကို တွေးမိသော်လည်း ကျွန်ပ်က ခေါင်းခါပြလိုက်သည်။

"သင်က တယ်ပြီး မှတ်ဉာဏ်နည်းသေးတာကို"

သူသည် လက်ထဲတွင် ကိုင်ထားသော တောင်ဝှေးကို လှမ်း၍ ကြည့်နေသဖြင့် ကျွန်ုပ်လည်း သူကြည့်သည်ကို လိုက်၍ကြည့်မိရာ တဖြည်းဖြည်းပွ၍လှုပ်ရှားစ ပြုလာသော တောင်ဝှေးကို မြင်ရသည်နှင့်ပင် ကျွန်ုပ်အဖို့ အမိပ္ပာယ်လုံလောက်ပေပြီ။

"ဘိသိက်ခွဲနေ့ညက ဆိုရင်တော့ ကျွန်ုပ် မှတ်မိပြီ"

"အဲ ... ဟုတ်ပြီ 'အာနာ'။ သင်တို့လို ကျမ်းရေးဆရာတွေ ဆိုတာက ပန်းကလေးတစ်ပွင့်ရဲ့ အနံ့တို့ ငှက်ကလေးတစ်ကောင် ပျံသွားတာတို့ ဖုန်တောထဲမှာ မြွေကလေးတစ်ကောင် တွန့်လိမ်နေတာတို့လို အသေးအမွှားလေးတွေက အစ ဂရုတစိုက် ကြည့်တတ်မှတ်တတ်တယ်"

ကျွန်ုပ်က စိတ်တိုလာသဖြင့် –





"ကဲပါလေ ... ကျွန်ုပ်တို့တွေ့ကြတာ ဘာဖြစ်သလဲ"

"ဘာမှတော့ မဟုတ်ပါဘူး။ ဒီလိုပါ ... အဲဒီလိုမတွေ့ခင်ကလေးမှာ သင်နဲ့ 'လေဒီမာရဖီ'ရဲ့ ဦးလေး ရဟူဒီ 'ဂျေဗက်'နဲ့ စကားပြောနေကြတယ် မဟုတ်လား"

"ဟုတ်တယ်လေ၊ သူနဲ့စကားပြောနေတုန်းက ကျွန်ုပ်တစ်ယောက်တည်းပဲ"

"ဒီလိုမထင်နဲ့ 'အာနာ' ... ကျွန်ုပ်တို့ဟာ ဘယ်တော့မှ ကိုယ်တစ်ယောက်တည်းချည်း မဟုတ်ဘူး။ သဲပွင့်ကလေးတိုင်းမှာ နားရှိတယ်။ တိုတိုပြောရမယ်ဆိုရင် သင်နဲ့ 'ဂျေဗက်' နဲ့ ပြောကြတဲ့ စကားတွေအနက်တချို့ကို မကြားလိုက်ရပေမယ့် များသောအားဖြင့်တော့ ကျွန်ုပ် ကြားလိုက်ရတယ်"

"သင်က ဘာတွေများ ကြားလိုက်ရလို့လဲ"

"အများကြီးပဲ ... အများကြီးပဲ ... ကျွန်ုပ်စဉ်းစားပါရစေဦး။ သင်တို့ 'လေဒီမာရဖီ'ရဲ့ အကြောင်းကို ပြောကြတယ် မဟုတ်လား။ သူဟာ 'မမ်းဖစ်'မြို့မှာပဲ မင်းသားရဲ့ အရိပ်အာဝါသအောက်မှ နေရကောင်းမလား။ ဒါမှမဟုတ်ရင် 'ဂိုရှန်'က ဟိုလူတစ်ယောက် သူ့နာမည်တောင် ကျွန်ုပ်မေ့နေပါပြီ။ အဲ ... သူ့ဆီကို ပြန်သွားရကောင်းမလား ဆိုတာပေါ့"

သူသည် ကလေးကို တစ်ကြိမ်ထပ်မံ၍ လှမ်းကြည့်ပြန်ရာ ကလေးသည် သူ့အကြည့်ကို ခံစားရဟန်ဖြင့် ရုတ်တရက် နိုးလာပြီးလျှင် လက်ကလေးများဖြင့် လေကို ပုတ်ခတ်လျက် ရှိလေ၏။ အထိန်းမိန်းမလည်း ဖွန်ပလွန်ပင် တစ်ပင်၏ နောက်ကွယ်သို့သွား၍ ရပ်နေလေသည်။ ထိုအခါ 'မာရဖီ' က တုန်လှုပ်သည့်အသံဖြင့် –

"ကဲပါလေ ... အဲဒီစကားတွေထားပြီး သင်အလိုရှိတာသာ ပြောစမ်းပါ"

သူသည် အဖြေမပေးဘဲ အထိန်းနှင့်ကလေးတို့ ဝင်ရောက် ပျောက်ကွယ်သွားသော သစ်ပင်ကို လှမ်းကြည့်လေသည်။

မာရဖီက ငိုသံနှင့် –

"အို ... ကျွန်ုပ်သိပြီ။ သင်က ကျွန်ုပ်ကို မုန်းတီးလို့ ကျွန်ုပ်သားကလေးကို ခြောက်လှန့်ထားပါပြီ"

"ခွင့်လွှတ်ပါတယ် သခင်မ၊ ဒီသားတော်ကလေးကို ကျွန်ုပ်က ခြောက်လှန့်ထားတာ မဟုတ်ပါဘူး။ ပညာသည်ချင်း ဖြစ်လို့ သင့်ကိုလဲ ကျွန်ုပ် မုန်းပါ့မလား။ ကျွန်ုပ်ထက် တန်ခိုးကြီးတဲ့ အာဏာရှင်တစ်ပါးရဲ့ အမိန့်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ပ်က လိုက်နာရတာပါ။ ကျွန်ပ် တောင်းဆိုချင်တာတစ်ခုနဲ့ ဒါနပြုချင်တာ တစ်ခုရှိပါတယ်"

"ဘာတောင်းဆိုချက်နဲ့ ဘာဒါနလဲ"

"တောင်းဆိုချက်ကတော့ 'ဖာရီး'နဲ့ သင်တို့ ပရော်ဖက်တွေရဲ့ လက်ထဲမှာ ကျွန်ပ်ခံစားနေရတဲ့ ဘေးအန္တရာယ်တွေက လွတ်အောင် ဒီစံအိမ်တော်မှာ ကျွန်ပ်ကို ခိုလှုံခွင့်ပေးဖို့ပါပဲ။ ဒါနကတော့ တခြားတစ်ယောက်မှာ ကျရောက်မယ့် ဘေးအန္တရာယ်တွေကို ကျွန်ပ်ရဲ့ အတတ်ပညာနဲ့ ကာကွယ်ပေးဖို့ပါပဲ" ဟု ပြောကာ 'ကီ' က သစ်ပင်ရှိရာသို့ စိုက်ကြည့်ပြန်ရာ ကလေးငိုသံကို ကျွန်ပ် ကြားလိုက်ရ၏။

အသံမှာမှာဖြင့် –

"တကယ်လို့ ကျွန်ပ်သဘောတူခဲ့ရင် ဘာဖြစ်မလဲ"

ဒီလိုဆိုရင် 'အီဂျစ်' ပြည်ရဲ့ ရင်သွေးကလေးတစ်ယောက်အပေါ်မှာ ကျရောက်မယ့် ကျိန်စာကို ကျွန်ပ်တတ်နိုင်သမျှ စောင့်ရှောက်ကာကွယ်ပေးပါ့မယ်"

"တကယ်လို့ ကျွန်ပ်က ငြင်းရင်ကော"

"ငြင်းရင်တော့ မိခင်ရဲ့ ချစ်ခြင်းနဲ့ ချစ်နေတဲ့ သူ့ကလေးဟာ မကြာခင် ကျွန်ပ်တို့ နတ်ဘုရားရဲ့ လက်တွင်းမှာ ချော့သိပ်ခြင်းခံရမှာပေါ့"

"နေပါစေ" ဟု တစ်ခွန်းတည်းပြောကာ 'မာရဗီ' သည်နောက်သို့ လှည့်၍ ထွက်သွားလေသည်။ ထိုအခါ 'ကီ'က ကျွန်ပ်အား "ကိုင်း ... 'အာနာ' ကျွန်ပ်ရဲ့ ဆုလာဒ်ကိုတောင် မတောင်းလိုက်ရသေးဘူး။ သူ ထွက်သွားပြီ။ မိန်းမတွေဟာ သိပ်ထူးဆန်းတာပဲနော်။ သင့်မှာလဲ အရင်က သားကလေး တစ်ယောက် ရှိဖူးတယ် မဟုတ်လား"

"အို ... အကျိုးမရှိတဲ့ စကားတွေ ပြောမနေစမ်းပါနဲ့ ရပ်စမ်းပါ"

ထို့နောက် ကျွန်ပ်လည်း သူ့အနီးမှ ထွက်ခဲ့လေသည်။

ဤသို့ဖြင့် 'ကီ'သည် 'ဘာကင်ခွန်းစု' ကဲ့သို့ပင် ကျွန်ပ်တို့နှင့် အတူ နေခဲ့လေသည်။ သို့သော် ကျွန်ပ်သည် သူတို့နှင့်အတူ စားသောက်ခြင်း မပြုဘဲ 'မာရဗီ'နှင့် ရဲဖန်ရံခါမျှသာ စားသောက်လေ့ရှိသော မင်းသား၏ စားပွဲသို့ သွားရောက်စားသောက်၏။

အီဂျစ်ပြည်တစ်ပြည်လုံးမှာ နွားနာရောဂါကျရောက်လျက်ရှိသဖြင့် တောင်ပေါင်းများစွာ သေကြေပျက်စီးကြကုန်၏။ 'ကီ'ကမူ ထိုထက်ပင် ဆိုးရွားသော ဘေးအန္တရာယ်များ ကျရောက်ဦးမည် ဖြစ်ကြောင်းနှင့် ကျွန်ပ်နှင့် တွေ့သော





အခါများ၌ ပြောပြ၏။ 'ဘာကင်ခွန်းစု'ကမူ ထိုကိစ္စများကို စိတ်ဝင်စားဖွယ်ရာ အဖြစ်အပျက်များဟု သဘောထားဟန် ရှိလေသည်။

သို့နှင့်ပင် 'ဖာရီး' သည် 'ရဟူဒီ'များကို မလွှတ်သေးဘဲ ရှိနေရာ၊ အနာရောဂါများသည်လည်း နွားမှ လူများသို့ ကူးစက်လျက် ရှိတော့၏။

'အီဂျစ်' ပြည်ကြီးကား 'ဆက်တီ' အပေါ်သို့ တဖြည်းဖြည်း စိတ်ညွတ်စ ပြုလာလေသည်။ မင်းသားသည် ရဟူဒီများအား နှိမ်နင်းမည့်ဝါဒကို ဆန့်ကျင်ခဲ့၍ သူ၏အကြံမအောင်မြင်သောအခါ ထီးနန်းဆက်ခံရမည့် အခွင့်အရေးကို စွန့်လွှတ်ခဲ့၏။ သို့ဖြစ်၍ 'အာမင်မီ'ကို နန်းချပြီးလျှင် 'ဆက်တီ' သာ ထီးနန်းအုပ်ချုပ်မင်းလုပ်ပါက သူတို့၏ ဘေးအန္တရာယ်အပေါင်းတို့သည် ရုပ်စဲငြိမ်းချမ်းခြင်းသို့ ရောက်လိမ့်မည်ဟူ၍ တိုင်းသူပြည်သားများက ယူဆကြ၏။ သို့ဖြင့် သူတို့သည် 'အာမင်မီ'အား တော်လှန်ခြားနားပါမည့် အကြောင်း သူ့အား ထောက်ခံအားပေးကြမည်ဖြစ်ကြောင်း သူ့အား ထောက်ခံအားပေးကြမည်ဖြစ်ကြောင်း ကတိထားကာ မင်းသားထံသို့ တိတ်တဆိတ် သဝဏ်လွှာများကို ပို့ဆက်ခြင်းပြုကြ၏။ သို့ရာတွင် 'ဆက်တီ'ကမူ ယခုလက်ရှိ အခြေအနေနှင့်ပင် ပျော်ရွှင်နေပြီဖြစ်၍ ထီးနန်းစည်းစိမ်ကို မလိုကြောင်း ပြန်ပြောကာ မည်သူ၏ စကားကိုမျှ လက်ခံနားထောင်ခြင်း မပြုချေ။ သို့ဖြစ်သည့်တိုင်အောင် သူလျှိုများမှတစ်ဆင့် ထိုအကြောင်းများကို ကြားသိရသော 'ဖာရီး'သည် ဝန်တို မိစ္ဆာစိတ်များ ပွားများလာသည်ဖြစ်၍ 'ဆက်တီ'အား သုတ်သင်ရန် အကြံများ ထုတ်လေသည်။

ပထမအကြံကိုကား 'ယူဆာတီ' ကျွန်ပ်ထံသို့ တမန်တစ်ယောက်ကို စေလွှတ်ကာ သတိပေး၏။ ဒုတိယအကြိမ်ကိုမူ 'ကီ'က ထူးဆန်းစွာ သိရှိ၍ လူသတ်သမားကို ဝင်းတံခါးဝ၌ ဖမ်းမိသဖြင့် အစောင့်က သုတ်သင်လိုက်၏။

◈◈◈

www.burmeseclassic.com

www.burmeseclassic.com

## ၁၅

ထိုနောက်၌ကား မိုးသီးများ အဆက်မပြတ် ပြင်းထန်စွာ ကြွေကျခြင်း၊ လေပေါင်းအနည်းငယ်ကြာသောအခါ ကျိုင်းကောင်များ ကျရောက်ခြင်း စသည်တို့ကြောင့် 'အီဂျစ်' ပြည်ကြီးမှာ တုန်လှုပ်လျက် ရှိနေတော့၏။ 'ဆက်တီ'က မိမိတို့တွင် ကျန်ရှိသမျှသော နွားများကို အကာအကွယ်များ အောက်တွင် ထားရှိရန် 'အီဂျစ်' ပြည်သားများအား အကြံပေးရာ ထိုအကြောင်းကို 'ဖာရိုး' ကြားသောအခါ ယင်းကဲ့သို့ ပြုလုပ်ခြင်းသည် 'အီဂျစ်' ပြည်၏ နတ်ဘုရားများကို စော်ကားရာ ရောက်မည်ဖြစ်၍ မပြုကြရန် အမိန့်ထုတ်လေသည်။ သို့တိုင်အောင် လူအများက ထိုအကြံအတိုင်း လိုက်နာပြုလုပ်ကြရာ ထိုသူများ၏ နွားများမှာ ချမ်းသာရာ ရကြလေသည်။ ကောင်းကင်မှ မြေကြီးသို့ တရစပ်ကျရောက်လျက်ရှိသော မိုးသီးများသည် ရေခဲပြားကြီးပမာရှိ မြင့်မားသော စွန်ပလွန်ပင်ကြီးများသည် အခွံများ အလွှားလိုက် ကွာထွက်ကုန်ကြ၏။ ပြင်ပ၌ မိုးသီး တိုက်ရိုက်ထိမှန်ခြင်းကို ခံရသောလူနှင့် တိရိစ္ဆာန်များကား အစိတ်စိတ်အပိုင်းပိုင်းဖြစ်ကာ သေကြေပျက်စီးကြကုန်၏။

ကျွန်ုပ်သည် မိုးသီးဟူ၍ တစ်လုံးတစ်လေမှပင် ကျရောက်ခြင်း မရှိသော အိမ်တော်ဝင်းပေါက်မှ နေ၍ ပြင်ဘက်သို့ စောင့်ကြည့်နေမိ၏။ 'မာရဖီ' လည်း ထိုနည်းတူ ကြည့်ရှုနေသည်ဖြစ်ရာ မကြာမီ 'ဘာကင်ခွန်းစု' နှင့်အတူ 'ကီ' ရောက်လာပြီးနောက် 'ကီ'က "သခင်မ ဒီအရာတွေကို ဘယ်လို ပြုလုပ်ဘယ်





ဆိုတာ သခင်မရဲ့ ကျေးကျွန်ကို ပြောပြဖို့ တောင်းပန်ပါတယ် သခင်မ" ဟု ပြောကာ ဝင်းအပြင်ဘက်မှ အပျက်အစီးများကို လက်ညှိုးညွှန်ပြလေသည်။

မာရဖီ ॥ ॥ "အီဂျစ်ပြည်ကြီးမှာ တန်ခိုးအထက်မြက်ဆုံးဖြစ်တဲ့ မှော်ဆရာကြီး 'ကီ'ကို အသိဉာဏ် ကင်းမဲ့တဲ့ မိန်းမတစ်ယောက်က အထူးအဆန်းတွေ သင်ပေးဖို့ တောင်းပန်နေရသေးသလား 'ကီ' ရယ်။ ကျွန်ုပ် ဒါတွေကို လုပ်လဲ မလုပ်ဘူး။ ဘယ်လိုဖြစ်လာတယ်ဆိုတာလဲ မသိပါဘူး"

'ဘာကင်ခွန်းစု' ကမူ ရယ်မောနေသော်လည်း 'ကီ'၏ ခပ်မှိန်မှိန် အပြုံးကား ပိုမိုထင်ရှားလေသည်။

"အားလုံးကပဲ သင်ဟာ 'နိုင်းမြစ်'ပေါ်မှာရှိတဲ့ မှော်ဆရာဥတွေထက် ပိုပြီး တတ်တယ်လို့ ပြောနေကြတယ်။ သခင်မ သင့်အိမ်တော်ကို ကာကွယ်နိုင်လို့ရှိရင် အပြစ်ကင်းမဲ့တဲ့ 'အီဂျစ်' ပြည်သားတွေကို ဘာကြောင့် သင် မကာကွယ်ရတာလဲ"

မာရဖီက ဒေါသသံဖြင့် –

"ကျွန်ုပ် မကာကွယ်နိုင်လို့ပေါ့။ ကျွန်ုပ်မှာ ဒီတန်ခိုးမျိုးလဲ မရှိပါဘူး။ 'အာမွန်' ရဲ့ ကျောင်းထဲမှာတုန်းက တန်ခိုးရှင်တစ်ဦးဦးက ကျွန်ုပ်က တစ်ဆင့် တန်ခိုးပြတာပဲ။ ကျွန်ုပ်ရဲ့ ပြစ်မှုကြောင့် တန်ခိုးသတ္တိမျိုးလဲ ဘယ်တော့မှ ကျွန်ုပ်ဆီ ပြန်မလာတော့ပါဘူး"

"ဘာပြစ်မှုလဲ သခင်မ"

"အရှင် 'ဆက်တီ'ကို ကြင်ဘက်ပြုမိတဲ့ ပြစ်မှုပေါ့"

ဟု ပြောပြီးနောက် ချက်ချင်း ထွက်သွားလေသည်။

ကျိုင်းကောင်များ ကျရောက်လာပြီးသည့်နောက်၌ကား ကျန်ရှိသမျှ ကောက်ပဲသီးနှံအားလုံး ပျက်စီးသဖြင့် ဆင်းရဲသားများမှာ ထောင်နှင့်သောင်းနှင့်ချီကာ ငတ်မွတ်ကြကုန်တော့၏။ ထိုအတွင်း ၃ ရက်တိုင်တိုင် နေ့ရော ညဉ့်ပါ မှောင်ကြီးကျရောက်လေရာ 'ဆက်တီ'၏ အိမ်တစ်ဝိုက်တွင်သာ အလင်းရောင် ရရှိလေသည်။

ကြောက်မက်ဖွယ်ကောင်းသော အရာများကား ဆထက်တပိုး တိုးလာတော့၏။ 'မမ်းဖစ်မြို့'ပေါ်မှ ထောင်ပေါင်းများစွာသော လူတို့သည် အလင်းရောင်ကို ကြည့်ရှုရန် စံအိမ်တော်၏ တံတိုင်းပြင်သို့ စုရုံးရောက်လာကြကုန်၏။ 'ဆက်တီ'က ဝင်ရောက်ခွင့်ပေးမည်ပြုရာ သူတို့နှင့်အတူ မှောင်ကြီးကျရောက်လိမ့်မည်ဟု ပြော၍ 'ကီ'က တားမြစ်၏။ မိန်းမများကလည်း အကယ်၍ 'မာရဖီ'သာ 'အီဂျစ်' နတ်ဘုရားများကို ပူဇော်ပသခြင်းပြုက ဘေးအန္တရာယ်များ ပပျောက်လိမ့်မည်ဟု ပြောဆိုလျက် ရှိကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့သည် ဝင်းပေါက်မှ စောင့်ကြည့်လျက်ရှိစဉ် 'လာဗန်' သည် ရုတ်တရက် ပေါ်လာပြီးနောက် သူနှင့်အတူ လိုက်ခဲ့ရန် ဟစ်အော်၍ ခေါ်ရာ ထိုအချိန်တွင် မင်းသား ရောက်လာသည်နှင့် အစောင့်များအား လိုက်လံဖမ်းဆီးရန် အမိန့်ပေးရာ 'လာဗန်'လည်း အမှောင်ထုထဲသို့ ဝင်ကာ ပျောက်ကွယ်သွားလေတော့၏။

မှောင်ကြီးကျရောက်ပြီးသည့်နောက် ဒုတိယနေ့တွင် ဆူပူလှုပ်ရှားမှုများ တိုးတက်လာ၍ တတိယနေ့ကား ပြောဖွယ်ရာမရှိတော့ချေ။ လူအုပ်ကြီးသည် အစောင့်စစ်သားများကို နံဘေးသို့ အတင်းတွန်းဖယ်ပြီးလျှင် အတွင်းသို့ ဝင်ရောက်ကာ သူတို့အတွက် ဆုတောင်းပေးရန် မလိုက်လျှင် 'မာရဖီ'အား အတင်းအဓမ္မ ခေါ်ယူရလိမ့်မည်ဖြစ်ကြောင်း အနူးအညွတ် ပြောဆိုကြကုန်၏။ သို့နှင့် 'ဆက်တီ'က ဤအကြောင်းကို 'ကီ'နှင့် 'ဘာကင်ခွန်းစု' တို့အား တိုင်ပင်ရာ ဤသို့လိုက်ပါဆောင်ရွက်ခြင်းဖြင့် 'မာရဖီ'တွင် ဘေးအန္တရာယ် တစ်စုံတစ်ရာ မဖြစ်နိုင်ကြောင်းဖြင့် ထောက်ခံပြောဆိုကြ၏။ မာရဖီကမူ မလိုက်လိုသဖြင့် ငြင်းဆန်လျက် ရှိလေသည်။

ထိုအခါ 'ဆက်တီ'က နူးညံ့သာယာစွာဖြင့် "ဒါတော့ သင့်သဘော အတိုင်းပါပဲ 'မာရဖီ'။ နို့ပေမယ့် သင်မလိုက်ရင် လူအုပ်ကြီးဟာ ဝရန်းသုန်းကား ဖြစ်ပြီး ကျွန်ုပ်တို့လည်း လုံးလုံးဆုတောင်းစရာမလိုတဲ့နေရာ ရောက်သွားလိမ့်မယ် ထင်တယ်" ဟု ပြောရင်း လက်ထဲမှ ကလေးကို လှမ်း၍ ကြည့်လိုက်လေသည်။

"ကိုင်း ... ကျွန်ုပ်သွားမယ်" ဟုပြောကာ၊ ကလေးကို ချီ၍ ထွက်သွားသဖြင့် ကျွန်ုပ်တို့လည်း သူ့နောက်မှ လိုက်ပါသွားရလေ၏။ 'ဆက်တီ' မှာ လူအုပ်ကြီးက ဖိသဖြင့် ကျွန်ုပ်တို့နှင့် တခြားကွဲသွားရာ 'ဘာကင်ခွန်းစု' သည် ကျွန်ုပ်ပခုံးကိုမှီ၍ လိုက်လာလေသည်။ 'ကီ'ကား ကျွန်ုပ်တို့ရှေ့သို့ ရောက်သွားနှင့်လေပြီ။ လူအုပ်ကြီးနှင့်အတူ အမှောင်ထုထဲတွင် လိုက်ပါသွားရင်း ဘုရားရှိခိုးကျောင်းသို့ ရောက်နေကြောင်း မီးရောင်တစ်ခုထိုးလိုက်သဖြင့် သိရ၏။

ကျွန်ုပ်တို့သည် ဘုန်းကြီးများ လက်တွဲ၍ ခေါ်ဆောင်ရာ နောက်သို့ တဖြည်းဖြည်း လိုက်ပါသွားရရာ ယောကျ်ား၊ မိန်းမများ ပြည့်လျက်ရှိသော အခန်းကြီးတစ်ခုထဲသို့ ရောက်သွားပြီးလျှင် သားငယ် 'ဟောရပ်'ကို ရင်ခွင်၌ ပိုက်ထားသော 'အိုင်စစ်' ရုပ်ထုကို တွေ့မြင်ရလေသည်။ ထိုအတွင်း "အို ... ကျွန်ုပ်ကို ဘယ်လို အဝတ်မျိုးတွေ ဝတ်ပေးနေကြတာလဲ" ဟူသော 'မာရဖီ'၏ အသံကို သဲ့သဲ့ကြားလိုက်ရ၏။ မကြာမီ အပေါ်သို့ မြှောက်လိုက်သော မီးခွက်များ၏ အလင်းရောင်၌ လင်းတရုပ်၊ ဦးခေါင်းတန်ဆာကို ဆင်ထားသည့် အိုင်စစ် နတ်သမီး၏ ဝတ်စားတန်ဆာများကို ဆင်ထားသော 'မာရဖီ'ကို ကုလားထိုင်





တစ်လုံးပေါ်၌ တွေ့မြင်ရလေသည်။ သူ၏ သားငယ်ကိုလည်း 'ဟောရပ်' ကဲ့သို့ ဝတ်ဆင်ထား၏။ လူအများ၏ တိုက်တွန်းချက်ကြောင့် 'မာရဖီ'သည် သူ၏ ဘုရားသခင်ထံ အမှောင်ထုကြီး ကင်းပျောက်ရန် ဆုမွန်တောင်းလျက်ရှိရာ ပရိသတ်ကလည်း ကြောက်မက်ဖွယ်ကောင်းသော ကျိန်စာကို ပြန်၍ ရုပ်သိမ်းရန် သူဆိုသည့်အတိုင်းလိုက်၍ ရွတ်ဆိုကြလေသည်။

ထိုခဏ၌ ကောင်းကင်သည် တစ်ဖြည်းဖြည်း လင်းစပြုလာပြီးနောက် နာရီဝက်မျှ မကြာမီ နေထွက်လာ၏။ 'မာရဖီ' သည် သူ့ကိုယ်မှ အဝတ်အစားများကို မြင်သောအခါ ကြောက်ရွံ့ထိတ်လန့်ကာ ဆုတ်ဖြဲပစ်ပြီးလျှင် အီဂျစ်တို့ အပေါ်၌ ဘေးအန္တရာယ်ကျရောက်ရန် ကျိန်ဆဲလေသည်။ ထိုအချိန်တွင် 'လာဗန်' သည် လူအုပ်ထဲမှ ပေါ်လာ၍ "အသင် သစ္စာဖောက်မ ... သင်သည် 'အိုင်စစ်'၏ အဝတ်များကို ဝတ်ကာ အီဂျစ်တို့ ဘုရားရှိခိုးကျောင်းအတွင်း၌ ရှိခိုးနေလေသလော" ဟု ဟစ်အော်ပြောဆိုလေသည်။

ကျွန်ုပ်က သူရှိရာသို့ ခုန်၍ အုပ်လိုက်သောအခါ 'လာဗန်' သည် လူအုပ်ထဲတွင် ကျင်လည်စွာ တိမ်းရှောင်ပျောက်ကွယ်သွားလေသည်။ ထိုအခြင်းအရာများ ဖြစ်ပျက်ပြီးသည့်နောက် 'မာရဖီ'သည် သူ၏ သားငယ်ကလေးအား မျက်စေ့အောက်မှာပင် အပျောက်မခံနိုင်တော့ချေ။

ယင်းသို့ ဖြစ်သည့်တိုင်အောင် 'ဖာရီး'သည် ရဟူဒီများအား လွှတ်ရန် ကြံရွယ်သည်ဟူ၍ မကြားရသေးသဖြင့် 'ဆက်တီ'သည် 'ဘာကင်ခွန်းစု'နှင့် ကျွန်ုပ်အား 'တားနစ်'မြို့သို့ စေလွှတ်ကာ အောက်ပါအတိုင်း 'ဖာရီး'အား လျှောက်ထားစေ၏။

"ကျွန်ုပ်အတွက် မည်သည့်အရာမျှ တောင့်တခြင်း မရှိသည့်ပြင် ဝန်တိုမိစ္ဆာစိတ်ဖြင့် ကျွန်ုပ်အပေါ်၌ သင်ကြံစည်ပြုလုပ်ခဲ့သော မကောင်းမှုများကိုပင် ကျွန်ုပ် မေ့လျော့လိုက်ပါပြီ။ သို့ရာတွင် ကျွန်ုပ်ပြောလိုသည်မှာကား ... အကယ်၍ သင်သည် ဤလူမျိုးခြားများအား သွားခွင့်မပြုပါက ကြီးမား ကြောက်မက်ဖွယ်ကောင်းသော ဘေးအန္တရာယ်များသည် သင်နှင့်တကွ အီဂျစ်ပြည်တစ်ပြည်လုံး အပေါ်သို့ မသွေမလွဲ ကျရောက်လိမ့်မည်ဖြစ်၏။ သို့ဖြစ်၍ ကျွန်ုပ်၏ တောင်းပန်ချက်ကို ကြားနာပြီးလျှင် ထိုသူများအား သွားခွင့်ပြုပါလော့"

ကျွန်ုပ်တို့သည် ဆံပင်များဖြူကာ အသားအရည်များ လျော့တွဲလျက်များစွာ အိုမင်းရင့်ရော်နေသော 'ဖာရီး'အား တွေ့ကြရလေသည်။ သူသည် တစ်မိနစ်မျှပင် ဆိုင်းငံ့ခြင်းမပြုဘဲ "သင်တို့ သခင်နဲ့ သင်တို့ကော အီဂျစ်လူမျိုးတွေက သူတို့ကို ဒီလောက်ဒုက္ခပေးနေတဲ့အတွက် ဘုရားတစ်ဆူလို ကိုးကွယ်နေကြတဲ့ ဒီရဟူဒီပရော်ဖက်ရဲ့ ကျေးကျွန်တွေပဲလား" ဟု မေးမြန်းလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖာရီး ။ ။ "ညီတော် 'ဆက်တီ'ဟာ ကပ်ရောဂါတွေက လွတ်ကင်းအောင် သူ့ကို ကာကွယ်စောင့်ရှောက်ပေးနေတဲ့ ရဟူဒီကဝေမ တစ်ယောက်ကို သိမ်းပိုက်ထားတယ်လို့ ကျွန်ုပ်ကြားရတယ်။ ကျွန်ုပ်ရဲ့ မှော်ဆရာကြီး 'ကီ'လဲ သူ့ဆီ ထွက်ပြေးသွားပြီ။ စိတ်ဓာတ်ပျက်ပြားနေတဲ့ ကျွန်ုပ်ရဲ့ တိုင်းသူပြည်သားတွေကလဲ ဒီကဝေအတတ်တွေအတွက် သူ့ကို ထီးနန်းအပ်ပါမယ်လို့ ကတိပေးကြတယ်ဆိုတာ ကျွန်ုပ်ကြားရတယ်။ သူမျှော်လင့် နေတာထက် မြင့်အောင် ကျွန်ုပ်က သူ့ကို မြှောက်လိုက်မယ်။ သတိထား နေလို့သာ သူ့ကိုပြောလိုက်ပါ။ သင်တို့ နှစ်ယောက်လဲ သူနဲ့ အတူတူ ပါသွားလိမ့်မယ်"

ကျွန်ုပ်က သူ၏ စိတ်ဖောက်ပြန်နေပုံကို တွေ့မြင်ရသဖြင့် မည်သို့မျှ ပြန်မပြောသော်လည်း 'ဘာကင်ခွန်းစု'ကမူ ကျယ်လောင်စွာ ရယ်မောပြီးလျှင်–

"အို ... 'ဖာရီး' ကျွန်ုပ်သည် အိုမင်းပြီဖြစ်သော်လည်း လူအများ၏ နှုတ်ဖျားမှ သင်၏နာမည်ပျောက်ကွယ်သွားပြီးသည့် နောက်၌ပင် အီဂျစ်ပြည်၏ သရဖူကို ဆောင်းရသူနှင့် ကျွန်ုပ်ဆက်လက်၍ စကားပြောဆိုဆွေးနွေးရဦး ဖြစ်ကြောင်းကိုကား ကျွန်ုပ်အနည်းငယ်သိရှိပါ၏။ ယခု သင်သည် ဤရဟူဒီများအား သွားခွင့်ပြုမည်လော။ သို့မဟုတ် သင်သည် အီဂျစ်ပြည်ကြီးပေါ်သို့ သေမင်းကို ယူဆောင်လာမည်လော"

"ကျွန်ုပ် သူတို့အား သွားခွင့်ပြုမည်မဟုတ်ပါ။ အင်အားကြီးမားတဲ့ တန်ခိုးသတ္တိတစ်ခုက ထိုတောင်းပန်ချက်ကို ငြင်းပယ်ရန် ကျွန်ုပ်အား အတင်း တိုက်တွန်းနေတယ်။ ကိုင်း ... သင်တို့ သွားကြပါလော့"

သို့နှင့် ကျွန်ုပ်တို့သည် ပြန်လာခဲ့ကြရာ ဤအကြိမ်သည် 'ဖာရီး'အား တာနစ် မြို့တော်၌ ကျွန်ုပ်နောက်ဆုံးတွေ့ခဲ့ရသော အကြိမ်ပင်ဖြစ်တော့၏။

'မမ်းဖစ်'မြို့သို့ ကျွန်ုပ်တို့ ပြန်ရောက်ကြ၍ ဤအကြောင်းအရာအားလုံးကို 'ဆက်တီ' အစီရင်ခံရသဖြင့် ဤအကြောင်းကို 'မာရဖီ' ကြားသိသောအခါ သူသည် ရင်ပတ်စည်တီးနှင့် ရှိုက်ကြီးတငင်ငိုကြွေးရှာလေသည်။

ကျွန်ုပ်က အကျိုးအကြောင်းမေးမြန်းရာ 'မာရဖီ'က ကျွန်ုပ်တို့အားလုံး အတွက် သေဘေးကြီးသည် နီးကပ်လာပြီဖြစ်ကြောင်း သူသည် အိုင်စစ်ဝတ်စား တန်ဆာများကို အိုင်စစ်နတ်ကွန်းထဲတွင် ဝတ်ဆင်ကာ ဝတ်ပြုခဲ့သည်ကို သူ၏ ဘုရားသည် မည်သည့်အခါမျှ ခွင့်လွှတ်လိမ့်မည် မဟုတ်ကြောင်း ပြောပြီးနောက် –

"စင်စစ်တော့ ဒါဟာ 'ကီ' ရဲ့ ဉာဏ်ပါပဲ"

ကျွန်ုပ်စိတ်တွင် သံသယဖြစ်လျက် –





"ကီက လွဲရင် ဘယ်သူမှ ဒီဉာဏ်မျိုး မရှိဘူး။ လူထုကြီးကလဲ ဒီ မှောင်ကြီးကို သင်တစ်ယောက်သာ ရုပ်သိမ်းနိုင်လိမ့်လို့ ယုံကြည်နေကြတယ်"

"ဒါတွေဟာ 'ကီ'ရဲ့ ဉာဏ်ချည်းပဲ မှောင်ထုကြီးပျောက်ကွယ်သွားတာ 'ကီ'ရဲ့ ဉာဏ်ဆိုတာ သင်မသိဘူးလား။ သူက ကျွန်ုပ်ကို မှော်ဆရာမတစ်ယောက်လို့ လူတွေက ထင်စေချင်တာကို"

"ဘာကြောင့်လဲ"

"မသိပါဘူး ... တစ်နေ့ကျရင် သူ့နေရာမှာ ယဇ်ပူဇော်ဖို့ ယဇ်ကောင် ရှာတာပေါ့။ ဒီနေရာမှာ တန်ဆာဝင်ခံဖို့လူက ကျွန်ုပ်ပဲဆိုတာ ကျွန်ုပ် သိပါတယ်"

'မာရဖီ' သည် အိပ်နေသော ကလေးကို လှမ်း၍ ကြည့်လိုက်၏။

"မကြောက်ပါနဲ့ သခင်မရယ် စံအိမ်တော်က 'ကီ' ထွက်သွားပါပြီ"

"တကယ် ထွက်သွားတာလား ထွက်သွားချင်ယောင် ဆောင်တာလားတော့ မပြောတတ်ဘူး။ သူပြန်လာလိမ့်မယ် 'အာနာ' အခုကပ်ကြီးကို ဖန်တီးတဲ့ ရဟူဒီပရော်ဖက်တွေကို မတော်လှန်နိုင်တာတစ်ကြောင်း၊ 'အာမွန်' ဘုရားရှိခိုးကျောင်းထဲမှာ ဖြစ်ပျက်တဲ့ အဖြစ်အပျက်ကြောင့်တစ်ကြောင်း အခွင့်သာရင် ကျွန်ုပ်ကို လက်စားချေဖို့ သူကြံစည်နေတယ်။ ဒါကြောင့် သူကို ကျွန်ုပ် ကြောက်တယ် 'အာနာ'။ ကျွန်ုပ်ချစ်မြတ်နိုးတဲ့ အရှင်သခင်ကြောင့်သာ မဟုတ်ရင်တော့ ကန္တာရကြီးထဲကို ကလေးပိုက်ပြီး ကျွန်ုပ်ထွက်ပြေးပြီးသားပဲ"

ထိုအချိန်မှစ၍ ရှေ့အဖို့တွင် လူများသည် မည်သည့်အရာကို ကြောက်ရွံ့သည်မသိ၊ အမြဲကြောက်ရွံ့သော တထိတ်ထိတ် တလန့်လန့် ရှိနေကြကုန်၏။ 'ရဟူဒီ'များသာ တစ်စုံတစ်ခုအတွက် ပြင်ဆင်နေသကဲ့သို့ ဝမ်းမြောက် ရွှင်လန်းစွာ ရှိနေကြလေသည်။

'မမ်းဖစ်'မြို့တွင် နေထိုင်ကြသော ရဟူဒီအမျိုးသမီးများသည်လည်း မိမိတို့ပိုင် ပစ္စည်းများကို ရောင်းချသူက ရောင်းချပြီးလျှင် အီဂျစ်လူမျိုးထံမှ စားသောက်ပွဲကြီးတစ်ခုတွင် ဝတ်ဆင်ရန်ဟုပြော၍ လက်ဝတ်လက်စား ကျောက်သံ ပတ္တမြားများကို ငှားရမ်းကြကုန်၏။ သို့နှင့် မိမိတို့နှင့် သွေးချင်း သားချင်း ဖြစ်သော 'မာရဖီ'ထံသို့ လာရောက်ကြလေသည်။ မိန်းမတစ်ယောက်သည် ကလေး၏ ဦးခေါင်းမှ ရွှေခေါင်းစွပ်ကိုပင် တောင်းရမ်းယူငင်ရာ 'မာရဖီ'က ပေးလိုက်သော်လည်း မင်းသားဝင်လာခိုက်နှင့် ကြုံသဖြင့် မင်းသားက ဒေါသထွက်ကာ ၎င်းအား ပြန်၍ထားစေ၏။

ထိုမိန်းမက "စွပ်ဖို့ ဦးခေါင်းတွေမရှိပဲ သရဖူတွေဟာ ဘာအသုံးကျ ဦးမှာလဲ"ဟု ရယ်မောပြောင်လှောင်ကာ ထွက်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါမှစ၍ 'မာရဇီ'သည် လွန်စွာ စိတ်အားငယ်လျက်ရှိရာ ထိုပျော့ညံ့သော စိတ်ဓာတ်သည် မင်းသားကိုပင် ကူးစက်သွားတော့၏။ သူသည် စိတ်အေးချမ်းစွာ မနေနိုင်ဘဲ ယခင်က ကပ်ရောဂါ ၉ ခုကို ကျော်လွန်ခဲ့သော်လည်း ယခု ၁၀ ခုသို့ ရောက်ခါနီးမှပင် အဘယ်ကြောင့် ဤမျှလောက် တုန်လှုပ်ချောက်ချားသည်ကို မသိရကြောင်းနှင့် ကျွန်ုပ်အား ပြောပြ၏။

သို့နှင့် မင်းသားက ဘုရားသခင်၏ အမျက်တော်ပြေပျောက်ရန် နည်းလမ်းမရှိပါသလောဟု 'ဘာကင်ခွန်းစု'အား မေးမြန်းရာ 'ဘာကင်ခွန်းစု'က ဘုရားသခင်တို့မည်သည် ကမ္ဘာလောကကြီးကို ဖန်တီးပြီးနောက် မည်သည်ကိုမျှ ပြုလုပ်ခြင်းမရှိပဲ ရန်ပွဲများကိုသာ ဖြစ်ပွားစေကြောင်း မနုဿလူများသည် သူတို့၏ ယဇ်ကောင်များဖြစ်ကြောင်းဖြင့် အဖြေပေးလေသည်။

စု ။ ။ "တကယ်လို့ သင်၊ အလွန်တစ်ရာ ချစ်မြတ်နိုးတဲ့ သူတစ်ယောက်ယောက် သေဆုံးခဲ့ရင်လည်း စိတ်ကိုဖြေပါ မင်းသားရယ်။ ဘာကြောင့်လဲဆိုတော့ သေခြင်းဆိုတာဟာ စင်စစ်တော့ အိပ်ပျော်အောင် ချော့သိပ်တဲ့ အထိန်းတော်ပါပဲ"

သား ။ ။ "ဒီနေ့ရက်တွေအားလုံး နောက်ဆုံး ဘယ်မှာသွားပြီးအဆုံး သပ်မလဲ 'ဘာကင်ခွန်းစု'ရဲ့"

"ဒါတော့ ကျွန်ုပ် မသိဘူး။ 'ကီ'ကိုသာ မေးကြည့်ပေတော့"

"ကီ ရဲ့အကြောင်းမပြောပြနဲ့တော့၊ ကျွန်ုပ် ဒေါသထွက်လွန်းလို့ပါ" ဟု ပြောကာ မင်းသားသည် အဝေးသို့ ထွက်သွားလေသည်။

ထိုအချိန်မှစ၍ ပျော်ရွှင်ဖွယ်ကောင်းခဲ့သော စံအိမ်တော်ကြီးသည် ဝမ်းနည်းသော အရိပ်အယောင်များ ဖုံးလွှမ်းကာ သုသာန်တစပြင်ပမာ၊ ခြောက်သွေ့လျက် ရှိလေ၏။ 'ဆက်တီ' နှင့် 'မာရဇီ'တို့ အဖို့ အစိုးရိမ် အကြောင့်ကြဆုံးသော သူကား ယခုအခါ၌ ပြေးလွှားခုန်ပေါက်လျက် တွတ်တီး တွတ်တာ ပြောတတ်လာပြီဖြစ်သော ချစ်စဖွယ်သားကလေးပင် ဖြစ်ပေတော့၏။ ဤ သူငယ်ကလေးကို မိခင် သို့မဟုတ် ဖခင်တစ်ယောက်ယောက်၏ မျက်စိအောက်မှ တစ်မိနစ်မျှပင် အလစ်မပေးဘဲ ထားရှိလေသည်။

ပူအိုက်လှသည် တစ်နေ့သော ညဉ့်ဦး၌ 'ဖာရဇီ' သည် အထိန်းဖြစ်သူအား ကလေး၏ အိပ်ရာခုတင်ကို ယူဆောင်ကာ ဆင်ဝင်အောက် တိုင်ကြီးနှစ်တိုင်ကြားတွင်ချ၍ ခင်းထားစေ၏။ ထို့နောက် သူသည် နှစ်ခြိုက်စွာ အိပ်ပျော်နေသော ကလေး၏ အိပ်ရာဘေး၌ ကုလားထိုင်တစ်လုံးဖြင့် ထိုင်လေသည်။ 'ဆက်တီ'ကမူ ကျွန်ုပ်၏ ပခုံးကိုမှီကာ စကားပြောဆိုခြင်း မပြုဘဲ 'မာရဇီ'ကိုသာ





ပြုံးပြပြီးလျှင် စကားပြောဆိုခြင်းမပြုဘဲ 'မာရဇီ'ကိုသာ ပြုံးပြပြီးလျှင် စကြံလျှောက်မြဲတိုင်း လျှောက်၍နေ၏။

ညဉ့်သည် တိတ်ဆိတ်ငြိမ်သက်၍ နေ၏။ သစ်ရွက်များသည်လည်း လှုပ်ရှားခြင်းမရှိဘဲ စူးရှသော ပိုးမွှားတိရစ္ဆာန်ကလေးများ၏ အော်သံများပင် ရပ်စဲတိတ်ဆိတ်၍ နေလေသည်။ မြို့ကြီးကား ပကတိ သုသာန်တစပြင်ကြီးပမာ ငြိမ်သက်လျက် ရှိ၏။

မကြာမီ 'ဆက်တီ' ကလေးနိုးလာ၍ သူအိပ်မက် မက်သည့် အကြောင်းနှင့် ပတ်သက်၍ မပီကလာ ပီကလာနှင့် တွတ်တီးတွတ်တာ ပြောဆိုလျက် ရှိ လေသည်။

"ဘာကိုများ အိပ်မက်လို့လဲ သားရဲ့"ဟု သူ့ဖခင်က မေးလေသည်။

ကလေးငယ်၏ ဟန်ပန်လေသံဖြင့် –

"ဘုရားကျောင်းထဲတုန်းက မယ်တော်လို ငတ်စားထားတဲ့ ငှက်မွေးဦးထုပ်နဲ့ မိန်းမကြီးတစ်ယောက်က ကျွန်ုပ်ကို လက်ကဆွဲပြီး လေထဲကို ခေါ်သွားတယ်။ အောက်ကို ငုံ့ကြည့်လိုက်တော့ ခမည်းတော်နဲ့ မယ်တော်တို့ ငိုနေတာကို မြင်ရတယ်။ အဲဒီ မိန်းမကြီးက ကျွန်ုပ်ကို အလွန်လှပတဲ့ ကြယ်ကြီးတစ်လုံးရှိရာကို ခေါ်သွားရမယ့် မငိုနဲ့တဲ့။ ကျွန်ုပ်ကို တွေ့ရအောင် အဲဒီကြယ်ကြီးဆီကို မကြာခင် မယ်တော် လိုက်လာလိမ့်မယ် ပြောတယ်"

မင်းသားနှင့် ကျွန်ုပ်သည် တစ်ယောက်ကို တစ်ယောက်လှမ်းကြည့်မိကြသည်။ 'မာရဇီ'ကမူ ကလေးကို ပြန်အိပ်ရန် ပြောဆိုရင်း သူ့ကိုယ်သူ အလုပ်ရှုပ်ဟန်ဆောင်နေသည်။ သန်းကောင်သို့ ရောက်သည့်တိုင်အောင် မည်သူမျှ အိပ်ရာဝင်ရန် စိတ်ကူးမိကြဟန် မတူချေ။ ဘိုးဘိုးကြီး 'ဘာကင်ခွန်းစု'လည်း ရောက်လာကာ ထူးခြားသော ညဉ့်၏ အကြောင်းကို စကားစ၍ ပြောမည်ပြုစဉ် လင်းနို့ကလေးတစ်ကောင်သည် ကျွန်ုပ်တို့ ဦးခေါင်းပေါ်သို့ ရောက်ရှိလာကာ ထိုမှ တဖျက်ဖျတ် လူးလာပျံသန်းနေပြီးနောက် ရုတ်တရက် မြေကြီးပေါ်သို့ ဖုတ်ခနဲ ကျသွားလေသည်။ ကျွန်ုပ်တို့ ကြည့်ရှုသောအခါ လင်းနို့ကလေးမှာ သေဆုံးနေလေပြီ။

ကျွန်ုပ်တို့ ငေးကြည့်နေခိုက် အဝေးမှ ခွေးတစ်ကောင်က ဆွဲဆွဲငင်ငင် အူလိုက်လေသည်။

ထိုခဏ၌ "အို ... ဆက်တီ ဆက်တီ၊ ဟိုမှာ သင့်သားတော်ကလေး ကြည့်ပါဦး" ဟု ထိတ်လန့်တကြား ဟစ်အော်လိုက်သော 'မာရဇီ'၏ အသံကြောင့် ကျွန်ုပ်တို့လည်း ကလေးရှိရာသို့ အပြေးအလွှား သွားရောက်ကြလေ၏။ ကလေးသည် အိပ်ရာမှ နိုးနေလျက် အပေါ်တွင် ကြောက်မက်ဖွယ်ကောင်းသော



www.burmeseclassic.com

www.burmeseclassic.com



အရာတစ်ခုကို မြင်သဖြင့် ကြည့်နေသကဲ့သို့ ပြူးကြောင်သော မျက်လုံးများဖြင့် စိုက်ကြည့်လျက် ရှိလေသည်။ သို့ရှိရာမှ ကိုယ်ပေါ်သို့ ကိုင်းညွတ်လာသော အရာဝတ္ထုတစ်ခုကို ဖက်ရမ်းတော့မည်ကဲ့သို့ လက်ကလေးများကို ဆန့်တန်းလိုက်ပြီးနောက် ရုတ်တရက် နောက်သို့ ပက်လက်လန်ကာ လဲကျသေဆုံးသွားရှာလေတော့၏။ ကျွန်ုပ်တို့သည် ကြက်သေ သေ၍ မလှုပ်မယှက် ရပ်နေမိရာ 'မာရဖီ'သာ ကလေးအလောင်းကို ကုန်း၍ ပွေ့ယူလိုက်လေသည်။

ဖိ ။ ။ "ကိုင်း ... အရှင်မင်းသား၊ ဦးလေး 'ဂျေဇက်' သတိပေးခဲ့တဲ့ သောကမီးကြီးတော့ သင့်အပေါ် ကျရောက်လာပြီ။ ရဟူဒီတွေရဲ့ ကျိန်စာလဲ ကျွန်ုပ်ရဲ့ အသည်းနှလုံးကို ထိုးဖောက်သွားပြီ။ ကျွန်ုပ်တို့ သားကလေးဟာလဲ ဒီကမ္ဘာကြီးနဲ့ မထိုက်တန်လောက်အောင် ကြီးမြင့်သွားရှာပြီ"

'မာရဖီ'လည်း ရှေ့ဖြစ်ကို ကြိုတင်သိမြင်ထားသကဲ့သို့ အေးစက် ငြိမ်သက်သော အသံဖြင့်ပြောပြီးလျှင် မင်းသားကို ဦးညွတ်ပြီးနောက် ကလေးအလောင်းကို ပွေ့ချီထွက်သွားလေ၏။ 'ဆက်တီ'သည် ကျွန်ုပ်၏ ပခုံးကို မှီလျက်ရှိရာမှ သူ၏ မျက်ရည်တစ်စက်သည် ကျွန်ုပ် လက်ပေါ်သို့ ပေါက်ခနဲ ကျလာသည်ကို သတိပြုမိ၏။ 'ဘာကင်ခွန်းစု'က မင်းသားကို မော်ကြည့်လျက် –

"သိပ်လဲ ပူဆွေးမနေပါနဲ့ အသင်မင်းသား။ အချိန်ကြာတော့ ဒီကလေးကို မေ့သွားသလို သူ့မိခင်ကိုလဲ မေ့သွားမှာပါပဲ။ သင်တောင်မှ တစ်ခါက အီဂျစ်ပြည်မှာ တန်ခိုးကြီးတဲ့ လူတစ်ယောက်ဆိုတာ နာမည်သာ ကျန်ရစ်ခဲ့မှာပါ။ ဘယ်မှာပဲဖြစ်ဖြစ် ဘဝဆိုတာ အသစ်ပြန်ပြီး စကြရစမြဲပဲ။ 'ကီ' ရဲ့ စကားဟာ မှသား မဟုတ်ပေဘူး။ ဒါကြောင့်လဲ အရှင့်ကို 'ပြန်လည်ဖွားမြင်ခြင်းရဲ့ အရှင်'လို့ ဘွဲ့ပေးထားပေတာပေါ့။ စင်စစ်တော့ ဟိုတုန်းက ဒီစကားတွေ ပြောတာ သင့်ကို ပြောတာဟာ ဒီကနေ့ည သင်စိတ်သက်သာရာ ရဖို့ပဲ"

"ကျေးဇူးတင်ပါတယ် သက်တော်ရှည်အမတ်ကြီးရယ်" ဟု ပြောကာ 'ဆက်တီ'လည်း 'မာရဖီ' နောက်သို့ လိုက်သွားလေသည်။

◈ ◈ ◈

# ၁၆

'ဘာကင်ခွန်းစု' ပြောသည့်အတိုင်းလည်း မှန်တော့၏။ 'အီဂျစ်' ပြည်တွင် မွေးဖွားစကလေးများနှင့် တိရစ္ဆာန်ငယ်ကလေးများ အများအပြား သေဆုံးကြသော်လည်း 'ဆက်တီ' အိမ်၌မူ သားတော်ကလေးတစ်ပါးသာ ဆုံးရှုံးရ၏။ သို့နှင့် ဘုရားရှိခိုးကျောင်းထဲတွင် 'အီဂျစ်'တို့ အပေါ်၌ ဘေးအန္တရာယ် ကျရောက်ရန် ရေရွတ်ကျိန်ဆဲခဲ့သော 'မာရဖီ'၏ စကားများကို အမှတ်ရသော 'အီဂျစ်' လူမျိုးတို့သည် ဒေါသပြင်းထန်စွာ ထွက်လျက် ရှိကြလေသည်။ 'မာရဖီ'သည် မှော်အတတ်ဖြင့် တိုင်းပြည်အား ခြောက်လှန့်သည့်ဟူ၍လည်းကောင်း၊ သူ့ဖခင်ကို သတ်ဖြတ်ခဲ့ဖူးသဖြင့် 'အီဂျစ်'တို့အား လက်စား ချေသည်ဟူ၍လည်းကောင်း၊ မယား 'ယူဘောတီ'ကို ပစ်ထားရန် 'ဆက်တီ'အား ပြုစားထားသူမှာ ဤ 'ကဝေမ' ပင် ဖြစ်သည်ဟူ၍ အမျိုးမျိုးစွတ်စွဲလျက် ရှိကြကုန်၏။ ဤကိစ္စများထဲတွင် 'ယူဆာတီ'နှင့် 'ကီ'တို့၏ ပရောဂကင်းဟန် မတူချေ။ 'အီဂျစ်ပြည်'၏ အချစ်တော် 'ဆက်တီ'ကိုကား မည်သူမျှ အပြစ်မပြောဘဲ 'ရဟူဒီ'မ၏ ညို့မာတ် အမိခံရခြင်းသာ ကံဆိုးလှကြောင်းဖြင့် ပြောဆိုကြကုန်သည်။ မင်းသား၏ ချစ်မြတ်နိုးသူ ဖြစ်၍သာ 'မာရဖီ'မှာ လုပ်ကြံခြင်း မခံရကြောင်း ကျွန်ုပ်ယုံကြည်မိသည်။

'ဖာရိုး'၏ သားတော်ကလေးသည်လည်း အခြားကလေးများနှင့်အတူ သေဆုံးသွားရာ နောက်ဆုံး၌ သူသည် ထိုအတွက်ကြောင့်ပေလော၊ သို့မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ရှုးသွပ်ခြင်း ပျောက်သွား၍ပေလော မသိ။ 'ရဟူဒီ'များအား မိမိတို့ သွားလိုရာ သွားရန် အမိန့်ချမှတ်လေသည်။

ထိုအချိန်၌ 'ဂျေဇက်'သည် သူ၏ ရထားမြင်းများကို အခြားသူလက်သို့ မရောက်စေလိုဟုဆိုကာ 'ဆက်တီ' ထံရောင်းချရန် 'မမ်းဖစ်' သို့ ရောက်လာ၏။ ထိုအခါ မင်းသားက ဝယ်ယူမည်ဆိုကာ ထိုကိစ္စကို ကျွန်ုပ်အား လွှဲအပ်လေသည်။ 'ဂျေဇက်' သည် ကျေးဇူးတင်လှသည့်ဟန်ဖြင့် မင်းသားအား အကြိမ်ကြိမ် ဦးညွှတ်ပြရင်း –

"အို ... အရှင်၊ ကြိုတင်ပြီး ကျွန်ုပ်ပြောခဲ့သည့်အတိုင်း အရှင် နေထိုင်ရာ ပတ်ဝန်းကျင်မှာ ဘေးအန္တရာယ်လွတ်ကင်းကြောင်း သိရသဖြင့် 'အင်း ... စင်စစ်တော့ ဒီမှာတွေ့ကြုံရတဲ့ အဆုံးဆုံးဒုက္ခကို သင်မသိရသေးလို့ ပြောနေတာပဲ။ ကျွန်ုပ် သားတော်ကလေး သေဆုံးသွားပြီ ဂျေဇက်"

"ကျွန်ုပ်သိပါတယ် အရှင် ... ဒီဆုံးရှုံးမှုဟာ အရှင့်ရဲ့ အသည်းနှလုံးကို ဓားနဲ့ခွဲသလို နေမှာမို့ ဝမ်းနည်းလှပါတယ်။ နို့ပေမယ့် ဒီနေရာမှာ အကာအကွယ်တွေ ကျွန်ုပ်ပြုလုပ်စဉ်က လနက်သမီးကို အရှင် ပေါင်းဖက်ခဲ့လို့ ရှိရင် သူ့အတွက်ကြောင့် အရှင်တို့အပေါ် ဒုက္ခကြီးစွာ ရောက်လိမ့်မယ်လို့ ကျွန်ုပ်ပြောခဲ့ဖူးတာ အရှင် မှတ်မိပါလိမ့်မယ်"

"အင်း ... ရဟူဒီတွေရဲ့ ကောင်းကျိုးကိုဆောင်ပြီး ကျွန်ုပ်က ကြိုးစားလေသမျှ ကျွန်ုပ်ကို ပြန်ပြီး ကျေးဇူးကန်းတာပဲဆိုတာ ကျွန်ုပ်က ပြောလိုတာပါပဲ။ ကိုင်း ... ကိုင်း ... သွားပေတော့"

"တစ်ခုတောင်းပန်ပါရစေ အရှင်။ ကျွန်ုပ်ရဲ့တူမ 'မာရဗီ'နဲ့ ခေတ္တစကားပြောခွင့်ပြုစေလိုပါတယ်"

"သူ ခေါင်းမြီးခြုံနေတယ်။ သူ့သား ကဝေအတတ်နဲ့ အသတ်ခံရပြီးကတည်းက ဘယ်ယောကျာ်းမှ သူ အတွေ့မခံဘူး"

"နို့ပေမယ့် သူ့ဦးလေးကိုတော့ အတွေ့ခံပါလိမ့်မယ် အရှင်"

"သင်က ဘာပြောချင်လို့လဲ"

"ကျွန်ုပ်တို့ဟာ 'ဖာရိုး'ရဲ့ ခွင့်ပြုချက်အရ နောင်ဘယ်တော့မှ ပြန်မလာဘဲ သွားရပါတော့မယ်။ ဒါကြောင့် ကျွန်ုပ်တို့ရဲ့ အမျိုးအနွယ်အကြောင်း 'မာရဗီ' ကို ပြောခဲ့ချင်လို့ပါပဲ"

"သူ့ကို ပိုပြီးစိတ်မချမ်းစေမယ့် အကြောင်းတွေများလား၊ တကယ်လို့ ကျွန်ုပ် ရှေ့မှာသာဆိုရင်တော့"

"အို ... အရှင့်ကို ဒါလောက် ဒုက္ခမပေးချင်ပါဘူး၊ ကျွန်ုပ်သွားပါတော့မယ်"





"ဒီလိုမှ သဘောမကျရင်လဲ 'အာနာ' ရှေ့မှာ တွေ့နိုင်ပါတယ်"

'ဂျေဇက်' ထွက်သွားသောအခါ မင်းသားက မျက်ရိပ်ပြလိုက်သဖြင့် ကျွန်ုပ်လည်း သူ့နောက်မှ လိုက်သွားလေသည်။ မကြာမီ ကျွန်ုပ်တို့လည်း ခြုံထည်အနက်ကို ခေါင်းမြီးခြုံကာ ဝမ်းနည်းသော အသွင်ဖြင့် တစ်ယောက်တည်း ထိုင်နေသော 'မာရဗီ'ကို တွေ့ရ၏။ သူသည် ကျွန်ုပ် ရှိနေသည်ကို နားလည်သည့်ဟန်ဖြင့် 'ဂျေဇက်'အား –

"နှုတ်ဆက်ပါတယ် ဦးလေး ... အနာဂတ်အတွက် ဟောဖို့များ ပါလာသေးသလား။ သင်နောက်ဆုံးပြောသွားတဲ့ ဟောပြောချက်က မှန်လွန်းလို့ နောက်ထပ် မပြောဖို့ တောင်းပန်ပါတယ်"

"ကျွန်ုပ် ယူဆောင်လာတာက သတင်းတစ်ခုနဲ့ တောင်းပန်ချက် တစ်ခုပါပဲ၊ သတင်းက ရဟူဒီတွေဟာ 'အီဂျစ်'က ထွက်သွားကြတော့မယ်ဆိုတဲ့ သတင်းပါပဲ။ အဲဒီနဲ့တစ်ခုလဲဖြစ်တဲ့ တောင်းပန်ချက်ကတော့ သူတို့နဲ့အတူ လိုက်ရအောင် သင်အသင့် ပြင်ထားဖို့ပဲ"

"လာဗန်ဆီကိုလား"

"မဟုတ်ပါဘူး တူမရယ်။ 'လာဗန်'က အီဂျစ်အမျိုးသား တစ်ယောက်ရဲ့ အိမ်ရှင်မဖြစ်ခဲ့ဖူးတဲ့ သူ့ကို ဇနီးအဖြစ် အလိုရှိမယ် မဟုတ်တော့ပါဘူး။ ကျွန်ုပ်တို့ လူမျိုးတွေရဲ့ ကံကြမ္မာ ဖန်တီးရာကို သင်ရဲ့ ဝေပုံကျ လိုက်ပါ ဆောင်ရွက်ဖို့ပါပဲ။ သင်ဟာ ကိုယ့်သဘောအတိုင်း ပြုလုပ်ခဲ့ပြီးပြီ။ တကယ်လို့ သင်သာ ဒီမှာ ဆက်နေမယ်ဆိုရင်တော့ သင်မုချ သေရတော့မှာပဲ"

သူ၏ မျက်လုံးများကို စိုက်ကြည့်လျက် –

"ကျွန်ုပ်သေရမယ်ဆိုတာ အသေအချာပဲလား။ ကျွန်ုပ် မဟုတ်ရင်လဲ တခြား လူတွေက သေချာနေတာပဲ"

"ဒါဖြင့် ကျွန်ုပ်ဒီမှာပဲ နေမယ်။ ကျွန်ုပ် သူ့ကိုချစ်တဲ့ အတွက်ကြောင့် သေချင်တာပဲ။ ကျွန်ုပ် သူ့ကို ပေးနိုင်တဲ့ အရာမှန်သမျှ ပေးပြီးပြီ။ သူ့ဦးခေါင်းပေါ်ကို ကျရောက်မယ့် ဒုက္ခတွေက လွဲပြီး ကျွန်ုပ် သူ့ကို ပေးစရာ ဘာမှမကျန်တော့ဘူး"

"သင်ဟာ တော်တော်ထူးဆန်းတဲ့ မိန်းမတစ်ယောက်ပဲ"

"တခြား ကလေးတွေနဲ့ အတူအသတ်ခံရတဲ့ ကျွန်ုပ်သားဟာ ကျွန်ုပ်ရဲ့ အသက်ပဲ။ အဲဒီတော့ ... ကျွန်ုပ်သား ရှိတဲ့နေရာမှာ ကျွန်ုပ်နေရမယ်။ သင် နားလည်ရဲ့လား"

"သင့်အသက်ကို တာရှည်အောင် လုပ်ပါ။ ငယ်ငယ်ရွယ်ရွယ် ရှိသေးတာပဲ။ နောက်ထပ် သားသမီး ရနိုင်ပါသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်ုပ် မြတ်နိုးသူကို ပြုစုလုပ်ကျွေးနိုင်တဲ့ အသက်ကိုသာ ကျွန်ုပ် ဂရုစိုက်တော့မယ်။ ပြီးတော့ ကျွန်ုပ် နောက်ထပ် သားသမီး မလိုချင်တော့ပါဘူး။ သေဆုံးသွားတဲ့ ကလေးက ကျွန်ုပ်ရဲ့ အသည်းနှလုံးကို အားလုံး ပိုင်ဆိုင်သွားပြီ" နို့ပေမယ့် ဘာပဲဖြစ်ဖြစ်၊ သင်ဟာ သူပုန်တစ်ယောက်ပဲ ......"မာရဖီ"။ ကောင်းကင်မှာဖြစ်စေ၊ မြေကြီးမှာဖြစ်စေ၊ ဒီလိုသူပုန်မျိုးကို ဘယ်သူက လက်သင့်ခံမတဲ့လဲ ........."

(မီးထွက်မတတ်သော မျက်လုံးများဖြင့် ကြည့်ရှုရင်း)

"ကျွန်ုပ်မုန်းတီးတဲ့ လူသတ်သမားကို လက်မထပ်တာကြောင့် သူပုန် ခေါ်သလား။ ကျွန်ုပ် ချစ်တဲ့လူကို စွန့်ပစ်ပြီး ကျွန်ုပ်အပေါ်မှာ ကောင်းကျိုးမပေးတဲ့ လူတွေဆီကို မပြန်တာကြောင့် ကျွန်ုပ်ကို သူပုန်တစ်ယောက်လို့ ခေါ်သလား။ ဒီလိုဖြင့် တန်ဖိုးအများဆုံးပေးတဲ့လူရဲက လက်ထဲကို ကျွဲတွေ နွားတွေလို ရောင်းဖို့ မိန်းမတွေကို ဘုရားသခင်က ဖန်တီးထားတာပေါ့လေ"

သူ၏ လက်များကို ဖြန့်ရင်း –

"ဒီလိုပဲ ဖြစ်နေတာပဲ"

"ကျွန်ုပ်တော့ ဘုရားသခင်ရဲက အမိန့်တော်အတိုင်း ရှင်လိုလဲရှင် သေလိုလဲသေပဲ ဦးလေးရေ"

"ဘေးအန္တရာယ် သိပ်ပြီး ကြီးတယ်နော်။ နို့ပေမယ်လေ 'အာမွန်'ကို တောင် ယဇ်ပလ္လင်ဆောင်ထဲမှာ မှုန့်မှုန့်ညက်ညက် ချေပစ်တဲ့သူကို ဘယ်လို ကျွန်ုပ် အကြောင်းပြနေလို့ ဖြစ်ပါ့မလဲ"

မာရဖီက ခေါင်းကိုဆောင့်လျက် –

"ဘုရားသခင် အာမွန်ကို ရင်ဆိုင်ဝံ့အောင် အမိန့်ကို ကျွန်ုပ်ဆီ ဆောင်ကျဉ်းလာတာ သင်ပဲဆိုတာ သင်ကောင်းကောင်း သိသားပဲ။ ဒီလိုလုပ်တာဟာ ကျွန်ုပ် မဟုတ်..."

စကားမဆုံးမီ လက်ကာပြလျက် –

"နို့ပေမယ့် ဒါကို ရဟူဒီတွေကကော အီဂျစ်တွေကတော သင့်ကို နိုင်းမြစ်ဝှမ်းတစ်လျှောက်မှာ တန်ခိုးအကြီးဆုံး မှော်ဆရာမကြီးလို့ အထင်ရောက် နေကြတယ်။ ဒီလို သတင်းကြီးနေတာဟာ ဘေးအန္တရာယ်များပြားလှတယ် တူမရယ်"

"ဒါကတော့ ကျွန်ုပ် ဖန်တီးပြုလုပ်တဲ့ကိစ္စမှ မဟုတ်ဘဲ"

"ဒါဖြင့်လဲ သင်ကိုယ်တိုင် အသက်ဘေးနဲ့ တွေ့ကြုံရလိမ့်မယ်လို့ သတိပေးပါလျက်နှင့် ကျွန်ုပ်ဝတ္တရားအတိုင်း ယခုလို အမိန့်တော်ကို သင်ငြင်းပယ်တုန်းပဲလား"





"ကျွန်ုပ် ငြင်းပယ်တယ်"

"ဒီလိုဆိုရင်လဲ သင့်ထိုက်နဲ့ သင့်ကံပေါ့လေ။ ကဲ ... သွားမယ်။ အို ဒါနဲ့ သင့်ဖခင်ဆီက အမွေရတဲ့ နွားတချို့နဲ့ သစ်သီးဥယျာဉ်တွေ ရှိနေတာကို ကျွန်ုပ် ပြောရဦးမယ်။ တကယ်လို့ သင်သွားရင် ..."

"အဲဒါတွေ အားလုံး သင်ပဲ သိမ်းယူပါလေ။ ကိုင်း ... သွားပေတော့ ဦးလေး"

'မာရဖီ' ထွက်သွားသောအခါ 'ဂျေဗက်'က –

"တကယ့်မိန်းမပေပဲ အဆွေတော် 'အာနာ'ရယ်။ သူ့ကို ကျွန်ုပ် ဘယ်တော့မှ ပြန်ပြီး မတွေ့ရ တော့မှာမို့ ဝမ်းနည်းလိုက်ပါရဲ့။ ကိုင်း ... ကျွန်ုပ် လဲ သွားရတော့မယ်။ သင့်အဖို့ ကံကောင်းပါစေ 'အာနာ'။ မင်းသားကိုလဲ နှုတ်ခွန်းဆက်သ မေတ္တာပို့သွားကြောင်း ကျွန်ုပ်ကို အမြဲသတိရဖို့အကြောင်း လျှောက်တင်လိုက်ပါ။ ပြီးတော့ သင်ကောင်းဖို့လာတဲ့ မိတ်ဆွေရှိရင်လဲ အထူးသဖြင့် 'ဖာရိုး'အမိန့်နဲ့ စစ်မှုမထမ်းပါစေနဲ့လို့ ပြောပါ။ ကိုင်း ... ကိုင်း ... သွားလိုက်ဦးမယ် အဆွေတော် အာနာ"

သူပြောသွားသည်မှာ မည်သို့အဓိပ္ပာယ်ရှိလေသနည်းဟု ကျွန်ုပ်သည် အထပ်ထပ် စဉ်းစား၏။ အဖြေကား ပေါ်၍မလာချေ။

သို့သော် မကြာမီ ကျွန်ုပ်သည် အဓိပ္ပာယ်ကို သိရှိနားလည်စ ပြုလာလေသည်။ ရဟူဒီများသည် 'အီဂျစ်' ပြည်မှ အစုလိုက် အအုပ်လိုက် ထွက်ခွာသွားကြရာ 'မမ်းဖစ်' မြို့မှ အိမ်ထောင်ကျလျက်ရှိသော အမျိုးသမီးများပင် လင်သားများကိုပစ်ကာ လိုက်ပါကြကုန်၏။ သို့နှင့် အမျိုးသမီး အချို့လည်း 'မာရဖီ' ထံ လာရောက်ကာ အဘယ်ကြောင့် သူတို့နှင့်အတူ လိုက်ပါခြင်း မပြုပါသလော ဟု မေးမြန်းကြ၏။

ဖီ ။ ။ "သင်တို့ ဘာကြောင့် ဒီလောက်သွားချင်ရတာလဲ။ သဲကန္တာရ ခရီးကြမ်းကို ဒီလောက် နှစ်သက်ကြလို့လား"

"မနှစ်သက်ပါ အရှင်မ။ 'နိုင်းမြစ်' ကြီးရဲ့ ရေသံကို နားထောင်ပြီး ဒီ မြို့မှာ နေရတာကိုပဲ ကျွန်ုပ်တို့ နှစ်သက်ပါတယ်။ နို့ပေမယ့် ကြောက်စိတ်တွေက ကျွန်ုပ်တို့ကို တိုက်တွန်းနေပါတယ်"

"ဘာကို ကြောက်တာလဲ"

"အီဂျစ် ပြည်ကြီးကို ကြောက်တဲ့စိတ်ပါ။ သူတို့တွေဟာ စည်းစိမ်ဥစ္စာကိုရော၊ ခိုလှုံဖို့ အရိပ်အာဝါသကိုရော ပေးခဲ့ကြတယ်။ ဒါကြောင့်လဲ လက်တစ်ဆုပ်စာ လူကလေးကနေပြီး လူမျိုးကြီးဖြစ်လာတာပါပဲ။ ဒါကြောင့် သူတို့ ခံစားရ



www.burmeseclassic.com

www.burmeseclassic.com



တဲ့ ဒုက္ခတွေအတွက် ဒီဟာတွေကို စိတ်နာပြီး ကျွန်ုပ်တို့ကို တစ်ယောက်မကျန် သတ်ကြပါလိမ့်မယ်"

"ဒီလိုဆိုရင် ကျွန်ုပ်လဲ ကြောက်သင့်တာပေါ့"

"မှန်ပါတယ် အရှင်မ ... နို့ပေမယ့် အရှင်မမှာတော့ မကြာမီ 'ဖာရိုး' ဖြစ်မယ်လို့ သတင်းပြေးနေတဲ့ မင်းသားရဲ့ တစ်ဦးတည်းသော ချစ်သူ ဖြစ်နေတော့ သူက စောင့်ရှောက်နိုင်ပါတယ်။ နောက်ပြီး အာမွန်ရာကို နှိမ်နင်းနိုင်တဲ့ မှော်ဆရာမကြီး တစ်ဦးဖြစ်တဲ့ပြင် သားငယ်ကို ယဇ်ပူဇော်ပြီး အိမ်တော်ပတ်ဝန်းကျင်ကို ရောဂါတွေ မရောက်အောင် ကာကွယ်နိုင်စွမ်းရှိလို့ စိုးရိမ်စရာမလိုပါဘူး"

'မာရဖီ'သည် နေရာမှ ခုန်ထကာ မိန်းမများကို ငေါက်ငန်းပစ်လိုက်သဖြင့် သူတို့လည်း လျင်မြန်စွာ ထွက်သွားကြလေသည်။ သို့နှင့် 'အီဂျစ်'ပြည်တွင် ရဟူဒီအမျိုးအနွယ်ဟူ၍ 'စန္ဒာဒေဝီ'ခေါ်တွင်သူ 'မာရဖီ'နှင့် ရဟူဒီ သွေးပါသော ကလေးအချို့သာ ကျန်ရစ်ခဲ့တော့၏။

ထိုနောက်၌ကား အီဂျစ်ပြည်သားများသည် လွန်ခဲ့သည့်နှစ်များက မိမိတို့ ခံစားခဲ့ရသော သေကြေပျက်စီးခြင်းများ ငတ်မွတ်ခေါင်းပါးခြင်းများ စသည့် ဘေးဒုက္ခအမျိုးမျိုးတို့ကို လုံးဝမေ့ပျောက်သွားကြပြီးလျှင် အပျော်ကြီးပျော်လျက် ရှိကြကုန်၏။

ဘုရားကျောင်းတိုင်း၌ နတ်ဘုရား အသီးသီးတို့အား အဝတ်အစားများဖြင့် ပန်းကုံးများ စသည်တို့ဖြင့် ပူဇော်ခြင်း ပြုကြကုန်၏။ 'နိုင်းမြစ်'နှင့် ဘာသာရေးနှင့် ဆိုင်ရာ ကန်များအတွင်း၌လည်း မီးများ ထွန်းညှိထားသော လှေများသည် ဟိုမှ သည်မှ လူးလာဆန်ခတ်သွားလာလျက် ရှိကြကုန်၏။ မင်းသား 'ဆက်တီ'ကား အာမွန်၏ ဂိုဏ်းချုပ်ဘုန်းကြီးဖြစ်သည့်အလျောက် 'မမ်းဖစ်'မြို့၏ ဘုရားကျောင်းကြီးထဲ၌ ကျင်းပသော အခမ်းအနားသို့ ဝတ္တရားအတိုင်း တက်ရောက်ရလေရာ 'ဖာရိုး' ... 'ဖာရိုး'ဟု ကြွေးကြော်ကြ၏။ မင်းသားက တားမြစ်သောအခါ တိတ်ဆိတ်သော အကြားမှ အသံတစ်သံ ထွက်ပေါ်လာလျက် "အို ... အရှင်မင်းသား။ အရှင်၏ ရင်ခွင်ထက်၌ ညဉ့်စဉ် ညဉ့်တိုင်း ရဟူဒီ မှော်ဆရာမ အိပ်စက်နေသမျှ ကာလပတ်လုံး ကြောက်ရွံ့ခြင်း မဖြစ်ပါလင့်။ အီဂျစ်ပြည်ကြီးအား ဤမျှ များပြားလှသော ကပ်ရောဂါတို့ဖြင့် တိုက်ခိုက်နိုင်သော သူသည် အရှင့်အား ဘေးရန်မှ ကာကွယ်ပေးပါလိမ့်မည်"ဟု ပြောလိုက်ရာတွင် တစ်ခဲနက်သော ကောင်းချီးပေးသံကြီးသည် ဟိန်း၍ ထွက်သွားလေသည်။

နောက်တစ်နေ့၌ 'တားနစ်'မြို့သို့ အလည်အပတ်သွားရောက်ခဲ့ရာမှ အောက်ပါသတင်း စုံလင်စွာဖြင့် ပြန်လည်ရောက်ရှိလာ၏။





'တားနစ်'မြို့၏ အကြီးဆုံးသော ဘုရားရှိခိုးကျောင်း ခမ်းမဆောင်ကြီးအတွင်း ကျင်းပသော ညီလာခံသဘင်ကြီးတွင် ရဟူဒီများ ထောင်နှင့် သောင်းနှင့်ချီကာ ထွက်ခွာသွားကြကြောင်း၊ 'ဖာရိုး'အားတင်လျှောက်ကြ၏။ အခမ်းအနားပြီးဆုံး၍ လူစုကွဲမသွားမီ 'ယူဆာတီ'က –

"အရှင် 'ဖာရိုး'မင်းမြတ်နှင့် ပရိသတ်များအား ကျွန်ုပ် မေးမြန်းလိုပါသည်။ အီဂျစ်ပြည်ကြီး၏ ရာဇဝင်တွင် မကြုံဘူးလောက်အောင် ဤရဟူဒီကျွန်များနှင့် မှော်ဆရာများသည် ကျွန်ုပ်တို့အပေါ်၌ ဘေးရန် အမျိုးမျိုးဖြင့် နှိပ်စက်စော်ကားသွားပါပြီ။ သူတို့ စုဆောင်းထားသော ပစ္စည်း၊ ဥစ္စာနှင့် ကျွဲနွားများကို ယူဆောင်သွားရုံမျှမက မည်သည့်အခါမျှ ပြန်ပေးရန် မရည်ရွယ်ဘဲ ကျွန်ုပ်တို့လူမျိုးများထံမှ ရွှေ ငွေများကိုပင် ချေးငှားယူဆောင်သွားကြပါသည်။ ယင်းကဲ့သို့ပြုမူခြင်းသည် 'ဖာရိုး'၏ အမိန့်ပေလော"

ဖာရိုးသည် အဖြေမပေးပဲ ရာဇပလ္လင်ပေါ်၌ ဦးခေါင်းငိုက်စိုက်ချကာ ရှိနေ၏။ သို့နှင့် 'ယူဆာတီ'က ဆက်လက်၍ 'ဖာရိုး'ဖြေဆိုခြင်း မပြုက ဤအမိန့်သည် ဖာရိုး၏ ညီလာခံနှင့် အီဂျစ် ပြည်သူပြည်သားများ၏ အမိန့်လော။ ကျွန်ုပ်တို့၌ စစ်ရထားပေါင်းများစွာနှင့် ထောင်ပေါင်းများစွာသော ခြေလျင် စစ်သည်များရှိနေသေး၏။ သူတို့သည် ကျွန်ုပ်တို့၏ ရန်သူ ဆီးရီးယံ လူမျိုးများအား လှုံ့ဆော်သွေးဆောင်ကာ ကျွန်ုပ်တို့အား အမဲသတ်သကဲ့သို့ သတ်ဖြတ်ရန် ပြန်လာမည်ကို ဤအတိုင်း ကြည့်နေကြမည်လော"

ထိုစကားကို ကြားသောအခါ ကြည့်နေမည် မဟုတ်ကြောင်းနှင့် လူထုကြီးက တစ်သံတည်း ဖြေဆိုလေသည်။

တီ ။ ။ "ဖာရိုးကကော–ဘယ်လို အမိန့်ရှိပါသလဲ"

ရိုး ။ ။ "သင့်သဘာဝအတိုင်း ပြုလုပ်၍ အကယ် တည့်ဘေးအန္တရာယ် ကျရောက်ကလဲ သင်နှင့်တကွ စိတ်တက်ကြွစေရန် လှုံ့ဆော်ပေးသော ဤသူအား အပေါ်သို့သာ ကျရောက်ပါစေလော။ ဤတောင်းဆိုချက်မှာ သင့်အစား သင်၏ ကြင်ရာတော် 'ဆက်တီ'ကသာ တောင်းဆိုသင့်သော အချက်ဟု ကျွန်ုပ် ထင်၏"

"ကျွန်ုပ် ကြင်ရာတော်မှာ 'မမ်းဖစ်'မြို့တွင် ကဝေမတစ်ယောက်၏ ဆံချည်တစ်ချောင်းဖြင့် တုပ်နှောင်ခြင်းခံရနေရသည်ဟု ကျွန်ုပ် ကြားသိရပါသည်"

ဤအကြောင်းကိုကား ကျွန်ုပ်မသိ၊ ကျွန်ုပ်သိရှိသည်မှာကား ကျွန်ုပ်ထံမှ ဤရဟူဒီများကို လွှတ်လိုက်စေလိုသည့် ဆန္ဒမှာလည်း မှန်ကန်ကြောင်းပင် ဖြစ်ပါသည်။ ကျွန်ုပ်ကလည်း ထိုသူများအား လွှတ်ရန် တစ်ကြိမ်မက ကြိုး[illegible]



www.burmeseclassic.com

www.burmeseclassic.com



သော်လည်း ကျွန်ုပ်မသိရသော တန်ခိုးအာနိသင်၊ တစ်ခုခုက ကျွန်ုပ်၏ နှလုံးသားကို ကျောက်ခဲကဲ့သို့ ပြောင်းလဲစေကာ ကျွန်ုပ်အလိုနှင့် ဆန့်ကျင်သော စကားလုံးများကိုသာ နှုတ်မှ ထွက်စေခဲ့ပါသည်။ သို့ဖြစ်သည့်တိုင်အောင် ကျွန်ုပ်သည် ထိုသူများအား ယခုလွတ်လပ်စွာ ထွက်သွားခွင့် ပြုခဲ့သောအခါ၌လည်း သင်တို့အားလုံးက ကျွန်ုပ်အား ဆန့်ကျင်လျက် ရှိနေကြပြန်သည်။ အကယ်၍ ကျွန်ုပ်ကသာ သင်တို့အလိုကို ငြင်းပယ်ပါက ကျွန်ုပ်၏ အသက်နှင့် ထီးနန်းစည်းစိမ်ကိုပင် ပေးအပ်ကောင်း ပေးအပ်ရလိမ့်မည် ဖြစ်ပေသည်။ ဗိုလ်မှူးများ၊ ကျွန်ုပ်၏ စစ်တပ်များအား ကျွန်ုပ်ကိုယ်တိုင် ဦးဆောင်၍ ရဟူဒီ လူမျိုးများ နောက်သို့ လိုက်လံတိုက်ခိုက်ရန် ဤ 'တားနစ်'မြို့တော်၌ အသင့်စုရုံးကာ ရှိကြစေလေ"

ထိုသတင်းစကားများကား 'ဘာကင်ခွန်းစု' ထံမှ ကြားသိရသော သတင်းစကားများ ဖြစ်လေသည်။

'ဘာကင်ခွန်းစု'၏ စကားများကို ငြိမ်သက်စွာ နားထောင်ပြီးသည့်အဆုံး၌ မင်းသားက –

"သင်ဘယ်လို ထင်သလဲ"

စု ॥ ॥ "ကျွန်ုပ်တော့ ဒီကိစ္စဆိုးရွားလာအောင် သခင်မ လှုံ့ဆော်ပေးတာဟာ ဘုန်းကြီးတွေနဲ့ စစ်တပ်ကြီးရဲ့ ပရောဂထင်တာပဲ အရှင်"

သား ॥ ॥ "ကျွန်ုပ်လဲ ဒီလိုထင်တာပဲ"

ထိုခဏ၌ 'လေဒီမာရဖီ' သည် အတွင်းသို့ ဝင်လာ၍ –

"ဖာရိုးဟာ ရဟူဒီတွေရဲ့နောက်ကို စစ်တပ်ကြီးနဲ့ လိုက်မလို့ဆိုတာ ကျွန်ုပ် ကြားရပါတယ် အရှင်။ ဒီစစ်တပ်ကြီးနဲ့ အရှင်လိုက်မသွားအောင် တောင်းပန်ဖို့ ကျွန်ုပ်လာခဲ့ပါတယ်"

သား ॥ ॥ "ဒီဟာကတော့ သင့်ဆွေမျိုးသားချင်းတွေကို တိုက်လားခိုက်လား မလုပ်စေလိုဘူးဆိုတာ ဓမ္မတာပေါ့ ကြင်ရာတော်ရယ်၊ ကျွန်ုပ်ကလဲ ဆန္ဒမရှိပါဘူး"

မင်းသားသည် 'မာရဖီ'နှင့်အတူ အခန်းထဲမှ ထွက်သွားသောအခါ 'ဘာကင်ခွန်းစု'က ကျွန်ုပ်အား –

"သူစိုးရိမ်တာက သူ့ဆွေမျိုးသားချင်းတွေအတွက် မဟုတ်ဘူး 'အာနာ'ရဲ့။ သူချစ်ကဲ့လူအတွက် စိုးရိမ်တာ။ သူဟာ ကဝေမတစ်ယောက် မဟုတ်ဘူးဆိုပေမယ့် ကျွန်ုပ်တို့ မသိတာကို သူသိတာတော့ မှန်တယ်"

"ဟုတ်တယ် ... ဒီဟာတော့ မှန်တယ် ..."

◈◈◈

# ၁၇

အချိန်ကား ၁၄ ရက်မျှ ကုန်လွန်သွားခဲ့ရာ ထိုအတွင်း ရဟူဒီများသည် ပရွက်ဆိတ်များကဲ့သို့ ထောင်နှင့်သောင်းနှင့်ချီ၍ ထွက်ခွာသွားကြကုန်၏။ သူတို့သွားရောက်မည့် နေရာကို အမျိုးမျိုး ထင်မြင်ချက်ပေးနေကြသော်လည်း 'ဘာကင်ခွန်းစု'ကမူ 'မီချောင်းအိုင်ကြီး' ဟူ၍လည်းကောင်း၊ 'ကျူပြင်များ၏ ပင်လယ်ကြီး'ဟူ၍လည်းကောင်း၊ ခေါ်တွင်သော ရေအိုင်ကြီးရှိရာသို့ ဦးတည်သွားကြကြောင်း။ ထိုမှတစ်ဆင့် သဲကန္တာရကြီးကို ကျော်ဖြတ်ကာ 'ဆီးရီးယား' ပြည်သို့ သွားကြမည်ဖြစ်ကြောင်း ပြောလေသည်။ ရေအိုင်ကြီးမှာ အတိုင်းမသိနက်ရှိုင်းလှ၍ သူတို့ မည်ကဲ့သို့ ဖြတ်သွားကြမည်ကို မေးသောအခါ ဤအကြောင်း 'လေဒီမာရဖီ'ထံ စုံစမ်းရန် အကြံပေး၏။ သို့နှင့် ကျွန်ုပ်က 'မာရဖီ'အား မေးမြန်းကြည့်ရာ တစ်စုံတစ်ရာ မသိပါကြောင်း သိလိုသော ဆန္ဒလည်း မရှိကြောင်းနှင့် ပြန်ပြော၍။

ထို့နောက် မည်သည့်အရပ်ကဟူ၍မသိ၊ 'ကီ'ရောက်ရှိလာပြီးလျှင် 'မာရဖီ'အား အိုင်စစ်နတ်ဘုရား၏ အဝတ်များ ဆင်မြန်းပေးခဲ့သည်မှာ မိမိ၏ဆန္ဒနှင့်ဆန့်ကျင်၍ ဘုန်းကြီးများက ပြုလုပ်ခြင်းဖြစ်ကြောင်းနှင့် 'ဆက်တီ'အား စိတ်ပြေအောင် တောင်းပန်ပြီးနောက် 'ဖာရိုး'သည် သူ၏ စစ်တပ်ကြီးကို ခေါင်းဆောင်ကာ ရဟူဒီများနောက်သို့ လိုက်ရန် ထွက်ခွာသွားပြီဖြစ်ကြောင်း ပြောပြလေသည်။

ထိုညဉ့်၌ မင်းသား 'ကီ'၊ 'ဘာကင်ခွန်းစု' နှင့် ကျွန်ုပ် 'အာနာ' တို့သည် အတော်ညဉ့်နက်အောင်ထိုင်၍ စကားပြောဆိုလျက် ရှိကြစဉ် 'မာရဖီ'သည် အိပ်



www.burmeseclassic.com

www.burmeseclassic.com



ရာမှ ရုတ်တရက် ထလာသကဲ့သို့ ဆံပင်ဖိုးရိုးဖားလျား အဝတ်အစား ဘိုသီဘတ်သီ ပြူးကြောင်ကြောင် မျက်လုံးများနှင့် ကျွန်ုပ်တို့ရှိ ရာသို့ ရောက်လာလေသည်။

မာရဖီ ။ ။ "ကျွန်ုပ် အိပ်မက်တစ်ခုမက်တယ်။ ထောင်ပေါင်းများစွာသောရှိတဲ့ ကျွန်ုပ်တို့ရဲ့ လူမျိုးတွေဟာ မြေကြီးကနေပြီး ကောင်းကင်အထိ တောက်လောက်နေတဲ့ မီးတောက်ကြီးတစ်ခုနောက်ကို လိုက်သွားကြတာကို အိပ်မက်ထဲမှာ မြင်ရတယ်။ ကြီးမားတဲ့ ရေအိုင်ကြီးတစ်ခုနားကို သူတို့ ရောက်လာကြတော့ 'ဖာရိုး' နဲ့ သူရဲ့ စစ်တပ်ကြီးကလဲ သူတို့နောက်က အပြင်းချီလာနေကြတယ်။အဲဒါနဲ့ ကျွန်ုပ်တို့ လူမျိုးတွေကလဲ ရေပြင်ကြီးထဲကို တအားပြေးဆင်းကြတဲ့အခါမှာ ရေပြင်ကြီးဟာ ပကတိ မာကျောတဲ့ ကုန်းပြင်ကြီးလို သူတို့ ခြေအောက်မှာ ကြံ့ကြံ့ကြီးခံနေသတဲ့။ အဲဒီအခါမှ 'အီဂျစ်' နတ်ဘုရားတွေ အသီးသီး ပေါက်ပေါက်လာကြပြီး သူတို့ကို နောက်ပြန်ဆုတ်ခိုင်းတယ်။ နို့ပေမယ့် သူတို့က နားမထောင်ဘဲ ငြင်းဆန်ကြပြီး နတ်ဘုရားတွေကိုပါ သူတို့နဲ့အတူ ဆွဲခေါ်ပြီး ရေထဲကို ပြေးဆင်းသွားကြတယ်။ အဲဒီနောက်တော့ မှောင်ကြီးကျသွားပြီး မှောင်ကြီးထဲမှာ အော်ကြဟစ်ကြတဲ့ အသံတွေရော အားရပါးရ ရယ်မောလိုက်တဲ့ ရယ်သံကြီးတစ်ခုကိုရော ကြားလိုက်ရတယ်။ အဲဒါလဲ ပျောက်သွားရော လမင်းကြီးလဲ ထွက်လာပြီး ရေပြင်ကြီးပေါ်မှာ သာနေတာကို တွေ့ရတာပဲ။ ဒီအိပ်မက်ကို တစိတ် ဖတ်ပေးစမ်းပါ မှော်ဆရာကြီး 'ကီ'ရယ် ........."

"အိပ်မက်သူကိုယ်တိုင်က အနာဂတ်ကို ကြိုမြင်နိုင်သူ ဖြစ်နေပြီဟာ ပြောစရာလိုသေးသလား သခင်မရယ်"

"သင်ဟာ ကျွန်ုပ်ကို ဘာကြောင့် အမြဲပြောင်လှောင်ချင်ရတာလဲ"ဟု ပြောရင်း 'မာရဖီ'သည် တုန်လှုပ်၍ သွားပြန်လေသည်။

ထို့နောက် အိပ်မက်အကြောင်းကို တစ်ယောက်တစ်ခွန်းပြောရင်း 'ဘာကင်ခွန်းစု'က အိပ်မက်မှာ အလွန်စင်းသော အိပ်မက်ဖြစ်ကြောင်း ပြောပြရာ 'ကီ'က ကြားဖြတ်၍ ယင်းကဲ့သို့ မင်းသား၏ အိပ်မက်မှာ အမှန်အားဖြင့် အိပ်မက်မဟုတ်ဘဲ 'အီဂျစ်'ပြည်ကြီး၏ အရှင်သခင်ကို ရည်စူး၍ တိုက်သော ကျိန်စာပင် ဖြစ်ကြောင်း ပြောပြလေသည်။

ဖီ ။ ။ "သူတို့အတွက် ကိုယ့်ရင်သွေးကို တောင် အဆုံးခံခဲ့တဲ့ ကျွန်ုပ်ဟာ ဘယ်ကျိန်စာမှ မတိုက်ပါဘူး"

ဆက်တီ။ ။ "ကပ်ရောဂါတွေရဲ့ ဘေးကိုကာကွယ်ပေးတဲ့လူက 'ဂျေဗက်' ပဲ 'ကီ'ရဲ့"

ကီ ။ ။ "အရှင်ပြောသလိုပဲ ထားပါတော့ အရှင်။ နို့ပေမယ့် ဒီအိပ်မက်အကြောင်း 'ဖာရိုး'ကို ပြောဖို့ သင့်ပါတယ်"





ဆက်တီ။ ။ "သင့်ကိုယ်တိုင် ဘာကြောင့်မပြောသလဲ"

ကီ ။ ။ "ရာထူးက ချထားတဲ့အတွက် 'ဖာရိုး'ရှေ့ရောက်ရင် ကျွန်ုပ် အသတ်ခံရပါလိမ့်မယ်"

မင်းသားသည် အခန်းထဲတွင် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်စဉ်းစား နေရာမှရပ်၍ ကျွန်ုပ်ဘက်သို့ လှည့်လျက် –

"အဆွေတော် ... 'အာနာ' ကျေးဇူးပြုပြီး ကျွန်ုပ်ရဲ့ ရထားတွေနဲ့ လူ ၁၀၀ လောက်ပါတဲ့ ရှေ့ဆောင်တပ်ဖွဲ့ကလေး တစ်ဖွဲ့နဲ့ ရထားတိုင်းအတွက် မြင်းအပိုတွေပါ အသင့်ရှိဖို့ အမိန့်ပေးလိုက်စမ်းပါ။ သင်ရယ် ကျွန်ုပ်ရယ် ဖာရိုးနဲ့ စစ်တပ်ကို လိုက်ရှာပြီး 'ဖာရိုး'ရဲ့ ပရိသတ်ကို ဖျောင်းဖျဖို့ မနက် အာရုဏ်တက်ချိန်မှာ ထွက်ကြမယ်"

မာရဖီက ငိုသံပါနှင့် "အရှင် ကျွန်ုပ်ကို တစ်ယောက်တည်းထားပြီး သွားဖို့ တောင်းပန်ပါတယ်"

"သင့်ကို ဘာလို့ ထားခဲ့ရမှာလဲ ကြင်ရာတော်ရဲ့ ကျွန်ုပ်နဲ့အတူ လိုက်ခဲ့ပေါ့"

"သင့်ကို ဘာလို့ထားခဲ့ရမှာလဲ ကြင်ရာတော်ရဲ့၊ ကျွန်ုပ်နဲ့အတူ လိုက်ခဲ့ပေါ့"

ဦးခေါင်းကို ရမ်းလျက် –

"မလိုက်ဝံ့ပါအရှင်၊ ကျွန်ုပ်ကို ကျွန်ုပ်တို့ လူမျိုးတွေဆီ ပြန်ရောက်အောင် ညို့ဓာတ်တစ်ခုခုက ဆွဲခေါ်နေပါတယ်။ ညဥ့်အချိန်မတော်ကြီး ဥယျာဉ်ထဲမှာ မြောက်အရပ်ကို မျက်နှာမူပြီး ရောက်နေတာကို ကျွန်ုပ်ကိုယ်ကျွန်ုပ် တွေ့ရတာ နှစ်ခါရှိပါပြီ။ နောက်ပြီး ကျွန်ုပ်ရဲ့ ဖခင်အသံနဲ့ 'စန္ဒာဒေဝီ' သင်၏ လူမျိုးများသည် တောကြီးကန္တာရထဲ၌ တစ်ဝဲလည်လည် ဖြစ်နေကြသဖြင့် သင်၏ အလင်းရောင်ကို အလိုရှိနေကြပါသည်လို့ ပြောတဲ့အသံတစ်သံကိုလဲ ကြားရပါတယ်။ အဲဒါကြောင့် သူတို့အနားကို ကျွန်ုပ်သွားရင် သစ်သားတုံးကို ဒီရေက ဆွဲသွားသလို ကျွန်ုပ်ကိုလဲ ဆွဲခေါ်သွားကြပါလိမ့်မယ်"

အနည်းငယ်ရယ်မောလျက် –

"ဒါဖြင့်ရင်လဲ သင်သွားတဲ့ နေရာကို ကျွန်ုပ်က လိုက်ရမှာမို့ နေမြဲနေရာမှာပဲ နေပါ 'မာရဖီ'ရယ်။ ခုလို 'မမ်းဖစ်'မြို့က မခွာချင်ဘူးဆိုရင် ကျွန်ုပ်လဲ သင်နဲ့အတူ နေရမှာပေါ့"

'ကီ' ကနှစ်ယောက်စလုံးကို စူးစိုက်ကြည့်လျက် –

"အရှင်မင်းသား ကျွန်ုပ်ကို ခွင့်လွှတ်တော်မူပါ။ နို့ပေမယ့် ကျွန်ုပ် ကျိန်းကျိန်ပြီး ပြောရမယ်ဆိုရင် မင်းသား 'ဆက်တီ' မီနက်တားဟာ သူ့ဂုဏ်အပျက်ခံ



www.burmeseclassic.com

www.burmeseclassic.com



ပြီး မိန်းမတစ်ယောက်ရဲ့ အလိုကို လိုက်လျောလိမ့်မယ်လို့ ကျွန်ုပ်ဘယ်တုန်းကမှ မထင်မိခဲ့ဘူး"

ဆက်တီက ရတ်တရက် ဆက်ခနဲ မတ်တပ်ရပ်လိုက်ပြီးလျှင် –

"သင့် စကားတွေက တယ်ပြီး စော်ကားလိုက်ပါကလားဟင်"

'ကီ'က သူ၏ နဖူးကို မြေကြီးနှင့်ထိကာ အရိုအသေပြုရင်း –

"အို ... အရှင် မှန်ကန်ခြင်းနဲ့ တရားမျှတခြင်းဆိုတဲ့ ဓမ္မတရားတွေက သာ ကျွန်ုပ်ကို မနှိုးဆော်ကြဘူးဆိုလို့ရှိရင် သွေးနဲ့ကိုယ် သားနဲ့ကိုယ်ဖြစ်တဲ့ ကျွန်ုပ်ဟာ အရှင့်ကို ဒီလို ကြမ်းတမ်းတဲ့ စကားတွေ ပြောရဲပါ့မလား။ အရှင်ရဲ့ ရင်ခွင်ထဲက ဂျိုးငှက်ဖြူကလေးရဲ့ အလိုဆန္ဒကိုလဲ ဘယ်ကျူးကျော်ဝံ့ပါ့မလဲ"

'ဆက်တီ'က ငြီးငွေ့ထိုင်းမှိုင်းသော အသံဖြင့် –

"ကီ ပြောလိုက်ရင် ဘယ်တော့မှ ရှင်းရှင်းလင်းလင်း မရှိဘူး။ နှိုးဆော်တဲ့ အကြောင်းရင်းက ဘာလဲ 'ကီ'ရဲ့"

"အကြောင်းရင်းက အီဂျစ်ပြည်ကြီးက စစ်တပ်တွေ အားလုံးရဲ့ ကံကြမ္မာဟာ အရှင့်ရဲ့ လက်ထဲမှာ ရှိနေပါတယ်။ အချိန်မရှိတော့လို့ ကျွန်ုပ် ရှင်းရှင်းပဲ ပြောပါ့မယ်"

ချစ်စဖွယ်အချောအလှကလေးလို့ မှတ်ထင်ရတဲ့ ဒီက သခင်မဟာ သူ ဘယ်လိုပဲ ငြင်းငြင်း အီဂျစ်ပြည်မှာ အကြီးဆုံးမှော်ဆရာမကြီးဖြစ်တယ် ဆိုတာ ကျွန်ုပ် ကောင်းကောင်းသိပါတယ်။ သူဟာ အီဂျစ်ပြည်ရဲ့ ဘုရားသခင်နဲ့ ယှဉ်ပြိုင် အနိုင်လည်း ယူခဲ့ပါပြီ။ ယခု သူ့အိပ်မက်တစ်ခုကို မက်ပြန်ပြီ။ ဒီအိပ်မက် မှန်တယ်ဆိုတာ ကျွန်ုပ်သိတယ်။ ဒါကြောင့် အရှင် ထီးနန်းစိုးစံတဲ့အခါမှာ မုချလို အပ်မယ့် အီဂျစ် တပ်မတော်တွေကို ကယ်ဆယ်တော်မူပါ အရှင်မင်းသား"

"အို ... ကျွန်ုပ်မှော်ဆရာမ မဟုတ်ဘူး။ နို့ပေမယ့် မှော်ဆရာကြီး ပြောတဲ့ စကားတွေဟာ အမှန်ပဲ။ အီဂျစ်ပြည်ကြီးရဲ့ စစ်တပ်တွေပေါ်မှာ သေမင်းရဲ့ ဓားဟာ ဝဲနေတယ်"

'ရသေ့များ အသင့်ပြင်ထားပါစေ'ဟု 'ဆက်တီ'က ထပ်မံ အမိန့် ပေးလိုက်လေသည်။

၈ ရက် လွန်မြောက်ပြီးနောက် ကျွန်ုပ်တို့သည် နေဝင်ချိန်တွင် ရေအိုင်ကြီးအနီးသို့ ချဉ်းကပ်လာမိကြလေ၏။ 'ဖာရိုး'၏ ရထားများ စစ်သားများနှင့် ထောင်ပေါင်းများစွာသော ရဟူဒီများ ဖြတ်သန်းသွားသဖြင့် ဖုံ၍ကျန်ခဲ့သော လမ်းကြောင်းအတိုင်း ကျွန်ုပ်တို့ကား နေ့ရော၊ ညဉ့်ပါ မရပ်မနားဘဲ 'ဖာရိုး'၏ စစ်တပ်ကြီးနောက်သို့ လိုက်ခဲ့ကြခြင်း ဖြစ်လေသည်။ ကုန်းတန်းကလေးပေါ်မှ အောက်တွင် စခန်းချနေသော စစ်တပ်ကြီးကို လှမ်းမြင်ရလေသည်။ စစ်တပ်ကြီး ရဟူဒီ





အုပ်စုကြီးရှိ၍ ၎င်းတို့၏ ရှေ့၌ကား ကျယ်ပြောလှသော ရေအိုင်ကြီး ကာဆီး လျက်ရှိကြောင်း ကျွန်ုပ်တို့ သတင်းကြားရ၏။ သို့ရာတွင် ထူးဆန်းလှသော အကြောင်းတစ်ရပ်ကြောင့် ၎င်းတို့အား မမြင်ရချေ။ ယင်းအကြောင်းကား ၎င်းတို့နှင့် 'ဖာရိုး'၏ စစ်တပ်ကြီးအကြား၌ မြေပြင်မှ ကောင်းကင်အထိ ထိုးထွက်ပေါ်ပေါက်လျက် ရှိသည်။ မည်းနက်သော တိမ်တံတိုင်းကြီးတစ်ခု ကာဆီးနေခြင်းပင် ဖြစ်လေသည်။ ခရီးသွားတစ်ယောက်ကမူ ဤတိမ်တံတိုင်းကြီးသည် နေ့အခါ၌ ရဟူဒီများ၏ ရှေ့မှ ရွှေ့လျားလိုက်ပါလျက် ညဉ့်အချိန်၌မူ မီးရှူးမီးတိုင်ကြီးသဖွယ် ပြောင်းလဲသွားလေ့ရှိကြောင်း ယနေ့ 'ဖာရိုး'၏ စစ်တပ်ကြီး ချဉ်းကပ်လာမှသာ လျှင် နောက်ဘက် ရဟူဒီ လူမျိုးများနှင့် စစ်တပ်ကြီး၏ အကြားသို့ ရွှေ့ပြောင်းလာခြင်း ဖြစ်ကြောင်း ပြောပြလေသည်။

အထက်ပါ စကားများကို ကြားကြရသောအခါ ကျွန်ုပ်တို့သည် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ရင်း ငြိမ်သက်နေမိရာမှ မင်းသားက ရယ်မောလိုက်လျက် –

"ကျွန်ုပ်တို့ 'ကီ'ကို အတင်းအကြပ် ခေါ်လာခဲ့ဖို့ ကောင်းတယ်။ ထူးခြားလှတဲ့ ဒီအခြင်းအရာမျိုးကို သူတစ်ယောက်သာ ရှင်းပြနိုင်မယ့်လူ ရှိတယ်"

ဘာကင်ခွန်းစု။ "ကျွန်ုပ်တို့ 'မမ်းဖစ်' ကထွက်လာကာနီး ဆဲဆဲမှာပဲ သီးဗီးမြို့ဘက်ကို သူထွက်သွားတာ ကျွန်ုပ်မြင်လိုက်ရပါတယ်"

ကျွန်ုပ် ။ ။ "ယခု ကျွန်ုပ်တို့ ဒီကိုရောက်လာကြပြီ။ အရှင်မင်းသား ဘယ်လိုလုပ်မလဲ"

"ဖာရိုးရဲ့ တပ်စခန်းကို ဆင်းပြီး ကျွန်ုပ်တို့ ပြောစရာရှိတာ ပြောပေါ့ အာနာ"

"သူ နားမဒထောင်ရင်ကော အရှင်"

"ဒီလိုဆိုရင် ကျွန်ုပ်တို့ သဝဏ်လွှာကို အော်ပြောပြီး ပြန်ခဲ့ပေါ့"

"ကျွန်ုပ်တို့ကို ပြန်ခွင့်မပြုရင်ကော အရှင်"

"ဒီလိုဆိုရင်တော့ ဘုရားသခင်မ အမိန့်ချမှတ်တဲ့အတိုင်း သေလဲသေ ရှင်လဲရှင်ပေါ့"

"ကျွန်ုပ်တော့ ဘာပဲဖြစ်ဖြစ် ဒီအဖြစ်အပျက်ကိုတော့ ဆုံးခန်းတိုင်အောင် ကြည့်ချင်တဲ့ စိတ်ဖြစ်နေတယ်"

ဟု 'ဘာကင်ခွန်းစု' က ကြောက်မက်ဖွယ် ကောင်းသော အသံကြီးဖြင့် ကျယ်လောင်စွာ ရယ်မောရင်း ဝင်ပြောလိုက်သည်။

ထို့နောက် ကျွန်ုပ်တို့သည် အစားအသောက်များကို အနည်းငယ်စား သောက်ကြပြီးလျှင် ဓားသံကြပ် အကျီစသည်တို့ကို အလျှင်း ခြုံ မြန်း



www.burmeseclassic.com

www.burmeseclassic.com



ဆောင်ယူခြင်း မပြုဘဲ အခမ်းအနား ဝတ်စုံများကိုသာ ဝတ်စားဆင်ယင်လျက် ထက်ဝက်မျှသော ကျွန်ုပ်တို့၏ အစောင့်များကို ခေါ်ဆောင်ကာ 'ဖာရိုး'၏ အလံတော်များ တလူလူလွင့်လျက်ရှိသော သူ၏ တဲနန်းသို့ သွားရောက်ကြလေ၏။ ကျန်အစောင့်တပ်သားများကိုမူ အကယ်၍ ကျွန်ုပ်တို့တွင် ဘေးရန် တစ်စုံတစ်ရာ ဖြစ်ပွားက 'မမ်းဖစ်'မြို့ကြီးနှင့်တကွ အခြားမြို့ကြီးများသို့ ပြန်လည် သတင်းပေးရန် မှာကြားခဲ့လေသည်။ တဲစခန်းအနီးသို့ ကျွန်ုပ်တို့ ချဉ်းကပ်မိသောအခါ အစောင့်ကင်းတပ်သားများက 'ချဲလင့်' လုပ်ကြသော်လည်း မင်းသား 'ဆက်တီ' ဖြစ်ကြောင်း တွေ့မြင်ကြရသောအခါ တအံ့တသြ ပြောဆိုကြရင်း လှံများကို မြှောက်ကာ အရိုအသေပြု၍ ကျွန်ုပ်တို့အား ဖြတ်သွားခွင့်ပြုကြလေသည်။

နောက်ဆုံး၌ ကျွန်ုပ်တို့သည် 'ဖာရိုး'၏ တဲနန်းသို့ ရောက်ခဲ့ကြရာ အတွင်း၌ကား လေးကိုင်းသဏ္ဌာန်ရှိ စားပွဲတွင် 'ဖာရိုး'သည် ဗိုလ်မှူးများ၊ အတိုင်ပင်ခံ အမတ်များ ဘုန်းတော်ကြီးများ၊ မှော်ဆရာများခြံရံကာ ညစာစားသောက်လျက် ရှိလေသည်။ ကျွန်ုပ်တို့သည် အစောင့်တပ်သားများအား အပေါက်ဝ၌ ထားခဲ့၍ တဲနန်းအတွင်းသို့ ဝင်ရောက်သွားကြလေသည်။

အာမင်မီက ကျွန်ုပ်တို့အား လှမ်းကြည့်ရင်း –

"အခွင့်မတောင်းဘဲ အတွင်းသို့ ဝင်ရောက်လာကြသူများကား အသူနည်း"

"ဖာရိုးအတွက် သတင်းပေးရန် လာရောက်သော 'အီဂျစ်' နေပြည်တော်သား ၃ ယောက် ဖြစ်ပါသည်"

"သင်တို့ အမည်များကား မည်သူနည်း"

"ကျွန်ုပ်တို့ အမည်များမှာ 'အီဂျစ်' နန်းလျာ အိမ်ရှေ့မင်းသားဟောင်း ဖြစ်သော 'ဆက်တီ မီနက်တာ' သက်တော်ရှည် ဘိုးဘိုးကြီး 'ဘာကင်ခွန်းစု' နှင့် ဘုရင့်အဖော် ကျမ်းပြုဆရာ 'အာနာ' တို့ ဖြစ်ပါသည်"

ထိုအခါ ပရိသတ်များက နောက်မှထ၍ အရိုအသေ ပြုကြလေသည်။

"သင်နှင့် သင့်အဖော်များသည် နေရာယူ၍ စားသောက်ကြပါဦးလော့" ဆက်တီ –

"ကျေးဇူးတင်ပါသည် 'ဖာရိုး' ကျွန်ုပ်တို့အား လျှောက်ထားခွင့်ပြုပါပြီလော"

"ပြောကြားလော့ ... အသင်မင်းသား"

"အို ... 'ဖာရိုး' ... ကျွန်ုပ်၏ ခမည်းတော် 'မီနက်တာ' ဘုရင်ကြီး ကံကုန်ပြီးနောက် ကျွန်ုပ်တို့ချင်း တစ်ဦးနှင့်တစ်ဦး နောက်ဆုံးတွေ့ခဲ့ရသည့် အချိန်မှာ လပေါင်းများစွာ ရှိခဲ့ပါပြီ။ ကျွန်ုပ်အား 'အီဂျစ်' နန်းလျာအဖြစ်မှ အဘယ်





ကြောင့် ချထားလိုက်သည်ကို 'ဖာရိုး' အမှတ်ရပါလိမ့်မည်။ နတ်ရွာစံ 'မီနက်တာ' ဘုရင်ကြီးအား ရဟူဒီများကို လွှတ်လပ်ခွင့်ပေးရန် ကီစွနှင့် ပတ်သက်၍ အတိုက်အခံ ပြောဆိုခြင်းကြောင့် ကျွန်ုပ်သည် နန်းမွေခံအဖြစ်ကို စွန့်ခွာခဲ့ပါသည်။ထီးနန်းကို အသင် ဆက်ခံအုပ်စိုးနေစဉ် ကျွန်ုပ်သည် 'မမ်းဖစ်' မြို့ သားတစ်ယောက်အဖြစ်နှင့် ကျွန်ုပ်မြေယာများမှ ရရှိသော အခွန်အထုတ်များဖြင့် နေထိုင်လျက်ရှိပါသည်။ ထိုအချိန်အတွင်း၌ 'အီဂျစ်' ပြည်တွင် ကပ်အမျိုးမျိုး ဆိုက်ရောက်ခဲ့၍ နောက်ဆုံး ကပ်ထဲ၌ သင်နှင့် ကျွန်ုပ်တို့၏ သားဦးရတနာကလေးများပင် ရောနှောပါသွားခဲ့ကြပါသည်။

'ဖာရိုး' ကား "ကျွန်ုပ် ကနဦးကပင် အကြံပေးသကဲ့သို့ ရဟူဒီများကို သွားခွင့်မပြုဘဲ ငြင်းဆိုလျက်ပင် ရှိသေးသည်။ နောက်ဆုံး၌ သားဦး ရတနာကလေး ပျက်စီးသွားကာမှပင် သင်သည် သူတို့အား သွားခွင့်ပေးပါတော့သည်။ သို့ရာတွင် ယခုသော် သင်သည် ကျွန်ုပ် ခမည်းတော် ကြံစည်ခဲ့သည့်အတိုင်း ပြုလုပ်ရန်အကြံနှင့် ထိုသူတို့နောက်သို့ စစ်တပ်ကြီးနှင့် လိုက်လံလျက် ရှိ၏။ ကျွန်ုပ်အား ကြားနာပါလော့ ဖာရိုး"

"ကျွန်ုပ် ကြားနာပါသည်။ သတင်းစကားမှာ အတိုချုပ်ပင် ဖြစ်စေကာမူ ပြည့်စုံတိကျလှပါသည်။ အခြားပြောရန် ရှိပါသေးသလော"

"အို ... 'ဖာရိုး' ... ပြောရန်ရှိသည်မှာကား သင်သည် ဤရဟူဒီများ နောက်သို့ လိုက်လံခြင်းမှ ရပ်စဲလျက် သင်၏ စစ်တပ်ကြီးနှင့်အတူ နက်ဖြန်သဘက်အချိန်မဆွဲဘဲ ယနေ့ည ချက်ချင်း ပြန်လည်သွားပါရန် ကျွန်ုပ်တောင်းပန်ပါသည်"

"အဘယ်ကြောင့်နည်း အသင်မင်းသား"

"ကျွန်ုပ်၏ စံအိမ်တော်မှ ရဟူဒီလူမျိုးဖြစ်သော အမျိုးသမီးတစ်ဦး၏ အိပ်မက်ကြောင့် ဖြစ်ပါသည်"

"သင်၏ ရင်ခွင်၌ ခိုလှုံရန် လက်ခံထားသော ဤမြွေဟောက်မ အကြောင်းကို ကျွန်ုပ်တို့ ကြားဖူးပါသည်ဟု ထင်သည်။ သင်သည် ထိုနေရာမှ သင့် အီဂျစ်ပြည်ကြီးအား အဆိပ်နှင့် ဖုံးလွှမ်းခြင်း ပြုပေလိမ့်မည်။ သူ၏ အမည်မှာ 'စန္ဒာဒေဝီမာ့ရဖိ'ဟု ခေါ်ဆိုသည် မဟုတ်လော"

ဒေါသဖြင့် တုန်လှုပ်လျက် –

"ဤသည်ကား အိပ်မက်ရှင်၏ အမည်ပင် ဖြစ်ပါသည်။ 'ဖာရိုး' ကြားနာလိုက ကျွန်ုပ်၏ အဖော်များက ရှင်းလင်း ပြောပြပါလိမ့်မည်"

စားပွဲကို လက်သီးဖြင့် ထုလျက် –



www.burmeseclassic.com

www.burmeseclassic.com



"သင်သည်ကား ရဟူဒီ သူခိုးများအား သေဘေးမှ လွတ်ရန် ဉာဏ်ဆင်ခြင်းသာ ဖြစ်ဟန်တူသည် ။ ကျွန်ုပ် မကြားနာလို ..."

"ကျွန်ုပ်သည် ကလိမ်ဉာဏ်ဆင်သည့် သူတစ်ယောက်လော၊ သို့ဖြစ်က 'မမ်းဖစ်မြို့တွင် အေးဆေးစွာ နေနိုင်ပါလျက် အဘယ်ကြောင့် ဤမျှလောက် ဝေးလံသော ခရီးကို အပင်ပန်းခံ၍ သတိပေးရန် လာရောက်ပါမည်နည်း။ ကျွန်ုပ်စကားကို မလိုက်နာက သင်နှင့်တကွ ဤသူများပါ မကြာမီ အသက်ဆုံးရှုံးပျက်စီးကြရလိမ့်မည်" ဟုပြောကာ 'ဆက်တီ' သည် စားပွဲမှ လူများကို လက်ညှိုးထိုးပြလေသည်။ ထို့နောက် ဆက်လက်၍ သူတို့နှင့်အတူ အပြင်မှ စစ်တပ်ကြီးလည်း ပျက်စီးဆုံးရှုံးခြင်းသို့ ရောက်လိမ့်မည်။ သင် စကားပြန်၍ မပြောမီ ရဟူဒီများ၏ စခန်းရှေ့မှ ကာဆီးနေသော မည်းနက်သည့် တိမ်တိုက်ကြီးသည် မည်သည့်အရာဖြစ်သည်ကို ကျွန်ုပ်အား ပြောကြားပါဦးလော။ ယင်းသည်ကား တစ်ယောက်မကျန် သင်တို့၏ အရိုးများကို ကြေမွအောင် ရစ်ပတ်ဖျစ်ညှစ်မည့် ကမ္ဘာလာကြီးပင် ဖြစ်ပေသည်"

ထိုစကားကို ကြားရသောအခါ ဘုန်းကြီးများနှင့် မှော်ဆရာများမှာ တုန်လှုပ်ချောက်ချားသွားလေသည်။ 'ဖာရိုးသည် ဒေါသကို မထိန်းနိုင်တော့ဘဲ နေရာမှ ခုန်ထကာ သူ၏ဦးခေါင်းမှ သရဖူကို ဆွဲချွတ်၍ မြေပေါ်သို့ ပစ်ချလိုက်ရာ သရဖူသည် မြေကြီးပေါ်၌ လိမ့်သွားပြီးလျှင် 'ဆက်တီ'၏ ခြေရင်း၌ တည်နေတော့၏။ ထို့နောက် သူ၏ ဝတ်လုံများကို ဆွဲဆုတ်ရင်း အော်ဟစ်လျက် –

"သွေးခွဲသမား ရဟူဒီ ကဝေမ၏ အနမ်းများနှင့် အီဂျစ်ပြည်ကြီးအား ရောင်းစားခဲ့သော သင်၏ ကံကြမ္မာ ကျွန်ုပ်၏ ကံကြမ္မာနှင့် အတူတူပင် ဖြစ်ရပေမည်။ ဤသူနှင့် သူ၏ အဖော်များအား ဖမ်းဆီး၍ နံနက်အမှောင်ထု ပျောက်ကွယ်သွားပြီးနောက် ရဟူဒီများအား ကျွန်ုပ်တို့ တိုက်ပွဲဆင်သည့်အခါ၌ တပ်ဦးမှ ဗိုလ်မှူးများနှင့် အတူ နေရာချထားကြလော။ သို့မှသာ အမှန်ကို နောက်ဆုံး သိကြရလိမ့်မည်"

'ဆက်တီ' သည် 'ဖာရိုး'၏ အမိန့်ကို ဣန္ဒြေမပျက် လက်ပိုက်ကာ နားထောင်လျက် ရှိ၏။ ကိုယ်ရံတော်သားများသည် အမိန့်ကို ဆောင်ရွက်ရန် ရှေ့သို့ တိုးလာကြပြီးမှ ရပ်မြဲတိုင်း ရပ်၍ နေကြပြန်လေသည်။

ထိုအခါ 'ဘာကင်ခွန်းစု' က –

"ကျွန်ုပ်ဟာ 'ဖာရိုး'တွေ တွေ့ပေါင်းများလှပြီ။ ကိုယ်ရံတော် တပ်သားတွေက သူ့အမိန့်ကို မလိုက်နာတဲ့ 'ဖာရိုး'ရယ်လို့တော့ မတွေ့ဖူးဘူး။ ကိုင်း ကျွန်ုပ်တို့ ဝတ္တရားကုန်ပြီ။ ညအချိန်လဲ ကျရောက်လာပြီ။ ယမမင်းရဲ့ ပြည်သားတွေ ကောင်းကောင်း အိပ်စက်ပြီး နေရစခဲ့ကြပေတော့"





တဲနန်းအတွင်းမှ ထွက်ခဲ့ကြပြီးနောက် နောက်သို့ပြန်၍ ကျွန်ုပ်တို့ လှည့်ကြည့်လိုက်သောအခါ လူအားလုံးတို့မှာ လူသေများကဲ့သို့ ဖြူလျော်သော မျက်နှာများ ရှိနေသည်ကို မြင်ကြရ၏။ တဲအပြင်သို့ ရောက်လျှင် ... ကျွန်ုပ်က မင်းသားအမိန့်ဖြင့် စစ်သားများအား ကြားနိုင်လောက်သည့် အကွာအဝေးမှနေ၍ 'မာရဖီ'၏ အိပ်မက်ကို ဟစ်အော်ပြောရ၏။ ယင်းကဲ့သို့ 'ဖာရိုး'အား သစ္စာဖောက်သော စကားများကို ပြောကြားပင် ပြောကြားသော်လည်း မည်သူတစ်ဦးတစ်ယောက်မျှ ကျွန်ုပ်တို့အား တစ်စုံတစ်ရာ မပြုလုပ်သည်ကို ကျွန်ုပ်မှာ အံ့သြမိ၏။

မည်သို့ပင် ဖြစ်စေကာမူ ထိုည၌ပင် မြောက်များစွာသော 'ဖာရိုး'၏ စစ်သားများသည် စစ်တပ်မှ ထွက်ပြေးကြကုန်ရာ တဲအထဲတွင် ဘုန်းတော်ကြီးနှင့် မှူးမတ်အချို့လည်း ပါဝင်လေသည်။

ထိုည၌သည်ကား လွန်စွာပင် ထူးဆန်းသော ည၌ပေတည်း။ လေသည် အထူးပင်ငြိမ်သက်လျက် ကောင်းကင်၌ ကြယ်ဟူ၍လည်း တစ်လုံးမျှပင် မရှိချေ။ သို့သော် အီဂျစ်များ၏ တဲစခန်းရှေ့မှ မည်းနက်သော တိမ်တိုက်ကန့်လန့်ကာကြီးမှာမူ ရွေ့လျားလှုပ်ရှားကာ အသက်ဝင်၍ နေသကဲ့သို့ ရှိနေလေသည်။

သန်းခေါင်ယံအချိန်၌ အရှေ့ဘက်မှ လေကြောင်းတစ်ခုသည် ဝါဖြည်းဖြည်းတိုက်ခတ်စ ပြုလာရာ မည်မျှလောက် ပြင်းထန်လာသနည်းဆိုသော် ကျွန်ုပ်တို့မှာ လှည်းများအောက်တွင် ပြားပြားဝပ် နေနေရသည့်အထိ ဖြစ်လေသည်။ ထို့နောက် လေသည် ငြိမ်သက်သွားသဖြင့် ကျွန်ုပ်တို့သည် 'အီဂျစ်'များ၏ တဲစခန်းဆီမှလည်းကောင်း၊ ရဟူဒီများ၏ တဲစခန်းဆီမှ လည်းကောင်း၊ ဆူညံစွာ အော်ဟစ်လိုက်သော အသံများကို ကြားကြရ၏။ နောက်တစ်ခဏ၌ ငလျင်လှုပ်သကဲ့သို့ မြေကြီးသည် တုန်ဟီးလာသဖြင့် ကျွန်ုပ်တို့မှာ မြေပေါ်သို့ပင် လဲကျကြလေသည်။ ထိုအခါမှ နီရဲသည့် လရောင်အောက်တွင် အုပ်ကြီးရှိရာသို့ ရွေ့လျားနေကြသော 'ဖာရိုး'၏ စစ်တပ်ကြီးကို မြင်ကြလေသည်။

"သူတို့ ဘယ်ကိုသွားနေကြသလဲ" ဟု ကျွန်ုပ်က ကျွန်ုပ်၏ လက်မောင်းကို မှီတွယ်နေသော မင်းသားအား မေးလိုက်လေသည်။

"သေဒဏ်ခံရမယ့် နေရာကိုပေါ့။ ဘယ်နေရာလဲတော့ ကျွန်ုပ် မသိဘူး"

ထိုနောက်၌ကား ကျွန်ုပ်တို့မှာ ကြောက်ရွံ့လွန်းအားကြီးလှသောကြောင့် စကား ဆက်လက်မပြောနိုင်ကြတော့ချေ။

နောက်ဆုံး အာရုဏ်တက်ချိန်သို့ ရောက်လာသောအခါ မနုဿလူသားတို့၏ မျက်စိအမြင်တွင် ကြောက်မက်ဖွယ် အကောင်းဆုံးသော ရှုမြင်ခင်းကြီးတစ်ခုကို ကျွန်ုပ်တို့ရှေ့တွင် တွေ့မြင်ကြရလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



တိမ်တိုက်ကြီး ပျောက်ကွယ်သွားပြီးနောက် နံနက်ခင်း၏ ကြည်လင်သော အလင်းရောင်အောက်တွင် လေတိုက်သောကြောင့်ပေလော။ ငလျင်လှုပ်သောကြောင့်ပင်လောမသိ။ ကျူပင် လယ်ပြင်ကြီးမှ ရေပြင်ကြီးမှာ နစ်ခြမ်းကွဲသွားပြီးလျှင် အလယ်မှ လမ်းကြောင်းကြီးတစ်ကြောင်း ပေါ်ပေါက်လျက်ရှိသည်ကို ကျွန်ုပ်တို့ တွေ့မြင်ကြရလေ၏။ ထောင်ပေါင်းများစွာသော ရဟူဒီများသည် ရေပြင်ကြီးကို အလယ်မှ ဖြတ်သန်းကာ အဆိုပါ လမ်းကြောင်းကြီးပေါ်၌ တရွေ့ရွေ့ သွားလာလှုပ်ရှားလျက် ရှိလေရာ 'ဖာရိုး'၏ စစ်တပ်ကြီးကလည်း နောက်မှ ထက်ချပ်မကွာ လိုက်သွားလေသည်။

ဖရိုဖရဲ သွားလျက်ရှိကြသော စစ်တပ်ကြီး၏ အလယ်၌ ရွှေရောင်ရထားများကိုပင် ကျွန်ုပ်တို့ မြင်ရသဖြင့် 'ဖာရိုး' ကိုယ်တိုင်ပါရှိကြောင်း ထင်ရှားလေသည်။

"အလို ... အလို ဘယ်လိုဖြစ်ပါလိမ့်" ဟု 'ဆက်တီ'က အော်လိုက်စဉ် ဒုတိယအကြိမ်မြောက် မြေငလျင်ကြီး လှုပ်လာပြန်၏။ ထိုအခါ အိုင်ပင်လယ်ကြီးထဲမှ လှိုင်းလုံးကြီးတစ်လုံးသည် ပြင်းထန်စွာ လှုပ်ရှားထကြွလာရာ ပိရမစ်ကြီးတစ်ခု၏ ထိပ်ဖျားတစ်မျှပင် မြင့်မားလှပေ၏။ ထိုလှိုင်းလုံးကြီးသည် ရှေ့သို့တဟုန်ထိုး လိမ့်ဆင်းသွားလေရာ ၎င်း၏ ဝမ်းခေါင်းထဲ၌ အီဂျစ် စစ်တပ်ကြီးကို တခဏမျှ မြင်လိုက်ရပြီးနောက် လုံးဝမမြင်ကြရတော့ချေ။ သို့ရာတွင် ထိုခဏ၌ လှိုင်းလုံးကြီး၏ ထိပ်၌ အီဂျစ်ပြည်နတ်ဘုရားသဏ္ဍာန်ကြီးများသည် အလင်းရောင်ကြီးတစ်ခုက နင်တံကဲ့သို့သော အရာတစ်ခုနှင့် နောက်မှ လိုက်လံမောင်းနှင်လျက် ၎င်းသဏ္ဍာန်များသည် ဆူညံသော အသံကြီးတစ်ခုနှင့်အတူ ပြေး၍လာလိုက်၊ ပြန်၍သွားလိုက် ရှိနေပြီးနောက် လှိုင်းလုံးကြီးသည်လည်း ပြန်လည်လျှောကျကာ ငြိမ်သက်သွားလေ၏။

ထိုရှေ့၌ကား ရဟူဒီများသည် ဆက်လက်သွားမြဲ သွားလျက် ရှိကြပြီးနောက် မဟြာမီ တစ်ဘက်ကမ်းသို့ ချောမောစွာ ရောက်ရှိသွားကြလေ၏။ ထိုအတွင်း မှောင်ရိပ်ကြီး သန်းလာပြီးလျှင် မှောင်ရိပ်ထဲ၌ ကျွန်ုပ်သည် အတိဒုက္ခရောက်နေဟန်ဂှူသော မျက်နှာနှင့် ကျွန်ုပ်တို့ ရှေ့၌ ရပ်လျက်ရှိသော 'မာရဖီ'ကိုလည်းကောင်း၊ "အို ... ကျွန်ုပ်ကို ကယ်လှဲ့ပါ အရှင် ဆက်တီ"ဟူသော သူ၏ အသံကိုလည်းကောင်း မြင်ရ ကြားရသည် ဟု ထင်မှတ်မိလေသည်။ ထို့နောက် မာရဖီလည်း ကွယ်ပျောက်သွားလေ၏။

◈ ◈ ◈

# ၁၈

"ရထားများကို ပြင်ကြကုန်လော" ဟု 'ဆက်တီ'က ခြောက်ကပ်သော အသံကြီးဖြင့် အော်ဟစ် အမိန့်ပေးလိုက်လေသည်။

ကျွန်ုပ်တို့သည် မြင်းများကို လျင်မြန်နိုင်သမျှ လျင်မြန်စွာ ခရီးပြင်းနှင်ခဲ့ကြရာ မြို့တိုင်းရွာတိုင်းမှ ယောကျ်ား၊ မိန်းမများသည် ကျွန်ုပ်တို့ ရှိရာသို့ ပြေးထွက်လာကြပြီးလျှင် "အို ... ခရီးသည်များ 'ဖာရိုး'နှင့် သူ၏ စစ်တပ်ကြီး အိုင်ပင်လယ်ကြီးထဲ၌ နစ်မြုပ် ပျက်စီးကြသည်ဆိုခြင်းမှာ အမှန်ပင် ဖြစ်သလော" ဟု အော်ဟစ် မေးမြန်းကြကုန်၏။ သတင်းဆိုးများကား ကျွန်ုပ်တို့ မရောက်မီ ရောက်ရှိလေနှင့်လေပြီ။

ထိုအခါ 'ဘာကင်ခွန်းစု'က ထိုသတင်းမှာ အမှန်ပင်ဖြစ်ကြောင်း၊ သို့သော် ယခု 'ဖာရိုး'ဖြစ်သော သူမှာ ဤသူပင်ဖြစ်ကြောင်းနှင့် မင်းသားအား လက်ညှိုးထိုးပြလေသည်။ မင်းသားကမူ အရေးမစိုက်ဘဲ မရပ်မနားဘဲ ရှေ့သို့ ဆက်လက် မောင်းနှင်ရန်သာ အမိန့်ပေးလေ၏။ နောက်ဆုံး၌ ကျွန်ုပ်တို့သည် နေဝင်ချိန်တွင် 'မမ်းဖစ်'မြို့ တံခါးအနီးသို့ ချဉ်းကပ်မိကြလေသည်။ ထိုအခါမှ 'ဆက်တီ'က ကျွန်ုပ်ဘက်သို့ လှည့်၍ –

"ဟိုတုန်းက မမေးရဲလို့ မမေးခဲ့ရဘူး။ ပြောစမ်းပါဦး ... 'အာနာ'ရယ်။ လှိုင်းလုံးကြီး ငြိမ်သွားပြီးတဲ့နောက် မှောင်ကြီးကျလာတဲ့ အချိန်တုန်းက မိန်းမ တစ်ယောက် ကျွန်ုပ်တို့ရှေ့မှာ လာရပ်တာကို မြင်ရပြီး သူစကားပြောသလို သင် မထင်မိဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ထင်မိပါတယ် ... အရှင်"

"အဲဒီမိန်းမဟာ ... ဘယ်သူလဲ။ ဘာတွေများ ပြောသွားသလဲ"

"သူဟာ အရှင့်ကို သားရတနာတစ်ပါး ဖွားမြင်ပေးခဲ့တဲ့ သူပါ အရှင်။ သူက 'အို ... ကျွန်ုပ်ကို ကယ်လှည့်ပါ အရှင် ဆက်တီ၊ ကျွန်ုပ်ကို ကယ်လှည့်ပါ အရှင် ဆက်တီ'လို့ ပြောသွားပါတယ်"

မျက်နှာမှာ သွေးများ ဆုတ်သွားလျက် –

"ဘာမှ သံသယဖြစ်စရာ မလိုတော့ပါဘူးလေ။ ဧကန်မုချသေရှာပါပြီ 'အာနာ'ရယ်။ ဒါနဲ့ သူ့ကိုသတ်တာ ဘယ်သူလဲ အာနာ"

ကျွန်ုပ်သည် လူတစ်ယောက်၏ မျက်ခုံးများနှင့် အောက်မှ မျက်တွင်းနက်နက်၊ မျက်လုံးများ၏ ပုံသဏ္ဌာန်ကို ရထားကြမ်းပြင်ပေါ်တွင် တင်နေသော ဖုန်များပေါ်၌ လက်ညှိုးဖြင့် ရေးဆွဲပြလိုက်လေသည်။

မင်းသားက ဦးခေါင်းကို ညိတ်လျက် –

"အင်း ... ဒီလိုမှော်ဆရာကြီး တွေဟာ တခြား လူသာမန်တွေလိုပဲ သေနိုင်သလား။ မသေနိုင်ဘူးလား ဆိုတာ ကျွန်ုပ်တို့ သိကြရဦးမှာပေါ့လေ"

ကျွန်ုပ်တို့သည် 'မမ်းဖစ်'မြို့တံခါးဝ၌ ရထားများကို ရပ်လိုက်ကြ၏။ မြို့တံခါးများကို ပိတ်ထားသော်လည်း အတွင်းမှ ဆူဆူညံညံ အသံများကိုကား ကြားနေရလေသည်။

"တံခါးများကို ဖွင့်လော" ဟု ဆက်တီက တံခါးစောင့်အား အော်ပြောလိုက်ရာ တံခါးစောင့်ဗိုလ်မှူးသည် ကျွန်ုပ်တို့အား ခေါင်းပြူကြည့်လျက် တံခါးဖွင့်ရန် ကျွန်ုပ်ကို အမိန့်ပေးနေသူကား မည်သူနည်း"

"သင့်အား တံခါးဖွင့်ရန် အမိန့်ပေးသူမှာ ဖာရိုး" ဖြစ်သည်။

"ဖာရိုး ... ဖာရိုး နှင့်သူ၏ စစ်တပ်ကြီးသည် မှော်အတတ်များကြောင့် အိုင်ပင်လယ်ကြီးအတွင်းတွင် ပျက်စီးဆုံးရှုံးကြပြီဟု သေချာသော သတင်းများကို ကျွန်ုပ်တို့ ရရှိထားပြီ ဖြစ်သည်"

"ဟယ် ... အရူး၊ ဖာရိုးဟူသည် မည်သည့်အခါမျှ မသေ။ သင့်အား တံခါးဖွင့်ရန် အမိန့်ပေးသူမှာ 'ဖာရိုး ဆက်တီမီနက်တာ'ဖြစ်သည်"

ထိုအခါ ကြေးတံခါးကြီးသည် နောက်သို့လည်၍ ပွင့်သွားပြီးနောက် တံခါးစောင့်များသည် မြေပေါ်၌ ပြားပြားဝပ်လျက် ရှိကြလေ၏။ ကျွန်ုပ်က ဗိုလ်မှူးဖြစ်သူအား ရှေ့မှ ဆူညံအော်ဟစ်သံများအကြောင်းကို မေးမြန်းလေသည်။

"ကျွန်ုပ် မသိပါအရှင်။ နို့ပေမယ့် အီဂျစ်ပြည်ကြီးကို ဘေးဥပါဒ်တွေ ကျရောက်စေပြီး ဖာရိုး အာမင်မိနဲ့ သူ့စစ်တပ်တွေကိုလည်း မှော်အတတ်နဲ့ သေ





ဆုံးစေခဲ့တဲ့ ကဝေမကို ဘုရားကျောင်းရှေ့မှာ မီးရှို့သတ်နေတယ်ဆိုတာတော့ ပြောသံကြားရပါတယ်"

"မည်သူ့အမိန့်နဲ့ သတ်ရတာလဲ" ဟု ကျွန်ုပ်က ဟစ်အော်မေးလိုက်သည့်ခဏ၌ ရထားထိန်းသည် မြင်းများကို ကြာပွတ်နှင့် ရိုက်နှင်လိုက်သဖြင့် အဖြေမကြားရတော့ချေ။

ကျွန်ုပ်တို့သည် ဘုရားကျောင်းရှိရာသို့ လူအများ ပြည့်ကျပ်လျက်ရှိသော လမ်းကျယ်ကြီးတစ်လျှောက်မှ တရကြမ်း မောင်းနှင်သွားစဉ် –

"ဖာရိုးအား လမ်းဖယ်ပေးကြလော ... အရှင်သခင် ဆက်တီမီနက်တာအတွက် လမ်းဖယ်ပေးကြမင့်လော" ဟု လူအများသည် နောက်သို့ လှည့်ကြည့်ကြရာ မင်းခမ်းမင်းနား အဝတ်အစားများနှင့် မြင့်မားသော မင်းသား၏ ကြက်သရေရှိလှသော သဏ္ဌာန်ကို တွေ့မြင်ကြရသဖြင့် "ဖာရိုး ... ဖာရိုး ... ဖာရိုးအား ကြို့ဆိုကြကုန်လော" ဟု အော်ဟစ်ကြွေးကြော်ကာ ကြွေးကြော်သံကြီးမှာ မမ်းဖစ်တစ်မြို့လုံး ဖုံးလွှမ်းသွားလေသည်။

ကျွန်ုပ်တို့သည် ဘုရားကျောင်းရှေ့ ကွက်လပ်ကြီးသို့ ဆိုက်ရောက်လာလေရာ ထိုနေ၌ ကြီးမားသော ထင်းမီးပုံကြီးတစ်ပုံမှာ တဟုန်းဟုန်း တောက်လောင်လျက်ရှိသည်ကို တွေ့ရ၏။ မီးပုံကြီးရှေ့၌ တလှုပ်လှုပ် တရွရွ ရှိနေကြသော သဏ္ဌာန်များထဲတွင် ကျွန်ုပ်မှတ်မိသော သဏ္ဌာန်တစ်ခုမှာ မှော်ဆရာ အဝတ်အစားနှင့် 'ကီ'ပင် ဖြစ်၏။ မီးပုံအနီးမှ ဘုန်းကြီးတစ်စုတို့ လူချင်း ကွဲအသွားတွင် ၎င်းတို့၏ အလယ်မှ ယောကျ်ားတစ်ယောက်နှင့် မိန်းမတစ်ယောက်ကို ကျွန်ုပ်တို့ မြင်ကြလေရာ မိန်းမတစ်ယောက်မှာ ကြမ်းတမ်းစွာ ဆွဲရမ်းခြင်းခံရသကဲ့သို့ အဝတ်အစားများ စုတ်ပြတ်လျက် ဆံပင်လည်း ဖရိုဖရဲ ဖြစ်နေလေသည်။ ထိုခဏ၌ပင် မိန်းမသည် အားအင်ကုန်ခမ်းသည့် ဟန်ဖြင့် မြေပေါ်သို့ ဒူးထောက်ကျသွားခိုက် မျက်နှာကို မော့လိုက်ရာ ထိုမျက်နှာမှာ 'စန္ဒာဒေဝီ မာရဖီ'၏ မျက်နှာ ဖြစ်နေသည်ကို တွေ့ရလေ၏။

ဤအတိုင်းမှန်က မာရဖီသည် မသေသေးပေ။ သူ့နံဘေးမှ လူသည် သူ့ကို ပွေ့ထူရန် ဟန်ပြင်လိုက်၏။ ထိုသူမှာ ရုပ်ဖျက်ထားသော်လည်း မာရဖီနှင့် ဈေးစပ်ထားသည့် ရဟူဒီ လာဗန်ပင် ဖြစ်ကြောင်း သိရလေသည်။ ထိုအခိုက်တွင် 'ကီ'သည် အနီးတွင် ရပ်နေကြသော ဘုရားကျောင်းမှ ကျွန်မည်းများအား မျက်ရိပ်ပြလိုက်သဖြင့် ကျွန်များလည်း ရှေ့သို့ တိုးလာကြပြီးနောက် လာဗန်အား တင်းကြပ်စွာ ဆုတ်ကိုင်ထားကြလေ၏။ လာဗန်သည် ပြင်းထန်စွာ ရုန်းကန် အော်ဟစ်လျက် –



www.burmeseclassic.com

www.burmeseclassic.com



"သင်တို့ စစ်တပ်တွေ ဘယ်ရောက်ကုန်ပြီလဲ။ ဟဲ့ အိင်္ဂလိပ်တွေ ... ပြီးတော့ သင်တို့ရဲ့ ဖာရိုးခွေးကောင်ကော ဘယ်မှာလဲ။ ကျူပင်လယ်ကြီးထဲ သွားပြီး တူးယူကြချေလေ။ သွားတော့မယ် စန္ဒာဒေဝီရေ။ သင်ရဲ့ မဟာနွယ်ဘွား ချစ်သူက နောက်ဆုံးသင့်ကို ဘယ်လို သရဖူ ဆောင်းပေးတယ်ဆိုတာ ကြည့် ပေတော့။ အို ... သစ္စာမဲ့တဲ့ ..."

စကားကို ဆုံးအောင်မျှ မပြောနိုင်မီ ကျွန်မည်းကြီးများသည် သူ့အား မီးပုံကြီးထဲသို့ ဇောက်ထိုးလွှဲကာ ပစ်ချလိုက်ကြလေ၏။

မာရဖီသည် နေရာမှ ကြိုးစား၍ထကာ ကြည်လင်ဖူးရှသော အသံ ကလေးဖြင့် ကျွန်ုပ်တို့ ယခင်က ကြားလိုက်ရသည့်အတိုင်း "အို ... ကျွန်ုပ့်ကို ကယ်လှည့်ပါ အရှင် 'ဆက်တီ'။ ကျွန်ုပ်ကို ကယ်လှည့်ပါ အရှင်ဆက်တီ" ဟု ညည်းညူလိုက်၏။ ထိုအချိန်၌ကား ကျွန်ုပ်တို့သည် လူအုပ်ကြီးအတွင်းသို့ ထိုးဖောက်ဝင်ရောက်ကာ ရထားပေါ်မှ ခုန်ဆင်းလိုက်ကြ၏။ 'ကီ'သည် 'မာရဖီ' အား ဖမ်းဆီးရန် ကျွန်များအား မျက်ရိပ် ပြလိုက်ပြန်လေသည်။ သို့သော် မာရဖီ အား မှောင်ရိပ်ထဲမှ ရှေ့သို့ တိုးလာသော ဆက်တီကို တွေ့မြင်သွားသဖြင့် ရင်ခွင် ထဲသို့ သူ၏ ကိုယ်လုံးကလေးကို ပစ်သွင်းလိုက်၏။ ဆက်တီသည် မာရဖီ၏ နဖူးပြင်ကို တစ်ချက် နမ်းရှုပ်လိုက်ပြီးနောက် လူများဘက်သို့ မျက်နှာမူလိုက် လေသည်။

ထိုအခါ 'ဘာကင်ခွန်းစု'က လေးနက်ကျယ်လောင်သော အသံကြီးဖြင့် "ဦးခိုက်ကြကုန်လော။ အသက် ... သွေး ... အင်အား ... ဖာရိုး ... ဖာရိုး ... ဖာရိုး" ဟူ၍ အော်ဟစ်လိုက်သည်ကို ကိုယ်ရံတော်များကလည်း သူ့အတိုင်း လိုက်အော်ကြလေသည်။

ပရိသတ်ကား နားလည်သွားကြလေပြီ။ လူအားလုံးသည် ဒူးထောက် ဝပ်တွား၍ကာ အရိုအသေ ပေးကြကုန်၏။ ရှေးဟောင်းကျွေးကြော်သံကြီးကား အရပ်လေးမျက်နှာမှ တစ်ခဲနက် ထွက်ပေါ်လာရာ 'ဆက်တီ'ကလည်း လက်ကို မြှောက်ကာ သူတို့အား ပြန်လည် နှုတ်ဆက်လေသည်။ ထိုအခိုက် ကျွန်ုပ်သည် မှောင်ရိပ်ရှိရာသို့ အမှတ်မဲ့ထွက်သွားသော "ကီ"အား မြင်လိုက်ရသဖြင့် အစောင့် များအား တီးတိုးအမိန့်ပေးလိုက်ရာ အစောင့်များလည်း သူ့ကို ဖမ်းဆီးကာ ပြန်လည်ခေါ်ဆောင်လာခဲ့ကြလေသည်။ ထို့နောက် မင်းသားက အောက်ပါ အတိုင်း မိန့်ကြားလေသည်။

"မမ်းဖစ်မြို့သူ မြို့သားအပေါင်းတို့ ဇာတိအားဖြင့် ထီးသွေးနန်းစစ် ဖြစ်ခဲ့သော ကျွန်ုပ်သည် အိင်္ဂလိပ်ပြည်ကြီး၏ တာဝန်ထမ်းဆောင်ရန် ကျွန်ုပ်ကို ကျွန်ုပ် မဆုံးဖြတ်ရသေးသော်လည်း သင်တို့ကမူ ကျွန်ုပ်အား ဖာရိုး ဟု ခေါ်ဝေါ်





နေကြလေပြီ။ နှစ်ဆင့်သရဖူကို ဆောင်းသည့်သူကား အိုင်ပင်လယ်ကြီး၏ အလယ်၌ နစ်မြုပ်သေဆုံးပြီဟု ကျွန်ုပ်ယုံကြည်ပါ၏။ သူနှင့် သူ့စစ်တပ်ကြီးအား ရေဖုံးလွှမ်းသွားသည်ကို ကျွန်ုပ်မျက်စိဖြင့် တပ်အပ်မြင်လိုက်ရ၏။ သို့ဖြစ်၍ ကျွန်ုပ်သည် တစ်နာရီခန့်မျှသာ ဖာရိုး ဖြစ်စေကာမူ– 'ဖာရိုး' ကဲ့သို့ပင် အချို့ အမှုကိစ္စများကို ဆုံးဖြတ်ရပေလိမ့်မည်။ အသို့နည်း လေဒီမာရဖီ သင် မည်သို့ မည်ပုံ ဖြစ်ပျက်လာပါသနည်း။ ကျွန်ုပ်အား ပြောကြားပါလော"

ထိုအခါ မာရဖီက မင်းသားထွက်သွားသည့်နေ့၌ပင် 'ကီ' ပြန်ရောက် လာ၍ အိမ်တော်မှ မိန်းမတစ်ယောက် အကူအညီဖြင့် မိမိအခန်းထဲသို့ ဝင်လာပြီး လျှင် မိမိမှော်အတတ်ကို တောင်းခံကြောင်း ပေးလျှင် ကျေးဇူးဆပ်သည့် အနေဖြင့် မိမိအား မိဖုရားခေါင်ကြီးအဖြစ်ရောက်အောင် ဆောင်ရွက်ပေးမည်ဟု ပြောကြား ကြောင်း။ ထိုအခါ မိမိက အာမွန်၏ ရုပ်ထုကို ဖျက်ဆီးသည်မှာ မိမိမဟုတ် ကြောင်း သူ့အား သင်ကြားပေးရန် မည်သည့်မှော်အတတ်မျှ မိမိတွင် မရှိ ကြောင်း။ မိဖုရားခေါင်ကြီးအဖြစ်ကိုလည်း မိမိအလိုမရှိကြောင်း ပြောရာ ကီသည် သူ၏ တောင်ဝှေးနှင့် ချိန်ရွယ်ကာ ဂါထာမန္တန်များကို မန်းမှုတ်ကြောင်း။ ထိုအခါ မိမိခြေလက်များမှာ ကြိုးဖြင့်တုတ်နှောင်ထားဘိသကဲ့သို့ ဖြစ်ကာ အသံလည်း မထွက်တော့ကြောင်း။ ထိုအချိန်မှစ၍ လူများသည် အိမ်ရှေ့သို့ပင် လူစုလူဝေးနှင့် လာရောက်ပြီးလျှင် မိမိအား ကဝေမဟူ၍ စွတ်စွဲကာ သတ်ပစ်မည်ဟု ခြိမ်းခြောက် ကြကြောင်း။ သို့နှင့် တစ်ညဉ့်တွင် အာရဏ်ဦး၌ မြှောက်အရပ်သို့လှည့်ကာ မင်းသားအား နှုတ်မှ ရေရွတ်တမ်းတမိကြောင်း။ သို့ရှိစဉ် ဥယျာဉ်ထဲရှိ ချုံတစ်ခု အတွင်းမှ သိုးရေကြီးကို ခြုံထားသည့် လူတစ်ယောက် ထွက်လာသည်ကို မြင် ရကြောင်းဖြင့် ပြောကြားလေသည်။

မင်းသား။ ။ "ဒီနောက် ဘယ်လိုဖြစ်သလဲ စန္ဒာဒေဝီ ... ဆက်ပြောပါ ဦး"

"မျက်နှာကို ဖုံးထားတဲ့ လူက ကျွန်ုပ်မှာ ဘေးအန္တရာယ်တွေ အင်မတန် များနေတဲ့အတွက် အရှင်ကလွှတ်လိုက်လို့ လာရတဲ့အကြောင်း သူနဲ့အတူ လိုက်ခဲ့ ဖို့အကြောင်း ပြောပါတယ်။ ကျွန်ုပ်က ဒီလိုပြောရုံနဲ့ မယုံနိုင်တဲ့ အကြောင်းပြော တော့ ကျွန်ုပ်တို့ သစ္စာဆိုကြတဲ့အခါတုန်းက အရှင့် လက်ဝတ်တော်နဲ့ လဲယူ သွားတဲ့ ရွှေပိတုန်းရုပ်ရင်ထိုးကို ကျွန်ုပ်ကို ထုတ်ပြပါတယ်"

မင်းသားက ကျွန်ုပ်ဘက်သို့လှည့်၍ –

"ဒီရင်ထိုးဟာ ... ကျူပင်လယ်ကြီးကို ကျွန်ုပ်သွားစဉ်က လမ်း[illegible] ပျောက်သွားတယ် အာနာရဲ့။ နို့ပေမယ့် 'ကီ'က ဒါကို ခိုးယူသွားတယ်။ အိပ်မက်



www.burmeseclassic.com

www.burmeseclassic.com



မက်လို့ နိမိတ်မကောင်းဘူးထင်ပြီး ဒီအကြောင်း သင့်ကို ဘာမှမပြောဘဲ နေခဲ့တယ်။ ဆက်ပြောပါဦး စန္ဒာဒေဝီ"

"ဤမျှနှင့်မယုံနိုင်သေးကြောင်း ရင်ထိုးကို ခိုး၍လာနိုင်ကြောင်းပြောရာ ထိုသူက လွန်ခဲ့သော တစ်နာရီခန့်ကပင် 'ဖာရိုး'နှင့် သူ၏ စစ်တပ်ကြီးမှာ အိုင်ပင်လယ်ကြီးထဲတွင် ရေများ ဖုံးလွှမ်းသွားပြီဖြစ်ကြောင်း ပြောပါသည်။ ကျွန်ုပ်က မယုံပဲရှိနေရာ ထိုသတင်းကို နောက်တစ်နေ့ခိုင်လုံစွာ ကြားရပါသည်။ နောက်တစ်နေ့ နံနက် အာရုဏ်တက်အချိန် ကျွန်ုပ်စကြဲ့ဦရှိစဉ် ထိုသူသည် သစ်ပင်များအကြားမှ ရုတ်တရက် ပေါ်လာပြန်ပါသည်။ ထိုအခါ ကျွန်ုပ်က သူပြောသောသတင်းကို ယုံကြည်ပြီဖြစ်ကြောင်း။ သို့သော် ဤမျှနှင့် မလုံလောက်သေးကြောင်း ပြောရာ ထိုသူသည် သူ၏ ရင်ဝတ်ကြားမှ ပေစာလိပ်တစ်လိပ်ကို ထုတ်ယူကာ ကျွန်ုပ်၏ ခြေရင်းသို့ ပစ်ချလိုက်သဖြင့် ကျွန်ုပ်သည် ဖွင့်၍ ဖတ်ကြည့်ရာ 'အာနာ'၏ လက်ရေးဖြင့် ရေးထားသော စာတွင် အရှင်၏လက်မှတ်၊ အရှင်၏ တံဆိပ်တော်၊ ထို့ပြင် သက်သေအဖြစ် 'ဘာကင်ခွန်းစု' တံဆိပ်များ ခပ်နှိပ်ထားသော ဤစာကို တွေ့ရပါသည်"ဟု ပြောကာ 'မာရဖီ'သည် ပေစာလိပ်ကို သူ၏ ရင်ဝတ်အတွင်း ထုတ်၍ ကျွန်ုပ်အား ပေးလေသည်။

ထိုအခါ ကျွန်ုပ်တို့သည် မီးတုတ်များ၏ အလင်းရောင်ဖြင့် စာကို ဖတ်ကြည့်ရာ တံဆိပ်များနှင့်တကွ ကျွန်ုပ်၏ လက်ရေးဖြင့် ရေးထားသော စာကို အောက်ပါအတိုင်း တွေ့မြင်ရ၏။

"မင်းဖစ်မြို့ ကျွန်ုပ်စံအိမ်တော်နေ မာရဖီသို့"

"ချစ်ဦးသက်လျာ ကြင်ယာတော်၊ သင်၏ သခင်ထံသို့ ရောက်ရန် ယခု စာယူလာသူက သင့်အား လုံခြုံစွာ စောင့်ရှောက်ပါလိမ့်မည်။ ကျွန်ုပ်မှာ သင်ကဲ့သို့ပင် ဘေးအန္တရာယ်များ ရှိနေပါ၍ နှစ်ယောက်အတူရှိနေမှသာ လွတ်ကင်းနိုင်ကြလိမ့်မည်။ ထိုသူနှင့် အတူလိုက်ခဲ့ပါလော"

'ဆက်တိ'သည် ကျွန်ုပ်ဘက်သို့ ဆတ်ခနဲ လှည့်၍ –

"အာနာ သင်က ကျွန်ုပ်နဲ့ သူ့ကို သစ္စာဖောက်ခဲ့ရင်တော့ ...."

စကားမဆုံးမီ ကျွန်ုပ်က ဒေါသဖြင့် –

"အရှင့် နှုတ်ဖျားက ဒီစကားမျိုး ထွက်လာတာ ကြားရအောင် ကျွန်ုပ်က ခွေးတစ်ကောင်လား"

ထိုအခိုက် 'ဘာကင်ခွန်းစု'က ရယ်မောလျက် "စာကို ကြည့်ကြစမ်းပါဦး ... စာကို ကြည့်ကြစမ်းပါဦး"ဟု ပြောသဖြင့် ကျွန်ုပ်တို့လည်း စာကိုကြည့်ရာ ကြည့်ရင်း ကြည့်ရင်းနှင့်ပင် ပေစာပေါ်မှ စာလုံးများသည် ရှေးဦးစွာ သွေး





ရောင်အဖြစ်သို့ ပြောင်းလဲသွားပြီးနောက် တဖြည်းဖြည်း မှေးမှိန်ပျောက်ကွယ်သွားလေရာ နောက်ဆုံး၌ ပေရွက်အလွတ်ချည်းသာ ကျန်ရစ်လေတော့၏။

'ဘာကင်ခွန်းစု'က 'ကီ'သည် ရဟူဒီ ပရော်ဖက်ဆာများက လွဲလျှင် ထိပ်သီးမှော်ဆရာကြီးတစ်ယောက်ဖြစ်ကြောင်း ပြောရာ 'ကီ'၏ မျက်လုံးများမှာ မြွေဟောက်မျက်လုံးများကဲ့သို့ ဝင်းဝင်းတောက်လျက် ရှိလေသည်။

ထို့နောက် 'မာရဖီ'က ဆက်လက်၍ မိမိအတွက် ရထားတစ်စီး စောင့်နေသည်ဟု ထိုသူက ပြောသဖြင့် လိုက်သွားရာ ဝင်းတံခါးအငယ်ကို ဖြတ်ကျော်မိသောအခါ ရထားမတွေ့သဖြင့် ထိုသူက ကျွန်ုပ်တို့ လှေနှင့် သွားကြမည်ဟု ပြောပြကြောင်း။ သို့နှင့် ထိုသူက မြစ်ဆိပ်သို့ ခေါ်သွားရာ စွန်ပလွန်ပင် အုပ်ကြီးတစ်အုပ်အတွင်းသို့ ဝင်မိသည်နှင့် တစ်ပြိုင်နက် သစ်ပင်များ အတွင်းမှ လူတစ်စု ထွက်လာသည်ကို တွေ့ရကြောင်း။ ထိုအခါ မိမိက သင်သစ္စာဖောက်ပြီဟုဆိုရာ ထိုသူက မဟုတ်ကြောင်း သူသာလျှင် သစ္စာဖောက်ခြင်းခံရကြောင်းနှင့် ပြောပြကြောင်း၊ ထိုလူတစ်စုကို ခေါင်းဆောင်၍ လာသူမှာ 'ကီ'ဖြစ်ကြောင်း၊ 'ကီ'က သူ့လူများအား မိမိသည် ကဝေမ တစ်ယောက်ဖြစ်၍ သူ၏ ချစ်သူ ရဟူဒီနှင့်အတူ ထွက်ပြေးရန် ကြံစည်ကြောင်း၊ သူ့နောက်လိုက်များအား ပြောပြပြီးလျှင် မိမိအား ခေါ်ဆောင်လာသူကို ဖမ်းဆီးပြီးနောက် ဝတ်လုံကြီးနှင့် မုတ်ဆိတ်ကို အတင်းဆွဲဖြုတ်လိုက်ရာ မိမိအား ခေါ်ဆောင်လာသူမှာ 'လာဗန်'ဖြစ်နေသည်ကို တွေ့ရကြောင်း။ မိမိ၏ 'လာဗန်'ကို ရန်တွေ့သောအခါ 'လာဗန်'က သူ၏ အကြံမှာ မိမိအား ဤအရပ်တွင် ဘေးမကင်းသဖြင့် ကယ်ဆယ်ရန် လာရောက်ခိုးယူခြင်းမျှသာ ဖြစ်ကြောင်း၊ 'ကီ'က သူ့ကို တစ်ပတ်ရိုက်ကြောင်းဖြင့် ပြောပြလေသည်။

မင်းသား။ ။ "အင်း ... လက်စသပ်တော့ 'ကီ'က 'လာဗန်'နဲ့ ပူးပေါင်းကြံစည်ပြီး 'လာဗန်'ကို အကောက်ကြံတာကို ... ပြီးတော့ ဘာဖြစ်သလဲ မာရဖီ"

ဖိ ။ ။ "မှန်ပါတယ် အရှင်၊ ဒီနောက် သူတို့က ကျွန်ုပ်တို့ ၂ ယောက်စလုံးကို ဘုရားရှိခိုးကျောင်းကြီးရဲ့ လျှို့ဝှက်တဲ့ အခန်းထဲခေါ်သွားပြီး လှုချင်းခွဲ ချုပ်ထားပါတယ်။ 'ကီ'နှင့် သူ့တပည့်များက တစ်နေ့လုံး ကျွန်ုပ်ကို မေးခွန်းများ ထုတ်ပါတယ်။ နို့ပေမယ့် ကျွန်ုပ်က အဖြေမပေးနိုင်ပါ။ ညနေစောင်းရောက်တော့ သူတို့ဟာ ကျွန်ုပ်တို့နှစ်ယောက်စလုံးကို အပြင်ထုတ်ပြီး ဒီနေရာကို ခေါ်လာကြပါတယ်။ လူတွေက ကျွန်ုပ်တို့ကို မြင်တဲ့အခါ 'စုန်းမ–ရဟူဒီ ကဝေမ' ဆိုပြီး အစောင့်တွေကြားက ကျွန်ုပ်တို့ကို အတင်းအဓမ္မ ရိုက်နှက်ကြပါတယ်။ ဒီလောက်ပဲ ကျွန်ုပ် ပြောနိုင်ပါတယ်။ ဆက်လက်ပြောရန် ကျွန်ုပ်မှာ ခွန်အား မရှိတော့ပါ"



www.burmeseclassic.com

www.burmeseclassic.com



'မာရဖိ'သည် အောက်သို့ ခွေညွှတ်လဲကျကာ သတိမေ့၍ သွားလေသည်။

'ဆက်တီ'က 'ကီ'ဘက်သို့ လှည့်လိုက်၍ –

"အခုပြောတာတွေ ကြားရပြီ မဟုတ်လား။ 'ကီ' သင်ဘာများ ပြောဖို့ရှိသေးသလဲ"

ကီ ။ ။ "အို ... 'ဖာရိုး'၊ ကျွန်ုပ်ပြောရန် မလိုတော့ပါ။ ကျွန်ုပ်၏ ဝိညာဉ်မှာ ကျွန်ုပ်အား စွန့်ခွာသွားပါပြီ။ အမှန်မှာ ပေရွက်ပေါ်မှ စာများသည် ဟိုအရှင်မ ဖတ်ပြီးလျှင် ပြီးချင်း ပျောက်ကွယ်သွားရမည်ဖြစ်၍ သင့်အား ကျွန်ုပ်က 'မာရဖိ'သည် သစ္စာဖောက်ကာ သူ့ချစ်သူနောက်သို့ လိုက်သွားပြီ ဟူသော လုပ်ဇာတ်ကို ပြောရန်ဖြစ်ပါသည်။ သို့သော် မည်သည့်နတ်ဆိုး၏ တန်ခိုးကြောင့် ဟူ၍ မသိ၊ ထိုစာများ တည်နေခဲ့ပါသည်။ 'ဖာရိုး' ကျွန်ုပ်ကား အောင်မြင်ခဲ့ပေပြီ။ ကျွန်ုပ်အား သင့်သဘောအတိုင်းသာ ပြုလုပ်ပါလော့။ သင်ကား ယခင်က ကဲ့သို့ပင် လူအများ၏ ကြည်ညိုလေးစားခြင်း ခံယူရမည်ဖြစ်သော်လည်း ဤလောကကြီးတွင် မည်သည့်အခါမျှ ပျော်ရွှင်မှုကို ရလိမ့်မည် မဟုတ်ပါ" -

ထိုအခါ 'ဆက်တီ'က လူများဘက်သို့ လှည့်၍ –

"အို ... ပရိသတ် အပေါင်းတို့ ... ကျွန်ုပ်၏ အမှုတွင် ကျွန်ုပ်ကိုယ်တိုင် စီရင်ဆုံးဖြတ်ခြင်း မပြုလိုပါ။ အကျိုးအကြောင်းကို သင်တို့ ကြားသိရပြီ ဖြစ်သည့်အတိုင်း သင်တို့ကိုယ်တိုင် ဆုံးဖြတ်ကြပါလော့။ ဤမှော်ဆရာကြီးအား မည်သို့သော ဆုလာဒ်ကို ပေးကြမည်နည်း"

ထိုအခါ လူထုကြီးထံမှ "သေခြင်း ဆုလာဒ်ကို ပေးပါလော့ ... အပြစ်ကင်းမဲ့သောသူအတွက် အသင့်ပြုလုပ်ထားသော မီးဖြင့် သေပါစေလော့" ဟူသော အော်သံကြီးသည် တစ်ခဲနက် ထွက်ပေါ်လာသေည်။

ဇာတ်ကား သိမ်းချေပြီ။ သို့သော် မီးပုံကြီးထဲတွင် တစ်ကိုယ်လုံး လောင်ကျွမ်း ပြာကျသွားပြီးသည့်နောက် 'ကီ'၏ ဦးခေါင်းမှာ နီရဲသော ကျောက်တုံးကြီးတစ်တုံးကဲ့သို့ ကျန်ရစ်ခဲ့သည်ကို တွေ့ရှိရာ၊ နေရောင် ကျရောက်လာသည်နှင့် တစ်ပြိုင်နက်ယင်း ဦးခေါင်းကြီး ကြေမွသွားပြီးလျှင် တဖြည်းဖြည်း ပျောက်ကွယ်သွားကြောင်းနှင့် နောင်အခါ ကျွန်ုပ်အား အခြားသူများက ပြောပြကြလေသည်။

ကျွန်ုပ်တို့သည် 'မာရဖိ' အားစံအိမ်တော်သို့ ခေါ်ဆောင်သွားကြ၏။ လူရော စိတ်ပါ ပျက်စီးကြေမွနေရှာပြီဖြစ်သော သူ့ခမျာမှာ ၃ ရက်မျှသာ အသက်ရှင်သွားရှာ၏။ သူ့အား ကျွန်ုပ်နောက်ဆုံးတွေ့လိုက်ရသည့်အချိန်မှာ သူမသေမီ တစ်နာရီခန့်တွင် ကျွန်ုပ်အား လူလွှတ်၍ အခေါ်ခိုင်းစဉ်က ဖြစ်လေသည်။ သူသည် 'ဆက်တီ'၏ လက်ထဲတွင် သားကလေးအကြောင်းကို တတွတ်တွတ်ပြောရင်း စိတ်လက်ကြည်နူးပျော်ရွှင်နေဟန် တူသည်။ ကျွန်ုပ်ကိုလည်း အဆွေခင်ပွန်းဖြစ်ရသည့်အတွက် ကျေးဇူးတင်ကြောင်း ပြုံးရယ်ပြောပြီးလျှင် ကျွန်ုပ်သခင်အား သက်ဆုံးတိုင် ကောင်းစွာ ပြုစုစောင့်ရှောက်ပါရန် မှာကြားရှာ၏။ ထို့နောက် သူ၏ လက်ကို ကျွန်ုပ်အား နမ်းရှုပ်ရန် ပေးပြီးလျှင် ကျွန်ုပ်မှာ အနီးမှ ငိုယိုကာ ထွက်ခွာသွားမိလေသည်။





သူသေဆုံးပြီးသည့်နောက် 'ဆက်တီ'သည် ထူးဆန်းသော အပြုအမူတစ်ခုကို ပြုမူလေသည်။ သူသည် ခန်းမဆောင်ကြီးထဲ၌ ရွှေသလွန်တစ်ခုကို ထားစေပြီးလျှင် ထိုသလွန်ပေါ်၌ 'မာရဖိ'ကို နန်းသုံး ဝတ်လဲတော်များနှင့် ဘယက်ဒွာဒယာ ကျောက်မျက် ရတနာများကို [illegible]အစုံ ဆင်ယင်လျက် 'အီဂျစ်' မိဖုရားခေါင်ကြီးတစ်ပါးကဲ့သို့ သရဖူကို ဆင်မြန်းပေးပြီးလျှင် 'မမ်းဖစ်' မြို့ပေါ်မှ မင်းမိုးရာဇာများ အရာရှိကြီးများအား ခေါ်ငင်ပြသလေသည်။ ထို့နောက် သူ၏ ရုပ်အလောင်းကို ကောင်းစွာ ကြပ်စည်းစေပြီးလျှင် လျှို့ဝှက်သော သင်္ချိုင်းရာကို တစ်သက်လုံး ထုတ်ဖော်ပြောဆိုခြင်းမပြုရန် ကျွန်ုပ်သည် သစ္စာဆိုခဲ့၏။

သို့နှင့် 'စန္ဒာဒေဝီခေါ် မာရဖိ'သည် တစ်ဖန် ပြန်လည် အသက်ရှင်လာဦးမည့်နေ့သို့ ရောက်သည့်တိုင်အောင် သူ၏ သားငယ်နှင့် အတူမထသော အိပ်ခြင်းဖြင့် အိပ်ပျော်သွားရှာလေပြီ။

ယင်း မသာတော် အမ်းအနားပြီးဆုံးသည့်နောက် တစ်လအတွင်း၌ပင် 'အီဂျစ်' ပြည်မှ အကြီးအကဲများသည် မင်းသားအား 'ဖာရိုး'[illegible]ကို အပ်နှင်းရန် 'မမ်းဖစ်'မြို့သို့ လာရောက်ကြလေရာ သူတို့နှင့်အတူ မိဖုရား 'ယူဆာတီ'ပါလိုက်ပါလာ၏။ အမတ်ကြီး 'နီဟေစီ' ဂိုဏ်းအုပ်ကြီး 'ရိုင်'နှင့် အခြားဘုန်းတော်ကြီးများသာမက နန်းမွေခံအဖြစ်မှ ရပ်စဲသည့်အချိန်တွင် မင်းသား၏ အိမ်တော်သားအဖြစ်မှ စွန့်ခွာထွက်သွားသော ဘဏ္ဍာစိုးကြီး 'ပန်တက်စ'လည်း ပါရှိလေသည်။ မြတ်နိုးလှသော သူ၏ အဆောင်အယောင်ထုတ်ကြီးကို ကိုင်မြဲ ကိုင်ဆောင်ကာ ယခင်အတိုင်း ခပ်ကြွကြွရှိနေသော သူ၏ အမူအရာကြောင့် 'ဆက်တီ'ထံမှ ရက်သတ္တပတ်ပေါင်းများစွာ မကြားခဲ့ရသောရယ်သံကို ကျွန်ုပ်တို့ကြားကြရလေသည်။

"သင် ပြန်ရောက်လာပြီလား ဘဏ္ဍာစိုးကြီး ပန်ဘတ်စ"

"အို ... ကြီးမြတ်လှသော အရှင်၊ အရှင်၏ ခြေဖဝါးအောက်က မြေမှုန့်ဖြစ်တဲ့ 'ပန်ဘတ်စ'ဟာ 'ဖာရိုး'ရဲ့ အိမ်တော်ကို အမြဲစွန့်ပစ်ထားနိုင်ပါ့မလား"

"ဟုတ်တာပေါ့လေ၊ 'ဖာရိုး' မဖြစ်ဘူးလို့ သင်ထင်တဲ့အခါသာ စွန့်ပစ်ထားတာပေါ့။ ကိုင်း ... ကိုင်း ... သင့်အလုပ်ရှိတာသာ သွားလုပ်ချေစမ်း လူယုတ်မာကြီး"



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် သရဖူပေးအပ်သည့် အခမ်းအနားကြီးကို ရှေးဟောင်းထုံးစံအတိုင်း ကြီးကျယ်ခမ်းနားစွာ ပြုလုပ်ကျင်းပရာ အခမ်းအနား ပြီးဆုံးသည့်နောက် 'ဆက်တီ'က အောက်ပါအတိုင်း မိန့်ခွန်းမြွက်ကြားလေသည်။

ကျွန်ုပ်သည် ဤသရဖူကို ကျွန်ုပ်၏ အလိုဆန္ဒကြောင့် မဟုတ်ဘဲ အမွေအားဖြင့် ဆက်ခံရရှိခြင်းကြောင့်တစ်ကြောင်း၊ ကျွန်ုပ်အသက်ရှင်လျက် ရှိစဉ် ကျွန်ုပ်၏ တာဝန်ကိုထမ်းဆောင်ရမည်ကို သိ၍တစ်ကြောင်း လက်ခံခြင်း ဖြစ်ပေသည်။ 'အီဂျစ်' ပြည်ကြီးမှာ ဘေးရန်အမျိုးမျိုးတို့၏ နှိပ်စက် ညှင်းပမ်းမှုကို ခံရခြင်းကြောင့် အသက်ငွေ့ငွေ့မျှသာ ကျန်ရှိပေသည့်တိုင်းပြည်ကြီးအား ပြန်လည်အသက်ရှင်၍ ကျန်းမာသန်စွမ်းလာအောင် ပြုစုလာရန်မှာ သင်တို့နှင့်တကွ ကျွန်ုပ်၏ တာဝန်ဖြစ်ပေသည်။ ဤထီးနန်းကို အုပ်ချုပ်နေရသမျှ ကာလပတ်လုံး ကျွန်ုပ်သည် သင်တို့နှင့် 'အီဂျစ်' ပြည်ကြီး၏ ကျေးကျွန်မျှသာဖြစ်၏။ ထီးနန်းကို ဤသို့ ကျွန်ုပ်ဆက်ခံခြင်းအတွက် မည်သည့် ပွဲလမ်းသဘင် စားပွဲ သောက်ပွဲကြီးများကိုမျှ ကျင်းပခြင်း မပြုလုပ်ဘဲ ထိုကိစ္စများပေါ်တွင် ကုန်ကျမည့်ငွေများကို ကျူးပင်လယ်ကြီးထဲ၌ နစ်မြုပ်သေဆုံးကြရသော သူများ၏ မုဆိုးမများနှင့် သားသမီးများအား ဖြန့်ဖြူးဝေငှပေးကမ်းကြရန် ကျွန်ုပ်အမိန့်တော်မှတ်လိုက်သည် သွားကြလော"

တိုင်းသူပြည်သားများကား 'အီဂျစ်' ပြည်ကြီးကို ချစ်မြတ်နိုး၍ ၎င်း၏ အလိုကို သိရှိသော မင်းကောင်းမင်းမြတ်ကို ရရှိကြသည်ဖြစ်၍ ဝမ်းမြောက်ဝမ်းသာ ထွက်ခွာသွားကြကုန်၏။ ထို့နောက် သရဖူကို ဆင်မြန်းထားသော ထိပ်ထားသည် နောက်ပါအခြွေအရံများနှင့် ခန့်ညားစွာ အတွင်းသို့ ဝင်ရောက်လာကာ အရိုအသေ ပြုလေသည်။

ထား ။ ။ "ဖာရိုးအား နှုတ်ခွန်းဆက်သပါသည်"

တီ ။ ။ "အီဂျစ်ပြည်ကြီး၏ ပင်တိုင်စံ ထိပ်ထားအား ပြန်လည် နှုတ်ခွန်းဆက်သပါသည်"

ထား ။ ။ "မဟုတ်ပါ 'ဖာရိုး'... 'အီဂျစ်' ပြည်ကြီး၏ မိဖုရားခေါင်ကြီးဖြစ်ပါသည်"

'ဆက်တီ' ၏နံဘေးတွင် အခြားသလွန်တစ်ခုရှိရာ ထိုသလွန်ပေါ်၌ သူသည် 'မာရဖီ' ၏ ဦးခေါင်းတွင် သရဖူကို ဆင်မြန်းပေးကာ တင်ထားခဲ့ဖူးပေသည်။ သူသည် ထိုသလွန်အား အတန်ငယ် စိုက်ကြည့်နေပြီးနောက် –

"ဒီနေရာက လစ်လပ်နေပါတယ်။ 'အီဂျစ်' ပြည်ရဲ့ မိဖုရားခေါင်ကြီး အလိုရှိတယ်ဆိုရင် ဒီနေရာကို ယူပါစေ"





ထိုအကြောင်းကို တစ်စွန်းတစ်စမျှ ကြားသိခဲ့ရသော 'ယူဆာတီ'သည် သူ့အား ရူးသွပ်သည်ဟု မှတ်ထင်ဟန်ဖြင့် စိုက်ကြည့်နေပြီး နောက်မှ လျင်မြန်စွာ လှေကားထစ်များပေါ်သို့ တက်ရောက်ပြီးလျှင် သလွန်ပေါ်၌ ထိုင်ချလိုက်လေသည်။

ဆက်တီ။ ။ "အရှင်မိဖုရားကြီးက အကြာကြီး ပျောက်နေတာကိုး"

ယူဆာတီ။ ။ "ဟုတ်ပါတယ် ... နို့ပေမယ့် သူဟာ 'ဖာရိုး' ရဲ့ နံဘေးက သူ့ရဲ့ တရားဝင်နေရာကို ပြန်ရောက်နေပါပြီ။ နောက်ထပ် ဘယ်တော့မှ ထွက်ခွာသွားတော့မှာ မဟုတ်ပါဘူး။

ဆက်တီက ဦးညွှတ်လျက်

"ဖာရိုးက မိဖုရားကြီးကို ကျေးဇူးတင်ပါတယ်"

၆ နှစ်မျှ ကြာရှိပြီးသည့်နောက် တစ်နေ့သော ညဦးအတွင်း ကျွန်ုပ်သည် တိုင်းပြည်ရေးရာ ကိစ္စများ အားလပ်ချိန်တွင် သူသွားရောက်နေထိုင်လေ့ရှိသော မမ်းဖစ်မြို့မှ သူ၏ နန်းတော်ထဲ၌ 'ဖာရိုး' ဆက်တီ မီနက်တာ နှင့်အတူ ထိုင်လျက်ရှိကြ၏။

ထို့နေ့သည် သူ၏ သားဦးကလေး သေဆုံးသည့် နှစ်ပတ်လည်နေ့ ဖြစ်၍ ထိုအကြောင်းနှင့် ပတ်သက်၍ ကျွန်ုပ်အား ပြောရသည်ကို သူနှစ်သက်လျက် ရှိ၏။ သူသည် မီးအိမ်မှ အလင်းရောင်ဖြင့် စောင့်ကြည့်နေပေသော ကျွန်ုပ်သည် သူ့အား ရုတ်တရက် အိုမင်းသွားသကဲ့သို့ ထင်မှတ်မိ၏။ သို့သော် သူ့မျက်နှာသည် ယခင်ကထက် ပြုံးရွှင်နေသည်ကို သတိထားမိ၏။ သူသည် အသားအရေ ပိုမို ကြုံလှီလျက်လည်း ရှိ၏။ သူ၏ မျက်လုံးများကား အဝေးသို့ မျှော်ကြည့်သကဲ့သို့ ရှိနေကြလေသည်။

"အဲဒီညဉ့်ကို မှတ်မိသေးတယ် မဟုတ်လား မိတ်ဆွေကြီး။ တကယ်ကို ကြောက်စရာကောင်းတဲ့ ညဉ့်ပါပဲ" ဟု ပြောရာမှ ရပ်တန့်ကာ သူသည် ကန့်လန့်ကာကို မ၍ အပြင်ဆင်ဝင်အောက်ပေါ်မှ တစ်နေရာကို လက်ညှိုးထိုး၍ ပြလေသည်။ "သူက ဟောဟိုမှာ ထိုင်နေတယ်။ သင်က ဟောဟိုမှာ ရပ်နေတယ် ... ဟိုနေရာမှာ ကလေးကို သိပ်ထားပြီး အထိန်းက ဟိုဘက်နားမှာ ဝပ်တွားနေတယ်။ ဒါနဲ့ စကားမစပ် သူမကျန်းမာဘူးဆိုတာ ကြားရလို့ ကျွန်ုပ် စိတ်မကောင်းဖြစ်နေတယ်။ သူ့ကို သင် ကြည့်ရှု စောင့်ရှောက်နေတယ် မဟုတ်လား 'အာနာ'။ သူ့ဆီကို 'ဖာရိုး' လာကြည့်လိမ့်မယ်လို့ သူ့ကို ပြောလိုက်ပါ"

"ကျွန်ုပ် အားလုံးကို မှတ်မိပါတယ် ... ဖာရိုး"

"မှတ်မိမှာပေါ့လေ ... သင်က သူနဲ့ ကလေးကိုသာမကပဲ ဖခင်ဖြစ်တဲ့ ကျွန်ုပ်ကိုပါ ချစ်ခင်ပေတာကိုး။ အဲဒါကြောင့်လဲ သင်ဟာ ... လိုင်တွေ ဘာတွေ



www.burmeseclassic.com

www.burmeseclassic.com



ရယ်လို့ ကွဲပြားခြင်းနားခြင်းမရှိဘဲ အချစ်တစ်ခုတည်းသာ ရှိတဲ့ ကမ္ဘာကြီးတစ်ခုကို ရောက်တဲ့တိုင်အောင် ကျွန်ုပ်တို့က သင့်ကို ချစ်သလို ကျွန်ုပ်တို့ကို ထာဝစဉ် ချစ်ခင်သွားမှာပါပဲ"

"မှန်ပါတယ်။ အချစ်ဟာ ... ဘဝရဲ့ သော့ချက်ဖြစ်တဲ့အတွက် ဘယ်တော့မှ ချစ်ခွင့်မကြုံရတဲ့ တစ်ကိုယ်တည်းသမားတွေ အဖို့မှာတော့ ကျိန်စာအထိ ခံကြရတာပါပဲ"

"ဘဝဆိုတာ ဆက်လက်ပြီးတည်မြဲသွားတာမို့ ဘာဖြစ်လို့ ကျိန်စာအထိခံရတယ်ဆိုနိုင်မှာလဲ 'အာနာ'ရယ်"

သူသည် ခေတ္တစကားရပ်သွားပြီး နောက်မှ ဆက်လက်၍ –

"မိဖုရားကြီးမှာ သားသမီး ထွန်းကားမှာ မဟုတ်တဲ့အတွက် ကျွန်ုပ်မရှိကဲ့နောက် သူ ဖာရိုး ဖြစ်လာမှာမို့ သူသေသွားတာကိုပဲ ကျွန်ုပ်ဝမ်းသာမိတယ် အာနာ၊ 'ဖာရိုး'ဖြစ်လို့ကော ဘာလုပ်ဦးမှာလဲ။ ယခု ကျွန်ုပ်ဟာ ၆ နှစ်တိုင်တိုင် ကွဲအက်ကြေမွနေတဲ့ တိုင်းပြည်ကြီးကို ကြိုးစားစုစည်းပြီး အုပ်စိုးခဲ့ရတယ်။ မကျန်းမာနေတဲ့ တိုင်းပြည်ကြီးကို နာလန် ပြန်ထူလာအောင် ကြိုးစားပြီး အုပ်စိုးခဲ့ရတယ်။ ရဟူဒီတွေရဲ့ ကျိန်စာဟာ ကောင်းစွာ ထိရောက်ပါပေတယ်။ ဒါဟာ ကျွန်ုပ်ရဲ့ အပြစ်လို့ပဲ ထင်မိတယ်။ 'အာနာ' ကျွန်ုပ်ဟာ တာဝန်ကို ခေါင်းရှောင်သွားမယ့်အစား ပိုပြီး လူတစ်ယောက် ပီသခဲ့လို့ရှိရင် ကျွန်ုပ် ခမည်းတော် မီနက်တာနဲ့ သူ့ဝါဒကို ရဲရဲကြီး ရင်ဆိုင်ပြီး လူထုကို သွေးထိုးပေးတန် ပေးသင့်တယ်။ ဒီလိုဆိုရင် ရဟူဒီတွေ သွားခွင့်ရပြီ။ အီဂျစ်ပြည်ကြီးကိုလဲ ကပ်ရောဂါတွေ ရောက်လာမှာ မဟုတ်တော့ဘူး။ အဲလေ ... ကျွန်ုပ်လဲ ကံစီမံရာကို လိုက်နာရတာပါပဲ။ ဖြစ်ပြီးတာတွေလဲ ပြီးကုန်ပါပြီ။ ခုတော့ ကျွန်ုပ်ရဲ့ နောက်ဆုံးအချိန်ရောက်လို့ ကျွန်ုပ်ရဲ့ ကုသိုလ် အကုသိုလ်ကို မျှတအောင် ချိန်တွယ်ဖို့ သွားရတော့မယ်။ သိနားလည်တဲ့ တရားသူကြီးတွေနဲ့ တွေ့ပါရစေလို့သာ ကျွန်ုပ် ဆုတောင်းတာပါဘဲ"

"ဒီစကားမျိုးတွေကို ဘာကြောင့်ပြောရတာလဲ ဖာရိုး"

"ကျွန်ုပ်လဲ မသိဘူး 'အာနာ'။ နို့ပေမယ့် ကျွန်ုပ်ရဲ့ ရဟူဒီ ဇနီးသည်ကို ကျွန်ုပ်စိတ်ထဲမှာ သိပ်ပြီး အမှတ်ရနေမိတယ်။ သူဟာ ချစ်စရာ ကောင်းသလို သူ့နည်းနဲ့သူတော့ ပညာရှိတာပဲ မဟုတ်ဘူးလားဟင်။ သူ့ကိုသာ ကျွန်ုပ်တို့ တစ်ခါ ထပ်တွေ့ကြရင်တော့ ဒီမေးခွန်းကို ဖြေကောင်းဖြေမှာပဲ။ ကျွန်ုပ်အနီးမှာ သူကပ်ပြီးရောက်နေတယ်လို့ ထင်ရပေမယ့် သူ့ကိုတော့ ကျွန်ုပ် တစ်ခါမှ မမြင်ခဲ့ရပါဘူး။ သင်ကော ... အာနာ ..."





"မမြင်ရပါဘူး 'ဖာရိုး'၊ 'ဘာကင်ခွန်းစု'ကတော့ တစ်ညဉ့်မှာ သခင်မဟာ ကျွန်ုပ်တို့ ရှေ့က ဖြတ်သွားရင်း ကျွန်ုပ်ကို စူးစူးစိုက်စိုက် ကြည့်သွားတာကို တွေ့ရတယ်လို့ ပြောပါတယ်"

"ဟာ ... ဘာကင်ခွန်းစုလား။ အင်း ... သူလဲ 'မာရဖီ'ကို တစ်နည်းတစ်လမ်းအားဖြင့် ချစ်ပေတာပဲ။ သူ့ကိုယ်က အသားတွေ တဖြည်းဖြည်း လျော့ပါးသွားပေမယ့် ကျွန်ုပ်တို့နှစ်ယောက်စလုံးရဲ့ သချိုင်းဂူတွေမှာ ပူဇော်သက္ကာရပြုနိုင်အောင် သူအသက်ရှည်ပါလိမ့်ဦးမယ်။ အင်း ... 'ဘာကင်ခွန်းစု'က 'တားနစ်'မြို့မှာ ရှိနေလေတော့ သူမြင်ရတဲ့အကြောင်းနဲ့ ပတ်သက်ပြီး ဘယ်လို ထင်မြင်ချက်ကိုမှ ကျွန်ုပ်တို့ကို ပြောမပြနိုင်ပေဘူး။ ဒါနဲ့ ဒီအခန်းက ပူလှတယ် 'အာနာ'ရယ်။ ကျွန်ုပ်တို့ အပြင် ထွက်ကြရအောင်"

သို့ပြင် ကျွန်ုပ်တို့သည် အပြင်သို့ထွက်၍ ဆင်ဝင်ဆောင်ပေါ်မှ လသာနေသော ဥယျာဉ်ကို ကြည့်ရှုရင်း ဆင်းနေ သဲကန္တာရများထဲ၌ လှည့်လည်နေကြသည်ဟု ကျွန်ုပ်တို့ ကြားသိရသော ရဟူဒီများအကြောင်းကို ရောက်တတ်ရာရာ ပြောဆိုလျက် ရှိကြလေသည်။ ထို့နောက် နှစ်ယောက်သား ရုတ်တရက် နှုတ်ဆိတ်၍ သွားမိကြပြန်၏။

ထိုခဏ၌ တိမ်တိုက်တစ်ခုသည် လမင်းကို ဖုံးအုပ်သွားသဖြင့် ကမ္ဘာကြီးတစ်ခုလုံး မှောင်အတိကျသွားသည်။ တိမ်တိုက်ကြီး ကျော်လွန်သွားသောအခါ ကျွန်ုပ်သည် ကျွန်ုပ်တို့ချည်း မဟုတ်တော့သည်ကို သတိထားမိတော့၏။ ကျွန်ုပ်တို့ ရှေ့မလှမ်းမကမ်းတွင် ဖျာတစ်ချပ်နှင့် ထိုဖျာပေါ်တွင် 'ဆက်တီ'ဟုပင် အမည်ပေးခဲ့သော မဟာသွေးကလေး၏ ရုပ်အလောင်းကလေး ရောက်ရှိနေ၏။ ဖျာနံဘေးတွင် ပူဆွေးသောကရောက်သော မျက်စိအစုံဖြင့် ကလေးငယ်၏ အလောင်းကို ရပ်ကြည့်နေသူကား စန္ဒာဒေဝီပင် ဖြစ်လေသည်။

'ဆက်တီ'က ကျွန်ုပ်အား လက်နှင့်တို့၍ ညွှန်ပြသဖြင့် ကျွန်ုပ်ကလည်း ကလေးငယ်အား ပြန်၍ ညွှန်ပြလိုက်၏။ ကျွန်ုပ်တို့သည် အသက်မရှူဘဲ ရပ်နေမိကြသည်။ ထို့နောက် ရုတ်တရက် 'မာရဖီ'က ကလေးငယ်အား ကောက်ချီကာ သူ့ဖခင်အား လှမ်းပေးနေလေသည်။ သို့သော် ကလေးငယ် အသက်ကင်းမဲ့၍ မနေတော့ချေ။ ရယ်ကာ မောကာနှင့် သူ့ဖခင်ကို မြင်သောအခါ ဖခင်၏ လည်ပင်းကို လှမ်း၍ ဖက်တော့မည်ကဲ့သို့လည်းကောင်း၊ နှုတ်ခမ်းများကို နမ်းလိုက်တော့မည်ကဲ့သို့ လည်းကောင်း မှတ်ထင်ရလေသည်။ စန္ဒာဒေဝီ၏ မျက်လုံးများထဲမှ ပူဆွေးသောကများသည်လည်း ပျောက်ကွယ်သွားကြပြီးလျှင် ပျော်ရွှင်ကြည်နူးဟန်ဖြင့် ယခင်ကထက် ပိုမို ချောလှလာလေသည်။ ထို့နောက် ကလေးငယ်



www.burmeseclassic.com

www.burmeseclassic.com



ကဲ့သို့ပင် ရယ်မောကာ 'မာရဖီ'၏ ဝိညာဉ်သည် 'ဆက်တီ' ဘက်သို့ လှည့်လိုက်ပြီးနောက် လက်ပြခေါင်ငင်ရင်း ပျောက်ကွယ်သွားတော့၏။

"ကျွန်ုပ်တို့ သေတဲ့လူတွေကို မြင်ကြရပြီ။ အို ... 'အာနာ' ရယ်၊ သေတဲ့လူတွေက ခုထိ အသက်ရှင်နေကြပါသေးကလား"

ထိုညဉ့်အာရုဏ်မတက်မီ နန်းတော်တစ်ခုလုံး ကြွက်ကြွက်ညံသွားသော အော်သံတစ်ခုကြောင့် ကျွန်ုပ်သည် အိပ်ရာမှ လန့်နိုးခဲ့လေသည်။ ထိုအော်သံကား "ဘုရင်မင်းမြတ် 'ဖာရီး' မရှိတော့ပြီ။ သိမ်းငှက်ဘုရင် 'ဆက်တီ'သည် ကောင်းကင်ဘုံသို့ ပြန်တက်သွားလေပြီ" ဟူသော အော်သံပေတည်း"

ဖာရီးအား မြှုပ်နှံရာ၌ ကျွန်ုပ်သည် 'ပြန်လည်အသက်ရှင်သည့်နေ့'တွင် သူသောက်သုံးရန် ကျောက်ဖြူခွက်ထက်ခြမ်းကွဲများကို သူ၏ ရင်ခွင်ထက်တွင် ထည့်သွင်းမြှုပ်နှံလိုက်လေသည်။

ဘုရင်မင်းမြတ်၏ ချစ်ဆွေတော် ကျမ်းပြုဆရာ 'အာနာ' ၏စကား ဤတွင် ပြီးဆုံးလေသည်။

◈◈◈

ဒဂုန်ရွှေမှူး

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

